
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အိုလေး

# နီကိုရဲ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- [illegible]ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်
၅၀၀၂၈၁၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၈[illegible]၀၈

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၈ ခုနှစ်၊ မေလ
အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၀၀ကျပ်


[illegible]ဆိုင်တွင်ဆုံ။ ထမင်းပေါင်း
အာစင်နယ်နှင့် မန်ယူ
တစ်ခွေဝယ်။ ကျော်
...။
ရေးချင်ဘူး။ [illegible]
ဘူး။ [illegible]ဖြစ်လို့

**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

[illegible]ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# ဒိုင်ယာရီ

ဒီနှစ် နွေရာသီကျောင်းပိတ်ရက်ကို ကျွန်တော်က 'စံပယ်ရနံ့နဲ့ သတ်မှတ်မယ်' လို့ ကျွန်တော်က ဒိုင်ယာရီထဲမှာ ရေးထားလိုက်တယ်။

ဒိုင်ယာရီ ဆိုတာဟာ တကယ်တော့ နေ့စဉ်အဖြစ်အပျက်တွေကိုပဲ ရေးလို့ကောင်းတာပါ။ ဥပမာ ၂၂ ရက် တနင်္လာနေ့၊ နံနက် ၅ နာရီထ၊ ကာယလေ့ခန်းလုပ်၊ နွားနို့တစ်ခွက်သောက်၊ နံနက် ၉ နာရီ ဦးဇော်လင်းနှင့် သွားတွေ့၊ မင်းခိုက်စိုးစန်နှင့် လက်ဖက်ရည်ဆိုင်တွင်ဆုံ။ ထမင်းပေါင်းဝယ်စား။ ညနေ စိန်ကဖီးမှာ Chess ထိုး။ အာစင်နယ်နှင့် မန်ယူ သရေကျ။ ဘရစ်ဝီလီပါသော 16 Block 16 IN တစ်ခွေဝယ်။ ကျော်သက်အောင် အိမ်လာလည်... စသည်ဖြင့်ပေါ့လေ...။

ဒါပေမဲ့ ကျွန်တော်က ဒိုင်ယာရီကို အဲဒီလိုမရေးချင်ဘူး။ ရေးဖို့ကြိုးစားတော့လည်း ၁ ရက် ၂ ရက်ထက် ပိုရေးလို့မရဘူး။ အဲဒါဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရေးလို့မရတာလဲဆိုရင် တချို့နေ့တွေဟာ ဘာမှထူးခြားတာမှ မဟုတ်တာ။ ဒါကြီးကို လျှောက်ရေးနေရတော့ ပျင်းဖို့ကောင်းသွားတာပေါ့။ ဒါမျိုး ကို ကိုယ့်ဆရာလည်း ဒိုင်ယာရီရေးဖူးရင် ကြုံဖူးမှာပါပဲ။

ဒါနဲ့ ကျွန်တော်က ငါဟာ ဒိုင်ယာရီကို အဖြစ်အပျက်တွေ၊ လူ တွေ ပစ္စည်းတွေအကြောင်းကိုပဲ မှတ်တဲ့သဘောမျိုး ရေးချင်တာမဟုတ်ဘူး။ အဲဒီအဖြစ်အပျက်တွေက ဘာဖြစ်လို့ ဖြစ်ကြတယ်၊ ဘယ်လိုဖြစ်ကြတယ်၊ ငါက အဲဒီအဖြစ်အပျက်တွေနဲ့ အဲဒီလူတွေအပေါ်မှာ ဘယ်လိုခံစားတယ်... စသည်ဖြင့် ရေးချင်တာ... မှတ်ချင်တာပဲ... လို့ တွေးမိပြီး ဒိုင်ယာရီကို ရေးပြန်ရော...။

၂၂ ရက် ကြာသပတေးနေ့ ၅ နာရီမှာ ငါ အိပ်ရာက နိုးလာတယ်။ အဲဒီနိုးထခြင်းဟာ အိပ်မက်မက်နေရာကနေ ပြုန်းကနဲ နိုးလာတာ မဟုတ် ဘူး။ သူ့အလိုလိုဖြစ်နေတဲ့ အိပ်စက်ခြင်းထဲကနေ ပန်းကလေးတစ်ပွင့် လာ ကြီးထဲကို ပွင့်ချပစ်လိုက်သလိုမျိုး နိုးလာတာ...။ တစ်နည်းပြော ရင် တော့ ကျွန်တော့်ခန္ဓာငါးပါးဟာ ဘယ်လိုဓာတ်လမ်းမသိဘဲ ရေးထား ပြီးဖြစ်တဲ့ ကြာသပတေးနေ့နဲ့ ပတ်သက်ဖို့ စ,တင်လိုက်တာပါပဲ။

ဟုတ်ပါတယ်... ကျွန်တော့်ရဲ့ကံကြမ္မာဓာတ်ဆရာက ဒီနေ့ ကြာသ ပတေးနေ့မှာ ဘာတွေဖြစ်မယ်ဆိုတာကို အတိတ်ကံကပေးတဲ့ အချက် အလက်၊ ပစ္စုပ္ပန်ကံမှာ ကျွန်တော်ပြုပြီးတဲ့ အချက်အလက်တွေနဲ့ ညှိနှိုင်းပြီး ကျွန်တော့်အတွက် ဓာတ်လမ်းတိုကလေးတစ်ခုတော့ ရေးပြီးသွားပါပြီ။

အဲဒီ ဓာတ်လမ်းတိုကလေးထဲမှာ မနေ့က ဓာတ်လမ်းရဲ့အဆက်တွေ ရှိနေချင်ရင် ရှိလိမ့်မယ်။ ဒါမှမဟုတ် ဟိုးတုန်းက ကျွန်တော်ဖြတ်သန်းခဲ့တဲ့ နေ့ရက်တွေက ဓာတ်လမ်းအဆက်လည်း ရှိချင်ရင် ရှိလိမ့်မယ်။





ဒါမှမဟုတ်ရင်လည်း... အခုမှ ဓာတ်လမ်းအတိုကလေးနဲ့ ပြီး အခုပဲ ဆုံးသွားတဲ့ ဓာတ်လမ်းတိုကလေးလည်း ပါချင်ပါမယ်။ နောင်ကို မေ့မရ ရှင်းမရနိုင်တော့လောက်အောင်ကို ကြီးကျယ်ခမ်းနားပြီး ရှုပ်ထွေး နက်နဲလှတဲ့ ဓာတ်လမ်းရှည်ကြီးတစ်ပုဒ်ရဲ့ သာမန်အစပိုင်းကလေးကိုလည်း အမှတ်တမဲ့ ရချင်ရင် ရလိမ့်မယ်။

ကောင်းပြီ...။

ငါ့အတွက်တော့ ဘယ်ဓာတ်လမ်း ဘယ်အဖြစ်အပျက်ပဲ လာလာပါ။ အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်မယ်။ ကံငါးပါးနဲ့ တတ်နိုင်သမျှ လွတ် ကင်းအောင် ဂရုစိုက်မယ်။ ဒီနေ့ကို စိတ်ထားနဲ့ မြတ်မြတ်နိုးနိုး ရင်ဆိုင် လက်ခံဖို့ ငါ အဆင်သင့်ဖြစ်နေခဲ့တယ်...။

... စသည်ဖြင့် အဲဒီလိုအရေးအသားမျိုးနဲ့ ရေးတော့လည်း ဒီလို အတွေးမျိုးက နေ့စဉ်ရတာမျိုး မဟုတ်ပြန်ဘူး။ နောက်ပြီးတော့ အဲဒီလို ဖွဲ့နွဲ့ပြီဆိုကတည်းက အပိုကလေးတွေက နည်းနည်းပါလာတတ်တယ် မဟုတ်လား...။ ကိုယ်ရေးနေတဲ့ အကြောင်းအရာလေးကို ကောင်းချင် စိတ် ဝင်စားချင် လှပစေချင်တဲ့သဘောမျိုးနဲ့ အပိုတွေက ဝင်လာတတ်တာပါ။

အဲဒီနေ့မှာ ရေးရတာ စိတ်ပါနေလို့ ကောင်မလေးတစ်ယောက် အကြောင်းကို ကျွန်တော်သိရသမျှ ဖွဲ့နွဲ့နေခဲ့မိပေမယ့် နောက်တစ်နေ့ကျ တော့ အဲဒီကောင်မလေးအကြောင်းက ဘာမှ ရေးစရာ ရှိမနေပြန်ဘူး။ ပြီးတော့ ကျွန်တော့်ရဲ့ဖွဲ့နွဲ့မှုက အကြောင်းအရာသစ်တွေရဲ့ စစ်မှန်မှုကို ကမောက်ကမဖြစ်စေတယ်။ အဲဒါ အဆိုးဆုံးပါပဲ။

ဒီတော့ ဒိုင်ယာရီကို ဒေါက်တာသန်းထွန်းလို စိတ်ခံစားမှုပါဘဲ အဖြစ်အပျက်သက်သက်ကို မှတ်တမ်းတင်သဘော ရေးရမလား... ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ဆရာချစ်ဦးညိုလို အဖြစ်အပျက်ကို ဇာတ်လမ်းကလေးလှအောင် အသက်သွင်းပြီး ရေးမလား ဆိုတာကို ရွေးချယ်ရတော့မှာပေါ့ဗျာ...

ကျွန်တော်က အဲဒီအချက်နှစ်ချက်ထဲက ဘယ်သူ့ရဲ့ အရေးအသား နောက်ကို လိုက်ရမယ်ဆိုတာ တိတိကျကျ မဆုံးဖြတ်တတ်တာနဲ့ ဒိုင်ယာရီ ဆက်မရေးဖြစ်တော့ဘူး။

ဒါပေမဲ့ အခု ကျွန်တော် လူနှစ်ယောက်အကြောင်းကို ပြောပြချင် နေတယ်ဗျာ။ အဲဒီလူနှစ်ယောက်ဟာ နာမည်ကြီးနှစ်ယောက်... ချမ်းသာ ကြွယ်ဝတဲ့နှစ်ယောက်... လျှို့ဝှက်ဆန်းကြယ်တဲ့နှစ်ယောက်... ချောမော လှပတဲ့နှစ်ယောက်... အံ့သြဖို့ကောင်းတဲ့နှစ်ယောက်... ဘာတစ်ခုမှ မဟုတ် ပါဘူး။

ကျွန်တော်ပြောပြချင်တဲ့ နှစ်ယောက်ဟာ သာမန်လူနှစ်ယောက်ပါ။ ဘယ်လောက်တောင် သာမန်ဆန်လိုက်သလဲဆိုတော့ ကျွန်တော့်ဒိုင်ယာရီ ထဲမှာ သူတို့နဲ့ စ,တွေ့တဲ့နေ့အကြောင်းကို ပြန်ရှာကြည့်တော့ 'အမေတို့ ရွာမှ ဧည့်သည်များ လာလည်ကြသည်...' တဲ့။ ဒါပဲ ရေးထားတယ်။

ကျွန်တော် သူတို့နှစ်ယောက်ကိုတောင်မှ ထုတ်ပြီး မှတ်ထားတာ မျိုး မရှိခဲ့ပါဘူး။ 'အမေတို့ရွာမှ ဧည့်သည်များ...' ဆိုတာထဲမှာပဲ သူတို့က ပါတာပါ။

အင်းပေါ့လေ... အဲဒီတုန်းကတော့ ကျွန်တော်က သူတို့နဲ့ ပတ် သက်သေးတာမှ မဟုတ်တာကိုး...။ ကျွန်တော်က သူတို့နှစ်ယောက်ကိုမှ စိတ်မဝင်စားသေးတာကိုး...။ သူတို့နဲ့ ကျွန်တော်က အခုရေးပြမယ့် အဖြစ်အပျက်တွေကိုမှ မဖြစ်ရသေးတာကိုး...။

အဲဒီတော့ဗျာ... ကျွန်တော့်ရဲ့ဒိုင်ယာရီကို ဆရာကြီး ဒေါက်တာ





သန်းထွန်းရဲ့လေနဲ့ ရေးမယ်ဆိုရင်... သူတို့နှင့် ကျွန်တော် တွေ့သည်။ သူတို့နှစ်ယောက်သည် တော်တော်ရယ်စရာ ကောင်းပါသည်။ ကျွန်တော်၏ အိမ်တွင် သူတို့နှစ်ယောက် ခြောက်လနှင့် ၁၈ ရက် နေသွားခဲ့ကြပါသည်... ဆိုတာပဲ ဖြစ်မယ်။

ကျွန်တော့်ရဲ့ မူရင်းစိတ်အခံမှာကိုက ကိုယ့်ဆရာတို့ကို အဲဒီနှစ် ယောက်နဲ့ ရင်းနှီးသွားစေချင်တယ်ဗျာ...။ ပြီးတော့ သူတို့ ဒီလိုတွေ ဘာကြောင့်ဖြစ်ရတယ်ဆိုတာကို စိတ်ဝင်စားစေချင်တယ်ဗျာ...။ သူတို့ နှစ်ယောက်ကို ကျွန်တော်နားလည်တာထက် ပိုပြီးနားလည်စေချင်တယ် ဗျာ...။

ဒီတော့... ကျွန်တော်ပြောပြတဲ့ သူတို့နှစ်ယောက်အကြောင်းကို ဆရာချစ်ဦးညိုရေးသလိုပဲ ကိုယ့်ဆရာတို့ကို ရေးပြပါ့မယ်။

ကျွန်တော့်ဝသီအတိုင်း အပိုကလေးတွေ ပါခဲ့ရင်လည်း... သူတို့ အကြောင်းကို ကိုယ့်ဆရာ သေသေချာချာသိစေချင်တဲ့ စေတနာနဲ့ သက်ဝင်မှု လို့ပဲ မှတ်ပေးပါခင်ဗျား...။

❐



www.burmeseclassic.com

www.burmeseclassic.com



# ညွှေသည်များ

၉ နာရီကျော်တာနဲ့ တစ်ပြိုင်နက်ထဲနေရောင်ခြည်ဟာ နွေရာသီမှာ ပါက်ရောက်တဲ့ သစ်ပင်တွေပေါ်မှာ ခံနိုင်ရည်ကို စမ်းသပ်ပါတယ်။ နေ ရောင်ခြည်က လူတွေကို ဘယ်လိုလဲ… ဒီနေ့ ငါဟာ သိပ်ပူကြောင်းကို ဘယ်လိုစကားလုံးတွေနဲ့ ညည်းကြဦးမှာလဲ… ငါ့ရဲ့အညှာအတာကင်းမဲ့မှု အပေါ်မှာ ဘယ်လိုတရားမျိုးတွေနဲ့ သည်းခံကြဦးမှာလဲ… စတဲ့ မေးခွန်းတွေ ကိုမေးဖို့ အပူရှိန်ခပ်ပြင်းပြင်းကို မျက်မှောင်ကျုတ်ပြီး နေရာအနှံ့ ဖြန့်ချထား ပါတယ်။

ရေချိုးဖို့စဉ်းစားပေမယ့် နေပူရှိန်ကလေး နည်းနည်းမြင့်လာမှပဲ ခိမ်နဲ့ချိုးတော့မယ်လို့ ဆုံးဖြတ်ရတယ်။ ဟုတ်တယ်လေ… နွေရာသီမှာ သူတို့လို လူလတ်တန်းစားတွေ ခံစားနိုင်တာ ဒါပဲရှိတာ မဟုတ်လား…။

ဖြစ်နိုင်ရင်တော့ ပင်လယ်ကမ်းစပ်မှာ Dream Bed ကြီးဖြန့်ခင်း၊





ဘီကနီလေးပဲဝတ်ထားတဲ့ ကောင်မလေးတစ်ယောက်က နေလောင်ခံနိုင်တဲ့ ဆေးရည်ဆီကို တစ်ကိုယ်လုံးလိမ်းပေးရင်း နှိပ်နယ်ပေးလို့ပေါ့။ နံဘေးက ခံ့ပေါ်မှာ ပုစွန်ဆီရောင်သန်းနေတဲ့ ဘီယာခွက်ထဲမှာ ဘီယာမြုပ်တွေက ဘိတ်တဆိတ် အလုအယက်ပေါက်ကွဲလို့ နေလိမ့်မယ်…။

ခွက်ကို ကောက်မ… လက်ထဲက ဘီယာတွေကို နှုတ်ခမ်းတစ်ခုလုံး နစ်ဝင်သွားတဲ့အထိ အားနဲ့ စုပ်ယူလိုက်မယ်။ နှုတ်ခမ်းမှာ ပေသွားတဲ့ ဘီယာမြုပ်တွေကို လျှာနဲ့မသပ်ပစ်ဘဲ နှုတ်ခမ်းပေါ်မှာတင် တဖောက်ဖောက် ပေါက်ကွဲနေတာကို အရသာခံမယ်။

ဆေးလိမ်းပေးနေတဲ့ ဘီကနီမကလေးက သစ်ရွက်ကလေးတွေရဲ့ ပုံကို ဖော်ပေးထားတဲ့ အီတလီနိုင်ငံထုတ် ချိစ်ကို အသာတိုးပေးလိမ့်မယ်။ ဘွန်တော်က ကျူးဘားနိုင်ငံကလာတဲ့ ဆေးပြင်းလိပ်ကို မီးကောက်ညှိရင်း…

“လူ့ဘဝရဲ့အဓိပ္ပာယ်ဟာ ဘာလဲ… လူ့ဘဝမှာရနိုင်တဲ့ ပျော်ရွှင်မှု ဆိုတာ ဘာလဲ… နွေရာသီကို ဒီလိုနည်းမျိုးနဲ့ ခုခံတာ အကောင်းဆုံးလား… အဲဒီမေးခွန်းတွေအားလုံးဟာ တစ်ခုတည်းသောအဖြေမှာ ပါတယ်ဆိုရင် တော့ လူ့ဘဝဆိုတာကို ကိုယ်ငြီးငွေ့သွားပြီ ကလေးရေ…”

“တို့ရဲ့ Boss ရယ်… လူသားချင်းစာနာတတ်တဲ့ စိတ်ကလေးလည်း ထားဦးမှပေါ့… Boss စိတ်ဝင်စားမယ့် စိတ်ခံစားမှုတွေ… စိန်ခေါ်မှုတွေ… အလိုရမ္မက်တွေက တစ်နေရာရာမှာ ကြောက်လို့ ပုန်းနေတာနေမှာပေါ့…”

“ကိုယ်ပျင်းနေပြီ ကလေးရယ်… တစ်ယောက်ယောက်ကို မနာလို ဖြစ်ရတာတို့… ကိုယ်တန်ဖိုးထားတဲ့ စိတ်ခံစားမှုတစ်ခုခု ဆုံးရှုံးသွားတာ တို့… အဲဒါမျိုးဖြစ်ချင်တာ… ဒါမှ လောကကြီးမှာ နေရတာ အဓိပ္ပာယ်ရှိ တော့မှာ ကလေးရဲ့…”



www.burmeseclassic.com

www.burmeseclassic.com



"ဟာဘ်ပြ … ကလေးကို ဟိုဘက်ထီးရိပ်ထဲက ခန္ဓာကိုယ်တောင့်တောင့်နဲ့ ငနဲတစ်ကောင်က လှမ်းလှမ်းကြည့်နေတာ … အကြိမ်တစ်သန်းလောက် ရှိတော့မယ်၊ ကလေး အဲဒီကို ခဏသွားနေလိုက်မယ်လေ …"

"ဒါပေမဲ့ ဘဏ်က ငွေစာရင်းသစ်တွေ တိုးခါနီးကျတော့ ကလေးကိုယ့်ဆီပြန်လာဦးမှာပဲ မဟုတ်လား … အီတလီက စိန်ပွင့်လှလှတွေကိုတွေ့တော့ ပြန်လာဦးမှာပဲ မဟုတ်လား …"

ဘီကနီမလေးက တခစ်ခစ်ရယ်ရင်း ကျွန်တော့်ရင်ပြင်ကျယ်ကြီးပေါ်ကို ခေါင်းတစောင်းကလေးလှဲရင်း ရင်ဘတ်ကို လက်သည်းချွန်ကလေးတွေနဲ့ ထိုးနေတယ်။ ဟိုးအဝေးက ပင်လယ်ပြင်ဟာ နွေနေရောင်အောက်မှာ တလျှပ်တွေထနေတယ်။

"ကိုရဲဝင်း … ကိုရဲဝင်း … ဟေ့ … ကိုရဲဝင်း …"

မေးကလေးရှေ့ထိုးပြီး တွေးချင်ရာတွေး အတွေးထဲကို ကိုယ်ရော … ကိုယ်ဖန်တီးထားတဲ့ ပတ်ဝန်းကျင်ကြီးတစ်ခုလုံးရော … ကျွံဝင်နေတဲ့စိတ်မြစ်စဉ်ကြီးဟာ အလန့်တကြား အော်ကြီးဟစ်ကျယ်အော်သံကြောင့် ပြိုကွဲသွားတယ်။

အဲဒီလို အလန့်တကြားအော်ဟစ်နေတဲ့ အသံက ကိုယ့်နာမည်ရဲ့အသံဖြစ်နေတော့ ကမ်းစပ်ပင်လယ်ပြင်ပေါ်ကနေ အိမ်ရှေ့ပလက်ကုလားထိုင်ပေါ်ကို ဝုန်းခနဲပြန်ရောက်လာရတာပေါ့ ကိုယ့်ဆရာရယ် …။

"ဗျာ … မဟုတ်ပါဘူး … ဟော …"

"ကိုရဲဝင်း … ဒီမှာ ညှော်သည်တွေ၊ ညှော်သည်တွေရောက်လို့ ခေါ်လိုက်တာ ဆူညံလို့ … မတွေ့ဘူးလား …"

ခေါ်ပေးသံကနေ … ရန်တွေ့သံဖြစ်သွားတာ မလွန်ပါဘူးဗျာ …။





ကျွန်တော့်ရှေ့ … ကျွန်တော်တို့အိမ်ရဲ့ ရှေ့တည့်တည့်ကြီးမှာကို လူငါးယောက်က ကျွန်တော့်ကို မျက်လုံးတွေပြူးပြီး ကြည့်နေတာကိုး …။

"ဧည့်သည် …"

အဲဒီစကားလုံးရဲ့အဓိပ္ပာယ်ကို ကျွန်တော် ကောင်းကောင်းကြီးသိပေမယ့် ကျွန်တော့်ရှေ့က လူငါးယောက်နဲ့ တွဲကြည့်ပြီးတော့ အဲဒီစကားလုံးကို ရှုတ်ကြည့်တော့ သိပြီးသားစကားလုံးကိုယ်တိုင်က သူစိမ်းဆန်နေကြတယ်။ ဆန်မှာပေါ့ … 'ဧည့်သည်' လို့ အဓိပ္ပာယ်ရတဲ့ အဲဒီလူငါးယောက်စလုံးကို ကျွန်တော် တစ်ခါမှလည်း မမြင်ဖူး၊ သိလည်း သိမှ မသိဖူးတာကိုး …။

"နေပါဦးတော့ကောကွယ် … အဂ္ဂာ … ဘာလဲ … ဒါ … မိမြလေးတို့အိမ် ဟုတ် ဆိုရဲ့လား …"

"ခင်ဗျာ …"

"ဒါ မိမြလေးတို့အိမ် ဟုတ် ဆိုရဲ့လားကွယ် …"

"ခင်ဗျာ …"

စကားလုံးတိုင်းကို နားလည်နေပေမယ့် အဓိပ္ပာယ်ပေါင်းကိုတော့ ကျွန်တော်နားမလည်ဘူး ဖြစ်နေတယ်။ ကျွန်တော့်ကိုမေးတဲ့ မိန်းမကြီးက ခေါင်းမှာ ပုဆိုးကြီးကိုပေါင်းလို့၊ မျက်နှာက နေလောင်ထားလို့ ကြေးနီရောင်ထ,လို့။ ပါးစပ်ထဲမှာ ကွမ်းတွေကလည်း အပြည့်အသိပ်နဲ့ …။

မှုန်သီနေတဲ့ မျက်လုံးမွဲမွဲကလေးထဲမှာ မျှော်လင့်ချက်ကတော့ အလင်းရောင်ရနေတယ်။ ခပ်ဟဟဖွင့်ထားလို့ ကွမ်းဝါးဖတ်ဆွေ့ကို မြင်နေရတဲ့ နှုတ်ခမ်းအိုတွန့်တွန့်မှာ တိုးထွက်တော့မယ့်အပြုံးက တာစူနေတယ်။ ဒါပေမဲ့ အဲဒီအပြုံးဟာ အပြင်ကို ရောက်မလာပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးခင်ဗျ..."

"မိမြလေး လေ..."

"မဟုတ်ပါဘူး..."

"အယ်... ကဲကွယ်... အစ်မရယ်... နင့်လိပ်စာကို သေသေချာချာ ကြည့်ပါဦး၊ လိပ်စာစာရွက်ရော... မိကြည်... ကြည့်စမ်း..."

နံ့သာက အရပ်ပုပု ဂင်တိုတိုနဲ့လူတစ်ယောက်က စိတ်တိုနေတဲ့ ပုံစံနဲ့ ဝင်ပြောတော့မှ... ကျွန်တော့်ကို လိပ်စာမေးတဲ့ အဘွားကြီးကသူ့ ရင်ဖုံးအင်္ကျီ ဖိုသီဖတ်သီကြီးထဲ လက်နှိုက်ပြီးရှာတယ်။

အဲဒီအဘွားကြီးနံ့သာမှာရပ်နေတဲ့ လုံးကြီးပေါက်လှ ကောင်မလေးက အဘွားကြီးအနားကို တိုးကပ်သွားတယ်။ အခုမှ ကျွန်တော်လည်း သူတို့ရဲ့ အသွင်အပြင်နဲ့ အနေအထားကို အကဲခတ်ရတယ် ကိုယ့်ဆရာရေ...။

သူတို့သယ်ပိုးလာတဲ့ ပစ္စည်းတွေနဲ့ အဲဒီပစ္စည်းတွေကို ထုပ်ပိုးလာတဲ့ (အိတ်လုပ်လာတဲ့) လုံချည်တွေ သဘက်တွေကို မြင်ကတည်းက သူတို့ဟာ တောထနေ ရန်ကုန်ကိုလာတယ်ဆိုတာ သိပ်သေချာတယ်။

ပြီးတော့ ဆီမကပ်တဲ့ဆံပင်တွေရယ်... ပင်ပန်းနွမ်းနယ်မှုတွေရယ် နဲ့ပေါင်းလိုက်ရင် သူတို့ခရီးဟာ တော်တော်လေးကို ရန်ကုန်ကနေ ဝေးလိမ့်မယ်ဆိုတာပဲ သိသာပါတယ်။ စကားပြောလိုက်တော့ စကားသံနဲ့ အသုံးအနှုန်းက တကယ့်ကို အညာလေစစ်စစ်ပါပဲ။

"ဟော... ဒီမယ်... ဒီမယ်တွေ့ပြီ..."

အဘွားကြီးရဲ့သဘက်စထုပ်ထဲက ပစ္စည်းတွေကို ကူရှာတဲ့ ကောင်မလေးက ဝမ်းသာအားရနဲ့ စက္ကူတစ်ရွက်ကိုထုတ်ပြီး ဖတ်တယ်။ ကျွန်တော်ကတော့ တာဝန်ကျေ စောင့်နားထောင်ပေးရတဲ့ သဘောပါ။ သူတို့မေးတဲ့





မိမြလေးဆိုတာ ကျွန်တော်တို့အိမ်မှာ ရှိမှ မရှိတာ။

"ဟော... ဒီမယ်တော့... ခကွေးမျဉ်းစောင်း နှစ်ဆယ့်လေး ပြည်သာယာလမ်းတဲ့၊ စေတုဘုံမို့က ဘုန်းကြီးကျောင်းအနီး... ဆိုတာရယ်ပဲ၊ အဲဒါပဲတော့... ဩော်... ရှင့်..."

စာကို သေသေချာချာဖတ်တဲ့ ကောင်မလေးက ကျွန်တော့်ကို မျက်လုံးကလေးလှန်ပြီး မရဲတရဲကြည့်ရင်းက စာရွက်ကလေးကို လှမ်းပေးတယ်။ သူ့နံ့သာကလူကတော့ ပြုံးပြုံးရွှင်ရွှင်နဲ့ ရှေ့မှာချထားတဲ့ အိတ်ကို ကောက်မ,တယ်။ ကျွန်တော်ယူကြည့်တော့ စာရွက်ပေါ်မှာ ခဲတံနဲ့ ရေးထားတာပါ။ လိပ်စာကိုရေးထားတဲ့ လက်ရေးက ဘုန်းကြီးလက်ရေးပါဆိုတာ ကို တစ်သန်းကြေးလောင်းရဲတယ်ဗျာ...။

"အင်း... လိပ်စာကတော့ ဟုတ်ပါတယ်... ဒါပေမဲ့..."

ကျွန်တော် သူတို့ကို လှမ်းကြည့်မိတယ်။ ဒီပစ္စည်း ဒီပုံစံတွေနဲ့ လိပ်စာမှားလို့ကတော့ ဒုက္ခအတည့်ကြီးကို ရောက်ပြီဆိုတာ သေချာတယ်။ ဒါပေမဲ့ ဘာတတ်နိုင်တော့မှာလဲ...။

"ဒါပေမဲ့... အန်တီတို့ပြောတဲ့ မိမြလေးဆိုတာ ဒီအိမ်မှာ မရှိဘူး၊ တစ်ခုခုမှားတယ်ထင်တယ်..."

"အို... မမှားပါဘူးကွယ်၊ အဲဒါတော့ မမှားနိုင်ဘူးကွယ့်..."

"လိပ်စာက မမှားပါဘူး... လူက ဒီမှာမရှိဘူး..."

"ဘယ်သွားလို့လဲကွယ့်..."

"မဟုတ်ဘူးခင်ဗျ၊ အဲဒီနာမည်က ဒီအိမ်မှာကို မရှိတာပါ..."

"မိမြလေး... လေ..."

"ဟုတ်ကဲ့..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားဆုံးတော့ သူတို့အားလုံး ငြိမ်ကျသွားတယ်။ ရုပ်ရှင်တွေ ဘာတွေထဲကလို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ငြိမ်သွားကြတာမျိုး မဟုတ်ပါဘူး။ သူတို့မျက်လုံးကျရာဆီကို စိုက်ငေးကြရင်း ငြိမ်သွားကြတာပါပဲ။

"ဒုက္ခပါကောဟဲ့… အင်း… အနိစ္စ… ဒုက္ခ… အနတ္တ… အနတ္တ… မိကြည်လေး… လိပ်စာက သေချာရဲ့လား…"

"သေချာပါတယ် အစ်မရယ်… အိုလေး သေချာရယ် ရေးထားတာပါ… ရေးတာမှ ဘောလ်ပင်နဲ့ကို ရေးထားတာ သေချာပါတယ်…"

ကျွန်တော် နည်းနည်းတော့ရယ်ချင်သွားတယ်ဗျာ…။ ဘယ်နဲ့… ဘောလ်ပင်နဲ့ ရေးတာနဲ့ သေချာတာနဲ့ ဘာဆိုင်လို့တုန်း… ပေါ့လေ…။

"ဒီလိုပါရှင်… ဒီနားမှာရော အဲဒီနာမည်မျိုးရှိလား ကြားမိလား…"

"ကျွန်တော်တို့က ဒီမှာမွေး ဒီမှာကြီးပါ၊ အဲဒီနာမည်မျိုး ဒီနားမှာရှိကို မရှိတာပါ၊ ရှိရင် ပြောတာနဲ့ သိမှာပေါ့။ နာမည်က ထူးဆန်းနေတာပဲဟာ…"

သူတို့ငါးယောက်နဲ့ ကျွန်တော်ဟာ မျက်နှာချင်းဆိုင် ငြိမ်ပြီး တိတ်သွားကြတယ်။ သူတို့ ဘယ်လိုလုပ်ကြမလဲ… ဒီပြဿနာကို ဘယ်လိုဖြေရှင်းကြမလဲ။ သူတို့မှာ တခြားလိပ်စာတွေ ပါသေးလား… တခြားအသိတွေ ရှိသေးလား… မရှိရင် ဘယ်လိုလုပ်ကြမလဲ။

ကျွန်တော် စိတ်မောသွားတယ်။ အိမ်အပြင်က ရာသီဥတုရဲ့အပူနဲ့ စိတ်မောတာရောပြီး လူတောင် ချွေးစေးတွေ ဘာတွေ ဆို့တက်လာရော…။

"ဒီလိုလုပ်ကြစို့ပါကွယ်… မင်းကြီးဒေါ်များ… နေရာမှား လူမှား တစ်ခုခုတော့ဖြစ်ကြပြီမို့ ဒီမှာ ခဏတော့ ပေးနားပါကွယ်၊ မင်းကြီးဒေါ်များ





…တော့ ဆုံးဖြတ်ပါရစေဦး မောင်ရဲ့…"

ဝထမဦးဆုံး လိပ်စာမေးတဲ့ အဒေါ်ကြီးကပဲ ပြောတာပါ။ ကျန်တဲ့ …ါကြီးနှစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်က ဘာမှမပြောကြပါဘူး။ …င်မလေးကလည်း ကျိုးကြည့် ကြောင်ကြည့်နဲ့ပါ။

ကျွန်တော်လည်း ရုတ်တရက် အကူအညီ အတောင်းခံလိုက်ရတော့ … ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်။ ကျွန်တော်တို့အိမ်မကနေ ခြံရှေ့ …င်းအစပ်အထိ တံစက်မြိတ်ထိုးထားတာတော့ ရှိပါတယ်။ အပေါ်က …ရောင်လုံ့ပေမယ့် အောက်မှာက မြေကြီးပဲရှိတာ ကျွန်တော် ဘာဆုံးဖြတ် …ယ်မှန်း မသိဘူးဖြစ်နေတာ ကိုယ့်ဆရာရယ်…။

အဖေက အပြင်ကိုသွား၊ အမေက ရုံးသွားမို့ အိမ်မှာက ကျွန်တော် …စ်ယောက်တည်းရှိတာ။ ကျွန်တော်ကလည်း အပြင်သွားရင် သွားဦးမှာ။

"ကူပါ မောင်ရဲ့… မင်းကြီးဒေါ်တွေမှာက လူမမာနဲ့မို့ပါ၊ ဟောဟို …ယောက်ထဲ တစ်ယောက်က မျက်စိခွဲမလို့ကွယ့်… ကူတန် ကူပါဦး …င်ရယ်…"

အဘွားကြီးက ရိုးရိုးစကားလုံးတွေကို ရိုးရိုးမျက်နှာပေးထားပြီး …လေသံကြီးနဲ့ အကူအညီတောင်းလာတော့ ကျွန်တော်ငြင်းဆန်ဖို့ တော် …ကြီးကို ခက်သွားတယ်ဗျာ…။ အဲဒီလိုအဖြစ်မျိုး ကိုယ့်ဆရာ ကြုံဖူး …ပဲ…။

သူတို့ ဒုက္ခရောက်နေတယ်… ဆိုတာကြီးက ငြင်းလို့မရအောင်ကို …နေတယ်။ တော်ရုံ ကြင်နာစိတ်ရှိပါတယ်လို့ ကိုယ့်ကိုယ်ကိုယ် …တဲ့လူဆိုရင် ဒီအကူအညီမျိုးကို ငြင်းဆန်ဖို့… တော်တော်ခက်လိမ့် … သာမန် ကြင်နာစိတ်ကလေးရှိရင်တောင်မှ မငြင်းဆန်သင့်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိပါဘယ်။

ဒါဆေခဲ့ ကျွန်တော် ဘယ်လိုကူညီရမလဲ…။

ငါ… ဘာလုပ်ရင်ကောင်းမလဲ… လို့ တွေးမိတဲ့ အနားမှာရပ်နေတဲ့ ကျွန်တော်ရဲ့စိတ်ဟာ ထွက်ပေါက်မဲ့ပြီး ခန္ဓာကိုယ်ကို ချွေးစေးတွေပြန်စေ တယ်။ ကျွန်တော်ဟာ မိန်းမကြီးကိုတစ်လှည့်၊ မျက်စိခွဲထားတယ်ဆိုတဲ့ မိန်းမကြီးနှစ်ယောက်ကို တစ်လှည့်… ပြီးတော့ ကျွန်တော်နဲ့ အနီးဆုံးမှာ ရပ်နေတဲ့ ကောင်မလေးနဲ့ တစ်ယောက်တည်းသောယောကျ်ားကို တစ်လှည့် အဓိပ္ပာယ်မဲ့ လျှောက်ငေးနေမိတယ်။

အဲဒီလို လျှောက်ငေးမိတော့မှ ကျွန်တော်တွေ့မိ မြင်မိတဲ့မြင်ကွင်း ကြောင့် တော်တော်လန့်သွားတယ်။ ကျွန်တော့်ညာဘက် ခပ်ယွန်းယွန်းမှာ ရပ်နေတဲ့ သူတို့အုပ်စုရဲ့ တစ်ယောက်တည်းသောယောကျ်ားရဲ့ ခြေထောက် မှာ ဖိနပ်မပါဘူးခင်ဗျ။

ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိတော့ဘဲ၊ ဘာကို ရက်မှန်းမသိ ဖြစ်သွားပြီး ဖိနပ်မပါတဲ့ သူ့ရဲ့ခြေထောက်တွေကိုပဲ စိုက်ကြည့်နေမိတယ်။ သူ့ခြေထောက်က ဖိနပ်ဟာ ပြုတ်သွားတာ ပျောက်သွားတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ သူ့ခြေထောက်မှာ ဖုံတွေပေနေပုံ၊ ဖိနပ်မပါတဲ့ သူ့ခြေထောက် တွေနဲ့ မြေကြီး အသားကျနေပုံကိုက သူ့ခြေထောက်ဟာ ဘယ်တုန်းကမှ ဖိနပ်စီးမထားခဲ့ဘူး ဆိုတာကို ပြနေတယ်ဗျာ…။

ဖိနပ်မပါတဲ့ သူ့ခြေထောက်တွေတည်နေပုံ၊ ထိုင်နေပုံက အစ… မြေကြီးနဲ့ တအားကြီးကိုရင်းနှီးနေတယ်။ သူ့ခြေထောက်တွေက အမှတ်တမဲ့ ဖိနပ်ချွတ်ခံထားရတဲ့ပုံစံ လုံးဝကို မဟုတ်ဘူးဆိုတာ ကျိန်းသေတယ်ဗျာ…။

ဒါနဲ့ ကျွန်တော်ဟာ သူ့ခြေထောက်တွေဆီက မျက်လုံးကို ခွာထုတ်





ပစ်လိုက်တယ်။ သူ့ဆီက လွတ်ထွက်လာတဲ့ ကျွန်တော့်မျက်လုံးတွေဟာ ကျွန်တော့်ရှေ့မှာရပ်နေတဲ့ တစ်ဦးတည်းသော ကောင်မလေးဆီကို ရောက် သွားတော့ ကောင်မလေးက ဘာမပြောညာမပြောနဲ့ ကျွန်တော့်ကို ဆီးပြီး ရယ်ပြတယ်ခင်ဗျာ…။ အဲဒီရယ်ဟန်ကိုတွေ့တော့ ကျွန်တော်လည်း ဘာ ဆက်လုပ်ရမယ်မှန်း မသိတော့ဘူး။ တော်တော်လည်း ဗွကျတဲ့ကိစ္စပါ။

အဲဒီကိစ္စနှစ်ခုဟာ အဆက်အစပ်မရှိဘူးဆိုတာ ဟုတ်ပါတယ်။ ဒါ ပေမဲ့ ဆက်တိုက်ကြီး ကြုံလိုက်ရတော့ လူကို တကယ့်ကို အူထူသွားတာ ပါပဲ။ ကျွန်တော်က်ကောင်းတာတစ်ခုက ကောင်မလေးရယ်ပြတဲ့ အရယ်က နှုတ်ခမ်းလှုပ်ရုံအရယ်ဖြစ်ပြီး အသံမပါတော့ ပြန်ပြီး မတုံ့ပြန်လည်း ရနေ လို့ က်ကောင်းတယ်ပြောရတာပါ။ ဘာကြောင့်မှန်းတော့မသိဘူး… ကျွန် တော့်မျက်နှာမှာ အားနာနေတယ်။

“ကူမယ်မဟုတ်လားကွယ်… ကဲ… ကိုသ… မစိုနဲ့ မခကို ထိုင် ဖို့ နေရာခင်းပေးပါရော၊ နေပူထဲကက အထုပ်တွေ အုတ်နံရံဘေး စီလိုက် ပါတော့ကွယ်၊ မြက်ဖျာလေး ထုတ်ပါလား… မိကြည်လေးရဲ့…”

အဘွားကြီးရဲ့ အမိန့်ပေးသံလိုလို လုပ်သင့်တာကို ပြောတာလိုလို စကားသံအဆုံးမှာ အားလုံးဟာ အဘွားကြီးခိုင်းတဲ့အတိုင်း ဖြစ်ကုန်ကြ တယ်။ အဘွားကြီးက ကျွန်တော့်မျက်နှာကို စိုက်ကြည့်ထားတယ် ကိုယ့် ဆရာရေ… ရှင်းရှင်းပြောရရင် အဘွားကြီးက ကျွန်တော့်မျက်နှာပေါ်မှာ ရှိနေတဲ့ အားနာခြင်း… ကို စိုက်ကြည့်ထားတာ။ ဒီတော့ ကျွန်တော့်ဆုံး ဖြတ်ချက်ဟာ စကားလုံးအဖြစ်ကို မရောက်လိုက်ပဲ သဘောတူပြီးသား ဖြစ်သွားတယ်။ ဒီ့အပြင် မျက်စိမမြင်ဘူးဆိုတဲ့ အဘွားကြီးကိုတောင် တွဲပြီး ထိုင်ဖို့ နေရာချပေးလိုက်ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နေသားတကျဖြစ်သွားတော့ ကျွန်တော်ဟာ လုပ်သင့်လုပ်ထိုက်တာ တစ်ခုကို လုပ်ပြီးသွားသူလို ကျေနပ်နေမိတယ်။

သူတို့အားလုံး ပုရွက်ဆိတ်တွေလိုပဲ အလုပ်လုပ်လိုက်ကြတာ ခဏချင်းပဲ သူတို့နေစရာနေရာတစ်ခု ချက်ချင်းပေါ်လာတာပဲ။ နေရာအနှံ့မှာ ချထားတဲ့ အိတ်တွေလည်း တစ်နေရာတည်းမှာ နေသားတကျ ဖြစ်ကုန်ပါတယ်။

အိမ်ရှေ့တံစက်မြိတ်အောက်မှာပဲ ဖံဒါပင်ရိပ်မှာပဲ သူတို့ ခဏ စိတ်လွတ်ကိုယ်လွတ်နားနေကြတယ်။ အမှန်ဆိုရင်တော့ သူတို့ကို အိမ်ရှေ့အဖီထက်ကောင်းတဲ့နေရာမှာ ကျွန်တော် ကူညီသင့်တာ အမှန်ပါပဲ။ ကျွန်တော့်အိမ်ရဲ့ အိမ်ရှေ့ခန်းကို အသုံးပြုခွင့် ပေးတာမျိုးပေါ့လေ...။

ဒါပေမဲ့ အဲဒါကို ဘာဖြစ်လို့ ကျွန်တော်မလုပ်ဖြစ်တာလည်း ဆိုတာလည်း စိတ်ထဲမှာ သဲသဲကွဲကွဲမရှိလှဘူး။ အိမ်ထဲမှာ ပေးနေလိုက်ရင် ကျွန်တော် ဘယ်လိုလုပ် လက်ဖက်ရည်ဆိုင်ကို သွားလို့ရတော့မှာလဲ။ ဟာ... အခုဆိုတော့ အိမ်တံခါးသော့ပိတ်ပြီး ထွက်သွားလို့ ရတာပေါ့ ဟုတ်ဘူးလား...။

ကျွန်တော် ကိုယ့်ဆင်ခြေကို ကိုယ်တော်တော်လေး သဘောကျသွားတယ်။ ဒီလိုဆင်ခြေတွေ ဘာတွေနဲ့ ကိုယ့်လုပ်ရပ်ကို ကျားကန်ရပြီဆိုကတည်းက ကောင်းတော့ မကောင်းဘူးပေါ့ဗျာ။ ဒီလိပ်စာမှားလာတဲ့ လူစုဟာ လူကောင်းတွေဆိုတာ သိသာနေပေမယ့်လည်း ကျွန်တော် ထိရောက်အောင် မကူညီခဲ့ဘူး။

ဒီတော့ စိတ်မလုံဖြစ်ပြီး အိမ်ပေါ်မတက်ခင် သူတို့အုပ်စုကို လှမ်းကြည့်လိုက်တော့ ကောင်မလေးက မျက်စိခွဲဖို့ လာတယ်ဆိုတဲ့ မိန်းမကြီးကို





ရေတိုက်နေတယ်ခင်ဗျ။ ကောင်မလေး သောက်ရည်ငှဲ့ချပေးနေတဲ့ ရေဘူးဟာ တော်ဘူးပါ။ အဖြူရောင်ကော်ဘူးပေမယ့် အသုံးများတာရယ်... အညာဘက် ရေကြောင့်ရယ်လားတော့ မသိဘူး... ရေဘူးက သံချေးရောင်သန်းနေပါပြီ။

ကျွန်တော် အိမ်ထဲဝင်ပြီး ခပ်သွက်သွက်ပဲ သကြန်တုန်းက သီကြားမင်းကြို့တဲ့ အတာရေအိုးကလေးကို သေသေချာချာဆေးပြီး သောက်ရေထည့်ရေအိုးကို ကြွေပန်းကန်ကလေးနဲ့ဖုံး၊ ကြေးခွက်ကလေး အဖုံးပေါ်မှာ မှောက်ပြီး အိမ်ရှေ့ကို ထွက်ရတယ်။

"ဟို... ကောင်မလေး ခဏ..."

ကျွန်တော်ခေါ်တာကို ခံရတဲ့ ကောင်မလေးက ကြောင်တောင်တောင်နဲ့ သူ့နောက်ကို ပြန်ငဲ့ကြည့်တယ်။ သူ့နောက်မှာ ဘယ်သူရှိမှာတုန်း... ခြံစည်းရိုးပဲ ရှိတော့တဲ့ဟာကို အဲဒီတော့မှ ကျွန်တော့်ကို ပြန်ငဲ့ကြည့်တယ်။

"ရော့... ရော့... ဒီမှာ ရေအိုးပေးမလို့..."

ရေအိုးကိုပြပြီး လက်ကမ်းတော့မှ အားနာတဲ့ပုံနဲ့ ကမန်းကတမ်းထပြီး ရေအိုးကို လာယူပါတယ်။

အနားကို ယှဉ်ရပ်လိုက်တော့မှ ကောင်မလေးက အသားညိုညို တုတ်တုတ်ကလေး၊ အရိုးအဆစ်နဲ့ အရပ်က ကျွန်တော့်ထက်ကြီးတယ် မြင့်တယ်။ သူ့မျက်နှာပေါ်က မည်းနက်ပြီး ထင်းနေတဲ့ မျက်ခုံးမွေးနဲ့ အုန်းဆီဝပြီး မည်းနက်သိပ်သည်းလှတဲ့ ဆံပင်အုပ်က အညာသူတစ်ယောက်ဆိုတာကို သက်သေခံနေသလိုမျိုး ကိုယ့်ဆရာရေ...။

သူက ကျွန်တော်လှမ်းပေးတဲ့ ရေအိုးကလေးကို လှမ်းယူတော့ အောက်နှုတ်ခမ်းကလေးကို ကိုက်ပြီး မဝံ့မရဲပုံစံမျိုး လုပ်တယ်ဗျာ...။ ကျွန်တော်လည်း တော်တော်ရယ်ချင်သွားတယ်။ သူ့အရပ်အမောင်းနဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံးကိုယ်ပေါ်က ကျွန်တော်ပေးတဲ့ အတာရေအိုး မဟုတ်ဘူး။ တိုင်ကီကို ကိုင်းတပ်ပေးရင်တောင်မှ မ,လို့ ရပါတယ်။ အင်းပေါ့လေ ...မိန်းကလေး ဆိုတာ ဘယ်လောက်ပဲထွားထွား နောက်ဆုံးတော့ မိန်းကလေးပါပဲ... ဆိုတာလေး စိတ်ကူးမိတော့ ကျွန်တော်လည်း ကျေနပ်သွားတယ်။

ပြီးတော့ ကျွန်တော် အိမ်နောက်ဖေးကို ဝင်လာပြီး မီးဖိုချောင်ထဲမှာ ရပ်မိတယ်။ ကျွန်တော် အိမ်ထဲမှာ ဘာမှလည်း လုပ်စရာမရှိဘဲနဲ့ ဝင်လာတာဆိုတော့ ကြောင်တောင်တောင်ပေါ့လေ...။ ဒါနဲ့ ရေတစ်ခွက်သောက်လိုက်ပြီး အိပ်ခန်းထဲက ခုတင်မှာ ခဏဝင်လှဲတယ်။ အပြင်က နွေရာသီရဲ့ အပူဒဏ်ကြောင့် ခုတင်ပေါ်က မွေ့ရာက ပူကျွမ်းနေတယ်။ ကျွန်တော် အပြင်မှာ ထွက်ပြီးတော့ ငုတ်တုတ်ကြီးလည်း ထိုင်မနေချင်တာ အမှန်ပဲ။ အဲဒီလိုထိုင်နေရတာက ရိုးရိုးသားသား ခဏတည်းကြွတဲ့ သူတို့ကို မယုံကြည်သလိုမျိုးကြီး ဖြစ်နေတယ် မဟုတ်ဘူးလား...။

ဒီနေ့ နွေရာသီရဲ့မနက်ခင်းဟာ ကျွန်တော့်ကို တွေ့နေကျလူတွေ၊ အကြောင်းအရာတွေနဲ့ စ,တင်တွေ့မပေးဘဲ၊ ကျွန်တော် ဘာမှမသိတဲ့ လူတွေ၊ ပြဿနာတွေနဲ့ ကျွန်တော့်ကို စ,ဖွင့်ထားပါတယ်။

**ဒါပေမဲ့ အခု** ရင်ဆိုင်နေရတဲ့ကိစ္စဟာ ဇာတ်လမ်းတိုကလေးတစ်ခုလို့ **ကျွန်တော်သိနေခဲ့တယ်။** ဒီဇာတ်လမ်းတိုလေးကြောင့် ကျွန်တော့်ကံငါးပါးထဲက တစ်ပါးမှ ကျိုးစရာ မရှိပါဘူး။

ကျွန်တော် နွေရာသီရဲ့အပူထဲမှာ မျက်လုံးတွေကို မှိတ်ထားလိုက်ရတယ်။ ၁၁ နာရီကျော်သွားပြီဖြစ်တဲ့ နေရောင်ဟာ အင်္ကျီအသစ်ဝတ်ထားသလို တောက်တောက်ပြောင်ပြောင်နဲ့ အုန်းပင်တွေထိပ်ဖျားမှာ ရပ်နေတယ်။ အိမ်ရှေ့က ဝါးကုလားထိုင်တွေ... ယပ်တောင်တွေ... ဆိုတဲ့ ဈေးသည်





[illegible]သည် အော်ရင်း ဖြတ်သွားတယ်။ မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ အိမ်ခေါင်မိုးဟာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အပူဒဏ်ကို ခံနေရတယ် ဆိုတာ ပေါ်လွင်အောင်ကို ငြိမ်သက်နေတယ်။

ကျော်သက်အောင်ရောက်လာရင် ကောင်းမှာပဲလို့ မျက်လုံးကို ပြန်မှိတ်ပြီး တွေးနေမိတယ်။ ဟုတ်တယ်လေ... ဒီကောင်ရောက်လာရင် အိမ်ရှေ့ထွက် Chess ထိုးနေရင် ကျွန်တော်ဟာ ဟိုတောအုပ်စုကို ဟာမင်စောင့်နေရာ မကျတော့ဘူး မဟုတ်လား...။ အိမ်ရှေ့မိုင်းက နေပူလည်း သက်သာ... လေကလေး ဘာလေးလည်း တိုက်ဆိုတော့ အခန်းထဲမှာ နေတာထက်စာရင် နွေကို ဘော်ဒါပေါင်း ပေါင်းလို့ရတာပေါ့...။

အင်း... ကျော်သက်အောင်ရောက်လာရင်လည်း ရှေ့က အုပ်စုတွေအကြောင်း မေးဦးမှာပါပဲ။ သိသွားပြီးရင် ဆံပင်တွေဖြူနေတဲ့ သူ့ခေါင်းကြီးကိုငုံ့ပြီး ခေါင်းကို တွင်တွင်ခါဦးမယ်။ ဟုတ်တယ်... ဒီကောင်က ကျွန်တော်တို့သူငယ်ချင်းတွေထဲမှာ တော်တော့်ကို ခေါင်းကြီးပါတယ်။ ခေါင်းကြီးရင် ဉာဏ်ကောင်းတယ်ဆိုတာ တကယ်များဟုတ်မလား မသိဘူး။ ဒီကောင်က ကျွန်တော်တို့ထဲမှာ စာအတော်ဆုံးငတိပဲ။ အခု R.I.T ကျောင်းတက်နေတယ် ဆိုပါတော့။

အာ... နေပါဦး... ကျွန်တော်ပြောချင်တာက ဒီကောင် စာတော်တဲ့အကြောင်းမဟုတ်ပါဘူး။ ဒီကောင်သာသိရင် သူ့ခေါင်းကြီးကိုငုံ့ပြီး ရမ်းဦးမှာပဲ ဆိုတဲ့အကြောင်းပါ။ ဘာဖြစ်လို့ ဒီကောင် ခေါင်းရမ်းမှာလဲ ဆိုတော့... ဒီလူတွေကို အိမ်ပေါ်မှာ နေရာမပေးတဲ့အတွက် ဒီကောင် ကျွန်တော့်ကို စိတ်ဆိုးပြီး ခေါင်းကိုရမ်းမှာပါ။

ဟုတ်တော့လည်း ဟုတ်ပါတယ်... ကိုယ့်လူရာ... ကျွန်တော့်လို



www.burmeseclassic.com

www.burmeseclassic.com



စာတွေ ပေတွေအများကြီးဖတ်ထားတဲ့လူက ဒါမျိုးမလုပ်သင့်တာ အမှန်ပဲ။ ဆမ်းမားဆက်မွန်၊ ချက်ကော့(ဗ်)၊ ဘာထရမ်ရပ်ဆဲလ်၊ အိတ်(ချ်)ဂျီဝဲလ်၊ တားဗျူး၊ ကာဝါဘာတ၊ ဗန်ဂိုး၊ ဂေါဂင်၊ ရှိုပင်ဟောင်ဝါ၊ ပုရှကင်၊ ပါဗလိုနယူဒါ၊ ဩစကာဝိုင်ရှယ်လီ၊ သေးလီ၊ မာယာကော့(ဗ)စကီး၊ ဝင်းဦး၊ တွံတေးသိန်းတန်၊ လေဘာတီမမြရင်၊ ရွှေမန်းတင်မောင်၊ ဦးခင်မောင် (ဘဏ်)၊ ဦးခင်မောင်ရင်၊ ပန်းချီအောင်စိုး၊ ပေါ်ဦးသက်၊ အရှင်ဇနကာဘိဝံသ၊ ချမ်းမြေ့ဆရာတော်၊ ဦးရွှေအောင်၊ မေတ္တာသုတ်၊ ထူးအိမ်သင်၊ ကုသိုလ် အကုသိုလ်၊ သစ္စာနီ၊ ကြည်အေး၊ မောင်ချောနွယ်၊ ဂျူး၊ မြသန်းတင့်၊ ပါရဂူ၊ ဒဂုန်တာရာ၊ ဂျာနယ်ကျော်မမလေး၊ မောင်ထင်၊ ထင်လင်း၊ ခင်ဆွေဦး၊ လူထုဒေါ်အမာ၊ နေမျိုး၊ ကြူးနစ်၊ ရွှေဥဒေါင်း၊ သိပ္ပံမောင်ဝ၊ ဦးဖိုးကျား၊ သိန်းဖေမြင့်၊ မောင်ထွန်းသူ၊ အောင်သင်း၊ ကိုတာ၊ ကိုကျော်ဝင်း… စတဲ့ စာပေ၊ ဂီတ၊ ရုပ်ရှင် ဘာသာရေးတွေကို ကမ္ဘာရော မြန်မာ့ရော နှံ့စပ်တန်သလောက် ဖတ်ထားတဲ့ ကျွန်တော့်ကို ဒါမျိုးလုပ်တာကို ဒီအနုပညာရှင်တွေက ကန့်ကွက်မှာပါ။

ကျွန်တော်လေ့လာထားတဲ့ စိတ်နှလုံး၏ ညင်သာနူးညံ့ခြင်းနဲ့ အနုပညာရဲ့ ကိုယ်ချင်းစာ အလှတရားတွေ ဘယ်နားရောက်သွားပြီလဲ… လို့ ဒီဆရာသမားတွေက ကျွန်တော့်ကို မေးခွန်းထုတ်မှာပါ။

ဥပမာ ကျွန်တော်သိပ်ကြိုက်တဲ့ နေမျိုးရဲ့ဝတ္ထုတွေနဲ့ မောင်ချောနွယ်ရဲ့ကဗျာတွေကကို ကျွန်တော် ဒီလိုလုပ်တာကို ခွင့်ပြုမှာမဟုတ်ဘူးဆိုတာ သေချာတယ်ဗျာ…။ ဒီအဖြစ်အပျက်ဟာ ကျွန်တော်လေးစားတဲ့ အနုပညာရှင်တွေအားလုံးကို စော်ကားသလို ဖြစ်နေတယ်။

အောက်ဆိုက်ဒါထဲက 'မာဆိုး' ဒီလိုမလုပ်ဘူး၊ မောင်ထင်ရဲ့ 'ငဘ' ဒီလိုမလုပ်ဘူး၊ သစ္စာနီရဲ့ အဆောင်နေကျောင်းသားတွေဟာ ဒီလိုမလုပ်ဘူး၊ မင်းငြိမ်းဇရဲ့ 'ကြေ' ဟာ ဒီလိုမလုပ်ဘူး၊ ဆရာမြသန်းတင့်ရဲ့ 'စကားသက်အိုဟာရာ' ဟာ ဒီလိုမလုပ်ဘူး၊ 'ရက်ဘတ်တလာ' လည်း မလုပ်ဘူး။ ငင်းမင်းထွေး၊ ကိုနေဝင်းနဲ့ ထူးအိမ်သင်တို့ရဲ့ သီချင်းတွေကလည်း ခွင့်ပြုမှာ မဟုတ်ပါဘူး။

ကျွန်တော်ဟာ လူယဉ်ကျေးဖြစ်ဖို့ စာဖတ်တာ။ အနုပညာကို ခံစားကြည့်တာ ဆိုရင်တော့ ဒါဟာ ဟန်ဆောင်မှုပါပဲ။

ကိုယ့်ဆရာရေ အဲဒီလိုတွေးမိတော့ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ရှက်သွားတယ်။ အလကားကောင်ပဲလို့ ထင်သွားတယ်။ ဒီလောက်ပဲ အဆင့်ရှိတဲ့ကောင်က ဆရာကြီးဦးရွှေအောင်ရဲ့ 'ရသစာပေ၏ ရသ' ကို နားမလည်တာ ဘာဆန်းသလဲ…။

ကျွန်တော် ခုတင်ပေါ်က လူးလဲပြီး ထ,ထိုင်တယ်။ ကျွန်တော်ဟာ ရက်ချင်းကို ရာဇဝတ်သင့်ထားတဲ့ငတိ ဖြစ်သွားတယ်။ ဘာမှ သုံးမရတဲ့ ကောင်ဖြစ်သွားတယ်။ ကျွန်တော်ဟာ ကိုယ့်အတ္တကို ကိုယ် ရဲရဲရင့်ရင့် ထိုးခိုက်ပစ်ဖို့ အိမ်ရှေ့ကို ချက်ချင်းထွက်လာခဲ့တယ်။

အိမ်ရှေ့ကိုရောက်တော့ ကျွန်တော့်ရဲ့ကုသိုလ်အစုအဝေးဟာ အိမ်ရှေ့ အမိုးအောက်က မြေပြင်ပေါ်မှာ မြက်ဖျာနဲ့ ပုဆိုးတွေခင်းပြီး သက်သောင့်သက်သာ လဲလျောင်းနေကြတယ်။ ကျွန်တော် အိမ်ပေါ်က ဆင်းလာတာ မြင်တော့ တစ်ယောက်တည်းသောမိန်းကလေးက လှဲနေရာက ကမန်းကတန်း ထထိုင်တယ်။ ပြီးတော့… ကျွန်တော့်ကို မျက်နှာငယ်ကလေးနဲ့ ကြည့်ရင်း…

"အစ်ကို… အိုလေး အခင်းကြီး… ဟိုလေ… အဲဒါ ခဏလောက်"



ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အို... ရပါတယ်... ရပါတယ် လာ..."

ကျွန်တော် မျက်ဝန်းတစ်ချက်ဝေ့ကြည့်တော့ ကျွန်တော်ပေးထားတဲ့ အိုးလေးက မြေကြီးပေါ်မှာ ငြိမ့်လို့...။ ပေးရမှာပေါ့... အခင်းပေးရမှာ ...ကျွန်တော်က ဒီထက်မက ပေးဖို့တောင် ဆုံးဖြတ်ထားခဲ့သေးတယ်။ ...တယ်... ပစ္စည်းတွေတော့ အောက်မှာ ထားချင် ထားပစေ။ လူတွေ ...တော့ အိမ်ပေါ်ကို ခေါ်ကို ခေါ်ရမယ်။

"လာ... လာ... ညီမ..."

ကျွန်တော် ကောင်မလေးကို ခေါ်လာရင်း စဉ်းစားရတယ်။ ကျွန်တော်က သူတို့ကို အိမ်ပေါ်မှာ ထားမယ်ဆိုရင်... အိုးလေးအတွက် အခင်း ...ယ်လိုတော့မှာလဲ... ရေအိုးဖြစ်နေလို့ အမြင့်မှာထားဖို့ ခုံကလေးတစ်ခုံ ...ရှိ ပိုကောင်းတာပေါ့။ အိမ်နောက်ဖေး စတိုခန်းထဲမှာ မလိုတော့လို့ ပစ်ထားတဲ့ သစ်သားလက်ယက်ခုံကလေးတွေ ရှိတာပဲ။

စတိုခန်းရှေ့ကိုရောက်တော့ ကောင်မလေးက ကျွန်တော့်ကို မဝံ့မရဲ ...မော့ကြည့်တယ်။ သူ့မျက်နှာက ထိတ်လန့်နေတယ်။ ကြောက်ရွံ့တုန်လှုပ် ...နေတယ်။ ဟုတ်သားပဲ ကိုယ့်ဆရာရေ.... အခုမှသိတဲ့ ကောင်မလေးကို ...လူတစ်ယောက်မှ မရှိတဲ့ အိမ်နောက်ဖေးခန်းကို ခေါ်လာတာဆိုတော့... ...ဟား...။

"Sorry ကွာ... ဒီနောက်ဖေးခန်းက နည်းနည်းတော့မှောင်တယ်၊ ...ပြတင်းပေါက်ဖွင့်မှကွ..."

ပြတင်းပေါက်တစ်ချပ်ကို တွန်းဖွင့်ပြီး ကျွန်တော် စတိုခန်းလေးရှေ့ ...မှာ ရပ်တယ်။ လက်ယက်ခုံလေးက ဘယ်ကြားထဲမှာ ညပ်နေလဲမသိဘူး...။

"အိုလေး... အခင်း..."





"အခင်းက မကောင်းပါဘူး၊ အိုးလေးဆိုတော့ ခုံလေးပေါ်မှာ တင်ထားတာက ပိုကောင်းတာပေါ့၊ လက်ယက်ခုံကလေးတွေ ရှိပါတယ်ကွ၊ ဘာမှ အားနာမနေနဲ့... မင်း ဒီနားကစောင့် ငါဝင်ရှာလိုက်မယ်..."

"အစ်ကို..."

စတိုခန်းထဲဆင်းဖို့လုပ်နေတဲ့ ကျွန်တော် နောက်ကနေ အထိတ်တလန့်ခေါ်သံကြောင့် တွန့်သွားမိတယ်။ လှည့်ကြည့်တော့ အကြီးအကျယ်ကြောက်ရွံ့တုန်လှုပ်နေတဲ့ ကောင်မလေးကို တွေ့ရတယ်။ ကျွန်တော်တော်တော်ကြီးကို ရယ်ချင်သွားတယ်။ ဒီလောက် ဗလတောင့်တဲ့ ကောင်မလေးက ကျွန်တော့်လို လူဖလံလေးကို ကြောက်စရာ ဘာမှ မရှိဘူး။ ချွေးတွေပြန်နေစရာ ဘာမှ မလိုဘူး။

"မကြောက်ပါနဲ့ကွ..., မင်းကလည်း ခဏလေးပါ... ခဏ..."

"မရဘူး... အစ်ကို ရှိကြီးခိုးပါရဲ့... အိုလေး ဒုက္ခရောက်တော့မယ်၊ အစ်ကိုလည်း တက်မှာမှ မဟုတ်တာ၊ ခဏလေး..."

'ဝုန်း' ခနဲ အိမ်သာတံခါးပိတ်သွားတဲ့အထိ ကျွန်တော် ကြောင်ငေးနေမိတယ်။ ပြီးတော့မှ အိမ်သာရှေ့ကနေ ကမန်းကတန်းထွက်လာခဲ့ရတယ်။ ဘာတွေဖြစ်ကုန်တာလဲ ဆိုတာ ကျွန်တော်နားမလည်တော့ဘူး။ ဒီတစ်ခါ ချွေးပြန်သွားတာ ကျွန်တော်ပါ။

အိပ်ခန်းကျော်လို့ ဧည့်ခန်းကိုရောက်တော့ ရုတ်တရက် ကျွန်တော်လည်း လန့်သွားတယ်။ ကျွန်တော့်ကို မျက်မှောင်ကျုတ်ပြီး စိုက်ကြည့်နေတဲ့ သူတို့အဖွဲ့ထဲက တစ်ယောက်တည်းသော ယောကျ်ားလေးပါ။

"အာ... ဟို... ဟိုလေ... သူ အထဲမှာ..."

"မင်းခေါ်သွားတာ ငါတွေ့တာနဲ့ ဘာများလဲလို့ စောင့်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



ရောက်ထားတာနဲ့ အခုပဲ လိုက်လာမလို့ကွ၊ မင်းက သူ့ကို ဘာဖြစ်လို့...”

“ဟာ... ဦးလေး မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်က လက်ယက်ခံလေး ပေးမလို့လုပ်တာ၊ အဲဒါကို သူက...”

“အခု... ငါ့တူမလေး ဘယ်မှာလဲ...”

ကိုယ့်ဆရာရေ... ပုဂ္ဂိုလ်က မျက်ထောင့်နီကြီးနဲ့ လက်သီးဆုပ်ရင်း တိုတိုးလာရော... ကျွန်တော့်မျက်နှာပေါ်က ချွေးတွေ ခုန်ထွက်လာတာမှ ချွေးတွင်းဝနဲ့ မဆံ့လောက်အောင်ကိုပဲ...။

“မဟုတ်ဘူးလေ သူ အခု တွိုင်းလက်ထဲမှာ...”

“ဘာကွ... ဘယ်ထဲမှာ အိုလေးကို ဘယ်သူ့လက်ထဲမှာ ထည့်...”

“လေးသ...”

နှမတော်က အကျီကလေးကို ဆွဲချရင်း လန်းဆန်းတဲ့အပြုံးနဲ့ ဧည့်ခန်းထဲကို ဝင်လာတော်မူပါတယ်။

“နင်က ဘယ်ကိုသွားနေတာလဲ၊ သူက နင့်ကို ဘယ်အထဲ ထည့်ထားတာလဲ ပြောစမ်း...”

“လက်ထရိန်သွားတာပါ လေးသရဲ့...”

“သူပြောတာ အဲဒါ မဟုတ်ဘူး ဘာဆိုလား.ပဲ...”

“ဟုတ်တယ်... အဲဒါ အခင်းကြီးကို နောက်တစ်မျိုးခေါ်တာ...”

“အစ်ကို... လေးသက မသိလို့နော်... အိုလေး တောင်းပန်ပါတယ်”

နှမတော်က ဘာမှမဖြစ်သလို ပြောရင်း ကျွန်တော့်ရှေ့က ဖြတ်ဆင်းသွားတယ်။ သူခေါ်တဲ့ လေးသဆိုတဲ့ လူက ကျွန်တော့်ကို မယုံသလို ကြည့်သေးတယ်။ ‘အိုလေး’ ဆိုတာ ဒီကောင်မလေးရဲ့ နာမည်ပဲ။ ကျွန်တော်





သူ့ဆီက မျက်နှာလွှဲပြီး အိမ်ရှေ့အဖီက လူတွေကို လှမ်းကြည့်တော့ တိတ်တဆိတ် လှဲနေကြတာပါပဲ။

ဒီတော့မှ ပြန်စဉ်းစားရတယ်။ သူက ‘အိုလေး အခင်းကြီး...’ လို့ ပြောတာကို ကျွန်တော်က ဆုံးအောင်နားမထောင်ဘဲ ‘အိုးလေးအတွက် အခင်းတောင်းတယ်’ လို့ ထင်သွားတာကိုး...။ ကျွန်တော့်ကိုပြောတော့ ‘အခင်းကြီး...’ သူ့ဦးလေးကိုပြောတော့ ‘လက်ထရိန်’ တဲ့...။ ပြီးတော့ ‘တွိုင်းလက်’ ကိုလည်း အခင်းကြီးကို နောက်တစ်မျိုးခေါ်တာတဲ့...။

တော်ပြီ...။ ကျွန်တော် သူတို့ကို ဘာမှလုပ်ပေးနေစရာ မလိုတော့ဘူး။ ငါက အကူအညီပေးပြီးပြီပဲ...။ နေရာက သူတို့ဘာသာ ရွေးချယ်တာပဲ။ နပလေ့စေ...။

ကျွန်တော့်ကုသိုလ်စိတ်ကလေးကို အတ္တမာနက ဖျက်ဆီးသွားတယ်။ တံခါးသော့ပိတ်ပြီး လက်ဖက်ရည်ဆိုင်ကိုထွက်တော့ နှမတော်လေးက ဝံ့မရဲမျက်လုံးကလေးနဲ့ ကြည့်လို့...။

ခြေနှစ်ချောင်းနဲ့ နားရွက်တို မကယ်နဲ့... တဲ့ စကားပုံရှိတယ်။ ခုဟာက ခြေချောင်းတွေလည်း အများကြီး နားရွက်တွေလည်း အများကြီး ဒီတော့ ပစ်ထားလိုက်တာပဲ ကောင်းပါတယ်... လို့ တွေးရင်း အိမ်ရှေ့တံခါး သော့ခတ်ပြီး လက်ဖက်ရည်ဆိုင်ကို chess ရုပ်တွေထည့်ထားတဲ့ ဗူးကလေးကိုင်ပြီး ထွက်ခဲ့တယ်ဗျာ...။ အာရုံလည်း နည်းနည်းနောက်နေတာ အမှန်ပဲ...။

လက်ဖက်ရည်ဆိုင်မှာ chess ထိုးပြီး ညနေစောင်းမှပဲ ပြန်တော့တယ်...။

□



www.burmeseclassic.com

www.burmeseclassic.com



## အိမ်ရှင်...

"ဟေ့ကောင်... မင်းတို့အိမ်ရှေ့မှာ လူတွေ ဘယ်လိုဖြစ်နေတာလဲ"

အရေးတကြီး ထိတ်ထိတ်ပြာပြာနဲ့လာပြောတဲ့ လမ်းထဲက အေးမောင်ကို တစ်ချက်မော့ကြည့်ရင်း ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ခေါင်းကို ရမ်းပစ်လိုက်တယ်။ အေးမောင်ရဲ့မျက်နှာမှာက သူ ဒီလိုပြောလိုက်ရင် ကျွန်တော် ထိတ်လန့်တကြားဖြစ်သွားပြီး သူ့ကို အငမ်းမရ "ဘာဖြစ်နေတာလဲ..." လို့ မေးလိမ့်မယ်လို့ တွက်ဆထားတာကြီးက ထင်းထင်းကြီးပေါ်နေတယ်။ အဲဒီလို မျက်နှာပေးမျိုးကို မြင်ရရင် ကျွန်တော် အရမ်းစိတ်ညစ်တာပဲ။

အဲဒါကြောင့် မတုန်လှုပ်တဲ့ ပုံစံမျိုးနဲ့ သူ့အမေးကို မဖြေသေးဘဲ ကျွန်တော်ဆုံးဖြတ်ထားတဲ့အတိုင်း d5 က ပွန်းကို မြင်းနဲ့ ကောက်စားပစ်လိုက်တယ်။





"ဟေ့ကောင် ရဲဝင်း... မင်း တကယ်စားတာလား၊ အဲဒါက လေးကွက်ကြီး ဝင်သွားမယ်နော်..."

"ဂရုမစိုက်လို့ စားတာပေါ့ကွ... မင်းလုပ်စရာရှိတာ ဆက်လုပ်စမ်းပါ၊ ဒါပေမဲ့ သေသေချာချာ စဉ်းစားပြီးမှတော့ လုပ်နော်..."

"ဟေ့ကောင် ရဲဝင်း... မင်းအိမ်ရှေ့ကကိစ္စ သွားမရှင်းတော့ဘူးလား၊ ဟိုမှာ ပြဿနာတွေ တက်ကုန်ပြီ..."

"အဲဒါ အညာဘက်ကကွ... လိပ်စာမှားပြီး ဘာလုပ်ရမှန်းမသိလို့ ခဏနေပါရစေဆိုလို့ ထားထားတာ၊ သူတို့ အိမ်ရှေ့မှာနေတာ ငါကိုယ်ဘိုင် ထားခဲ့တာပါ"

ကျွန်တော်က အေးမောင်ကို မော့မကြည့်ဘဲ Chess ကွက်ကိုပဲ သေချာ အောင်တွက်ရင်းနဲ့ ပြောလိုက်တာပါ။

"မင်းကိုယ်တိုင်ထားထား မထားထား ရဲဝင်း... ဟိုမှာက မီးသတ်တွေရော... ရပ်ကွက်လူကြီးတွေရော ရောက်နေတာ..."

"ဘာ... ရပ်ကွက်လူကြီးတွေရော ဟုတ်လား..."

"အေး... ဟုတ်တယ် မင်း ဘယ်သွားလဲဆိုပြီး လိုက်ရှာနေကြတာ၊ တစ်လမ်းလုံး ဆူနေတာပဲ..."

"အိမ်ရှင်... အိမ်ရှင်... ပြည်သာယာလမ်းက အိမ်ရှင်... ခ/၂၄ က အိမ်ရှင်... ခ/ ၂၄ က အိမ်ရှင် ဒီမှာရှိလား..."

အေးမောင်ရဲ့စကားအဆုံးမှာပဲ စက်ဘီးတစ်စင်းနဲ့ ဆိုင်ထဲဝင်လာတဲ့ မီးသတ်ရဲဘော်တစ်ယောက်က ရေးကြီးသုတ်ပြာနဲ့ အော်တယ်။

"ရှိတယ်... ဘာဖြစ်လို့လဲ..."

"ဟာ... ရှိရင် လိုက်ခဲ့... လိုက်ခဲ့... ဟိုမှာ ပြဿနာတွေ တက်ကုန်ပြီ၊ အိမ်ရှင်ဆိုလို့ရှိရင် လာ... လာ...လိုက်ခဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြဿနာတက်လို့လဲဗျ… ကျွန်တော်က…"

"လိုက်သာ လိုက်ခဲ့ပါ၊ ဟိုရောက်တော့ သိမှာပါ၊ ဟိုမှာ လူကြီးတွေ စောင့်နေကြတယ်ဗျာ…"

အိမ်ကိုလှမ်းမြင်ရတဲ့ နေရာကို ရောက်ရင်ပဲ အိမ်ရှေ့မှာ လူသုံးလေးဆယ်လောက် အုံနေတာကို လှမ်းတွေ့လိုက်ရတော့ စိတ်ထဲ ထိတ်ခနဲဖြစ်သွားရော…။ ကျွန်တော့်ဧည့်သည်တွေက ဘာတွေများ လက်စွမ်းပြထားပြီလဲပေါ့လေ…။

"မင်းကလည်း အိမ်ကိုပစ်ပြီး ဘယ်လျှောက်သွားနေတာလဲကွာ… ဒီတာလူတွေက သူတို့ရောက်နေတာ မင်းသိတယ်လို့ ပြောနေတယ်၊ သူတို့က ဧည့်သည်… မင်းက အိမ်ရှင်တဲ့…"

"အာ… အိမ်ရှင်ဆိုတာ ဒီလိုပါဗျာ…"

ကျွန်တော့်ကို မကျေမနပ်နဲ့ ခပ်ထန်ထန်ပြောလာတဲ့ ရပ်ကွက်လူကြီးကို သူတို့ရောက်လာပုံကို ရှင်းပြရတယ်။ ရပ်ကွက်လူကြီးက အဖြစ်အပျက်ကို နားလည်ပေမယ့် ဖြစ်နေတဲ့အခြေအနေကို လက်မခံဘူး။

"မင်းတို့နဲ့မသိရင် ဘာဖြစ်လို့ လက်ခံထားလဲကွ…"

"လူလူချင်း စာနာလို့ပါဗျာ၊ ဒီလောက် ခရီးဝေးကြီးက လာကြတာ လိပ်စာမှားနေတော့ ခဏနားပါစေဆိုပြီး ကူညီတာပေါ့၊ မကူညီလို့ ဘယ်နဲ့လုပ်ရမလဲ…"

"ဟုတ်ပါတယ် လူကြီးမင်းရယ်… ကျွန်မတို့မယ် ဒုက္ခက အငှားချသလို ရလာလို့ ဒီမောင့်ပဲ ခွင့်ခံပြီး ခဏနားကြရပါတယ်။ ကျွန်မတို့က ရယ် ဒုက္ခမရှိပေမယ့် ဒီကတစ်ယောက်က မျက်လုံးခွဲဖို့ ကြုံနေရက်မို့ ဒီမောင့်ကို ခွင့်ခံပြီးတော့ ဒီအိမ်ရှေ့မှာ ခဏ…"





"ကျွန်တော်က အဲဒါတွေ မသိဘူးဗျာ၊ အိမ်ရှင်က လက်ခံလို့က အဒေါ်တို့ဘာသာ တစ်လပဲနေနေ… အခုကိစ္စက ရပ်ကွက်လုံခြုံရေး အတွက် ပြောနေတာ၊ အခုလို လမ်းမဘေးမှာ ချက်ပြုတ်စားလို့ မရဘူးဗျ၊ ပြီးတော့ အဒေါ်တို့က ဟိုဘက်အိမ်ခြံစည်းရိုးက ဝါးခြမ်းတွေပါ ဆွဲချိုးပြီး မီးမွှေးကာ ဆိုတော့…"

ရပ်ကွက်လူကြီးက စကားကို ဆုံးအောင်မပြောဘဲ တမင်ရပ်ထားပြီး ကျွန်တော့်ဘက် လှည့်ကြည့်တယ်။ ကိုင်း ဘယ်လိုလဲ… ဆိုတဲ့ သဘောပေါ့လေ…။

"ဟာ… ဒေါ်လေးတို့က မီးမွှေးပြီး ဘာလုပ်ကြတာလဲဗျာ… ဒုက္ခပါပဲ…"

"ထမင်းချက်ဖို့ပါပဲ… ရေနွေးအိုးတည်ရုံ ရှိပါသေးတယ်၊ မယုံရင် မောင်ကိုယ်တိုင် ဒီမှာကြည့်ပါရော…"

အဘွားကြီးက အောင်မြင်တဲ့လေသံနဲ့ အားရဝမ်းသာ ပြောပါတယ်။ ခုံဘောက ရပ်ကွက်နေတဲ့လမ်းထဲက လူအုပ်ကြီးထဲက ခပ်အုပ်အုပ်ရယ်သံကလေးတွေ ထွက်လာကြတယ်။ ရဲဝင်းတော့ ခံရပြီဟေ့… ဆိုတဲ့ အသံတစ်ချက်ကိုလည်း ကြားရတယ်။ အဘွားကြီးက ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောတော့ ကျန်တဲ့လူတွေကလည်း အဘွားကြီးနှုတ်ခမ်းပေါ်က အပြုံးအိုကြီးနဲ့ ထိုက်အောင် လိုက်ပြုံးကြတယ်။

"ဟာ… ဒုက္ခပါပဲဗျာ… အိမ်ရှေ့မှာ မီးမွှေးပြီး တည်ချင်ရာတွေ တည်လို့ ရမလားဗျ၊ ဒုက္ခပဲ… နွေရာသီမှာ အိမ်ရှေ့ မီးမွှေးဖို့နေနေသာသာ အမှိုက်တောင် မီးရှို့လို့ရတာ မဟုတ်ဘူးဗျ… ရပ်ကွက်က ခွင့်မပြုဘူး…"

"မီးမွှေးပြီး ထမင်းအိုးတည်ရုံတင် မကဘူးဟေ့… မီးမွှေးတဲ့ထင်းက ဒါတို့ခြံစည်းရိုးကို ချိုးသွားတာ…"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲဗျာ..."

ကျွန်တော် ဒေါသရော... စိတ်ညစ်တာရော... ရှက်တာရောနဲ့ သူတို့ကို လှည့်ကြည့်တော့ အားလုံးက မျက်လွှာချပြီး ငြိမ်နေကြတယ်။ တကယ်တော့ ကျွန်တော်ထွက်မိတဲ့ ဒေါသက အလကားဒေါသပါ။ ဘယ်သူ့ကို ကျွန်တော့်ဒေါသတွေ သွားပုံချလို့ရမှာတုန်း။

ဒီအဖြစ်အပျက်ကို သာမန်လူတစ်ယောက်ဆိုရင်တောင် နားလည်ပေးရမှာ။ ကျွန်တော့်လို အနုပညာသမားတစ်ယောက်က ပိုနားလည်ပေးရမှာ မဟုတ်ဘူးလား။ ဒီတော့ ကျွန်တော့်ရင်ထဲမှာ ထွက်နေတဲ့ဒေါသက လက်ခံမယ့်သူမရှိတဲ့ ပိုင်ရှင်မဲ့ဒေါသကြီး ဖြစ်နေတာပေါ့။ အဲဒီမှာပဲ မျက်လွှာချထားတဲ့ သူတို့အုပ်စုထဲက ကောင်မလေးက မရဲတရဲလေသံနဲ့ ပြောပါတယ်။

"ရွာမှာဆိုရင်တော့ မီးမွေးချင်ရင် ဒီလို မွေးတာဆိုတော့ ဒီလိုပဲ အလွယ်လုပ်မိတာပါ၊ မီးမွေးတာက အိုလေး မွေးတာပါ..."

"အိုလေး မွေးတာ..."

"ဟုတ်ပါတယ် အိုလေးရယ်ပါ..."

"ဪ... အိုလေးဆိုတာ မင်းနာမည်ကိုး... အင်း ဟုတ်ပြီ..."

ကျွန်တော်လည်း အခုမှ ခုနကဖြစ်ခဲ့တဲ့ ပြဿနာရဲ့ နားလည်မှုလွဲရတာ အဖြေကို ရသွားတယ်။ သူက အိုလေးအခင်းကြီး... လို့ ပြောတာကို ကျွန်တော်က ရေအိုးကို စိတ်စွဲပြီး ရေအိုးလေးအတွက် အခင်းကို စဉ်းစားလိုက်တာကိုး။ အခုမှ စိတ်ထဲမှာရှင်းသွားပြီး ရင်ထဲက ဒေါသလည်း နည်းနည်းလျော့သွားတယ်။

"နင့်ရွာမှာလို လုပ်လို့ ဘယ်ရမလဲဟ... ဒီမှာက ဒါတွေလုပ်လို့





နောက်၊ ကဲပါ ဦးက္ကဋ္ဌကြီးရယ်... သူတို့က လိပ်စာမှားလာတဲ့သူတွေဆိုတော့ ဘယ်လိုမှ သဘောမထား..."

"ဟာ... အဲဒါတော့ ဘယ်ဖြစ်မလဲကွ၊ မီးမွေးတာက အားလုံးရှုမြင်သူမြင်ကြီးမှာ လုပ်သွားတာ၊ အရေးမယူရင် ငါ့ကို ပြောစရာကြီးဖြစ်နေမှာပေါ့၊ ညဘက် မီးဘေးနှိုးဆော်ချက်ကြီးက အလကားဖြစ်သွားမှာပေါ့ကွ၊ လူကြီးလုပ်တယ်ဆိုတာက အဟမ်း... တရားနဲ့အညီ အုပ်ချုပ်တာလေကွာ၊ ကျောသားရင်သား..."

"ကျွန်တော်သဘောပေါက်ပါတယ် ဦးက္ကဋ္ဌကြီးရာ... သူတို့ကို ကျွန်တော်က ကူညီတဲ့အနေနဲ့ ကျွန်တော့်အိမ်ရှေ့မှာ ခဏ..."

"ဒါပေမဲ့ အိမ်ရှင်က မင်းပဲလေ... သူတို့ကို မင်းပဲ နေရာပေးထားတာ မဟုတ်လား၊ ဒီတော့ မင်းက အိမ်ရှင်ပဲ... ရုံးခန်းကိုလာပြီး အထောင်ငွေတော့ ဆောင်ရမှာပေါ့..."

"ဗျာ... ဒဏ်ငွေ ဟုတ်လား..."

"အေးပေါ့ကွာ... ငါလည်း ဘယ်တောင်းချင်မှာလဲ၊ ခက်တာက လူကြီးလုပ်ပြီဆိုရင် ကျောသား ရင်သား..."

"ကျွန်မတို့ခြံစည်းရိုးကိစ္စလည်း လုပ်ဦးလေ ဦးက္ကဋ္ဌကြီးရဲ့..."

ကျွန်တော် အရမ်းစိတ်ညစ်သွားတာ အမှန်ပဲ။ ဦးက္ကဋ္ဌကလည်း ကျောသားရင်သားကို သိပ်ပြောချင်နေတယ်။ ခြံစည်းရိုးချိုးခံရတယ် ဆိုတဲ့အိမ်ကလည်း သူ့အတွက် လျော်ကြေးကိုပါ အတင်းတောင်းနေတယ်။ ကျွန်တော့်လှည့်ပတ်ကြည့်တော့ ဝါးခြမ်းကလေးတွေ မီးငြိမ်းလက်စ လေးငါးချောင်းရယ်... နံဘေးမှာပုံထားတဲ့ လက်တပွေ့စာရယ်... အားလုံးပေါင်းတွက်ပြီး မဲတူးကြွပ်ရှလို့။ ဝါးကပ်ဆိုရင်တောင် ဘုရားစူးဝါးကပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မိးမွှေးတာက ခေါင်းစဉ်သပ်သပ်၊ နင်တို့ခြံစည်းရိုးက သပ်သပ်လို့ ငါပြောနေပြီ မဟုတ်လား၊ ကဲ... ညကို အိမ်ရှင် ရုံးခန်းကိုသာ လာခဲ့တော့ကွာ... ဟုတ်လား၊ ကဲ... ကဲ... လူစုခွဲကြတော့... ကိုယ့်အလုပ်ကိုယ်လုပ်ကြတော့..."

လူစုကွဲသွားကြတော့ ကျွန်တော်တို့ချည်း ကျန်တော့တယ်။ သူတို့အားလုံးကတော့ ခေါင်းတွေငုံ့လို့ပေါ့လေ။ ရေစိမ်ပြီးသားဆန်တွေနဲ့ ထမင်းအိုးကြီးကလည်း မီးငြိမ်းနေတဲ့ မီးဖိုပေါ်မှာ တန်းလန်းကြီးပေါ့။

ဗုဒ္ဓေါ...။

ထမင်းအိုးက ကျွန်တော်တို့အိမ်က ထမင်းအိုးကြီးပါလား။ သူတို့ကို ဒေါသကိုထိန်းပြီး ဆူမယ်လို့ စိတ်ကူးထားတဲ့ စကားလုံးတွေ စိတ်ထဲမှာ ရှုပ်ထွေးကုန်တယ်။ သူတို့ဗိုက်ဆာကြတော့ အိမ်ပေါ်က ထမင်းအိုးကို နောက်ဖေးပေါက်က တက်ယူပြီး ဖိုခနောက်ဆိုင်မီးမွှေးပြီး ထမင်းချက်ဖို့စီစဉ်ကြတာနဲ့ တူပါတယ်။

ကျွန်တော် လက်ဖက်ရည်ဆိုင်ကို သွားမိတာကိုက အမှားပါ။ လူတွေကို လက်ခံထားပြီးရင် ဗိုက်ဆာတဲ့ကိစ္စတို့ ဘာတို့ ဆိုတာကိုပါ လက်ခံရတော့မှာပေါ့လေ...။ ခုမှတော့ ဘာတတ်နိုင်မှာလဲ... ကိုယ့်ဆရာပဲ စဉ်းစားကြည့်... ကျွန်တော့်ပါးစပ်ထဲက ဒေါသစကားလုံးတွေကရော ဖြစ်ပြီးပျက်ပြီးသွားတဲ့ကိစ္စအတွက် ဘာများ အသုံးတည့်ဦးမှာလဲ...။

ကျွန်တော် သူတို့ကိုလှမ်းကြည့်ပြီး မြင့်မြတ်တဲ့စိတ်နဲ့ ခွင့်လွှတ်ပစ်လိုက်တယ်။ ပထမဦးဆုံးရတဲ့ အကျိုးကျေးဇူးကတော့ စိတ်ထဲမှာပူနေတဲ့ခံစားချက်ကြီး ချက်ချင်းပျောက်သွားတာပါပဲ။

သူတို့တိတ်ဆိတ်နေတာက ကျွန်တော့်ကို ကြောက်လို့ မဟုတ်ဘူး





ဆိုတာက ကျိန်းသေတယ်ဗျာ။ သူတို့ကြောင့် ကျွန်တော် ပြဿနာကို ဖြေရှင်းလိုက်ရတာကို သူတို့အမှားဆိုပြီး တိတ်နေတာပါ။

သူတို့ကို ကျွန်တော် ဘာဖြစ်လို့ ခွင့်မလွှတ်နိုင်ရမှာလဲ။

ကဲ... ဟိုဘက်က မျက်စိခွဲမယ့်တစ်ယောက်နဲ့ သူ့အဖော်ကိုကြည့်ဒေနာသည်နဲ့ သူ့အဖော်ဗျာ... ကျွန်တော်ရှေ့ကို ရောက်ကတည်းက စကားဆို တစ်ခွန်းမှတောင်မပြောတဲ့ အသက် ၅၀ နီးပါး မိန်းမကြီး နှစ်ယောက်။ မျက်လုံးခွဲမလို့တဲ့... အဲဒါကို ကျွန်တော်က ဘာခွင့်မလွှတ်နိုင်စရာ ရှိမလဲ။

ကိုင်း... နောက်နှစ်ယောက်မှာ တစ်ယောက်က တောကနေ ရန်ကုန်ဆီ ဖိနပ်မပါဘဲလာတဲ့လူ... လူပုံစံကတော့ ဂင်တိုတိုနဲ့ တောင့်တောင့်တင်းတင်းရှိပါရဲ့... ဒါပေမဲ့ သူဘာလုပ်မိထားလဲတော့ မသိဘူး။ သူ့အမှားနဲ့သူ ခေါင်းမဖော်ရဲဘူး။ စာလည်း သိပ်တတ်ပုံမရဘူး။ ဒီလိုလူကို စိတ်အားဆိုးလို့ ကျွန်တော်ပဲ ငပေါဖြစ်မှာပေါ့...။

ကောင်မလေးကတော့ မြင်တာနဲ့တင် ခွင့်လွှတ်ချင်စရာပါ...။

သူ့လက်နှစ်ဖက်ကို သူ ဆုပ်လိုက် ဖြန့်လိုက်၊ ခေါင်းငုံ့ထားရာကနေ မျက်လုံးကလေးလှန်ကြည့်လိုက်၊ ကျွန်တော့်ကို တွေ့သွားရင် မျက်လွှာချသွားလိုက်နဲ့၊ ပြီးတော့ ညိုစစ သူ့မျက်နှာဟာ အားနာစိတ် ကြောက်စိတ်တွေနဲ့ ဖွေးနေတယ်။ စာသိပ်မရတဲ့ကျောင်းသား ဆရာ့ရှေ့ကို ရောက်နေတဲ့ပုံစံမျိုးနဲ့။ သူ့ကိုတော့ ကျွန်တော်က စ,ကတည်းက သိပ်စိတ်ဆိုးတဲ့အထဲမှာ ထည့်မထားပါဘူး။ ဒါမျိုးကတော့ ကိုယ့်ဆရာဆိုရင်လည်းပဲ ကျွန်တော့်လိုပဲ နေမှာပါ။

အရွယ်ရောက်ပြီးတဲ့ မိန်းကလေးဆိုတာ ယောကျ်ားလေးတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ခြင်းဆိုကာကို အပြစ်မလုပ်ရသေးခင်ကတည်းက ရထားပြီးသား မဟုတ်လား။ သူတို့ဘာသာ ချောသည်ဖြစ်စေ မဖြစ်စေ… ငွေရှိရှိ မရှိရှိ… ဂုဏ်ရှိရှိ မရှိရှိ… မိန်းကလေးငယ်ငယ်ဆိုတာနဲ့တင် ကျွန်တော်တို့ယောကျ်ား တွေက ခွင့်လွှတ်ရေး ဂုဏ်သိက္ခာစင်မှာ တင်သွားလိုက်တာပါပဲ။

အဲဒီတော့ ကျွန်တော်လည်း သူ့ကို ခွင့်လွှတ်ပြီးသားပေါ့…။

ကဲ… ကဲ… အဘွားကြီးကို ကြည့်ရအောင်ဗျာ…။

သူဟာ အားလုံးကို ခေါင်းဆောင်လာတယ်ဆိုတဲ့ ခေါင်းဆောင် ကောင်းတစ်ယောက်ရဲ့ စိတ်မျိုးနဲ့ မျက်နှာသိပ်မပျက်ပေမယ့် စိုးရိမ်စိတ် တတော့ သူ့မျက်နှာပေါ်မှာ ဟန်ဆောင်လို့မရအောင်ကို ပေါ်နေတယ်။ အဘွားကြီးက ကျန်တဲ့လူတွေလို ခေါင်းငုံ့မထားပေမယ့် ကျွန်တော့်မျက်လုံး ကို ရအောင်ရှောင်တယ်။ မာန်ကို အားလုံးအတွက် တတ်နိုင်သမျှ တင်း ထားတယ်။

ဒါပေမဲ့… သူတို့ဟာ ခုံသည်တွေဖြစ်ပြီး သူတို့ရဲ့လုပ်ရပ်ကြောင့် သူတို့ကိုယုံကြည်ထားတဲ့ ကျွန်တော် ဒုက္ခရောက်သွားရတဲ့အတွက် ဗမာဆန်တဲ့ မျက်နှာမထားတတ်တဲ့ မျက်နှာပူနေတဲ့ ပုံစံကိုတော့ သူတို့ ဖွာချမထား နိုင်ပါဘူး။ သူ့အုပ်စုအတွက် ကျွန်တော့်ကိုရင်ဆိုင်ဖို့ အားတင်းထားတဲ့ သူ့မျက်နှာပေါ်က မာန်ဟာ ကျွန်တော့်ကို မျက်နှာပူတဲ့အားနည်းချက်ကို မနိုင်ဘူး ဖြစ်နေတယ်ဗျာ။

ဘာပဲဖြစ်ဖြစ် ခေါင်းဆောင်ကောင်းပီသတဲ့ သူ့ကို ကျွန်တော် လေးလေးစားစားနဲ့ကို ခွင့်လွှတ်ရမယ်။ ကျွန်တော့်နေရာမှာ ကိုယ့်ဆရာ ဆိုရင်လည်း ဒီလိုပဲ လုပ်မှာပဲဆိုတာ တစ်သန်းကြေး လောင်းရဲတယ်ဗျာ…။

"ကဲဗျာ…"





ကျွန်တော့်ရဲ့ အရှိန်ယူတဲ့ စကားအစကလေးမှာတင် မျက်ဝန်းတွေ အားလုံး ဝုန်းခနဲရောက်လာတော့ ကျွန်တော် ဘာဆက်ပြောရမှန်း မသိ အောင် ဖြစ်သွားတယ်။ ကျွန်တော်ဆက်ပြောမယ့် စကားကို စိုးရိမ်တကြီး ဆောင့်နေတာတွေ့ရတော့ ကျွန်တော် ကမန်းကတန်း ပြုံးပြလိုက်ရတယ်။ ခဏခါတလေ အပြုံအမူက စကားလုံးတွေထက် ပိုပြီးလည်းမြန်တယ်၊ ဘာလည်းသွားတယ် မဟုတ်လား။

ကျွန်တော့်အပြုံးကြောင့် သူတို့ စိတ်သက်သာသွားကြပုံပေါ်တယ်။ ဒါပေမဲ့ လုံးဝစိတ်ချသွားပုံတော့ မရသေးပါဘူး။ ဒီတော့ ကျွန်တော့် စကားကို အမြန်ဆုံးပြောရတယ်။

"ကျွန်တော် လက်ဖက်ရည်ဆိုင်ထွက်သွားမိတာကိုက မှားတာပါ၊ ပြီးတော့ အဘွားတို့ကို ထမင်းစားပြီပြီလား ဘာလား မမေးမိတာလည်း မှားတာပါပဲ၊ ကျွန်တော်က ဆန်ပါလာမယ်လို့ကို မထင်တာ…"

"မင်း တောင်းပန်ရတော့မယ်ပေါ့ ငါ့တူရယ်၊ ပထမဦးဆုံးကြီးကတော့ ဆိုင်ဝယ်စားဖို့ပါပဲ၊ ဒါပေသိ လမ်းမယ် လူများချက်တာတွေချည်း စားခဲ့ ရတာ မမြိန်လို့ရယ်… လူတွေလည်း အားသားကလား ဆိုတာနဲ့ ကိုယ် ဘိုင်ချက်စားဖို့ အကြံဖြစ်တာကိုး ငါ့တူရဲ့…"

အဘွားကြီးက စ,ပြောကာစတုန်းကတော့ မဝံ့မရဲပါ။ ဒါပေမဲ့ သူ ပြောတာကို ဂရုတစိုက်နဲ့ အေးအေးဆေးဆေးနားထောင်နေတဲ့ ကျွန်တော့် ကိုတွေ့တော့ ပြောရင်းပြောရင်း ရဲလာတယ်နဲ့ တူပါရဲ့…။ လေသံက ဘက်ကြွလာပြီး ခြေဟန်လက်ဟန်တွေလည်း ပါလာတယ်။ ကျွန်တော်က အဘွားကြီးစကားတစ်ဖြတ် တစ်ဖြတ်မှာ ခေါင်းညိတ်ညိတ်ပြီး ထောက်ခံ ပေးလိုက်တော့ အခြေအနေကောင်းတယ် ဆိုတာကို သူတို့ နားလည်သွား ကြပုံ ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



“ဒါနဲ့ မင်းနမက သူ ခုနက အိမ်ပေါ်တက်တုန်းက အိုးတွေ တွေ့ခဲ့တယ်ဆိုပြီး နောက်ဖေးပေါက်က အိုးတက်ယူ၊ မင်းအစ်ကိုက ထင်းလိုက်ချိုးနဲ့ ထမင်းအိုးတည်ဖို့ လုပ်ကြတာ၊ အဘွားက ရွာက ငါးခြောက်တွေ လက်ဆောင်ပေးဖို့ သယ်လာတာဆိုတော့ ဟင်းက ဘာအရေးလဲ မဟုတ်ဘူးလားကွယ်...”

“သြော်... အိုးက အိမ်က ထမင်းအိုးကိုး မြင်ဖူးပါတယ် ထင်နေတာ...”

“မင်းနမပေါ့ကွယ် မင်းနမပေါ့...”

“အို... ဘွားကလည်း အိုလေးက အိုးရှိတယ်လို့ပဲ ပြောတာ၊ ဘွားက သွားယူတော့ ဆို... ဘွားယူခိုင်းပြီးတော့ရယ်...”

မယ်ဇလက အဘွားကြီးကို မျက်စောင်းလှမ်းထိုးရင်း ကျွန်တော့်ကို မျက်နှာပျက်ပျက်နဲ့ မျက်လွှာကလေးချပြီး တောင်းပန်ပြော ပြောပါတယ်။ ကျွန်တော်ကတော့ မယ်ဇလကိုကြည့်ပြီး ရယ်ချင်သွားတယ်ဗျာ။ သူ့ပုံစံက ‘ဗိုလ်အောင်ဒင်’ကားထဲက မင်းသမီးမမြဝင်း ရှက်နေတဲ့ရုပ်၊ ရုပ်ရှင်ကားထဲက မမြဝင်းနဲ့ တော်တော်တူပါတယ်။ ကျွန်တော့်ကို တောင်းပန်ရင်း သူ့အဘွားကို သူ့အကြောင်းဖော်ရပါ့မလားလို့ စိတ်ဆိုးထားတဲ့ စပ်ကြားအိုက်တင်ထဲမှာ မယ်ဇလက ငိုတော့မလို နှုတ်ခမ်း ကလေးစူတက်ထားပြီး ဘယ်ဘက်လက်ညှိုးကြီးကို လိမ်လိမ်ချိုးနေတော့ ကိုယ့်ဆရာပဲ အာရုံထဲမှာ ပုံဖော်ကြည့်ပေါ့။

ကျွန်တော်က မယ်ဇလကို ခပ်ပြုံးပြုံးနဲ့ကြည့်နေတော့ အဘွားကြီး သူ့ရှင်းလက်စ စကားကို ခဏရပ်ထားတာကို သတိထားမိတော့မှ ကျွန်တော်လည်း ရှက်ရမ်းရမ်းပြီး အဘွားကြီးဘက်ကို လှည့်ရတယ်။ ကျွန်တော်က ရယ်ချင်စိတ်နဲ့ ကြည့်တာပေမယ့် ကျန်တဲ့လူတွေက ဘယ်လိုသဘောပေါက်ကြမလဲ မသိဘူး ကိုယ့်ဆရာရေ...။





“အဲဒါနဲ့ မီးမွှေးတုန်း အိမ်ခေါင်းရင်းမယ် ခြံစည်းရိုးနွယ်တက်နေတဲ့ ဗူးညွန့်ကလေးတွေ တွေ့တာနဲ့ ငါးခြောက်ဖုတ်ကလေးနဲ့ ဗူးညွန့်ကြော်ချက်ဆိုပြီး...”

“ဟာ... ခြံစည်းရိုးက ဗူးညွန့် ဟုတ်လား... ပြဿနာပဲ... အဲဒါ ဟိုဘက်ခြံက ဗူးပင်ဗျ၊ အဲဒီအဘိုးကြီးက သူ့ဗူးပင်ကို တစ်စက်မှ ထိတာ ကြိုက်တာမဟုတ်ဘူး၊ ပြဿနာတော့ တက်ပြီထင်တယ် ဒုက္ခပါပဲဗျာ...”

“ဟိုလေ... အဲဒါလည်း မင်းနမပါပဲကွယ်... မင်းနမ...”

အဘွားကြီးက ကွမ်းတံတွေးတစ်ချက်ထွေးရင်း သက်မကြီးချပြောလို့ လှည့်ကြည့်တော့ မမြဝင်းက ငိုနေပြီ။

“ဘွားရဲ့... ဘွားတို့မှာ အပြစ်မရှိတာ ဟုတ်ပါရဲ့၊ အိုလေးအပြစ်ချည်းပါပဲ ဘွားရဲ့... အိုလေးကိုပဲ သတ်လိုက်ပါတော့လား ဘွားရဲ့၊ ဘာဖြစ်လို့ ရှင်းပြနေရသေးလဲ ဘွားရဲ့...”

“ဟာ... ဒုက္ခပါပဲ... တော်ပြီ... တော်ပြီ... ဘာမှမဖြစ်ဘူး... မငိုနဲ့... မငိုနဲ့တော့... ရတယ်... ရတယ်... ရှင်းလဲပြမနေနဲ့တော့... ရတယ် ဘာမှမဖြစ်ဘူး...”

“အေး... ငါတို့မျက်နှာငယ် ကံဆိုးတွေမို့ပါ မြေးရယ်၊ ဘွားလည်း အပြစ်မဖွဲ့ချင်ပါဘူး မြေးရဲ့၊ ဘွားတို့မယ် ကံဆိုးသူတွေ အတူတူချည်းပါပဲ မြေးရဲ့၊ ဘွားမပြောချင်ပါဘူး မြေးရဲ့...”

အဘွားကြီးက ကျွန်တော့်ရှေ့က ဖြတ်ပြေးပြီး ငိုနေတဲ့ သူ့မြေးကို ဖက်ပြီး ငိုရောဗျာ။ ကျွန်တော်လည်း ဘာပြောရမယ်မှန်း မသိတော့ဘူး။ တောကနေ ရန်ကုန်ကို မျက်စိလည်ခဲ့ဖို့အလာ လိပ်စာကမှား ကံကလေးရှိလို့ ကျွန်တော့်လို အကြောင်းကြားနဲ့ တွေ့၊ နေရာကလေး တစ်နေရာ မြေကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ရ၊ ပြီးတော့… သူတို့မဖြေရှင်းနိုင်တဲ့ ပြဿနာတွေ တစ်လှေကြီးနဲ့ အပြစ်ကျနေဆိုတော့ ဝမ်းနည်းပြီးငိုကြတဲ့ကိစ္စမှာ ကျွန်တော်က ဘယ်နေရာက ဝင်ပါပြီး ဘယ်လိုဖြန်ဖြေရမယ်ဆိုတာကို မသိနိုင်တော့ပါဘူး။

ရပ်ကွက်လူကြီးလာတုန်းက ဝိုင်းရပ်ကြည့်ကြတဲ့ ပရိသတ်ကလည်း ကိုယ့်အိမ်ကိုယ်ပြန်သွားတယ် ဆိုပေမယ့် အပြီးပြန်တာ မဟုတ်ဘူး။ အိမ်ထဲကနေပြီး ကြည့်နေကြသေးတာ။ အခု… ငိုသံကို ကြားရပြန်တော့ အိမ်တွေထဲကနေ အသီးသီးထွက်လာကြပြန်ရော…။ မျက်နှာတွေကတော့ ပြုံးစိစိနဲ့ပေါ့ ကိုယ့်ဆရာရယ်… ကျွန်တော့်ကိုကြည့်တဲ့ အကြည့်ကတော့ ‘မှတ်ပြီလား ငတိရဲ့…’ လို့ အသံထွက်အနက်ပေးရင် ရမယ် ထင်တာပဲ။ ငယ်ငယ်တုန်းက အတန်းထဲမှာ ဆရာကစာမေးတဲ့အခါ မဖြေနိုင်ဘဲ ထရပ်နေရတဲ့ကောင်ကို ကျွန်တော်တို့ကြည့်တဲ့ ပုံစံမျိုးပေါ့…။

“ဟာ… မငိုကြပါနဲ့ဆိုဗျာ ဒုက္ခပါပဲ… ကျွန်တော်က ဆူနေတာမှ မဟုတ်ဘဲ မငိုကြပါနဲ့ဗျ…”

“အမေလေး မောင်ရဲ့… မောင်က သူတော်ကောင်းပါ၊ သူတော်ကောင်းနဲ့တွေ့မိရတော့ ပိုခက်နေတာပေါ့ မောင်ရဲ့…”

အဘွားကြီးက ပြောပြောဆိုဆိုနဲ့ ငိုတာပါပဲ။ မမြဝင်းကလည်း ဒီလိုပါပဲ။ မျက်လုံးမကောင်းတဲ့ အဘွားကြီးနှစ်ယောက်ကတော့ ငြိမ်လို့ပေါ့လေ။ ကိုသဆိုတဲ့ ဖိနပ်မဲ့ဆရာကတော့ ခေါင်းကြီးငုံ့ချထားပြီး လက်သီးကြီးကို ဆုပ်လို့…

သူတို့အားလုံးများ ထ,ငိုလိုက်ကြတော့မလားလို့ ကျွန်တော် တွေးလိုက်မိသေးတယ်။ သူတို့အားလုံးသာ ထ,ငိုလိုက်ကြရင်တော့ ကျွန်တော့်ကို တစ်လမ်းလုံးက ဝိုင်းဟားကြတော့မှာ သေချာတယ်။ နွေနေ့လည် တစ်နာရီ





နေရောင်အောက်မှာ ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေကို ရွှဲနစ်နေတာပဲ။

“မငိုကြပါနဲ့တော့ဗျာ… တော်ကြပါတော့… မငိုကြနဲ့တော့…”

စိတ်ညစ် စိတ်ပျက်သွားလို့ ပုံမှန်အသံထက်တောင် ဖျော့တော့နေတဲ့ ကျွန်တော့်အသံက သူတို့ငိုနေတဲ့အသံနဲ့ ဟန်တွေကို တစ်ခုမှ ပြောင်းလဲမပေးနိုင်ဘူး။ သူတို့က ငိုတာ ငိုနေတာပဲ။ ကျွန်တော့်ကိုလည်း ဂရုမစိုက်ကြဘူး။ ကျွန်တော်လည်း ဘယ်သူ့ကို ဘယ်လိုလုပ်ပြီး တားရမယ်ဆိုတာကို ဆုံးဖြတ်လို့မရဘူး ဖြစ်နေတယ်။ ကိုယ်နဲ့ ရင်းနှီးကျွမ်းဝင်ထားတာကလည်း မရှိတော့ ပိုပြီးတော့ ဆိုးတာပေါ့ ကိုယ့်ဆရာရယ်…။

“ကျွန်တော်က ဘာမှမဖြစ်ဘူးလို့ ပြောနေပြီပဲဗျာ၊ မငိုကြပါနဲ့တော့ ဟော့လူ… ခင်ဗျားလူတွေကို တားဗျာ၊ ဆက်ငိုနေရင် ပတ်ဝန်းကျင်က မြင်လို့မကောင်းတော့ဘူးဗျ၊ ကျွန်တော်လည်း ခင်ဗျားတို့ကို ဒီမှာ မထားတော့ဘူး၊ ခင်ဗျားလူတွေကို ခင်ဗျားထိန်းဗျာ… မငိုပါနဲ့လို့ ပြောတော့မှပဲ… ဟုတ်တယ်…”

ကျွန်တော်လည်း ဒေါသနဲ့ပြောပြီး စိတ်ညစ်ညစ်နဲ့ လှည့်ထွက်လာမိတယ်။ ဘယ်နဲ့ဗျာ… တော်ရုံရှင်းပြရင်ပဲ ပြီးပါပြီ။ ငိုလိုက်တော့ တိတ်တိတ်ပြီးရမယ့်ကိစ္စက ပတ်ဝန်းကျင်သိတာပဲ အဖတ်တင်တာ မဟုတ်ဘူးလား။

ကိုသဆိုတဲ့လူတော့ အဘွားကြီးနဲ့ ကောင်မလေးအနားကပ်သွားပြီး ဘာတွေပြောပြနေလည်း မသိဘူး။ စိတ်မသက်မသာ ဖြစ်လိုက်ပုံကတော့ဗျာ… သူတို့ကို ဒီမှာထားခဲ့ပြီး တစ်နေရာရာကိုပဲ ခနကလို ထွက်သွားချင်တော့တယ်။ ကိုသကတော့ အနားကပ်ပြီး ဘာတွေပြောနေတယ် မသိဘူး။ နှစ်ယောက်စလုံးရဲ့ငိုသံက လျော့သွားပေမယ့် ငိုသံကတော့



www.burmeseclassic.com

www.burmeseclassic.com



လျော့မသွားဘူး။ တစ်ချက်တစ်ချက်မှာ ထ,ပြီး အော်တော့မလားလို့ကို ထင်ရတယ်။

သူတို့ ဘာကြောင့်ပဲဖြစ်ဖြစ် ထ,အော်ချလိုက်ရင်တော့ ကျွန်တော် လစ်ပြီသာမှတ်တော့ ကိုယ့်ဆရာရေ…။ သူတို့အဖွဲ့ အိမ်ရှေ့မှာ မီးမွေးရုံမကလို့ အိမ်ကိုပဲ မီးတင်ရှို့ရှို့ ကျွန်တော် ပြန်ကို မလာတော့ဘူး။ ညနေအမေလာမှကို ပြန်လာတော့မှာ…။

"တော်ပါတော့လို့ ပြောနေပြီပဲ အစ်မရာ… ဟိုမှာ ပြောနေပြီ… တိတ်လိုက်ကြပါတော့ဗျာ…"

ကိုသရဲ့အော်သံက တော်တော်ကြီးကို ကျယ်ပါတယ်။ ဒါပေမဲ့ သူတို့ငိုပေါက်က ရပ်မသွားဘူးခင်ဗျ။ တော်သေးတာပေါ့… ခုနတုန်းက ကျွန်တော့်ရဲ့စိတ်ညစ်နေတဲ့အသံကို မြင့်ပြီး အော်ပြောရင် သူတို့ တိတ်သွားကြမှာပဲလို့ ကျိန်းသေတွက်ထားခဲ့တာ အခု ကိုသကြီးအော်တဲ့ အသံက ကျွန်တော့်မှာရှိတဲ့အသံထက် အများကြီးကျယ်တာပေါ့။ ဒါတောင် ငိုတာ ရပ်ဘူးဆိုတော့ ကျွန်တော် မအော်မိတာ တော်ပါသေးရဲ့လို့ တွေးရတယ်။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း တော်တော်အူပါတယ်။ ကျွန်တော် ဘာဖြစ်လို့ ကိုယ့်ကိုယ့်ကိုယ် ဒီလိုပြောရတာလဲဆိုတော့ စိတ်ခံစားမှုတွေနဲ့ဝတ်သက်တဲ့ ကျွန်တော့်သတ်မှတ်ချက်တွေက တခြားလူတွေနဲ့ မတူဘူး ဖြစ်နေတယ်။ ဖြစ်လေ့ဖြစ်ထရှိတာတွေနဲ့လည်း ကွဲနေတတ်တယ်… ဆိုတာကို ကျွန်တော် သေသေချာချာသိပါတယ်၊

ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုဖြစ်နေတဲ့ အခြေအနေကြီးထဲမှာ ကျွန်တော်ဟာ ဒီလိပ်စာပျောက်အုပ်စုကို ကျွန်တော့်အိမ်မှာ သူတို့လိပ်စာအမှန်ကို ရှာလို့မတွေ့မချင်း ထားတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကြီး ဝင်လာလို့ပါပဲ။





အဲဒီခံစားမှုကြောင့် ကျွန်တော်ဟာ ပျော်သွားတယ်။ စိတ်ထဲမှာသည်း ပေါ့ပါးလန်းဆန်းသွားတယ်။ အဲဒီအချိန်မှာ ကျွန်တော်ရလိုက်တဲ့ ဝမ်းသာပီတိစိတ်က မြင့်မြတ်ပြီး ကျွန်တော့်ကို ရင့်ကျက်သွားစေတဲ့ ဝမ်းသာပီတိဖြစ်မှုမျိုးပဲ ကိုယ့်ဆရာရေ…။ အဲဒီ ဝမ်းသာပီတိစိတ်နဲ့ပဲ ကျွန်တော်က သူတို့ကြားရအောင် အော်ပစ်လိုက်တယ်။

"ကဲ… ကဲ… ငိုမနေပါနဲ့တော့ဗျာ… ဖြစ်ပြီးတာတွေ ထားလိုက်ပါတော့၊ အဘွားတို့အားလုံးကို လိပ်စာအမှန် ရှာမတွေ့မချင်း ကျွန်တော့်အိမ်မှာနေဖို့ ကျွန်တော်တာဝန်ယူတယ်ဗျာ… နေပေါ့ ဟုတ်ပြီလား…"

ကျွန်တော်ဟာ ဝမ်းသာအားရစကားကို ပြုံးနေတဲ့မျက်နှာနဲ့ ပြောရင်း သူတို့တစ်တွေရဲ့မျက်နှာတွေကို လျှောက်ပြီး တစ်လှည့်စီငေးကြည့်ဖြစ်သွားတယ်။ ကျွန်တော့်စကားကြောင့် သူတို့ အော်ဟစ်ပြီး ငိုနေတာတွေကိုတော့ ရပ်ပစ်လိုက်ကြတယ်။

ဒါပေမဲ့ သူတို့မျက်နှာတွေအပေါ်မှာ ကျွန်တော် နားမလည်နိုင်တဲ့ အရိပ်တစ်ခုလည်း ဖြတ်ပြေးသွားတယ်ခင်ဗျ။

"နားလည်ပါပြီတော်… နားလည်ပါပြီ… မောင့်လို လူသူတော်ကောင်းကို ပြစ်မှားမိတာလည်း ခွင့်လွှတ်ပါတော့၊ ကံဇာတာညံ့တဲ့ အချိန်မျိုးမှာ ဖြည့်မှ ပါရမီ ၁၀ ပါးက ဘဝင်ကိုရောက်တာမို့ အဘွားတို့ ခါးစည်းပြီး ခံကြရမှာပါ၊ ကဲ… ကဲ… ပစ္စည်းတွေသိမ်းကြ သိမ်းကြတော့…"

အဘွားကြီးက ကျွန်တော့်ကိုလည်းမကြည့် သူ့အဖွဲ့က လူတွေကိုလည်း မကြည့်တော့ဘဲနဲ့ ငိုလက်စကလေးရပ်ပြီး သူနဲ့ လက်လှမ်းမီတဲ့နေရာမှာရှိတဲ့ ပစ္စည်းလေးတွေကို လျှောက်သိမ်းနေတာကို မြင်ရတော့ ကျွန်တော် တော်တော့်ကိုအံ့သြသွားတယ် ကိုယ့်ဆရာရေ…။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကျင့်မျိုးကို ကျွန်တော် မကြိုက်ဘူးဗျာ...။

ကိုယ့်ဆရာတွေမျက်စိထဲ မြင်သာအောင် ဖြစ်နေ မြင်နေကျ အလွယ်ဆုံးဥပမာနဲ့ ပြရရင် ကားပေါ်မှာထိုင်စီးနေတဲ့ လူတစ်ယောက်က ရုတ်တရက်ထသွားလို့ နေရာတစ်ခုလွတ်သွားလို့ အလုအယက် လူနှစ်ယောက် အဲဒီနေရာကို ဝင်ထိုင်မိကြပြီး တစ်ယောက်နဲ့ တစ်ယောက် တင်ပါးခြင်းငြိပြီး ထိုင်မရဖြစ်သွားတယ် ဆိုပါစို့...။ အဲဒီလူနှစ်ယောက်က...

"ဟာ... ထိုင်ပါ ထိုင်ပါ... ရပါတယ် ထိုင်..."

"အို... ရပါတယ် ထိုင်ပါ... ဘာရယ်မဟုတ်ပါဘူး..."

"အမှတ်တမဲ့ပါ ထိုင်ပါ ရပါတယ်..."

"မထိုင်တော့ပါဘူး ထိုင်ပါ... ကျွန်တော်က ရှေ့နားလေးတင်ပဲ"

"အို... မဟုတ်တာ ထိုင်လိုက်ပါ ရပါတယ်..." ဆိုတဲ့ စကားတွေနဲ့ တစ်ယောက်နဲ့ တစ်ယောက် ရယ်ရင်း သူ့ထက်ငါ သူတို့လုခဲ့ကြတဲ့နေရာကို ထိုင်ကြဖို့ အပြန်အလှန် ဦးစားပေးနေကြလိမ့်မယ်။

အဲဒီလိုဆိုရင် ကျွန်တော်က အဲဒီလူနှစ်ယောက်စလုံးကို မရိုးသားဘူးလို့ မှတ်ချမယ်ဗျာ...။

ကျွန်တော်တို့မြတ်စွာဘုရားက သူ့ရဲ့မဟာရည်မှန်းချက်ဖြစ်တဲ့ ငါ... ငါ... ဆိုတဲ့ သက္ကာယဒိဋ္ဌိကြီး လျှော့ပါးရေးအတွက် ကြိုးစားအားထုတ်တဲ့အခါမှာ ကိုယ်ကျိုးစွန့်မှုတွေ... မေတ္တာတရားတွေ... သည်းခံမှုတွေ... စောင့်ထိန်းမှုတွေ... မြင့်မြတ်တည်ကြည်တဲ့... ကိုယ့်ကျင့်တရားတွေနဲ့ အစားထိုးတိုက်ခိုက်ဖို့ သွန်သင် ဆုံးမတော်မူတယ် မဟုတ်လား...။

အခုဖြစ်ရပ်မှာ နေရာကို ဝင်မထိုင်ကြတော့ဘဲ တစ်ယောက်နဲ့ တစ်ယောက် နေရာအတင်းထိုးပေးနေတာဟာ သူတို့ဟာ မြင့်မြတ်တဲ့လူ





တွေပါ၊ ကိုယ့်ကျင့်တရားကောင်းမွန်ပြီး လူကြီးလူကောင်းပီသတဲ့ လူတွေပါဆိုတဲ့ ကြော်ငြာကို တင်တာပဲ။ သူတို့မှာ အနစ်နာခံရဲတဲ့ စိတ်ထားကြီးရှိတယ် ဆိုတာကို လူသိအောင်လုပ်တာပဲ။

စဉ်းစားကြည့် ကိုယ့်ဆရာရယ်... သူတို့နှစ်ယောက် အပြန်အလှန်နေရာပေးတာက ကောင်းမှုကုသိုလ်ကို လုပ်နေကြတာ မဟုတ်ဘူး။ အဲဒီနေရာကို ဝင်ထိုင်တဲ့လူဟာ လူမပီသတဲ့ အလကားလူဖြစ်မှာ စိုးလို့ တစ်ယောက်နဲ့ တစ်ယောက် လွှဲချနေကြတာ မဟုတ်ဘူးလား။

တစ်ယောက်က အလျှော့ပေးလိုက်တော့မှ နောက်တစ်ယောက်ကလည်း လေလံပစ်သလို လိုက်အလျှော့ပေးပြီး အဆင့်အတန်းပဲရှိသလိုလို ဘာသာရေးအသိပဲ ရင့်ကျက်သလိုလို နေရာကောင်းမျိုးကို ဝင်ဦးကြတာ မဟုတ်ဘူးလား...။

ကဲ... အခုပဲကြည့်လေ...။ ကျွန်တော်ကလည်း အူကြောင်ကြောင်နဲ့ ငိုနေတဲ့ သူတို့ကိုကြည့်ပြီး နှင်မချတော့တဲ့အပြင် အိမ်မှာ နေရာရှာတွေ့တဲ့အထိ နေဖို့ကို တာဝန်ယူကြောင်းကို ဖွင့်ပြောပြလိုက်တယ် မဟုတ်လား။

ဒါကို သူတို့ဘက်ကလည်း 'ကျေးဇူးတင်လိုက်တာကွယ်...' ဆိုရင်းဘဲကိစ္စကို အခုတော့ သူတို့ပြန်ဖို့ ပစ္စည်းတွေလျှောက်သိမ်းနေတယ်ဗျာ။ ဖြူစင်စင်နဲ့ ကျွန်တော့်နှလုံးသားထဲက ခုန်ထွက်လာတဲ့ ကြင်နာမှုကလေး ကို သက်သက်မဲ့ အနိုင်ကျင့်တာပဲလို့ ကျွန်တော်ထင်တယ်။

ကဲ... ကိုယ့်ဆရာပဲ ကျွန်တော့်နေရာမှာ နေကြည့်တော့...။ ခုနက ကျွန်တော်ပြောထွက်သွားတဲ့ စေတနာကလေးကို အကောင်အထည်ဖော်ချင်ရင် နေစရာပေးရမယ့် ကျွန်တော်ကပဲ သူတို့ကို အောက်ကျို့ခံပြီး ထွက်မသွားကြဖို့ တောင်းပန်ရတော့မလို ဖြစ်မနေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်ကကြည့်ရင် ကျွန်မတို့က ပြန်တော့မလို့ပါ။ ဒီက အတင်းတားတာကို အားနာတာနဲ့ နေရတာပါ... ဆိုတဲ့ အပေါက်မျိုး ဖြစ်မနေပေဘူးလား...။

ဒီတော့... ကျွန်တော်လည်း တွေးရင်း တွေးရင်း ဒေါသဖြစ်လာတာနဲ့ အဲဒီတစ်ခွန်းပဲပြောပြီး သူတို့ပစ္စည်းတွေသိမ်းတာကို ဘာမှ ထပ်မပြောတော့ဘဲ ခပ်တည်တည်နဲ့ပဲ ကြည့်နေလိုက်တော့တယ်။ ကျွန်တော့်ရင်ထဲမှာလည်း ကျွန်တော့်ရိုးသားမှုကလေးကို အသာစီးယူရပါ့မလား... လို့ တွေးရင်း ဒေါသတွေနဲ့ပေါ့ဗျာ။

အဲဒီမှာ 'အိုလေး' 'အိုလေး' လို့ သူ့ကိုယ်သူ ခေါ်ခေါ်ပြောတတ်တဲ့ ကောင်မလေးက ပစ္စည်းတစ်ခုကို စိတ်မပါသလိုသိမ်းလိုက်... ကျွန်တော့်ကိုကြည့်လိုက်နဲ့ လုပ်နေရော... ထုံးစံအတိုင်းဆိုရင် ကျွန်တော်က အသည်းအသန်တားရမယ် မဟုတ်ဘူးလား...။ အခုတော့ သူတို့ကြံနေပုံက ထုံးစံအတိုင်းမဟုတ်တော့ဘူး ဆိုတာကို ကောင်မလေး ရိပ်မိသွားတဲ့ပုံမျိုးပဲ...။

"ဟော့ကောင် ရဲဝင်း... ပြေလည်သွားပြီလား..."

ကျွန်တော့်နောက်ဖက်က ထွက်လာတဲ့ အေးမောင်ရဲ့အသံကြောင့် ကျွန်တော်ဝမ်းသာသွားတယ်။ နို့မို့ဆို သူတို့ပစ္စည်းတွေ သိမ်းနေတာကို ကြည့်ပြီး 'မသွားကြပါနဲ့...' လို့ တာဝန်အရ ထုံးတမ်းစဉ်လာအရ ဖြစ်နေကျ လူမှုရေးအရ ပြောရဦးမှာ မဟုတ်လား...။ အဲဒီလိုမလုပ်ချင်တဲ့ ကျွန်တော့်အတွက်တော့ အေးမောင်ဟာ ကယ်တင်ရှင်ပါပဲ...။

"လူကြီးတွေက နည်းနည်းပါးပါးတော့ ဆူတာပေါ့ကွာ၊ သူတို့က ထရံချိုး မီးမွှေးလုပ်တာကို..."

"တောင်းပန်လိုက်ပေါ့ကွာ... ဦးနီပွန်ကြီးက သဘောကောင်းပါတယ်၊ တမင်လုပ်တာမှ မဟုတ်တာပဲ..."





"အေးပေါ့ကွာ... ညရုံးခန်းရောက်တော့မှ တောင်းပန်ရတော့မှာပေါ့..."

သူတို့ကိုကြည့်ရင်း စကားပြောနေတုန်းမှာ ကိုသက သေတ္တာလေးတွေ မ,ထုတ်ဖို့ လုပ်နေတယ်ဗျာ။ ကိုသလုပ်နေပုံက နေ့စားအလုပ်သမားလို အမှုန်မျိုးပဲ ရှိတယ်။ ပြီးတော့ သေတ္တာကိုဆွဲလိုက် ကျွန်တော်တို့ကို လှမ်းကြည့်လိုက်နဲ့ ကျွန်တော်မတားတားအောင် တောင်းဆိုနေသလိုပဲလို့ ကျွန်တော်ထင်တယ်။

"ဘာလဲ... သူတို့က ပြောင်းကြတော့မလို့လား၊ ရှာတဲ့နေရာက တွေ့ပြီလား..."

"အေးကွာ... ပြောင်းကြတော့မလို့တဲ့ ငါတားတာလည်း မရဘူးကွာ..."

ကျွန်တော်လည်း လူကောင်းတစ်ယောက်တော့ မဟုတ်ဘူးဆိုတာကို ဝန်ခံရမှာပေါ့ ကိုယ့်ဆရာရယ်...။ အေးမောင်ရဲ့အမေးကို ပြန်ဖြေတဲ့နေရာမှာ နေရာတွေ့ မတွေ့ကို ချန်ထားလိုက်တယ်။ ပြီးတော့ 'ငါတားတာလည်း မရဘူးကွာ' ဆိုတဲ့ စကားသံကိုကျတော့ သူတို့ကြားလောက်အောင် ခပ်ကျယ်ကျယ်လေး ဖိပြောလိုက်တယ်။ ကျွန်တော်ပြောတဲ့ စကားအဓိပ္ပာယ်ကတော့ သူတို့ကို မသွားကြဖို့ အသည်းအသန်တားပြီးတဲ့ ပုံစံမျိုးကို ယူထားတာပါ။ ကျွန်တော်ပြောတဲ့ စကားသံကြောင့် အိုလေးနဲ့ ကိုသတို့က တစ်ချက်လှမ်းကြည့်ကြတယ်။ သူတို့မျက်ဝန်းတွေက မျက်ဝန်းမဲကလေးတွေနဲ့ ကျွန်တော်က မြင်ဖြစ်အောင် မြင်မိလိုက်သေးတယ်ဗျာ...။

"လာကွာ... ဟိုဘက်နားမှာ သွားနေရအောင်..."

ကျွန်တော်နေရာပြောင်းတာ အေးမောင်လည်း လိုက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆိုရင်တော့ ကျွန်တော် ဒီနေရာကနေ ခပ်ဝေးဝေးကို သွားနေသင့်တာပါ။ ဒါပေမဲ့ အဲဒီလောက်အထိကျတော့လည်း မကောင်းဘူးလို့ ထင်တာနဲ့ ခပ်လှမ်းလှမ်းမှာပဲ ရပ်နေမိတယ်။

ကျွန်တော်က အဲဒီလို ခပ်လှမ်းလှမ်းမှာရပ်ပြီး အေးမောင်နဲ့ စကားပြောရင်း သူတို့ပြင်ဆင် သိမ်းဆည်းနေတာတွေကို ရပ်စောင့်ပေးမယ်ပေါ့ဗျာ…။ ဒါပေမဲ့ ကျွန်တော့်အစီအစဉ်က အထမမြောက်ပါဘူး။ ကျွန်တော် ခုတုံးလုပ်ထားတဲ့ အေးမောင်က သူတို့ပစ္စည်းတွေ သိမ်းနေ ဆည်းနေတာကို ဂရုတစိုက်ကြီးကို ငေးနေတာကိုး…။

ဘာမှမဆိုင်တဲ့လူက ဂရုတစိုက်ငေးနေပြီး အိမ်ရှင်ဖြစ်တဲ့ ကျွန်တော်က သူ့ကို စကားတွေပြောနေပြန်တော့လည်း မကောင်းဘူးပေါ့…။ အဲဒီမှာတင်ပဲ ပစ္စည်းတွေကို ငုတ်တုတ်ကလေး ထိုင်သိမ်းနေတဲ့ အိုလေး… ဆိုတဲ့ ကောင်မလေးက ပစ္စည်းသိမ်းနေတာကို ရပ်ပြီး မျက်လုံးတွေကို လက်ဖမိုးနဲ့ ပွတ်ပါတယ်။ ကောင်မလေး အသံတိတ်ငိုနေတာကိုး…။ ကျွန်တော်လည်း စိတ်ထဲလန့်ပြီး စိတ်မကောင်းတော်တော်ဖြစ်သွားတယ်။ အိုလေးက မျက်လုံးတွေကို ကျေနပ်လောက်အောင်ပွတ်ပြီးမှ ပစ္စည်းလေးတွေကို အိတ်ထဲ ထည့်ပါတယ်။

ကျွန်တော် ဘာလုပ်ရမယ်မှန်းမသိတော့တာ အမှန်ပဲ…။

"ရုရှားကို နိုင်တာ ထားပါတော့၊ အင်္ဂလန်က ခရိအေးရှားကို နိုင်ပါ့မလား၊ ခရိအေးရှားက တော်တော်ကောင်းတာနော်…"

"သူတို့ ပြောင်းတော့မှာဆိုတော့ လိပ်စာက ရာလို့တွေ့ပြီလား ရဲဝင်း…"

"သိဘူးလေ… အေးလေ သရေကျရင်တောင် တက်မှာဆိုတော့ အင်္ဂလန်နိုင်မှာပါ၊ ဒါမှကွ အင်္ဂလန်က ဘယ်မှာမှ ဆုမရပေမယ့် သုံးခေါက်တော့လည်း ယူရို 2008 က ပေါ့ပျက်ပျက်ကြီးဖြစ်နေမှာ ကောင်းပါတယ်"

"မကောင်းဘူး ရဲဝင်း၊ ဟိုကောင်မလေးက ငိုပြီး ပစ္စည်းတွေကို သိမ်းနေတာကွ…"

အေးမောင်ပြတာကို ကျွန်တော် တစ်ချက်လှမ်းကြည့်တော့ အိုလေးငိုတာက တော်တော်သိသိသာသာကြီး ဖြစ်နေလို့ သတိမထားမိဘဲ မနေနိုင်အောင်ကို သိသာနေတယ်။ ကျွန်တော့်စိတ်ထဲလည်း စိတ်မကောင်းဖြစ်သွားတာတော့ အမှန်ပဲ။ ကျွန်တော့်ကိုယ်ကျွန်တော် မတရားဘူးလို့ တစ်ချက်မြင်လိုက်ပေမယ့် အတ္တဆိုတာက ကာထားတော့တာပါပဲ။

ဘာမှ မယ်မယ်ရရမဟုတ်ဘဲ အိမ်လိပ်စာကလေး မေးရာကနေ စတဲ့ဇာတ်လမ်းကလေးက ဒီအထိအောင် ဘာဖြစ်လို့ စခန်းသွားကုန်သလဲဆိုတော့ အကျိုးအကြောင်းနဲ့ အဲဒီအကျိုးအကြောင်းကို ပံ့ဖော်ပေးတဲ့ အတ္တတွေကြောင့်ဆိုတာ မငြင်းနိုင်အောင်ပါပဲ။

အဲဒီအချိန်မှာပဲ အိုလေးက မီးငြိမ်းထားတဲ့ မီးဖိုပေါ်မှာတင်ထားတဲ့ ထမင်းအိုးကို လှမ်းယူတယ်။ ဆန်ဆေးပြီး တည်ကာစမှာ ရပ်ကွက်လူကြီးတွေက တားတာ နေပါလိမ့်မယ်။ ထမင်းအိုးက ပူပုံမှ မရတာကိုး။

အိုလေးက ထမင်းအိုးထဲက ဆေးထားပြီးသား ဆန်တွေကို လက်နဲ့ တစ်ချက်မွှေတယ်။ ပြီးတော့ မွှေတဲ့လက်ရဲ့လက်ဖျံနဲ့ သူ့နာခေါင်းကို တစ်ချက်ပွတ်လိုက်တယ်။ ဝမ်းနည်းခြင်းနဲ့ ပြိုကျလာတဲ့မျက်ရည်ကို သုတ်တာနေမှာပါ။

အိုးထဲက ဆန်ရေစိမ်တွေကို အိုလေးဟာ အဓိပ္ပာယ်မဲ့ မွှေနေရာကနေ ထမင်းအိုးကို တစ်ချက်တည်း ရေ့ကမြောင်းထဲကို သွန်ချပစ်လိုက်တဲ့







www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ မမျှော်လင့်တဲ့ အဖြစ်အပျက်တွေက ဆက်တိုက်ဖြစ်သွားပါတယ်။ အဲဒီအဖြစ်အပျက်ဟာ စိတ်နဲ့ တိုက်ရိုက်ပတ်သက်တာမို့ ရေးပြ ပြောပြဖို့ တော်တော်လေးကို ခက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ကြိုးစားပြီး ပြောပြမယ်ဗျာ...။

အိုလေး ဆန်တွေကို လက်ထည့်ပြီးမွှေနေတုန်းမှာ အိုလေးကတော့ ဘာတွေစဉ်းစားနေလည်း မသိဘူး။ ကျွန်တော်က မတည်ရသေးတဲ့ဆန်တွေလည်းဖြစ်၊ ရေစိုကုန်တဲ့ဆန်တွေလည်း ဖြစ်တဲ့ ဒီဆန်တွေကို ဘယ်လိုပုံစံမျိုးနဲ့ သယ်ရမလဲလို့ ဒီကောင်မလေး စဉ်းစားနေတာ ဖြစ်ရမယ်လို့ တွေးနေမိတယ်၊ ပြီးတော့ တစ်ဆက်တည်းမှာ သူတို့က တောင်းဆိုလာရင် ရေဆေးပြီးသားဆန်တွေကိုတော့ အိမ်ပေါ်မှာ တည်ခွင့်ပေးလိုက်မယ်လို့ တွေးနေတုန်းမှာ အိုလေးက ထမင်းအိုးကို မြောင်းထဲလှမ်းသွန်လိုက်တာဆိုတော့ ကျွန်တော့်စိတ်ဟာ ဘာမှ အဆင်သင့်မဖြစ်သေးတဲ့ ခန္ဓာကိုယ်ကို ကြီးမားတဲ့ အရှိန်ကြီးတစ်ခုနဲ့ ရိုက်ထုတ်ပစ်လိုက်ရလို့ ကျွန်တော်ဟာ အိုလေးရှေ့ကို ဝုန်းခနဲရောက်သွားတယ်။ အဲဒီမှာပဲ ကျွန်တော်တို့ အရိပ်ကောင်းလို့ ရပ်နေကြတဲ့ သရက်ပင်ရဲ့ သရက်မြစ်စလေးတစ်ခုက မြေကြီးထဲငုပ်နေရာကနေ မြေပေါ်ကို တစ်ထွာလောက်ပေါ်လာပြီး မြေကြီးထဲပြန်ရောက်သွားလို့ မြေကြီးနဲ့ လေထုအကြားမှာ အဟကလေးတစ်ခုဖြစ်နေပြီး အဲဒီအဟထဲကို ကျွန်တော့်ညာဘက်ခြေထောက်မှာ စီးထားတဲ့ ဖိနပ်ဦးကဝင်သွားတော့ ကျွန်တော်ဟာ အိုလေးဆီကို ဝက်ခေါင်းထိုးကြီး အရှိန်နဲ့ ပြေးဝင်သွားသလို ဖြစ်သွားတယ်။ ထင်မှတ်မထားဘဲ ရလာတဲ့ ကျွန်တော့်အရှိန်ကြီးကိုလည်း ကျွန်တော် မထိန်းနိုင်တော့ဘူး။

အဲဒီအချိန်မှာ အိုလေးကလည်း ငုတ်တုတ်ကလေးထိုင်ပြီး ဆန်ကို





မွှေနေရာက ဆန်အိုးကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး တင်အကြွထ,ရုံကလေးထပြီးတော့ ဆန်တွေကို မြောင်းထဲကို လှမ်းအသွန်ပေါ့။

ဝက်ခေါင်းထိုးအရှိန်နဲ့ ကျွန်တော့်ဦးခေါင်းဟာ အိုလေးရဲ့ကြွကာစတင်ပါးကို ဝင်ဆောင့်မိပြီး ကသမ်းကရမ်းနဲ့ ဖမ်းမိဖမ်းရာ ဖက်ဆွဲတဲ့ ကျွန်တော့်လက်နှစ်ဖက်စလုံးက အိုလေးခါးကို သိမ်းဖက်ထားရင်း ရေနဲ့ ရွှံ့တွေရောနေတဲ့ အိမ်ရှေ့မြောင်းထဲကို နှစ်ယောက်စလုံး ဗလုံးဗထွေးနဲ့ ကျသွားကြရောခင်ဗျာ။

အဲဒီနောက်ပိုင်း အဖြစ်အပျက်တွေကိုတော့ ကျွန်တော် သိပ်မမှတ်မိတော့ဘူး။ ပတ်ဝန်းကျင်တစ်ခုလုံး ပျာယာတွေခတ်သွားတာကိုပဲ ကျွန်တော်သိတော့တယ်။ အသိတရား သေသေချာချာပြန်ဝင်တော့ ကျွန်တော်ဟာ အဒေါ်ပိုင်းအင်္ကျီချွတ်နဲ့ အိမ်ရှေ့ကပြင်မှာ လှဲနေရက်ဆိုတာရယ် အိမ်အောက်မှာ ငိုနေတဲ့ အိုလေးကို ခေါင်းကနေစပြီး ရေတွေ လောင်းချပေးနေကြတာရယ်ကို သိရမြင်ရတယ်။

"တော်သေးတာပေါ့ကွာ... ချက်ချင်းကြီး မင်း ဘယ်လိုဖြစ်သွားတာလဲ၊ တော်သေးတာပေါ့... မျက်နှာကလေးပဲ ထိမိလို့ ကောင်မလေးကတော့ မစားသာဘူးကွ ဖောက်ထိုးကြီးကျတာကိုး..."

"ဖောက်ထိုးကြီး..."

"ဟ... မင်းက ပေါင်တံတွေကိုဖက်ပြီး တင်ပါးကို ခေါင်းနဲ့ တရှိန်ထိုးတိုက်ချမှတော့ ဖောက်ထိုးကြီးဖြစ်ပြီပေါ့ကွ..."

"ဖောက်ထိုးကြီး..."

ကျွန်တော်လည်း ဒါပဲ ပြောနေနိုင်တော့တယ်။ အေးမောင်က အိမ်ထဲဝင်သွားပြီး ကျွန်တော့်အတွက် အင်္ကျီသွားယူပေးတယ်။ အိုလေးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးက အိမ်ခန်းထဲခေါ်သွားပြီး အဝတ်အစားသွားလဲပေမယ်နဲ့ တူပါရဲ့။ နှစ်ယောက်စလုံး အခန်းထဲက တော်တော်နဲ့ ထွက်မလာကြတော့ဘူး။

ကျွန်တော်လည်း ဘာမှ ပြောမနေတော့ဘူး။ အဘွားကြီးတစ်ယောက်တည်း အိမ်ရှေ့ကိုထွက်လာတော့မှပဲ လှမ်းပြောရတယ်။

“အဘွား… ထမင်းအိုးတည်ရင် အိမ်ထဲမှာပဲ တည်လိုက်တော့ အဘွား၊ အေးမောင် လျှပ်စစ်မီးဖိုကို အဖွင့်အပိတ်လုပ်ပေးပြီး မင်း အနားမှာ နေပေးလိုက်စမ်းပါကွာ…”

“အို… မနေစေနဲ့ မနေစေနဲ့ ရတယ်၊ လျှပ်စစ်မီးဖိုကို ကိုကျော်မင်းတို့အိမ်မှာတုန်းက ကိုင်ဖူးတယ်… ကိုင်ဖူးတယ်… တစ်ရွာလုံးကတော့ ကြောက်မှ ကြောက်ပဲ… ဟော… အဖွင့်အပိတ် စနစ်တကျဆို ဘာမှ အန္တရာယ်ရှိတာမှ မဟုတ်တာ ကိုင်ဖူးတယ် အနားမနေစေနဲ့…”

အဘွားကြီးရဲ့မျက်နှာက ပြုံးပြုံးရွှင်ရွှင်နဲ့ ဖြစ်နေတယ်။ အခန်းထဲကို ဝင်လိုက် အပြင်ကိုထွက်လာပြီး ကိုသကို လှမ်းခေါ် အပေါ်ကို တင်စရာရှိတာတွေ တင်ခိုင်းနဲ့ အလုပ်ကိုရှုပ်ပြီး သွက်လက်နေတာပဲ…။

“ရွာမှာတော့ လျှပ်စစ်မီးဖိုကို ကိုင်ရဲတဲ့သူ မရှိဘူးပေါ့ကွယ်၊ မယ်ဖွေးတို့ကတော့ ဘယ်အရေးမယ် ရှိပါ့မလဲ မောင်ရဲ့… ကိုကျော်မင်းတို့အိမ် လျှပ်စစ်မီးဖိုရောက်တော့ရယ်… သူ့မိန်းမအစ ကိုင်မှ မကိုင်ဝံ့ကြပဲ၊ ကိုကျော်မင်းလေးက သင်ပေး ပြပေးပေမယ့် ဟော… ကြည့်ကြတဲ့ ပရိသတ်က ဝိုင်းနေတာသာရှိတာ၊ ရှေ့တိုးပါဟ… ကိုင်ကြည့်ပါဟ… ခလုတ်ကို ဖွင့်ကြည့်ပါဟ… ဆို… အို… ဘယ်သူမှကို အနားကပ်ရဲတာ မဟုတ်ဘူး”

“အခုရော… အဘွားတို့ရွာမှာ လျှပ်စစ်မီးဖို သုံးကြပြီလား…”

“သုံးကြပေါ့ကွယ်… ဒါပေမဲ့ မြို့ကတို့ အခြားကတို့ ပြောင်းလာ





ကြတဲ့လူတွေက ပိုအသုံးများတယ်၊ ရွာခံထဲကမတော့ ဘွားမယ်ရယ်… ဦးနှန်းကြီးသမီး အေးစိုရယ် ဒါပဲ ကိုင်ရဲကြတာ…”

“လျှပ်စစ်မီးဖို သုံးနေကျလူက အန္တရာယ်မရှိဘူး၊ ဘယ်လိုကိုင်ရမယ်ဆိုတာကို ပြောမပြ သင်မပြဘူးလား…”

“သင်ပါသော်ကောကွယ်… သင်ပါသော်ကော… ဒါပေသိ တို့မယ်က မွေးကတည်းက ထင်းမီးဆိုတာကို ထင်းနဲ့ပဲ မွေးရတာလို့ မှတ်သားလေတော့၊ အဲဒီသံကြိုးကလေးတွေက မီးလင်းလာတာရယ်၊ အဲဒီမီးကို ထိမိရင် သေတယ်ဆိုတာကို သိကြတာရယ်ကြောင့် မကိုင်ဝံ့စိတ်က ပိုကြီးသွားတာကိုးကွဲ့…”

သူ့ကိုယ်သူ ဘွားမယ်လို့ ဝိဂြိုဟ်ပြုတဲ့ အဘွားကြီးက လျှပ်စစ်မီးဖိုကို ကိုင်ရဲတဲ့အတွက် သူ့ကိုယ်သူ အင်မတန်ဂုဏ်ယူပုံပဲ ခင်ဗျ။ အဲဒီလျှပ်စစ်မီးဖိုအကြောင်းကို အေးမောင်နဲ့ ပြောတုန်းက ပြုံးနေတဲ့ ပီတိဖြစ်နေတဲ့ ဂုဏ်ယူကျေနပ်နေတဲ့ မာန်တက် ဘဝင်မြင့်နေတဲ့ ဘွားမယ်ရဲ့မျက်နှာကို ကိုယ့်ဆရာတို့ကို ပြချင်တယ်ဗျာ…။

အမေရိကန်မှာ စာသင်ထူးချွန်တံဆိပ် အဆင့်တစ်ကိုရတဲ့ မြန်မာတိုင်းတစ်ယောက်ရဲ့ဟန်ပန် ဂုဏ်ယူမှုထက် မလျော့ဘူး… ဆိုတာ တစ်သန်းကြေး လောင်းရဲတယ်ဗျာ…။ အခုမှ ဘွားမယ်ဆိုတဲ့ အဘွားကြီးဟာ သူ့အရပ် သူ့ဇာတ်မတော့ လူရည်လည်တဲ့ အကင်းပါးပြီး တိုးတက်တဲ့မိန်းမကြီးတစ်ယောက် ဖြစ်ပုံရတယ်…။

“ပြီး… ပိုဆိုးချင်တော့ ရေလဲရွာက မလှကြွယ်ဆိုတဲ့ ကလေးမကလေးနှယ် ရေချိုးပြီးကာစ လျှပ်စစ်မီးဖိုက ဒါးမိန်း လုံမိန်းကို သွားဆွဲချလိုက်တာ ဓာတ်လိုက်ပြီး တစ်ခါတည်း ပွဲချင်းပြီးပါရောလား မောင်ရင်ရဲ့…”



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... အင်း... ဒီလိုဖြစ်ရပ်မျိုး ရှေ့မှာရှိထားတော့ ကြောက်စိတ်က ကြီးသွားတော့တာပေါ့..."

"ဒီလိုသာဆိုစို့ကွယ်... ဘွားမယ်တောင် ပထမတစ်ပတ်လောက်တော့ စားမိန်းလုံမိန်းကို တစ်ပတ်လောက် ကိုင်ရမှာ ကြောက်နေသေးတာ၊ ဒါပေမဲ့ ဘွားမယ်က ရေရှည်မှ မကြောက်တတ်တာကိုး မောင်ရင်ရဲ့..."

"အဘွားက တော်တော် သတ္တိကောင်းတယ် ပြောရမှာပဲ..."

"ဟော့... သေရဲ့၊ ဒီမယ် ငါးခြောက်ထုပ်ရယ်... ကြက်သွန်နဲ့ စားရယ် ယူခဲ့ပါရောလို့ ပြောနေတာ မကြားတော့ဘူးလား သေရဲ့..."

"လာပါပြီ အစ်မရဲ့..."

သူတို့စကားသံတွေ ဆုံးသွားတော့ ကျွန်တော့်ပါးစပ်ထဲမှာ စားမိန်းလုံမိန်း ဆိုတဲ့ စကားတစ်ခွန်းကျန်ခဲ့တယ်။ သူတို့ရွာက ပစ္စည်းတွေခေါ်ပုံက မလွယ်ဘူး ကိုယ့်ဆရာရေ...။

ကျွန်တော့်မျက်နှာက စပ်ဖျင်းဖျင်းဖြစ်နေတဲ့ ဒဏ်ရာကလွဲလို့ ကျန်တာက အားလုံးအကောင်းပါ။ ဒါပေမဲ့ အိပ်ရာထဲမှာ ဘာဖြစ်လို့ လှဲနေရတာလဲဆိုတော့ အားနာလို့ဆိုရင် အမှန်ဆုံးပါပဲ။ ကျွန်တော့်မျက်နှာက နာပြီး စပ်ဖျင်းဖျင်းဖြစ်တာဟာ အိုလေးရဲ့တင်ပါးနဲ့ ဝင်တိုက်မိလို့တော့ မဟုတ်နိုင်ဘူး။ မြောင်းနှုတ်ခမ်းဝနဲ့ ရိုက်မိ ပွတ်မိတာပဲ ရှိမယ်။

အဲဒီအချိန်မှာ ကိုသက မှာတဲ့ပစ္စည်းတွေ လာပို့ပါတယ်။

"ငသေရဲ့... မယ်ခတို့ကို အိမ်ပေါ်သာ တက်ပြီး လာလှဲချည်လို့ ပြော နင်က ပစ္စည်းတွေကို စနစ်တကျ ပြန်စီရင်း အောက်မှ ပစ္စည်းစောင့်ပြီး နေပေါ့... ဟုတ်ကဲ့လား..."

"ဟုတ်ကဲ့... အမေဘွားမယ်..."

ကိုသက ဒေါ်ဘွားမယ်အနားကနေ ခေါင်းကလေးငုံ့ပြီး ထွက်လာ





ရင်း အိမ်ရှေ့ဧည့်ခန်းကိုရောက်တော့ ဘုရားစင်အောက်မှာ **အိပ်နေတဲ့** (ခဏနားနေတာပါ) ကျွန်တော့်ကိုတွေ့တော့ ခပ်မဲ့မဲ့လုပ်ပြီး ထွက်သွားတယ်။

အိုလေး... ဆိုတာက သူ့နှမလေးတော့ဖြစ်မယ်ထင်တယ်။ **အဲဒီအိုလေးကို** ဝင်တိုက်မိတယ်ဆိုရင်ပဲ သူတို့အားလုံးအတွက် ပိတ်ထားတဲ့ **အခြေအနေ**တွေအားလုံး ပွင့်သွားပြီပေါ့...။ အဘွားကြီးက တော်တော့်ကို လည်ပါတယ်။ အခုရောက်နေတဲ့အခြေအနေကို ကျွန်တော် လက်ခံကို ခံရမယ်ဆိုတာကိုလည်း အိမ်ခန်းထဲမှာ အိပ်နေတဲ့ သူ့အိုလေးကို လှမ်းလှမ်းအော်ပြီး မေးပြသေးတယ်။

"အိုလေး... အိုလေးရေ... သမီး နေသာရဲ့လား... ခေါင်းကို ခြောက်အောင်သုတ်နော်၊ ဘွားပေးတဲ့ ဆနွင်းမှုန်းကလေးသာ မီးတင်ရှူထား၊ လိပ်ပြာချုပ်ကလေးကို ဆုပ်ပြီး ဂုဏ်တော်ကလေးရွတ် သမီးရဲ့၊ ကံဆိုးတဲ့အခိုက် ဒီလိုသာပေါ့... ဘုရား တရား သံဃာ ဆရာ မိဘ အာရုံပြု..."

"သက်သာပါပြီ ဘွားရဲ့..."

"အို... ကလေးမနယ်... အငြိမ်နေစမ်းပါဦးတော့... ဒီမယ်က ထမင်းအိုးနဲ့ ငါးခြောက် မန်ကျည်းမှည့်ချက်ကလေးပဲ ချက်မှာ၊ မေးချေဦး... မေးချေဦး..."

အဲဒီလို အတွင်းအပြင်စကားကလေး ပြောပြီးတော့ ခံတွင်းချဉ်သွားသလား မပြောတတ်ဘူး။ ပြောင်းဖူးဖက်ဝါကြီးကို မီးတဝင်းဝင်း မီးခိုးဘသင်းသင်းနဲ့ ဒူးခေါင်းထောင်ပေါ် တံတောင်တင်ပြီး ဆေးလိပ်သောက်တော့တာပါပဲ။ နေရာတကာ မစပ်စုတတ်ပေမယ့် ဟိုစပ်စပ် ဒီစပ်စပ် အမြဲပါတတ်တဲ့ အေးမောင်ကြောင့် သူတို့လာရင်းကိစ္စကို သိခွင့်ရလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဝါတယ်။

"အမလေး... အိုလေးက ထုတ်ချင်းခတ်ဆိုတော့ တစ်ရွာလုံးကို ဟပ်ထိုးလဲမတတ် ပြေးကြ လွှားကြနဲ့ကို ဖြစ်ကုန်ကြတာလေ၊ လမ်းထိပ်က မအုန်းကလည်း သူ့ထန်းသီးမုန့်တွေကို တွေ့တဲ့ကလေး စားချင်သလောက်သာ စားပေတော့ဆိုပြီးကို လှူတာ၊ မလေးမေတို့ကလည်း ပျော်လွန်းလို့ အငြိမ့်ခံမယ်ဟေ့ဆိုပြီး ပွဲကျငွေ ခြောက်ထောင်ကို ချက်ချင်းကို လာထည့်သွားတာ..."

"ဆရာတော်ဘုရား ကျန်သေးတယ်လေ ဘွားရဲ့..."

"မပြောနဲ့တော့ပေါ့အေ... ဆရာတော်ဘုရားကတော့ ငယ်ငယ်တုန်းက ဥပုသ်စောင့်လိုက်လာတိုင်း တရားထိုင်ချိန်မှာ တခြားကလေးတွေလို ကစားမနေဘဲ တရားဝင်ထိုင်ကတည်းကိုက ကြီးပွားမယ့် ထွန်းကားမယ့်ကလေးမလို့ ဝိဂြိုဟ်ပြုထားတာ ဆယ်တန်းကို ထုတ်ချင်းခတ်ဟေ့လို့လဲ ဆိုရော သင်္ကန်းကို ခါးတောင်းကျိုက်တော့တာပဲ..."

ကျောင်းထိုင်ဆရာတော်ဘုရားဟာ ရွာဦးကျောင်းကလေးရဲ့ စကြံမှာ ဟိုဘက်ဒီဘက် လွန်းထိုးပြီး စင်္ကြံလျှောက်နေမယ်။ မျက်လုံးအကြည့်က ရွာလယ်လမ်းထိပ်ကို တရံမလပ်ကြည့်နေမည်။ ထိုစဉ်ချိန်မှာ ရွာလယ်လမ်းမတစ်လျှောက် စက်ဘီးတစ်စင်း အရှိန်ပြင်းပြင်းနှင့် နင်းချလာမယ်။ ဆရာတော်ရပ်တော်မူပြီး ထိုစက်ဘီးကို အားတက်သောစိတ်ဆန္ဒနှင့် မျှော်အကြည့်တွင် စက်ဘီးနင်းလာသူက စက်ဘီးပေါ်မှ ခုန်ချပြီး စက်ဘီးကို အရှိန်နှင့် ရောက်ချင်ရာရောက် လွှတ်လိုက်ပြီး ဝမ်းသာအားရ ထ,အော်ရမယ်။

"အိုလေး ၁၀ တန်းအောင်တယ်... အိုလေး အောင်တယ်... အိုလေး ထုတ်ချင်းခတ်ပါပဲဘုရား..."





ဦးဥင်းနှင့်အတူ 'အိုလေး' သတင်းကို စောင့်နေကြသူများ မှန်းခန့်ထရပ်လိုက်ကြပြီး အိုလေးကို ဝိုင်းမြှောက်ကြ ချီကြရောတဲ့...။

"ဘထွန်းကြီးဆို အောင်စာရင်းကြည့်ချလာပြီး ထုတ်ချင်းခတ်သတင်းကို ပြောချင်လို့ နွားတွေကို အနားမပေးဘဲ မောင်းချလာတာ ပျောက်ကြားသီအစ်ကိုနှစ်ကောင် အမြုပ်တွေကို သီးလို့ပေါ့..."

အဘွားကြီးစကားကြောင့် တိုက်ဆိုင်နေတဲ့ ကျွန်တော့်စိတ်ကူးထဲက စက်ဘီးနင်းပြီး ရွာကိုသတင်းလာပို့တဲ့ စိတ်ကူးကလေးကို ရပ်ပစ်လိုက်ရဘယ်။ သူက စိတ်ကူးထဲမှာ စက်ဘီးကလေးလောက်တော့ လုပ်ထားတော့ ဒီလောက်တောင် မရပါကလား။ ဒါဆို ဒီအုပ်စုလာသောရွာသည် ခေတ်နဲ့ ဆက်တော့ကို ကင်းကွာနေသော ရွာဖြစ်လောက်သည်ဟု စိတ်ထဲမှာ တွေးခဲ့၏။

"ဟိုဘက် ညောင်ကုန်းဆိတ်ရွာမှာက ၁၀ တန်း နှစ်ကြီးသမားနှစ်ယောက်... နှစ်တက်တစ်ယောက်ရယ် ရှိတာ၊ သူတို့ဘက်ကလည်း နှစ်တက်တစ်ယောက်ကို ထုတ်ချင်းခတ်ဆိုပြီး တာစားထားတာ၊ အနီးကျမှ ဘပ်ပြီးတက်ရတဲ့ကျောင်းကို တစ်ရွာလုံးက စရိတ်ကျခံပြီး ပို့ထားလိုက်ပါတာလား... ဟော... စာရင်းချုပ်တော့ ဒီဘက်က ထုတ်ချင်းခတ်ဆိုတော့ ဘာပြောကောင်းမလဲ တစ်ရွာလုံးကို ငြိမ်ကျသွားတာကိုး..."

"အင်း... ဒါဆို ရွာမှာ ၁၀ တန်းအောင်တဲ့လူ တော်တော်ရှားတာပေါ့နော်..."

"ရှားတာပေါ့ မောင်ရယ်... ရှားတာပေါ့... ရှားရတဲ့ကြားထဲ ထုတ်ချင်းခတ်ဆိုတာက အရှားမယ် ဘုရင်ဆိုပါစို့ရဲ့..."

အဘွားကြီးပြောတဲ့ 'ထုတ်ချင်းခတ်' ဆိုတဲ့ စကားကြီး [illegible] တာ ကြားကာစက ထူးဆန်းတယ်လို့ထင်မိပြီး အခု ကြား [illegible]

www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီစကားကို အသံထွက်တဲ့ အဘွားကြီးရဲ့လေကို နားထောင်ရတာ အမြင်ကပ်လာတယ်ဗျာ…။ ပြီးတော့ လူတစ်ယောက် ၁၀ တန်းအောင်တာလေးနဲ့ တစ်ရွာလုံး ဒီလောက်ဖြစ်ကြတယ် ဆိုတာကြီးကိုလည်း မယုံချင်ဘူးဗျာ…။ အဘွားကြီး အပိုပြောတယ်လို့ပဲ ထင်မိတယ်။

တခြားလူကတော့ မသိဘူး။ အဘွားကြီးကိုယ်တိုင်ကတော့ သူ့ 'ထုတ်ချင်းခတ်' ကို သူတော်တော်လေး အထင်ကြီးဂုဏ်ယူနေတယ်ဆိုတာ အမှန်ပဲ။

"ဒါဆို ဒီကောင်မလေး ကျောင်းဆက်တက်ဖို့က…"

"ဒါဆို အဲဒါ အရေးအကြီးဆုံးပေါ့ကွယ်၊ အခု မြို့တက်ပြီး ကျောင်းနေဖို့လုပ်တော့… ဆရာတော်က ဒီမယ် မိမြလေးတို့ရယ် ရှိတယ်ဆိုပြီး လိပ်စာရတာကလား… အဲဒီလိပ်စာမှာနေရင်း ကျောင်းတက်… ရန်ကုန်မယ် အလုပ်လုပ်ရင်း ကျောင်းတက်ပေါ့၊ ဒါမှ မျက်စိနားပွင့်မယ် မဟုတ်လားကွယ့်၊ အဝေးက လှမ်းသင်တဲ့ကျောင်းကို တက်မှာတဲ့၊ ၁၀ တန်းထုတ်ချင်းခတ်ကတည်းက သဖန်းဦးရွာက ပွဲရုံမှာ ပိုင်ရှင်ကိုသန်းအုန်းကလေးကိုယ်တိုင်က အလုပ်တန်းခန့်ခဲ့ရတာ၊ ခု ရန်ကုန်တက်တော့မယ်ဆိုတော့ ကိုသန်းအုန်းကလေးမယ် တောက်တခတ်ခတ်ပေါ့…"

"ဘွားရေ ထမင်းအိုးရပြီထင်တယ်…"

"ဩော်… အေး လာပြီ… မောင်သ,ရေ လာပြီဟဲ့…"

အဘွားကြီးက ငုတ်တုတ်ကနေ ထခါနီးမှ ပြောင်းဖူးဖက်ကြီးကို သတိရသွားလို့ မီးကောက်ညှိ တစ်ချက်နှစ်ချက် အားရပါးရဖွာရင်း သူနဲ့အတူပါလာတဲ့ ငါးသေတ္တာခွံ ဆေးလိပ်ခွက်ထဲကိုထည့်ပြီးတော့ ထွက်သွားတယ်။





ကျွန်တော်ကို စပ်ဖြဲဖြဲနဲ့လှမ်းကြည့်တဲ့ အေးမောင်ကို လက်သီးလှမ်းဆုပ်ပြတော့ ဒီကောင်က အသံမထွက်ဘဲရယ်ရင်း အဘွားကြီးပြောသလို မေးကလေးရှေ့လှမ်းပစ်ရင်း 'ထုတ်ချင်းခတ်' လို့ ကျွန်တော့်ကို ပြောင်ပြဘယ်။

ဒီကောင်လည်း ဒီ ထုတ်ချင်းခတ်ကို ကျွန်တော့်လိုပဲ သတိထားမိပုံပါပဲ။

"မင်းကတော့ ထုတ်ချင်းခတ် ငြိမ်နေတာပဲ ကောင်းလိမ့်မယ် မောင်ရဲဝင်းကလေးရေ…"

ကျွန်တော် အေးမောင်ကို အသံမထွက်အောင် ဆဲရတယ်။ ဆဲသာဆဲတာပါ… အမေပြန်လာရင် ထုတ်ချင်းခတ်တဲ့အမှုနဲ့ မျက်စိခွဲတဲ့အမှုဒိနှစ်မှုနဲ့ ရန်ကုန်ကို ဘုရင့်နောင် ဖောင်ဖျက်တက်လာကြတဲ့ အုပ်စုကို ဘယ်လိုစီစဉ်ရပါ့မလဲ…။ အိမ်မှာမထားနိုင်ဘူးဆိုတာကတော့ ထုတ်ချင်းခတ်ကို ကျိန်းသေတာဆိုတော့ ရုံးကပြန်လာတဲ့ အမေ့ကိုပဲ အားကိုးရတော့မှာပေါ့။

ကျွန်တော့်အမေက နည်းနည်းဖွာတယ်။ ဒီလို ဘလိုင်းကြီးခံရမယ့်ကိစ္စမျိုးဆိုရင် ပြောရဲ ဆိုရဲကလည်း ရှိပါသဘိနဲ့…။ မြကြည်တို့ကတော့ ရှင်ပွင့်လင်းလင်းပဲ… ဆိုတဲ့ စကားကိုသုံးလာပြီး ဆိုရင်တော့ အဲဒီပွဲဟာ ကျွန်တော် တော်တော်ကြီးကိုမှန်နေတဲ့ ပွဲကို ဖြစ်ရမယ် ကိုယ့်ဆရာရေ…။

အဲဒီတော့ ညနေမှာ ထုတ်ချင်းခတ်နဲ့ ပွင့်ပွင့်လင်းလင်းတို့ စိန်ခေါ်ပွဲအကြောင်းကို ပြောပြတော့ အေးမောင် မျက်လုံးကြီးပြူးလို့…။

"ဟာ… အဲဒီလိုကြီးတော့ ဘယ်ဖြစ်မလဲကွ… ထုတ်ချင်းခတ်ကြီးသွားရမှာပေါ့ မဟုတ်သေးပါဘူး…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်သေးတာတုန်းကွ… ငါက အားနာတတ်တဲ့ ဂွင်ကို တိတိကျကျမိသွားလို့ ခံလိုက်ရတာ၊ အမေကတော့ ဘယ်နည်းနဲ့မှ ထားမှာ မဟုတ်ဘူး၊ အခု ခဏအငှားချမိတဲ့ ငါ့ကိုတောင် အရေးမယူရင် ကံကောင်း…"

"မင်းကလည်းကွာ ကျန်တာတွေ ထားလိုက်ပါတော့၊ ဟို… အိုလေး က သနားဖို့ ကောင်းပါတယ်ကွ…"

ခွေးမသား… အယုတ်တမာကောင်… ဒီလိုပွင့်ပွင့်လင်းလင်းပြောမှပဲ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ထုတ်ချင်းခတ်သိတော့တာကိုး…။ ဒါကြောင့် အေးမောင်ပြန်ချိန်ရောက်ရဲ့သားနဲ့ မပြန်ဘဲ လေဆက်နေတာ။ ဒါကြောင့် ဟိုငတိမကလည်း မငိုသင့်တာလေးကို မျက်ရည်တွေ ဘာတွေ ကျပြတော်မူနေတာ… ကိုး…။

မိန်းကလေးတွေကို အဲဒါတစ်ခုတော့ ကျွန်တော် တော်တော်မုန်းတယ်ဗျာ။ သူတို့ကို နည်းနည်းပါးပါး ဂရုစိုက်တဲ့လူရှေ့ကိုရောက်ရင် သူတို့ ခံစားချက်ကို ပိုပိုသာသာ လုပ်လုပ်ပြတတ်တာမျိုးကိုပါ။

တစ်ခါတုန်းက ကျွန်တော့်အစ်မဝမ်းကွဲတစ်ယောက်ကို အဲဒီလို ကိစ္စမျိုးနဲ့ ကြုံဖူးတယ်။ အစ်မနေတဲ့ပတ်ဝန်းကျင်က တော်တော်လေးကို စရိုက်ကြမ်းတယ်။ ပြောစရာရှိတဲ့အခါ ပျော်ရင်ပဲဖြစ်ဖြစ် ဒေါသဖြစ်ရင်ပဲ ဖြစ်ဖြစ် ငါ, မအေ, နှမ ဆိုတာက ရှေ့ဆုံးဦးကြိုစကားမျိုး…။ ဝမ်းသာတော့ အပြုံးနဲ့ဆဲ… ဒေါသဖြစ်တော့ အမုန်းနဲ့ဆဲတဲ့ အုပ်စုမျိုးပါ။ ကျွန်တော့် အစ်မကလည်း အဲဒီအုပ်စုဝင်ပဲ။ အစ်မပုံစံကြည့်ရတာ သာမန်အဖွဲ့ဝင်တော့ မဟုတ်လောက်ဘူး။ ရာထူးတွေ ဘာတွေတောင်မှ ရှိချင် ရှိနိုင်တဲ့ပုံစံမျိုး။

အဲဒါကိုဗျာ… ကျွန်တော်တို့နှမဝမ်းကွဲလေးတစ်ယောက် မင်္ဂလာဆောင်မှာ ကျွန်တော့်ဦးလေးတစ်ယောက်က သူ့ကို 'ဟဲ့ကောင်မ' လို့ ဝိဂြိုဟ်ပြုမိတာလေး တစ်ခုတည်းနဲ့ ဝမ်းနည်းပြီး ရှက်ပြီး ငိုလိုက်တာ မင်္ဂလာဆောင်ပျက်တော့မလို့ နည်းနည်းပဲလိုတော့တာ။ 'ဟဲ့ကောင်မ' လို့ အော်မိတဲ့ဦးလေးက အံ့တွေသြလို့၊ အရင်ကဆို ဒီထက် အဆတစ်ရာလောက် ကြမ်းတာဆဲတောင် သန်းဥအဆွဲပျက်တာမှ မဟုတ်တာ…။

နောက် စုံစမ်းကြည့်မှ သိရတော့ အဲဒီတုန်းက မင်္ဂလာဆောင်မှာ သူ့ကို မျက်လုံးကစားနေတဲ့လူတစ်ယောက် ရှိလို့တဲ့…။ အဲဒီလူရှေ့မှာမို့လို့ ဘဲ့…။ အခု အိုလေးဆိုတဲ့ကောင်မလေးလည်း ဒီအချိုးချိုးတာပဲ… ဆိုတာ ချက်ချင်းရိပ်မိတော့မှ သူက တစ်ခြားတစ်ယောက်ကို ပဲများလိုက်တာ။ ဘာမဟုတ်တဲ့ ကျွန်တော့်မျက်နှာမှာ ဒဏ်ရာရရောဆိုတော့ ဒေါသဖြစ်ဖို့တော့ ကောင်းတာပေါ့…။ ဒါပေမဲ့ ခံရအခက်ဆုံးကတော့ ဘာမှမဟုတ်တဲ့ ကိစ္စလေးကို ဟိုကောင်အေးမောင်ရဲ့ အကြည့်တွေနဲ့ ခံစားချက်အောက်မှာ ပုံကြီးချဲ့ လုပ်ဆောင်သွားတာကို ကျွန်တော်မသိလိုက်တာပါပဲ။

"အဲဒါဆိုရင် မင်းအိမ်ခေါ်သွားလိုက်ပါလား…"

"ဟာ… ခေါ်သွားချင်တာပေါ့… အိမ်မှာက ယဉ်ကြော့ဝေရှိနေလို့ လွယ်ဘူးဖြစ်နေတာ၊ တွေ့ရင် ဟိုကလည်း ခံမှာမဟုတ်ဘူး၊ ငါက ခေါ်ထားချင်တာပေါ့ ယဉ်ကြော့ဝေက ခက်တယ်…"

အေးမောင်က ညည်းညည်းညူညူနဲ့ စိတ်ဓာတ်တကျပြောပါတယ်။

'ယဉ်ကြော့ဝေ' ဆိုလို့ မော်ဒယ်လောကက တစ်ယောက်လို့ မထင်လိုက်နဲ့ဦး ကိုယ့်ဆရာရေ…။ အဲဒါ 'ခွေးမ' ဗျ…။ ခွေးမလေးဆိုပါတော့။ နွားသဝန်ကြောင်ပုံက တစ်မျိုး အေးမောင်က ကောင်မလေးတွေကို ရောလို့ ရှုတ်ခင်ဗျ…။ ရောတာနဲ့ အေးမောင်ရောတဲ့ ကောင်မလေးကို 'ယဉ်


ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြော့ဝေ' က ကိုက်တော့တာပဲ။

ဒီတော့ ကျွန်တော်တို့က အေးမောင်ကို တစ်ခါတလေ 'ခွေးမောင်' လို့ ခေါ်ကြတယ်။ အဲဒီလိုခေါ်လို့ကတော့ အေးမောင်ဟာ ဘာကိုမှမမြင်ရတော့လောက်အောင်ကို စိတ်ဆိုးတာ။ အေးမောင်နဲ့ ငါးတန်းကတည်းက တွဲခဲ့တဲ့ မျိုးချစ်ဆိုတဲ့ကောင်က အေးမောင်လိုက်နေတဲ့ ကောင်မလေးကို အဲဒီကိစ္စကို ပြောပြလိုက်ပြီး အေးမောင်က 'ခွေးမောင်... လို့ခေါ်ရင် သိပ်ကြည်နူးတာ၊ သူ့ကိုလက်ထပ်မယ့်သူဟာ ခွေးကို ချစ်တတ်ရမယ်...' လို့ ဆုံးမလေ့ ရှိတာကိုး...။

အေးမောင်ငိုင်သွားပုံကိုကြည့်ပြီး ကျွန်တော် ဒီကောင့်ကို သောက်ညင်ကပ်လာတာ အမှန်ပဲ။ အဲဒီစိတ်အပြင် ဒေါသထွက်နေတာမျိုး စိတ်ကလေးလည်း ပါသေးတယ်။ ဘာကို ဒေါသထွက်နေတာလဲ... ဆိုတာတော့ ကိုယ့်ဘာသာကို မသဲကွဲဘူး ကိုယ့်ဆရာရေ... ဒါနဲ့ပဲ...။

"မင်းအိမ်မှာ မထားချင်ရင် ဘုန်းကြီးကျောင်းမှာ ခဏထားပါလား..."

ကျွန်တော့်စကားဆုံးတာနဲ့ ဒီကောင့်မျက်နှာက ဝင်းခနဲဖြစ်သွားတယ်။ စိတ်ဟာ အစိုးရဖို့ခက်တာ ဘာကြောင့်လဲဆိုရင် လျင်မြန်လွန်းလို့ ဆိုတဲ့အကြောင်းကို ဆရာတော်တစ်ပါး ဟောဖူးတယ်။ ဘယ်ဆရာတော်လည်းဆိုတာတော့ ကျွန်တော်လည်း ထုံးစံအတိုင်းပဲ မမှတ်မိတော့ဘူး။ အခု စိတ်ဆိုတာ ဘယ်လောက်လျင်မြန်သလဲ ဆိုတာကို အေးမောင်မျက်နှာက ပြနေတာ မတွေ့ဘူးလား။

ဒီဒုက္ခသည်တွေကို ဘုန်းကြီးကျောင်းမှာ ခဏထားပါလား... ဆိုတဲ့ ကျွန်တော့်စကားဆုံးတာနဲ့ စတုဘုံမှီက ဘုန်းကြီးကျောင်းက ကျော





ထိုင်ဆရာတော်ဟာ သူနဲ့ အမျိုးတော်တဲ့အတွက် ကြိုးစားရင် ရနိုင်တယ် ကျောင်းမှာ ဒီဒုက္ခသည်တွေက နေမယ်ဆိုရင် သူ့အိမ်နဲ့ နီးတာရယ်... အဲဒီအချက်ကိုတွေးတော့ သူ့စိတ်ထဲမှာ ကျေနပ်ပြီး ပျော်သွားမယ်။ အဲဒီ ပျော်တဲ့စိတ်ကလေးဟာ နှလုံးအိမ်ထဲကနေ မျက်နှာပေါ်ကို ဆန်တက်လာတော့ ဒီကောင့်မျက်နှာကြီးက ဝင်းပလာတာပေါ့...။ ဒါကို ကျွန်တော့် စကားဆုံးဆုံးခြင်းမှာ မြင်ရတာမို့ စိတ်က ဘယ်လောက်မြန်သလဲဆိုတာ သိသာတယ်။ မှန်လည်း မှန်တယ်လို့... ပြောချင်တာပါ။

"အေးကွာ... ဆရာတော့်ကို ငါလျှောက်ကြည့်ရင် ကောင်းမလား သိဘူး၊ ဆရာတော်ကလည်း ဒါမျိုး ကူညီတတ်တာပဲ..."

ဒီကောင် အလေးအနက်ထားပြီး စဉ်းစားနေတာကို တွေ့ရတော့ ကျွန်တော်ကျေနပ်သွားတယ်။ စိတ်ထဲက 'သောက်ရူး' လို့လည်း ခပ်ကျယ်ကျယ်အော်ပစ်လိုက်တယ်။ အဲဒီအချိန်မှာပဲ အိမ်ပေါ်ကို ခပ်သုတ်သုတ် တက်လာတဲ့ အမေ့ကို တွေ့လိုက်ရတယ်။ မျက်နှာကလည်း အံ့ဩလို့ပေါ့...။

"ဟဲ့... ရဲဝင်း ဒါတွေက ဘယ်လို..."

"ဟာ... အမေ ဟိုလေ... ဒါက ဟို... အိမ်မှားပြီး ရောက်လာတာ..."

"ဟယ်ရယ်... နင်... နင်... မိမြလေးမဟုတ်လား မိမြလေး... မြလေးရဲ့... ငါလေ... ငါ... ဟောဒီမယ် ဘွားရင်ပါဟဲ့... ဘွားရင်ပါ..."

"ဟင်... ဒေါ်လေးဘွားရင်..."

**"အား..."**

ကျွန်တော်အော်လိုက်တဲ့ ရင်ထဲကလာတဲ့ အသံနက်ကြီးကြောင့် အားလုံးလန့်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပေါ့ဗျာ...။ 'စိတ်' ပေါ့... စိတ်ဟာ ချုပ်ထိန်းရခက်အောင် ဘယ်လောက်လျင်မြန်သလဲဆိုတော့... အမေ့ကိုတွေ့လိုက်ရတော့ ကယ်တင်ရှင်တော့ တွေ့ပြီဆိုပြီး လှဲနေရာက အားရဝမ်းသာနဲ့ ထ,ထိုင်တယ်။ ခုနက ငါးသေတ္တာခွက်ထဲ ထည့်ထားခဲ့တဲ့ အဘွားကြီးရဲ့ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးက ဘယ်တုန်းက ကျွန်တော့်ပေါင်အောက်ကို ရောက်နေမှန်းမသိတော့ ပူလည်းပူ လန့်လည်း လန့်သွားတာကိုး။ ဘယ်လောက်ပူပြီး ဘယ်လောက်အလန့်တကြားအော်ရမယ် ဆိုတာကို နာရီ စက္ကန့်အတွင်း စိတ်ကတွက်ချက်ပြီး အော်ခိုင်းလိုက်တာပဲ ကိုယ့်ဆရာရေ...။

အဲဒီအော်သံဟာ ဆေးလိပ်မီးပူသံလည်းဖြစ်၊ သူတို့ဟာ ကျွန်တော့်အမျိုးတွေပါလားလို့ အထိတ်တလန့် လက်ခံသံလည်းဖြစ်ပါတယ်... ဆိုတာ ကျွန်တော် နားလည်လိုက်ရပါတယ်...။

❒





# ညှော်လမ်းညွှန်

မျက်စိကိုဖွင့်လိုက်တော့ ကျွန်တော် တော်တော်လေးကို အူကြောင်ကြောင်ဖြစ်သွားသေးတယ်။ 'ဟုတ်ရဲ့လား'လို့ ပတ်ဝန်းကျင်ကို ခံစားကြည့်တော့ ဟုတ်တယ်ဆိုတာ သေချာနေတယ်။ ကျွန်တော်ဟာ ကျွန်တော့်အိမ်မှာပဲ ရှိနေတာပါ။

ကျွန်တော့်အခန်းကလေးက မှောင်နေပေမယ့် အဲဒီအမှောင်ထုဟာ အားနည်းတဲ့ အမှောင်ထုပဲ ဆိုတာကို ကျွန်တော်သိနေတယ်ဗျာ။ ဒါနဲ့ ခေါင်းနံ့ဘေးမှာရှိတဲ့ စားပွဲတင်နာရီလေးရဲ့ မီးလုံးကလေးကို ဖွင့်ကြည့်တော့ ၄ နာရီ ၄၂ မိနစ်လောက် ရှိလိမ့်မယ်။

ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ဆန်းစစ်ကြည့်တော့ အာရုံက ထင်းထင်းပွင့်ကာသားပြီး အရာရာကိုရင်ဆိုင်ဖို့ လန်းဆန်းနေတယ်။ ခန္ဓာကိုယ်က ကြည်ကြည် ခွန်အားပြည့်နေတယ်။ ကျွန်တော့်စိတ်ထဲမှာရော ရုပ်မှာပါ အိပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



မငဘဲ နိုးလာတယ်ဆိုတဲ့ ခံစားမှု လုံးဝကို မရှိဘူးဆိုတာ သေချာပါတယ်ဗျာ...။

ကျွန်တော့်ကို အအိပ်မက်တဲ့ လူတစ်ယောက်လို့ ပြောလို့ မဖြစ်သလို စောစောထ သွားတိုက်အုပ်စုထဲမှာလည်း ထည့်လို့ မရပြန်ဘူးဗျာ။ ဒါပေမဲ့ အခုလို အကြောင်းတစ်စုံတစ်ရာမရှိဘဲ အစောကြီးလန့်ဆန့်းတဲ့ စိတ်ဖြစ်စဉ်ကြီးနဲ့ နိုးနေတာမျိုးကိုလည်း တစ်ခါမှ ကျွန်တော်မကြုံခဲ့ဖူးတာ အမှန်ပဲ ကိုယ့်ဆရာရေ...။

အဲဒီလို တွေးနေတုန်းမှာပဲ ကျွန်တော်နိုးနေတဲ့ အိမ်ကလေးထဲမှာ နူးညံ့တဲ့လှုပ်ရှားမှုတစ်စုံတစ်ရာ ရှိနေတယ်လို့ ကျွန်တော့်မသိစိတ်ထဲမှာ ခံစားလိုက်ရတာပဲ။ ဒါနဲ့ ဒီခံစားမှုဟာ အရေးကြီးတယ်... လို့ ဆုံးဖြတ်လိုက်တာနဲ့ တစ်ပြိုင်နက်ထဲမှာပဲ ကျွန်တော်ဟာ အသက်ရှူကိုတောင် ရပ်ပြီး အာရုံကို စိတ်ကို အရှုခံပေါ်မှာ တင်ထားလိုက်တယ်။ ငြိမ်ငြိမ်ကလေးနားထောင်တယ် ဆိုပါတော့ဗျာ...။

ဒီတော့ ဟုတ်တယ် နူးနူးညံ့ညံ့လှုပ်ရှားမှု တစ်ခုခုမျိုးဆိုရင် ဘာမှ မဟုတ်ဘဲနဲ့ လှုပ်ရှားနေတာတော့ မဟုတ်ဘူး။ အဲဒီလှုပ်ရှားမှုမှာ အသံမထွက်ရအောင် ထိန်းနေတာလည်း ပါတယ်။ ဘယ်သူကများ အာရုဏ်တက်ကာစအချိန် အမှောင်ဖျော့စ အလင်းမကျသေးတဲ့အချိန်မှာ ကျွန်တော်တို့အိမ်ထဲမှာ လှုပ်ရှားဖို့ ကြိုးစားနေတာလဲ။

အိပ်ချင်မူးတူးစိတ်နဲ့ မရှင်းမလင်းဖြစ်နေတဲ့ ကျွန်တော့်စိတ်ကို ထက်မြက်တဲ့အာရုံရှိတဲ့ စိတ်ဖြစ်အောင် အတင်းပြောင်းနေတုန်းမှာပဲ နူးညံ့တဲ့လှုပ်ရှားမှုရှိတဲ့နေရာကနေ အသံတစ်ခု ဖွဖွကလေး ထွက်လာပါတယ်။

"မီးသွေးရှိတာပဲ မီးပဲမွှေးလိုက်မယ်..."





"........."

"လျှပ်စစ်မီးဖို ကိုင်ရဲဘူးလို့ ပြောပကော..."

ဒီတော့မှပဲ ကျွန်တော့်စိတ်ဟာ အလင်းတစ်ခုရသလိုဖြစ်ပြီး ရှင်းသွားတယ်။ ကျွန်ုပ်တို့၏ မဟာဧည့်သည်တော်ကြီးက စောစောထပြီး အိမ်အလုပ်လုပ်နေတာပါကလား...။ ကျွန်တော်တို့အိမ်မှာက မနက်စောစောထပြီး အလုပ်လုပ်တဲ့သူမျိုးမှ ရှိမှ မရှိတာ...။ အစောဆုံး ကျွန်တော်တို့ ထကြတာ ၇ နာရီခွဲမှပါ။ ဒါက ရုံးတက်ရတဲ့နေ့ကို ပြောတာ။ ရုံးပိတ်ရက်တွေဆို ကိုးနာရီဝန်းကျင်မှကို ထကြတာ။

တောကလူတွေ စောစောထတတ်ကြတယ်လို့ ပြောတာ မှန်တာပဲ။ ၅ နာရီထိုးဖို့ ၁၅ မိနစ်လောက်လိုသေးတာ ဆိုတော့ ကျွန်တော်တို့ အိပ်ရာထဖို့ အချိန်ဟာ အဝေးကြီးလိုသေးတာ။ လူရှိနေတာ သေချာသွားတော့မှ နူးညံ့တဲ့အသံဟာ ပိုပြီးထင်ရှားသွားတယ်။

ကျွန်တော်ကတော့ အိပ်ရာထဲကနေ ထ,ဖို့ မကြိုးစားပါဘူး...။ အိပ်ရာက နိုးပြီးတော့ အာရုဏ်တက်မှာ ပြန်မှေးရတဲ့ ဇိမ်ဟာ ဇိမ်တကာ့ ဇိမ်မှာ ဘုရင်ပေါ့...။ ဇိမ်မလိုင်ခံပေါ့ဗျာ...။ ဒီတော့ မထ,ဘဲ ဇိမ်နှပ်ကြီးလှပ်ရင်းကပဲ သူတို့အကြောင်းကို တွေးနေလိုက်တယ်။

သူတို့က အိမ်မှားလာကြတာ မဟုတ်ဘူးတဲ့ဗျာ...။ ကျွန်တော်တို့အိမ်ကိုပဲ လာတာပါ။ သူတို့မေးတဲ့ မိမြလေးဆိုတာ အမေ့နာမည် ဖြစ်နေတာကိုး...။ အမေ့နာမည်က မမြကြည်ဆိုတော့ သူတို့ရွာက လေ့အတိုင်း ငယ်တုန်းမှာ မိမြလို့ခေါ်တယ်တဲ့...။ အပျိုရွယ်ရောက်လာတော့ မိန်းကလေးဆိုရင် 'လေး' ဆိုတဲ့ စကားတစ်လုံး ဖြည့်သတဲ့...။ အဲဒီတော့ 'မိမြလေး' ဖြစ်လာတာပေါ့လေ။ သူတို့ရွာမှာ 'မိခင်လေး'တို့... 'မိတင့်လေး'တို့... 'မိဝင်းလေး'တို့ ရှိကြတယ်ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော်တို့အိမ်ကိုပါလာတဲ့ 'ထုတ်ချင်းခတ်' ဆိုရင် သူ့နာမည်အရင်းက 'မအုန်းကြည်'တဲ့...။ ဒီတော့ ကလေးဘဝမှာ 'အုန်းလေး' ဆိုခေါ်ရာ...။ အဲဒါကို 'အုန်းလေး... အုန်းလေး...' ခေါ်ကြရင်းက လေသံလျှော့ပြီး 'အိုလေး' လို့ ဖြစ်သွားရောတဲ့...။ အဲ... အဲဒီ 'အိုလေး'က အပျိုဖြစ်တော့ 'မိအိုလေး' ပေါ့။ ဒါပေမဲ့ သူ့ကိုတော့ တစ်ရွာလုံးက နှုတ်ကျိုးတဲ့ အိုလေး... လို့ပဲ ခြွင်းချက်နဲ့ ခေါ်ကြသတဲ့...။ ဘွားမယ်က မြို့သူ ကျွန်တော့်အမေ မမြကြည်ကို ရွာလေ့နာမည်နဲ့ခေါ်တော့ လိပ်စာက မှန် ပြီး လူနာမည်က မှားနေတာပါ။

အိမ်သားတွေစုံလို့ သူတို့ရောက်လာကြတဲ့ အဖြစ်ကို ပြောပြတော့ အမေ့မှာ အံ့ကိုသြလို့...။ တောင်းပန်သင့်တာလည်း တောင်းပန်ပေါ့လေ...။ ပြီးတော့ ညနေစာ ထမင်းအိုးပဲ တည်ရသေးတဲ့အတွက် အမေက တစ်ခုခုကို ဝယ်စားဖို့ ကျွန်တော့်ကို တိုင်ပင်တယ်။

"အမေက တို့ချည်းပဲဆိုပြီး ငါးပုဏ္ဏားလေးတွေကို ဆယ့်ငါးကျပ်သားပဲ ဝယ်လာတာ၊ ဘယ်လောက်ပါ့မလဲ... အခုမှ ဈေးပြန်သွားနေလည်း မီတော့မှမဟုတ်ဘူး ဒီတော့ 'ဓာနည်'ကသာ တစ်ခုခု ဝယ်ကျွေးလိုက်တော့..."

ကျွန်တော်တို့ဘက်က တိုးတိုးတိတ်တိတ်တွေပြီးတဲ့အချိန်မှာ သူတို့ဘက်ကလည်း ချက်ရေးပြုတ်တာ အစီအစဉ်တွေပြီးပါပြီ။ အမေဝယ်လာတဲ့ ငါးပုဏ္ဏားကို ဘွားမယ်က ချက်ပေးပြီး နောက်တစ်နေ့စာ ခွဲထားလိုက်ပြီ သူ့ငါးခြောက်ကလည်း ကြော်ပြီးသွားပြီ။ အမေလည်း ရေမိုးချိုးပြီးလို့ အဖေကြည့်နေတဲ့ နိုင်ငံတကာသတင်းရှေ့ ခဏထိုင်နေတုန်းမှာပဲ ဘွားမယ်က သူ့စကားကို စ,တယ်...။





"မောင်လှဘော်ကြီး မြင်နိုင်ရင်တော့ ဝမ်းသာရှာမှာပဲ ဆေးရော်... မောင်သကျတော့လည်း ခပ်ထုံထုံရယ်မို့ သူ့မှာ စိတ်က မချနိုင် အဲဒီတုန်းက အိုလေးကလည်း ၂ နှစ်ကျော်ဆိုတော့ နောက်ဆံတင်းချင်လည်း တင်းပေမပေါ့အေ... အင်း... ခုလို အိုလေး 'ထုတ်ချင်းခတ်' သာ သိရလို့ကတော့ ရွာထဲက ကာလသားအကုန်ခေါ် ထန်းတောမှာ [(ထတောမှာ) ဟု အသံထွက်သည်] ပျော်လိုက်မယ့်ကောင်ကြီး... အရက်ကြောင့်သာ သေတယ်... အရက်ကြောင့်သာ ဘယ်သူ့ကိုမှ မတော်မတရားလုပ်မသွားတဲ့ကောင်ကြီး... နင့်သမီးရယ် တာဝန်ကျေပြီဟဲ့... လှဘော်ရဲ့... ဟင်... လှဘော်ရဲ့..."

ခြေဆင်းမပါ ရှိုက်သံမပစ်ဘဲ တမ်းဟစ်ချလိုက်တာဗျာ... ကိုင်း... ကြည့်ကြဦးဗျာ...။ ဘွားမယ်က ကုန်းငိုတော့ ကိုသက ကြောင်တောင်တောင် မျက်လုံးခွဲနှစ်ယောက်က ငူတူငေါင်တောင်... အိုလေးကတော့ ဘွားမယ် ဘော်စ,ကြီးကို စုံဆုပ်ထားရင်း ကုန်းကုန်းကြီး ငိုရှာတာပဲ ကိုယ့်ဆရာရေ...။

ကျုပ်တို့လည်း ဘာလုပ်ရမယ်မှန်း မသိဘူးပေါ့ဗျာ...။ အဲဒီလို သတဲ့လူကို တ,ပြီးငိုတဲ့ပွဲမျိုး ကျွန်တော် သုံးလေးခါလောက် ကြုံဖူးပါ ယ်။ အဲဒီနေရာမှာ မိန်းကလေးတွေကပဲ ဒီလိုတ,ပြီး ထငိုလေ့ငိုထရှိ ပြီး စိတ်ဖြေစကားကိုလည်း မိန်းကလေးတွေကပဲ ပြောလေ့ရှိတယ်။ တော့ သူတို့ပြောတာလည်း အဆင်ပြေဆုံးဖြစ်လေ့ရှိတယ် ဆိုတာကို နော်သတိထားမိတယ်။

ယောကျ်ားတွေဝင်ပြောရင် ဟိုက ထပြီး ငိုချတာနဲ့ ဘာမှမဆိုင်တဲ့ တွေ ထွက်လာတတ်ရော...။ အခုလည်း ဘွားမယ်က ငိုချင်းချတာကို တော့်မားသားကြီးက ဝင်ဖြေပေးပါတယ်။ ဒါပေမဲ့ ဒီတစ်ခါတော့



www.burmeseclassic.com

www.burmeseclassic.com



အမေရော့်တယ်ဗျာ...။ မားသားကြီးပြောတာကိုလည်း ကြည့်ဦး...

"အို... တရားနဲ့ဖြေပေါ့ ဘွားမယ်ရယ်... လူဆိုတာ သေမျိုးချည်းပဲ ဟာ... ဘွားမယ်လည်း တစ်နေ့သေမှာပဲ၊ ကိုယ်မသေခင် သူဖြစ်ချင်တာ လုပ်ပေးပြီးပြီပဲ... ဘွားမယ်သေမယ်ဆိုလည်း သေပျော်ပြီပဲ... မဟုတ်ဘူး လား..."

ကိုင်း... ကိုယ့်ဆရာပဲ ခံစားကြည့်တော့ဗျာ...။ အမေ့အားပေး စကားလည်းဆုံးရော ဘွားမယ်ခမျာ မျက်လုံးကြီးပြူးပြီး ငိုချင်းချကြီး ရယ် သွားရော...။ ဒီတော့မှ အမေက အားရဝမ်းသာနဲ့...

"ဘွားမယ်က တရားလက်ကိုင်ရှိပါတယ်၊ သေမယ်ဆိုလည်း သေ ပျော်ပါပြီ... ကျွန်မတို့ဘာသာမှ မရှိသေးတာ ဘွားမယ်ရေ... ဩော်... ဒါနဲ့... ဒီကလေးမလေးက ၁၀ တန်းကို ဟိုလေ... ဘာတဲ့... ဟဲ့... ဘာ... ရဲဝင်း..."

အမေက သူ့ဘာသာ ဘာစကားပြောလို့ ပြောမှန်းလည်း မသိ။ ဘွားမယ်ကို စွတ်သေခိုင်းနေတာလည်း ရပ်ဖို့ကောင်းပြီ...။ ခုလည်း ပြော ရင်းနဲ့ သူပြောမှာ သူမေ့သွားတော့ ကျွန်တော့်လာမေးတယ်။ ကဲ... ကြည့် သူပြောချင်တာ ကျွန်တော့်လာမေးတော့ ဘာပြောတတ်မှာတဲ့တုန်း...။

"ဟိုဟာလေဟာ... ခုနကပဲ ဘွားမယ်ပြောတာ၊ ဘာတဲ့ ၁၀ တန်း အောင်တာကို ပြောတာလေ၊ ဟိုဟာ မြားပစ်တာ... လေ... မြား... မြား..."

အမေက အရေးတကြီးမြားပစ်တာကို လုပ်ပြတယ်။ ရုတ်တရက် ဆိုတော့ ကျွန်တော်လည်းကြောင်ပြီး အမေလုပ်ပြတာကိုပဲ ငေးနေမိတာ တကယ်လည်း အမေ ဘာကိုပြောနေတယ်ဆိုတာ ကျွန်တော်မသိပါဘူး။





"ကျွတ်... ဟိုလေဟာ... ဒီလို... ဒီလိုပစ်တာ... အဲ... ဒါ... အဲဒါ..."

အမေက လက်ကို မြားပစ်သလို ထပ်လုပ်ပြတာလည်း ကျွန်တော် သဘောမပေါက်ဘူး။ အဲဒီမှာ အခက်တွေ့တော့တာပဲ။ အဲဒါမျိုးကို လူ ဆတ်တော်များများကြုံဖူးမှာပါ။ ကိုယ်မေ့နေတဲ့ စကားက၊ ပစ္စည်းက ကိုယ်ပြောမယ့်စကားထဲမှာ အရေးတကြီးဖြစ်နေရင် အဆိုးဆုံးလို့သာ မှတ် ဆတော့။ အခုလည်း အမေ အဲဒါကို မေ့နေတာ...။

အဲဒီမှာ ကျွန်တော်တို့ အိုက်တင်ပြပွဲကြီးဟာ တိတ်ဆိတ်သွားတယ်။ လူတွေအားလုံး ဘာလုပ်ရမယ်ဆိုတာ မသိတော့သလောက်ပါပဲ။ ကျွန်တော် ဆို အားနာနေမိတယ်။ ဘယ်သူ့ကို အားနာရကောင်းမှန်းလည်း မသိဘူး။ အဲဒီလိုကို ဖြစ်နေတာ...။

"ဟိုဟာလေဟာ... ထုတ်... ထုတ်ချင်းခတ်..."

"ဟာ... ဟုတ်တယ် ထုတ်ချင်းခတ်..."

"အေး... ငါ့တူမက အဲဒီလိုအောင်လာတာပေါ့၊ ရဲဝင်း နင်ကလေ အသုံးကိုမကျဘူး၊ ဒါလေးတောင် သတိမရတော့ဘူး အလကားပဲ..."

"ကျွန်တော့်ကို လာမမဲနဲ့လေ၊ ၁၀ တန်းအောင်တာနဲ့ မြားပစ်တာ ဘယ်လိုလုပ်မေ့မှာလဲ၊ ဒါပေမဲ့ အဲဒီနှစ်ခုက တွဲပြောလာတော့ ကြောင်ပြီး ဘာပြောရမယ်မှန်း မသိလို့..."

"နင်ကိုက တုံးလွန်းတာပါ..."

ကျွန်တော်နဲ့ အမေ တိုးတိုးတိတ်တိတ် စကားဆက်များနေမိကြ တယ်။ အဲဒီတော့ သေသွားတဲ့ သူ့အဖေကို ငိုချင်းချပြီး မြေးအလှ 'ထုတ် ချင်းခတ်'တာကို ကြွားမယ့် ဘွားမယ်လည်း မားသားကြီးက အပ်အပြင်



www.burmeseclassic.com

www.burmeseclassic.com



သခိုင်းလိုက်တာနဲ့ မျက်လုံးကြီးပြူးပြီး ဘာဆက်ပြောရမယ်မှန်း မသိဖြစ်နေပုံပါပဲ။ အငိုတန်းလန်းကြီးကို အတင်းလိုက်သိမ်းနေရတယ်။

အဲဒီမှာ ဒုက္ခအရောက်ဆုံးကတော့ 'အဖေ' အကြောင်းပြောလို့ အဘွားနဲ့ရောငိုပြီးမှ စကားတွေက လမ်းတစ်ဝက်မှာ ရပ်ကုန်တော့ ဘာဆက်လုပ်ရမယ်မှန်း မသိတော့ဘဲ ကြောင်တက်တက်နဲ့ မျက်နှာပျက်နေတဲ့ ကျွန်တော်တို့ရဲ့ 'ထုတ်ချင်းခတ်' လေးပါပဲ။

သူ့ပုံစံကိုကြည့်ပြီး ကျွန်တော်ရယ်ချင်သွားတယ်။ ရယ်မယ် စိတ်ကူးပြီးမှ ဘာကြောင့်မှန်းမသိဘူး... သနားသွားပြန်ရော... ဒီတော့ ကျွန်တော် ဒီနေရာကနေလစ်ဖို့ ပြင်ရတယ်။

"အမေ ဟင်းဝယ်မယ်ဆို..."

"အေး ဟုတ်သားပဲ... ခေါက်ဆွဲကြော်ပဲဝယ်ရင် ကောင်းမလား"

"တစ်မျိုးတည်းတော့ မလုပ်ပါနဲ့ပေါ့ အမေရ၊ ကုန်းဘောင်ကြီးကြော်တို့ ဘာတို့နဲ့ ရောမှ ကောင်းမယ်၊ ဒါချည်းပဲဆို ဘာလုပ်မှာလဲ..."

"အေးအေး... နင် အဆင်ပြေသလို ကြည့်လုပ်လိုက်ဟာ၊ ဘွားမယ်တို့လည်း ဆာရောပေါ့... သွားဝယ်တော့၊ ဟဲ့... ဓာနည်ကပဲ ဝယ်နော်..."

ကျွန်တော် မားသားကြီးဆီက ပိုက်ဆံယူပြီး လစ်မယ်လုပ်တုန်းမှာ ကျွန်တော့်နောက်ကျောကို အတို့ခံရလို့ လှည့်ကြည့်တော့ ကျွန်တော့်ကို ခပ်ရှိုးရှိုးပဲပြုံးပြီး ကြည့်နေတဲ့ ကိုသကို တွေ့ရော...။ ခပ်ရိုင်းရိုင်းတိုးထွက်နေတဲ့ ဆံပင်တွေရယ်... နေလောင်ထားလို့ ကြေးဝါရောင်ထနေတဲ့ အသားအရည်ရယ် ပြုံးလိုက်ရင် ကွမ်းချိုးကပ်နေတဲ့ သွားတွေရယ်နဲ့ အပြုံးဟာ ခပ်ရှိုးရှိုးအပြုံးပဲပေါ့...။

"တူကြီး ငါလည်း လိုက်ခဲ့မယ်ကွာ..."





ကျွန်တော် တစ်ချက်စဉ်းစားပြီး ငြင်းဖို့ စကားလုံး ရှာမတွေ့တာနဲ့ လိုက်ဖို့ သဘောတူလိုက်ရတယ်ဗျာ။ ပြီးတော့ လမ်းလျှောက်သွားရင်း သူ့ကို သိချင်တာလေးတွေ မေးမယ်လို့ စိတ်ကူးမိကတော့ သူလိုက်မှာကို အနှောင့်အယှက်လို့ သဘောမထားမိတော့ဘူး။ လူ့စိတ်ဆိုတာကလည်း တစ်ခါတလေ တစ်မျိုးပဲ ကိုယ့်ဆရာရေ...။

အိမ်ကနေထွက်လာတော့ အချိန်က မှောင်ရီရီရယ်...။ ကျွန်တော်က ပထမ စက်ဘီးနဲ့သွားမလို့ပါ။ နှစ်ယောက်ဖြစ်သွားတော့ ဘာကြောင့်မှန်း မသိဘူး စက်ဘီးယူချင်တဲ့ စိတ်မရှိတော့တာနဲ့ မယူတော့တာ။

ကိုသက အိမ်အပြင်ဘက်ကိုရောက်တာနဲ့ သူ့သွားပုံလာပုံက ပိုပြီး သွက်လက်လာနေတယ်။ သူ့ခေါင်းဆလည်း ဘယ်ပြီးရင် ညာ၊ ညာပြီးရင် ဘယ်နဲ့ အဆက်ပြတ်တယ်ရယ်ကို မရှိဘူး။ ပြီးတော့... ထူးခြားတာက အပြုံး... ကိုယ့်ဆရာရေ အပြုံးခင်ဗျ...။

ကိုသပြုံးနေတာ ဘာများထူးခြားတာ ပါလို့လဲလို့ မေးရင် မထူးခြားဘူးလို့ပဲ ဖြေရမှာပါ။ ဘာကိုမှမဟုတ်ဘဲ အလကားနေရင်း ပြုံးနေတာက ထူးဆန်းတာ။ ကိုသပုံစံက တလောကလုံးက သူ့ကို နှုတ်ခတ်ထားပြီး သူက အခုမှ တလောကလုံးကို ပြန်ပြီး လိုက်ပြုံးပြသလို ပုံစံမျိုး ဖြစ်နေတာ။

သူပြုံးပြီး လမ်းလျှောက်တဲ့ပုံစံကိုက ရယ်ရဟာ။ မသိတဲ့လူတစ်ယောက်သာ သူနဲ့ မျက်နှာချင်းဆိုင်က လာနေပြီး သူ့မျက်နှာကို မြင်နိုင်သဲကွဲနိုင်လောက်တဲ့နေရာက သူ့ကို လှမ်းကြည့်လိုက်ရင် ကိုယ့်ကို လှမ်းနှုတ်ဆက်တယ်လို့ထင်ပြီး ပြန်လာနှုတ်ဆက် ဘာညာနဲ့ တော်တော်ကို ဒုက္ခရောက်ဖို့ များပါတယ်။ သူ့မျက်နှာပေါ်က အပြုံးကို မြင်လိုက်ရရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပြန်ပြီးမနှုတ်ဆက်ဖြစ်တာ ကျွန်တော်တစ်ယောက်ပဲ ရှိလိမ့်မယ် ထင်တယ်။ အင်း… ကျွန်တော်တစ်ယောက်တည်းတော့ ဟုတ်ဟန်မတူဘူး။ အင်းလေ တခြားလူတွေ ရှိသေးတယ်ဆိုရင်လည်း ကျွန်တော့်အတွက်က အရေးမကြီးလှပါဘူး…။

အခုပဲ မျက်နှာချင်းဆိုင်ကနေ လျှောက်လာတဲ့ လူနှစ်ယောက်က ကိုသကို တစ်ချက်လှမ်းကြည့်ပြီး တုံ့ခနဲတစ်ချက်ရပ်သွားတယ်။ သူတို့ မျက်နှာပေါ်မှာလည်း ကိုသကို ပြန်ပြုံးပြသလို ဘာလိုလို ဇဝေဇဝါနဲ့… ဒါပေမဲ့ ရပ်နေကြတာမဟုတ်ဘဲ လမ်းလျှောက်နေကြတာမို့ ကိုယ့်ကို ပြုံးပြ နှုတ်ဆက်ပြနေတာလား…။ သူက ငါ့ရဲ့အသိ ဟုတ်ရဲ့လား… ပြန်နှုတ်ဆက်လိုက်ရမလား… စတဲ့ မေးခွန်းမျိုးတွေနဲ့ ဆုံးဖြတ်ချက်ကို တိတိကျကျ မချရသေးခင်မှာ တစ်ယောက်နဲ့ တစ်ယောက်ကကျော်ဖြတ်ပြီးသား ဖြစ်သွားရော…။

အဲဒီတော့ ကိုသက ဘယ်သူ့ကိုမှ ပြုံးပြတာမဟုတ်တော့ ခပ်အေးအေးပဲလျှောက်ပါတယ်။ အုပ်စုနှစ်စု ကျော်ဖြတ်ပြီးတာနဲ့ ဟိုဘက်က နှုတ်ဆက်ခံရသလို ဇဝေဇဝါဖြစ်နေတဲ့ လူတွေက နောက်ပြန်ကြည့်မယ်။ ကျွန်တော်ကလည်း 'ဒီငတိတွေ… သိသွားသလား' ဆိုတာကို သိချင်လို့ အမြဲနောက်လှန်ကြည့်ရတယ်။

အဲဒါတွေက ဒီနေ့ စသိတာမဟုတ်ပါဘူး။

ကိုသနဲ့ ကျွန်တော် တစ်လျှောက်လုံးနေခဲ့ ခင်ခဲ့တဲ့ထဲက ထုတ်နုတ်ပြီး ပြောပြတာပါ။ ဒီနေ့အတွက်ကတော့ ကျွန်တော်ဟာ အားလုံးကို ပြုံးပြနေတဲ့ ကိုသကို လိုအပ်တာလေးတွေမေးဖို့ ဓာနည်စားတော်ဆက်သွားတဲ့ လမ်းမှာ ခေါ်လာခဲ့တယ်။





"ကိုသတို့က ဒီမှာ ဘယ်နှစ်ရက်လောက် ကြာဦးမှာလဲ…"

"တို့ကတော့ မျက်စိခွဲပြီးရင် ပြန်မလေကွာ…"

"အင်း… တို့ကတော့ ဆိုတော့ ဘယ်သူက ကျန်ဦးမှာလဲ…"

"ဘွားမယ်တို့ကျန်မယ် ထင်တာပဲ… မျက်စိအုပ်စုကိုတော့ ငါက ဦးဆောင်ပြီး ပြန်ရမှာလို့ ပြောတာပဲ…"

"ဟင်… ဒါဆိုရင် ကျန်တဲ့လူတွေကရော နေခဲ့မှာလား…"

"အေး… ထင်တာပဲ တူကြီးရာ… ဘွားမယ်ကတော့ မပြီးခင် ဗမာ မမြင်စေနဲ့တဲ့၊ ဘုရားပေးပေး ကျမ်းပေးပေးပါ ငါကလည်း ချောင်းမကြည့် မိပါဘူး…"

အလဲ့… တယ်ဟုတ်ပါလားလို့ ကျွန်တော်တွေးမိသွားတယ်၊ ကိုသက စကားပုံကို မော်ဒန်အတွေးနဲ့ ပုံဖော်သွားတာပါလား…။ မပြီးခင် ဗမာ မမြင်စေနဲ့ ဆိုတဲ့ စကားပုံကို 'ငါလည်း တစ်ခါမှ ချောင်းမကြည့်မိပါဘူး' ကျွန်တော် ဆက်မတွေးမိဘူး…။ ကိုသကတော့ ကာရန်မဲ့တွေ၊ မော်ဒန်တွေ၊ ပို့စ်မော်ဒန်တွေ သိပုံမရဘူး ဆိုတာ တစ်သန်းကြေး လောင်းရဲတယ်ဗျာ…။ သူရသွားတာက 'ရိုးသားမှုအနုပညာပါ'။ ရိုးရိုးကလေးတွေးတာက တစ်ခါ ဘာလေ သိပ်လှသွားတတ်တယ် မဟုတ်လား…။

"ငါ့တူကြီး 'ဓာနည်' ဆိုတာ ဘယ်မှာလဲကွ…"

ကိုသက ဟိုကြည့် ဒီကြည့်နဲ့ ကြည့်ရင်း မေးပါတယ်။ သူ့စိတ်ထဲမှာ 'ဓာနည်' ဆိုတဲ့ ဆိုင်ကို တော်တော်အလေးအနက်ထားနေပုံ ရပါတယ်။ ကျွန်တော်က လေးထောင့်ကန်လမ်းမကြီးဘက်ကို ထွက်လာပြီး တိုက်အိမ်ပုကလေးထဲကို ဝင်လိုက်တော့ သူ တော်တော်အံ့ဩသွားပုံရတယ်။ ကျွန်တော်ဝင်လိုက်တဲ့ တိုက်အိမ်ပုကလေးထဲမှာက စားပွဲတွေကလည်း ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ထွေခင်းကျင်းထားပြီး တိတ်တိတ်ဆိတ်ဆိတ်ပဲ ဝိုင်းသုံးလေးဝိုင်းလောက် နေတာကိုး...။ ဒါ ဇာနည်ရဲ့အထာပါပဲ... စားသောက်ဆိုင်ဆိုပြီး စားပွဲထိုးတွေက အော်ဟစ်ပြေးလွှား... ညှော်နံ့တွေနံနေ ဝယ်တဲ့လူတွေက ဆူညံစားတဲ့သူတွေက အော်ဟစ်နေတဲ့ စားသောက်ဆိုင်မျိုးမှ မဟုတ်တာ...။ ဒီလို တိတ်တိတ်ငြိမ်ငြိမ်ကလေး ရှိနေတာကိုက ဘိုဆန်နေပြီး တော်ရုံတန်ရုံလူဆို မဝင်ရဲတာပေါ့။

ဇာနည်စားသောက်ဆိုင်ရဲ့ ရောင်းဈေးက တခြားဆိုင်တွေနဲ့ အချို့စားစရာတွေမှာ အတူတူပါပဲ။ ဘီယာ၊ အရက်နဲ့ ကုန်းဘောင်ကြီး၊ အစိမ်းကြော်၊ အသားလုံး၊ ချိုချဉ်၊ ငါးခေါင်းဟင်းချို၊ ယိုးဒယားဟင်းချို၊ ၁၂ မျိုးဟင်းချို... စသည်ဖြင့်ပေါ့လေ...။ ပြီးတော့ ကိုယ့်ဆရာတွေက ဆိုင်းဘုတ်မှာ အထူးအဆန်းတစ်ခုလုပ်ထားတာ ရှိတယ်။ ခေါက်ဆွဲကြော်လို့ ရေးထားပြီး အဲဒီအောက်မှာ ခေါက်ဆွဲကြော်ပဲ ထပ်ရေးထားတယ်။ ဒါပေမဲ့ သူက နံဘေးနားနားမှာ ကွင်းစကွင်းပိတ်နဲ့ တိုးတိုးလို့ ရေးထားတာပါပဲ။ ကိုယ့်လူမျက်စိထဲမြင်အောင် ရေးပြရရင်တော့...

ခေါက်ဆွဲကြော်

ခေါက်ဆွဲကြော် (တိုးတိုး)... အဲဒါပဲဗျာ...။

ကျွန်တော်လည်း အဲဒီဆိုင်းဘုတ်ကို အခုမှ ဖတ်ဖူးတာပါ။ အရင်ဘုန်းကလည်း အဲဒီလိုထွင်ရေးထားတာ မရှိဘူးနဲ့ တူပါတယ်။ ကြာဇံကြော်အောက်မှာလည်း ကြာဇံကြော် (တိုးတိုး) ပေါ့လေ...။ အမှန်တော့ ဒါဟာ ခေါက်ဆွဲကြော်ပါပဲ။ ရိုးရိုးခေါက်ဆွဲကြော်နဲ့ နည်းနည်းတော့ ကွဲမယ်ပေါ့လေ...။ အသားများချင် များမယ်... ရိုးရိုးခေါက်ဆွဲကြော်မှာ မပါတဲ့ အသီးအရွက် နှစ်မျိုးသုံးမျိုးနဲ့ ငုံးဥတွေ ဘာတွေ ပါချင်ပါမယ်။ ဥပမာ





ရိုးရိုးအစိမ်းကြော်မှာ ငုံးဥထည့်မပေးဘဲ ရှယ်အစိမ်းကြော်ကျမှ ငုံးဥထည့်ပေးတာမျိုးပေါ့လေ...။ သေချာတာ ဘာစ်ခုကတော့ ဝယ်သူရဲ့စိတ်ကို အပြောင်းအလဲလေးဖြစ်အောင်လုပ်ပြီး ပိုက်ဆံပိုတောင်းမယ့် အကွက်ဆိုတာကို ကျွန်တော်တို့က သိပါတယ်။

"အင်း... ခေါက်ဆွဲကြော်ရှယ်... ပြီးတော့... ဟို... အင်း... ကုန်းဘောင်ကြီးကြော်... ပြီးတော့ အစိမ်းကြော်..."

"ဟာ... အစိမ်းကြော်အစား ပြည်လုံးချမ်းသာ စားပါလား ဆရာ... ပြည်လုံးချမ်းသာက အသားပိုတာပေါ့... ရှယ်လုပ်ပေးမယ် ဆရာ..."

'ဆရာ' လို့ စားပွဲထိုးကလေးက ရိုရိုသေသေနဲ့ ကိုသ,ကိုပြောတော့ ကိုသ, ခေါင်းကြီးတညိတ်ညိတ်နဲ့ သဘောကိုကျလို့...။ ဒါပေမဲ့ ဆုံးဖြတ်ချက်ကိုတော့ ကိုသက မပေးပါဘူး။ ကျွန်တော့်ကို မျက်လုံးကြီးပြူးပြီး လှမ်းကြည့်တယ်။ ဒါပါပဲ...။

"အေး... ဒါဆိုလည်း လုပ်ကွာ၊ အသားလတ်လတ်ထည့်နော်..."

"ဟာ... စိတ်ချပါ ဆရာ၊ အဲဒါ စိတ်ချပါ..."

ဦးသုံးလေးခါညွှတ်ပြီး ထွက်သွားတော့မယ့် စားပွဲထိုးကို ကိုသက တမန်းကတန်းလှမ်းခေါ်တယ်။

"ဟေ့... ဟေ့လူ... ဟေ့လူ... နေဦးဗျ... နေဦး... နေဦး..."

အသံခပ်ကျယ်ကျယ်နဲ့ အလန့်တကြားခေါ်တာမို့ ကျွန်တော်တောင်မှ နည်းနည်းလန့်သွားတယ်။

ကိုသ,က ကျွန်တော့်ကို မျက်စိပျက် မျက်နှာပျက်နဲ့ လှမ်းကြည့်ပြီး စားပွဲထိုးကလေးကို အနားကပ်ပြီး ရိုရိုသေသေ အားနာနေတဲ့မျက်နှာနဲ့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့ကွာ… ကန်တော့… မင်းထွက်သွားပြီ ထင်ပြီး လှမ်းအော်မိတာ ကန်တော့ပါ…"

"ရပါတယ်… ဆရာ ဘာမှာဦးမလို့လဲ…"

ယဉ်ယဉ်ကျေးကျေးပဲပြန်မေးတဲ့ စားပွဲထိုးကလေးကြောင့် ကိုသ မျက်နှာ တစ်ချက်ပြောင်းသွားပြီး သူ့အိတ်ကိုနှိုက်ရင်းက…

"ကန်တော့ကွာ ငါ့လူရာ… ခေါက်ဆွဲကြော်ပါ… ခေါက်ဆွဲကြော်ကို ဟိုလေ… တိုးတိုးပဲ လုပ်ပါကွာ၊ ခေါက်ဆွဲကြော်တိုးတိုးနော်…"

"ဩော်… ok… အိုကေ ရတယ်…"

"နေဦးလေကွာ… အဲဒီတိုးတိုးက ဘယ်လောက်ပိုကျ…"

"ဟာ… ရပါတယ် ပြီးတော့မှ ပေးလေ… ဆရာရဲ့… ရပါတယ်"

စားပွဲထိုးကလေးထွက်သွားတော့ ကိုသ ခေါင်းကိုကုတ်ပြီး ကျန်ခဲ့တယ်။ သူက ခေါက်ဆွဲကြော်တိုးတိုးဆိုတာ ရေခွင်လို့ နားလည်ထားတော့ မဆိုးဘူးပေါ့လေ။

ကျွန်တော်နဲ့ ကိုသလည်း ထုံးစံအတိုင်း ဆိုင်ထဲမှာရှိတဲ့ ပစ္စည်းတွေကို လျှောက်ကြည့်၊ လူတွေကို လျှောက်ကြည့်ပေါ့လေ…။ လူတွေကို ကြည့်ရတာတော့ သိပ်အဆင်မပြေလှဘူးပေါ့…။ ဆိုင်ထဲမှာ ထိုင်နေတဲ့ လူတွေအားလုံးက အရက်သောက်နေကြတာ ဆိုတော့ သူတို့ကိုကြည့်ရတာ အန္တရာယ်များပါတယ်။ တော်ကြာ 'ဟေ့ကောင် ဘာကြည့်တာလဲကွ…' ဆိုရင် ပြဿနာမဟုတ်လား…။

ဒါကို ကိုသကလည်း တွေးပဲ တွေးမိတာလား။ သွားကြည့်လို့ အဲဒီလို ခပ်မိုက်မိုက်မေးခွန်းမျိုး အမိပ္ပာယ်ရတဲ့ တုံ့ပြန်အကြည့်ကိုပဲ အဘိတ် ရလိုက်လို့လားတော့ မသိဘူး။ ဆိုင်ထဲကလူတွေကို မကြည့်





ကုလားထိုင်တွေ စားပွဲအလွတ်တွေကို ကြည့်လိုကြည့်… ကောင်တာပေါ် တင်ထားတဲ့ တရုပ်ပေသီးတစ်ခုရယ်… ပန်းရိုးမထုတ် ပြက္ခဒိန်တစ်ခုရယ်… ပြီးတော့ ညောင်ပင်ဘွန်ဇိုင်းကလေးရယကို လျှောက်ကြည့်နေတယ်ခင်ဗျ…။

ကိုသက ညောင်ပင်ဘွန်ဇိုင်းကလေးကို စိတ်ဝင်စားနေတော့ ပထမ သူ့ကို ကျွန်တော်က ဘွန်ဇိုင်းအကြောင်း ရှင်းပြဦးမလို့ပါပဲ။ ဒါပေမဲ့ ကျွန်တော်ကလည်း သိပ်ပြီး အသေးစိတ်သိတာမဟုတ်တော့ သူ စစ်စစ် ပေါက်ပေါက်မေးလာရင် သိပ်ဖြေနိုင်မှာ မဟုတ်ဘူးဆိုတာ သေချာလို့ ရှင်းမပြဘဲ ထားလိုက်ရတယ်။

ဒါပေမဲ့ ကိုသ,က ညောင်ပင်သေးလေးကို တစ်လှည့် ကျွန်တော့်ကို တစ်လှည့် လုပ်နေပါပြီ။ ဒီပြဿနာ ကျွန်တော့်ဆီရောက်တော့မယ်ဆိုတာ ကျိန်းသေသလောက်ကို ဖြစ်နေပြီ။

အဲဒီအချိန်မှာပဲ ခုနက တိုးတိုးသွားမှာတဲ့ ကောင်တာထိုင်စားပွဲထိုး ကလေး ပြန်ရောက်လာပါတယ်။ လက်ထဲမှာလည်း အမွေးတိုင်ကလေး ၃ တိုင်ကိုင်လို့…။ အမှန်တော့ အဲဒီကောင်လေးက စားပွဲထိုးကလေး မဟုတ်ပါဘူး။ ကောင်တာထိုင်တဲ့သူပါ… စားပွဲထိုးမရှိလို့ သူကိုယ်တိုင် စားစရာသွားမှာပေးတာ ဖြစ်ပုံ ရပါတယ်။

"ဒီမှာဗျာ… ဒီမှာ ဒီညောင်ပင်ကလေးကို ဘယ်မှာ ပန်းပုထုတာလဲ၊ ကောင်းလိုက်တဲ့လက်ရာဗျာ… ကျွန်တော် ဒီလောက်ကောင်းတဲ့ ပန်းပုမျိုး တစ်ခါမှကို မတွေ့ဖူးသေးဘူးဗျာ၊ ဘုရားပေးပေး ကျမ်းပေးပေးပါ…"

ကိုသ,ရဲ့ ခပ်ရိုးရိုးစကားကြီးဆုံးတော့ ကောင်တာထိုင်တဲ့ ကန္တာ သရောင်တိုင်းက လူမျိုးက ရွှေသွားတွေပေါ်အောင်ကို ပြုံးပါတယ်။ ဒီလူက ကိုသ,ကို ရေရေလည်လည် ပညာပေးတော့မယ်။ ဆရာကြီးလုပ်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူ့ အပြုံးမှာကတည်းက ထင်းထင်းကြီးမြင်နေရလို့ ကျွန်တော်ပါ မခံနိုင်အောင် အဲဒီအဖြစ်ကို မကြည့်တော့ဘဲ မျက်နှာလွှဲထားလိုက်တယ်။

"အဲဒါ ဘွန်ဇိုင်းဗျ..."

"အေး ဟုတ်မယ်ကွ... ဒါမျိုးက ဒီကောင်တွေလူမျိုးပဲ ကိုက်တာ၊ ကြက်ကြဲဖန်ဖန်ကွာ... တကယ့်ကို ချွတ်စွပ်တူအောင်ကို ထုထားနိုင်တယ်၊ ဒီပန်းပုဆရာရဲ့လက်က ဘယ်စီးဘွားရေးသမားမှ လက်မလျှော့သင့်ဘူး... ကိုယ့်ဆရာ... ဘုရားပေးပေး ပန်းပေးပေးပါဗျာ... တကယ်ပါ..."

ကိုသစကားဆုံးတော့ စားပွဲထိုးလုပ်ပေးတဲ့ဆရာက ဆတ်ခနဲ အမူအရာပြောင်းပြီး ကိုသကို တစ်ချက်ကြည့်တယ်။ အဲဒီမှာ ခံစားချက်ကလေး တစ်ချက် လွဲသွားပုံကို ကျွန်တော် သေသေချာချာမြင်လိုက်ရလို့ ကိုယ့်ဆရာကို သေသေချာချာ ပြောပြရဦးမယ်။ ဘွန်ဇိုင်းဆိုတာကို တရုတ်တစ်ယောက်ရဲ့နာမည်လို့ ကိုသ,ကထင်ပြီး စွတ်တင်နေတာကို ကောင်တာဆရာက တစ်ချက်လှမ်းကြည့်တော့ ကိုသမျက်နှာမှာက အိုဗာအိုက်တင်ကြီးကို သွားတွေ့ရတယ်။ ဒီတော့ ကောင်တာဆရာက ကိုသဟာ ဘွန်ဇိုင်းဆိုတာကို သိရဲ့သားနဲ့ တမင်မသိချင်ယောင်ဆောင်ပြီး နောက်တယ်လို့ ထင်သွားတယ်ခင်ဗျ။

ဒါပေမဲ့ ကိုသ,ကတော့ တကယ်ကြီးကို ပြောနေတာပါ။ သူပြောတဲ့ ပုံစံကသာ သူ့ကို တောသားလို့မထင်ရလေအောင် အိုဗာလုပ်ပြီး ပြောနေ တာ။ ဒါ ဘွန်ဇိုင်းဆိုတဲ့ တရုတ်တစ်ယောက်က ထုထားတာ။ အဲဒီတရုတ် ဟာ သိပ်တော်တဲ့တရုတ်။ အဲဒါကို သူကောင်းကောင်းသိကြောင်း ရန်ကုန် သားလေနဲ့ ပြောနေမှတော့ နောက်နေတဲ့ပုံစံကြီး ဖြစ်ပြီပေါ့...။

"အဲဒီတရုတ်က ဘယ်မှာနေလဲဗျ..."





"တာဝတိံသာမှာလေ..."

"သြော်... ဒီကနေ တော်တော်လေး ဝေးသလား..."

ကောင်တာဆရာကလည်း ခပ်တည်တည်နဲ့ နောက်ဖက် တစ်ယောက် ပြီ ဆိုပြီး ကိုသလိုပဲ အိုဗာတွေလိုက်ပြောနေတာကို ကြည့်ပြီး ကျွန်တော် ရယ်ချင်လို့ ဟိုဘက်ကို လှည့်နေရတယ်။ ၅ မိနစ်လောက်ပဲ ကြာပါတယ်။

"သြော်... သြော်... ဘုရားပေးပေး ပန်းပေးပေးပါဗျာ... တကယ် တော်တာပါ၊ သူ့မှာ တပည့်တွေ ဘာတွေ မရှိဘူးလား..."

"ဟာ... တစ်ဖက် လေးငါးရာပေါ့ဗျာ..."

"အင်း... ဟုတ်မှာပေါ့၊ ဒါပေါ့... တစ်နေ့လောက်မှ ပျင်းရင် သွားကြည့်ဦးမယ်၊ ဒါနဲ့ အစ်ကိုက သူ့အိမ် သိတယ်နော်..."

"တာဝတိံသာပဲ လူတိုင်းသိတာပေါ့..."

အဲဒီအချိန်မှာပဲ ကောင်တာက ဘဲလ်သံ 'ကလင်' ခနဲမြည်တော့ ကိုသ, လန့်ပြီး ထ,အော်တယ်။ ယောင်တယ်ပဲ ဆိုကြပါတော့ဗျာ...။

"ဟဲ့... ဟဲ့... ဆာမိနဲ့ အိပ်... ဆိတ်ကလေး လိပ်ငါးကောင်မွေး ...း... လန့်လိုက်တာဟ... ဘယ်ကဟာက လာအော်တာလဲ..."

ကြောက်လန့်တကြား ထ,ခုန်ပြီးအော်တဲ့ ကိုသကို ဆိုင်ထဲက လူတွေ တော်တော်များများက ဝိုင်းကြည့်ကြတယ်။ ကိုသအော်ပုံက ငယ်သံပါ အောင် ကြောက်လန့်တကြီး ထ,အော်တာကိုး။ ကိုသ,ကြောက်ပုံက မျက်စိ ...က်နှာ သရုပ်ပါလွန်းလို့ ဆိုင်ထဲက လူတွေအားလုံး ရယ်တောင် မရယ် ...က်ကြတော့တဲ့ပုံပါပဲ။ ဒီတော့မှ ကောင်တာထိုင်တဲ့ ဆရာ့က ကိုသ,ကို ...က်ကြည့်ကွက်ကြည့်လုပ်ရင်း နောက်ဘက်ကို ဝင်သွားတာကို ကိုသ,က ...းမလည် သလို လိုက်ငေးနေတော့မှ ကျွန်တော်က ဝင်ရှင်းဖို့ ကော...ပြ ...း ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မှာထားတာတွေ ရပြီလို့ ဒီဘဲလ်က အချက်ပေးတာ၊ အဲဒါကို သူက သွားယူတာ၊ ကိုသ တော်တော်လန့်သွားလို့လား..."

"အေးပေါ့ဟ... ငါ့လစ္စေးရယ်ကွယ် လန့်မှ လန့်ပေါ့... ဘယ်က မြည်တာလဲ..."

"မြည်တာက ဒီကပဲလေ... လျှပ်စစ်ဘဲလ်လို့ ခေါ်တယ်၊ နှိပ်တာက အကြော်အလှော်ခန်းထဲက နှိပ်တာပေါ့..."

ကိုသ,က ကျွန်တော်လက်ညှိုးထိုးတဲ့ဘက်ကို လိုက်ကြည့်နေတုန်းမှာပဲ ကောင်တာဆရာက အထုပ်တွေနဲ့ ပြန်လာတယ်။

"ခေါက်နှစ်က ငါးဆယ်၊ ကြက်ကုန်းနဲ့ ပြည်လုံးချမ်းက တစ်ရာ့နှစ်ဆယ်... တစ်ရာ့ခုနှစ်ဆယ်... ဆရာ..."

"ကြက်ခေါက်က တိုးတိုးနော်..."

"ဟုတ်ပါတယ်..."

ကျွန်တော်က ပိုက်ဆံလှမ်းပေးပြီး ကိုသက အထုပ်တွေယူပါတယ်။ ကိုသက အကြော်ရနံ့သင်းသင်းကလေးဖြစ်နေတဲ့ အထုပ်တွေကိုမြှောက်ပြီး နမ်းကြည့်နေတယ်။ ကိုသ,မျက်နှာမှာ ကစားစရာအရုပ်ကို ရသွားတဲ့ ကလေးတစ်ယောက်မျက်နှာမျိုးကို တွေ့ရတော့ ကောင်တာဆရာက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ရင်း ပြန်အမ်းငွေကို ပေးတယ်။

ကျွန်တော်တို့ လှည့်ထွက်လာလို့ တံခါးဝနား ရောက်ခါနီးကျမှ နောက်က အူရားဖားရားနဲ့ အော်သံကြီးကို ကြားရပါတယ်။

"ဘွန်ဖိုင်းဆရာ... ဘွန်ဖိုင်းဆရာ... ခင်ဗျားဖိနပ် ဖိနပ်ကျန်ခဲ့ပြီ..."

ကြားလိုက်ရတဲ့အော်သံရဲ့ အဓိပ္ပာယ်ကြောင့် ကျွန်တော် ကိုသ,ရဲ့ ခြေထောက်ကို လှမ်းကြည့်လိုက်တော့ ကျွန်တော့်နှလုံးသားကို ဆတ်ခနဲ ရေခဲရေပြင်ကြီးထဲ ဆွဲနှစ်ချပစ်ဘာ ခံလိုက်ရသလိုပဲ...။





ဟုတ်တယ်...။ ကိုသ,ခြေထောက်မှာ ဖိနပ်မရှိဘူး။

မရှိဘူးဆိုတာထက် ပါကို မလာဘူးဆိုရင် ပိုမှန်မယ်ထင်တယ် ကိုယ့်ဆရာရယ်...။ ကျွန်တော့်အိမ်ကို သူစ,ရောက်လာတုန်းက သူ့ခြေထောက်မှာ ဖိနပ်မပါတာကို သတိထားမိပါတယ်။ ဒါပေမဲ့ ခေါက်ဆွဲကြော်ဝယ်ဖို့ထွက်တော့ အဲဒီဖိနပ်ကိစ္စကို မေ့သွားရော...။

ကောင်တာဆရာက အော်လည်း အော်... ကိုသ,ရပ်သွားတဲ့ အနီးအနားမှာလည်း ဟိုဒီရှာနေပေါ့...။ ဒီတော့ ကိုသ,က အားနာသွားပုံနဲ့...

"ဟာ... ဒုက္ခပဲ... ရှာမနေနဲ့လေ ပါမှ မပါတာ..."

"ဗျာ..."

"ရှာမနေနဲ့ဆို ကိုင်း... ဒီက ဖိနပ်ကို မပါတာကြီးရယ်ကို... ကွယ်..."

"ဗျာ..."

ကောင်တာဆရာက ကိုသ,ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ဘာပြောရမှန်းမသိဘူး ဖြစ်နေတယ်။ ကိုသမျက်နှာမှာ ရှက်တာပြုံတာ ဘာညာတွေလည်း တစ်ခုမှ မတွေ့ရလေတော့ သူဘာမှားပြီး လောကကြီး ရုတ်ဘရက် ဘာဖြစ်သွားတာလဲ... ဆိုတာကို ရုတ်တရက်နားလည်ပုံ မရဘူး ဖြစ်သွားပုံရပါတယ်။

အဲဒါကို အနားသွားပြီး သေချာရှင်းပြမယ့်ပုံစံ လုပ်နေတဲ့ ကိုသ,ကို အတင်းလက်ဆွဲပြီး လစ်ရတော့တာပေါ့။ ဒါတောင်မှ တိတ်တဆိတ်အရက်ထိုင်သောက်နေတဲ့ ဝိုင်းတွေဆီက ကိုသခြေထောက်ကို တစ်လှည့် ကျွန်တော်တို့မျက်နှာတွေကို တစ်လှည့် ကြည့်တဲ့ မျက်ဝန်း လေးငါးစုံ ဆီသာက်ကို ရင်ဆိုင်လိုက်ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပဲ... ကိုသရာ... ခက်တာပဲဗျာ..."

"ဘာလဲကွ တူကြီးရ... ဒီလူက ငါ့ကို ဘွန်ဖိုင်းဆရာ... ဘွန်ဖိုင်းဆရာဆိုတာ ဘာကိုခေါ်တာလဲ တူကြီးရ... ငါ့နှယ်..."

"အဲဒါ ထားလိုက်ပါတော့ဗျာ... နေပါဦး ဦးသ,က ဖိနပ်မပါလို့ မစီးတာလား... ပါရဲ့သားနဲ့ မစီးတာလား..."

ကျွန်တော့်စကားကို ကိုသ,က 'ဘာများလဲလို့' ဆိုတဲ့ ပုံစံမျိုးနဲ့ တုံ့ပြန်ပြီးကြည့်ပါတယ်။

"ပါတယ်ကွ... မင်းစိန်တို့ မင်္ဂလာဆောင်တုန်းက ဝယ်ထားတဲ့ ဖိနပ်လေ... ဈေးကြီးသား မောင်ရေ... သုံးရာငါးဆယ်တောင်မှ ဘယ်... ငါက ဝယ်ချင်မလဲ၊ မဝယ်ဘူး ငြင်းရောဆိုပါတော့... ဟေ့... သူတို့ ဘာပြောပြော ငါ ဖိနပ်မစီးဘူးပေါ့ကွာ၊ ဖိနပ်မစီးတာပဲ ဘာဖြစ်လဲ... နောက်ဆုံး ရန်ကုန်သွားတာကို လိုက်ချင်ရင် ဖိနပ်စီးရမယ်ဆိုတော့မှ ငါ လက်လျှော့လိုက်ရတာ၊ ကွမ်းတစ်ရာ ရေတစ်မှုတ်ပေါ့ တူကြီးရာ..."

ကျွန်တော် တော်တော်ကြီးမောသွားပြီး သက်ပြင်းချသံက ဘုန်းကြီးပျံမှာဖောက်တဲ့ ဝါးပိုးဝါးကျည်ကလေး ပေါက်သံလောက်ကို မြည်သွားတယ်။

"ဦးသရယ်... ရန်ကုန်မှာ လူတိုင်း ဖိနပ်စီးကြတယ် ဦးသရဲ့... မနက်ဖြန် ရွာကပါလာတဲ့ ဖိနပ်ကို ထုတ်စီးနော်..."

"ဘာလဲ တူကြီးရ... အလှူရှိလို့လား..."

"မဟုတ်ဘူး ဦးသရယ်... ရန်ကုန်မှာ လူတိုင်း ဖိနပ်စီးကြတယ် ဒီတော့ ကိုသလည်း စီးရလိမ့်မယ် ဒါပဲ..."

"အင်း... မင်းတို့ရန်ကုန်ဟာ ပကာသနများတယ်ဆိုတာ ပြော ကြသပါလား ငါ့တူကြီးရာ..."

အဲဒါက မနေ့ကရောက်ရောက်ချင်း ည ကျွန်တော့်ရဲ့ ဈေးဦးပေါက် အဖွင့်ကလေးပါ။ ဒီနေ့မနက် ကျွန်တော့်ကို တာဝန်ပေးထားတဲ့ အော်ပရေးရှင်းက ကြောက်စရာတော်တော်ကောင်းပါတယ်။ ကျွန်တော်က သူတို့ဘစ်တွေကို ရွှေတိဂုံဘုရားနဲ့ မဟာဝိဇယဘုရားကို လိုက်ပို့ရမှာတဲ့...။

Visit Myanmar Year 1996 အတွက် ဧည့်လမ်းညွှန်ဝင်ဖြစ်ခဲ့ပြီးမှ Guide အလုပ်ကို ဆက်မလုပ်ခဲ့တဲ့ ကျွန်တော်ဟာ အခုမှ အမေ့အပ်ထည်နဲ့ ဒုက္ခတွေ့ရမယ့်သဘောမှာ ရှိနေတယ် မဟုတ်လား။

အဲဒီကိစ္စကို ကျွန်တော်က မူအားဖြင့် သဘောတူပေမယ့် လူအားဖြင့်တော့ ငြင်းပါတယ်။ ဒါပေမဲ့ တစ်အိမ်လုံးမှာ လူလွတ် လူအားဆိုလို့က ကျွန်တော်ပဲရှိတာ မဟုတ်လား။

"သားရယ် လိုက်ပြလိုက်ပါ၊ သူတို့ခမျာမှာ ရန်ကုန်ကို တစ်သက်ဘစ်ခါဆိုသလိုပဲ ရောက်ကြရရှာတာ၊ ရန်ကုန်ရောက်တော့ အသွားချင်ဆုံးက ရွှေတိဂုံဘုရားပါပဲ၊ ရွာမှာဆို ရွှေတိဂုံဘုရားဆိုတာကို ဓာတ်ပုံပဲ ဖူးလိုက်ရပြီး သေသွားရတဲ့လူတွေ အများကြီး... ခု ဘွားမယ်တို့ကလည်း..."

"တော်တော် အမေ... အမေ့ သေမယ့်ကိစ္စကြီး ခဏထားလိုက်တော့၊ ကျွန်တော် မဖြစ်မနေပို့ရတော့မယ်ဆိုရင်လည်း အဖော်တစ်ယောက်တော့ ခေါ်မှကို ဖြစ်မယ်..."

"ခေါ်လေ... ကောင်းသားပဲ..."

ကျွန်တော်ကိုက ကံဆိုးချင်တဲ့ကောင်မို့လို့လား မသိဘူး။ ချက်ချင်း ပြေးပြီး ရရာသူငယ်ချင်းတစ်ယောက်ကို အမိဆွဲပေမယ့် တစ်ကောင်မှ မားတာနဲ့ မကြုံဘူး။ နောက်ဆုံး အိုလေးကို ဘာညာပြောတဲ့ အေးမောင်ဆိုတဲ့ ဘိကတောင် အိမ်မှာမရှိဘူး။ သူတက်နေတဲ့ Computer သင်တန်းက



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းဆင်းပွဲလုပ်တာ ပဲခူးမှာ ပျော်ပွဲစားထွက်နဲ့မို့ ပဲခူးကို လိုက်သွားသတဲ့။ သင်တန်းဆင်းတာကို ရိုးရိုးမလုပ်တဲ့ Computer ကျူရှင်ကို မေတ္တာပို့လိုက်ရသေးတယ်။

တစ်ယောက်မှ ဆွဲလို့ လွဲလို့မရဘဲ ကျွန်တော်ပြန်ရောက်လာတော့ ၉ နာရီထိုးနေပြီ။ ကျွန်တော်က ရေတောင်မချိုးရသေးဘူး။ အိုလေးက လွဲလို့ ကျန်တဲ့လူတွေအားလုံး အဆင်သင့်ဖြစ်နေပြီ။ ကိုသ,က လုံချည်အသစ်ကြီးတမမနဲ့ မျက်လုံးမယ်နှစ်ယောက်ကလည်း ပတ်တီးကလေးတွေ အသစ်ပြင်စည်းလို့ ခေါင်းလေးတွေတမော့မော့နဲ့ ကျွန်တော်ရောက်လာပြီဆိုတဲ့ အသံကိုကြားရတော့ ဝမ်းတွေဘာတွေ သာလို့…။

ကျွန်တော်ကတော့ တော်တော်လေးကို စိတ်ပျက်မိတယ်။ အမှန်ဆို မျက်လုံးမယ်တော်နှစ်ယောက်ကလည်း ရွှေတိဂုံဘုရားထက် မျက်စိ နားနှာခေါင်းကို သွားသင့်တာ မဟုတ်လား။ တစ်ယောက်က ပတ်တီးကြီးစည်းပြီး တစ်ယောက်က မျက်လုံးတွေဝါးနေတာ ရွှေတိဂုံဘုရားရောက်တော့ရော ဘာများထူးဦးမှာမို့လဲ။

“ငါ့တူကြီးရယ်… ရှေးကံနည်းလို့မို့ မျက်လုံးနဲ့ မြင်တွေ့မဖူးရပေမယ့် စိတ်နဲ့ သိပါတယ်ကွယ်၊ စိတ်နဲ့ပဲ ဖူးတာပေါ့ကွယ်၊ ရွှေတိဂုံဘုရားကိုသာ ရောက်အောင် ပို့ပေးစမ်းပါကွယ်၊ စိတ်နဲ့ မင်းကြီးဒေါ်များက ဖူးတတ်ပါတယ်ကွယ့်…”

အင်း… ရွှေတိဂုံဘုရားပေါ်ကို ရောက်ပြီဆိုတဲ့ အသိမှာ ကြားရတဲ့ အသံတွေ… ရလာတဲ့ရနံ့နဲ့ ထိတွေ့မှုတွေ… အားလုံးကို ပုံဖော်ပြီး ရွှေတိဂုံဘုရားကို ဖူးတော်မူမယ်ပေါ့…။ စိတ်နဲ့ ဖူးတတ်သတဲ့…။ အဆင့်မြင့်လှပါပေတယ်။ စာပေလောကမှာ ကျွန်တော်ဖတ်ဖူးတယ်။ Abstructism (ဒြပ်မဲ့ပန်းချီ) သီအိုရီအတိုင်းပေါ့လေ…။





ငမိုက်သားငတိမှာ စကားမရှိပါဘုရား။

“အိုလေးရေ… တော်ရုံ ကျေနပ်တော့ဟေ့… ဒီမှာ မင်းအစ်ကို ပြန်ရောက်လာပြီ…”

“ဟုတ်ကဲ့… ဘွားမယ် ပြီးပါပြီ…”

အဘွားကြီးလှမ်းအော်တဲ့ စကားသံကြောင့် ကျွန်တော်တွန့်သွားတာ အမှန်ပဲ။

“တော်ရုံ ကျေနပ်ကြတော့…” တဲ့…။

“ဒီမှာ မင်းအစ်ကိုပြန်ရောက်လာပြီ…” တဲ့…။

ငမိုက်သားငတိမှာ ပြေးစရာမြေ မရှိပါဘုရား…။

ရေချိုးရင်းနဲ့ ကျွန်တော့်စိတ်တွေက လေးသထက် လေးလာနေတယ်။ ‘ဟယ် ထူးတော့ပါဘူး…’လို့ စိတ်ကိုလျှော့ချပြီး ရေကိုပဲ ဝအောင်ချိုးပစ်လိုက်တယ်။ ရေချိုးပြီးလို့ အင်္ကျီအဝတ်အစားလဲပြီး ထွက်လာသည်အထိ တော်ရုံကျေနပ်တော့ဆိုတဲ့ ဟို ‘ထုတ်ချင်းခတ်’ က အလုပြင်လို့ဝသေးဘူး။ သူ့ကိုယ်သူ သကြိန်အလုပြယာဉ်ထွက်မယ်များ အောက်မေ့နေသလားလို့ စိတ်ထဲက မှုဒိတာဘွားရပါတယ်။ (တမင် စာနယ်ဇင်းသမားဘဲ့၏လေကို ယူထားသည်…)

“အိုလေးရေ…”

“ဟုတ်ကဲ့ ဘွားမယ်…”

ကျွန်တော် ခုချိန်က စ,ပြီး မျက်နှာကို အတတ်နိုင်ဆုံး ခပ်တည်တည်နှန်ကုပ်ကုပ်ထားပါတယ်။ သူတို့ အပြန်အလှန်အသံကို ဘာမှပြောမနေတော့ဘဲ ခေါင်းတစ်ချက်ပဲရမ်းပြပြီး အိမ်အောက်ကို ဆင်းလာခဲ့တယ်။

အိမ်အောက်ရောက်တော့ အဝတ်အစားသစ်တွေဝတ်ပြီး မြေကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ငုတ်တုတ်ကလေးထိုင်နေတဲ့ ကိုသန့် တိုးတယ်ခင်ဗျ။ ကိုသ,က တစ်ချက်ပြုံးပြတယ်။ လူးထားတဲ့စနိုး ဘယ်ဘက်မျက်ခုံးအစွန်းမှာ နည်းနည်းစုနေတာက လွဲလို့ ကျုန်တာတွေ သိပ်ပြဿနာမရှိပါဘူး။

ပြီးတော့မှ သတိရလို့ ကျွန်တော် ကမန်းကတန်းလှမ်းကြည့်တော့ ကိုသက သူ့ဘယ်ဘက်ခြေထောက်ကို ရှေ့ထုတ်ပြထားပါတယ်။ ခြေထောက်မှာ ဖိနပ်နဲ့…။ 'တော်ပါသေးရဲ့…' လို့ စိတ်အေးရတယ်၊ ခြေထောက်မှာ ဖိနပ်ရှိတာကိုပဲ ကျွန်တော့်မှာ ဆုတော်တစ်ခုလို သဘောထားနေရပါတယ်။

အမေ့ကို နှုတ်ဆက်သံနဲ့အတူ အိမ်ပေါ်ကဆင်းလာတဲ့ ဘွားမယ်တို့ အုပ်စုကိုတွေ့ရတော့ ကျွန်တော့်တုန်လှုပ်မှုက ရက်စိတ်ကို ပါးပိတ်ရိုက်ပစ်လိုက်သလိုပဲဗျာ။ မိအိုလေး… ဆိုတဲ့ ငတိမက မျက်လွှာကလေးချပြီးသာ အိမ်အောက်ကို ဆင်းလာတာ ကျွန်တော့်အတွက်တော့ မျက်လုံးထဲ မိုင်းကျဲတာပဲ ကိုယ်ဆရာရေ…။

မျက်ခုံးမှာ ကာခြယ်ကရောင်စုံ။ ပါးအိုမှာ ပန်းနုရောင်က ရဲနေတာပဲ၊ ပြီးတော့ နှုတ်ခမ်းနီကလည်း ပါးစပ်မှာ အနာကြီးတစ်ခု ရောင်တိုင်းနေသလိုက် ဆိုးထားတာ…။ သူ့ကိုမြင်ပြီးတော့ ကျွန်တော်ဟာ ကိုယ့်အသိတရားနဲ့ကိုယ် တော်တော်ကြာကြာ အဆက်အသွယ်ပြတ်သွားတယ်။ ကိုယ့်ဝိညာဉ်ရဲ့ Cote နံပါတ်ကို ကိုယ်တိုင်မမှတ်မိတောသလို ဖြစ်သွားတယ်။ သူ့ကို အဲဒီလိုစိတ်နဲ့ အကြောင်းသားငေးကြည့်နေမိတဲ့ ကျွန်တော့်ကို 'ထုတ်ချင်းခတ်' က 'သူရယ်… အဲဒီလောက်မကြည့်နဲ့ကွယ်…' ဆိုတဲ့ သဘောမျိုးနဲ့ ရက်ကြည့်ကလေး ကြည့်ပြီး မျက်လွှာကို ချတော်မူတော့ သေချင်သည်သာ ရှိတော့တာပေါ့ဗျာ…။

မားသားကြီးကလည်း ကျွန်တော့်ဒုက္ခကို မျက်မြင်သိရှိသွားပြီဆို





သော ကျွန်တော့်ကို အားနာတဲ့အကြည့်ကလေးနဲ့ ကြည့်ပြီး မျက်နှာကို ဘွန့် ခေါင်းကို ရမ်းပြရုံပဲ တတ်နိုင်တယ်လေ…။ 'အင်း… ငါ့သားအဖြစ်က ခမြင်ဝံ့ပါကလား…' ဆိုတဲ့ အဓိပ္ပာယ် ဆိုပါတော့…။

လန်းဆန်းတက်ကြွနေတဲ့ သူတို့လေးယောက်ရဲ့အလယ်မှာ ကျွန်တော် ဟာ ပျားရည်မရခဲ့တဲ့ ဝက်ဝံတစ်ကောင်လို… စစ်ရှုံးနေတဲ့ သုံ့ပန်းတစ်ယောက်လို… ဒီးယိုနဲ့ ဝမ်းနှုတ်ဆေး မှားသွေးမိတဲ့ လူတစ်ယောက်လို… အကြောင်ကြောင်ဖြစ်နေတယ်။

အဲဒီကတည်းက ကျွန်တော်စဉ်းစားလို့ မရတာက ကျွန်တော်ဟာ သူတို့အုပ်စုရဲ့ရှေ့ကနေ သွားရမလား။ နောက်ကနေ လိုက်ရမလား ဆိုတာကို ဆုံးဖြတ်လို့ မရတာပါပဲ။ ရှေ့ကနေသွားရင် လူတွေက သူတို့အုပ်စုနဲ့အတူ ကျွန်တော့်ကို အရင်မြင်မယ်။ သူတို့အုပ်စု ပုံစံမကျပုံက အဝေးကပင် မြင်နိုင်သည်… ဆိုတဲ့ ပုံစံဆိုတော့ အဲဒီအုပ်စုရှေ့က ကျွန်တော့်မျက်နှာကြီးက သွားပြီပေါ့…။

နောက်ကနေရင်ရော… ရှေ့ကသွားတဲ့ သူတို့အုပ်စုကို လူတွေက မြင်တဲ့အခါ 'ဟ… ဘာတွေလဲဟ…' 'ဘယ်လိုတွေ ဖြစ်လာတာလဲဟ…' ဆိုပြီး တအံ့တဩနဲ့ ကြည့်ကြလိမ့်မယ်။ သူတို့မြင်သမျှ အဖြေမရဖြစ်နေတုန်း 'ဖြုန်း' ဆို နောက်ဆုံးက ကျွန်တော့်ကိုတွေ့တဲ့အခါ သွားပြီပေါ့… ကိုယ့်ဆရာရယ်… သူတို့ ဘယ်လိုမျက်နှာတွေနဲ့ ကြည့်ကြလို့ ကျွန်တော် ဘယ်လိုမျက်နှာနဲ့ သူတို့ကို တုံ့ပြန်ရမှန်းကို မသိဘူး။ ကျွန်တော့်ကိုလည်း သူတို့က ဘယ်လိုသတ်မှတ်မယ်ဆိုတာ တွေးတောင် မတွေးရဲဘူး။

အဲဒီတော့ ကျွန်တော် ဘယ်နေရာကမှ မနေဘဲ နေရာကမရွေးရပ် လိုက်တယ်။ သူတို့လေးယောက်ကတော့ ကျွန်တော့်အထွက်ကို စောင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တလှုပ်လှုပ် တရွရွနဲ့ပေါ့လေ။ မျက်လုံးတစ်ဖက်စီ ပတ်တီးသစ်ပတ်ထားတဲ့ မိန်းမကြီးနှစ်ယောက်… ယောဂီဝမ်းဆက် သဘက်ခေါင်းပေါင်း ကွမ်းစားပါးဖောင်း… ပုတီးတစေင်းလွယ်ထားတဲ့ မိန်းမကြီးတစ်ယောက်၊ အင်္ကျီဖြူလည်ကတုံးနဲ့ ရေမချရသေးတဲ့ အဝါရောင်တောက်တောက် နိုင်လွန်ပုဆိုးမာခေါက်ခေါက် ကိုရီ့ကားရားနဲ့ ဖိနပ်စီးရတာကို အပြစ်ကြီးတစ်ခုလိုခံစားနေပြီး ခေါင်းမှာ အုန်းဆီတွေရွှဲနေအောင် ထည့်ထားတဲ့ လူတစ်ယောက်ဂျပန် ဂေးရှားမယ်လို ကာခြယ်နဲ့ စနိုး တိုးဖေ့နေရာလုနေတဲ့ မျက်နှာပေါ်မှာ ဘာကိုရှက်မှန်းမသိတဲ့ အီလည်လည် ပေါ်တင်အရှက်ကြီးနဲ့ ဘာတွေထည့်ထားမှန်းမသိတဲ့ ခြင်းတောင်းကြီးကို ကိုင်ထားတဲ့ မိန်းကလေးတစ်ယောက်နဲ့ ကျွန်တော့်ခြေထောက်ဟာ ရွှေ့လို့ကိုမရဘူး ဖြစ်နေခဲ့တယ်။

"ကိုရဲ… သား သူတို့ကို သေသေချာချာဂရုစိုက်နော်…"

ကျွန်တော့်မားသားကြီးကို အဲဒီတစ်ကြိမ်တော့ ကျွန်တော် မုန်းလိုက်တယ်ဗျာ…။ အဲဒီစကားနဲ့ သားလုရတနာကို မျက်နှာလွှဲသွားတဲ့ အမေ…။ ဘယ်တုန်းကတည်းက ကြည့်မရတာတွေကို တိတိကျကျကို သင်ခန်းစာပေးလိုက်တဲ့ အမေ…။ အမေ့သားမောင်မှာ ပျားတစ်ထောင် အတုပ်ခံထားရသလို မျက်နှာပူလှချည်ရဲ…။ သိလှည့်ပါလေး…။

ကားလမ်းမမှာ အဲဒီအုပ်စုကြီးနဲ့ မတ်တတ်ရပ်ပြီး ကားငှားဖို့စောင့်နေရတော့ ကားလမ်းမက ဖြတ်သွားတဲ့ကားတွေပေါ်က ပြတင်းပေါက်နေရာမှာ ရှိကြတဲ့လူတွေ အားလုံးက ကျွန်တော်တို့အုပ်စု ရပ်နေတာကိုကြည့်သွားကြတယ်။ မုန့်ကျွဲသည်းရောင်တဲ့ ချာတိတ်မကလေးတစ်ယောက်က ကျွန်တော်တို့အုပ်စုကို ပါးစပ်ကလေးဟ,ပြီး တအံ့တသြနဲ့ ငေးတာမျက်နှာချင်းဆိုင်က သူ့လိုပဲ ငေးမိတဲ့ စက်ဘီးသမားက ဝင်တိုက်တော့ပြဿနာတွေ တက်ကြရော…။





"နင်က ဘာဖြစ်လို့ ဒီလော့က်တောင် ငေးပြီး လျှောက်လာရတာတုန်း…"

"အံမယ်… ရှင်ကရော ဘာဖြစ်လို့ ဒီလောက်တောင် ငေးပြီး စက်ဘီးကို နင်းရသလဲ…"

"ဟ… ဘာတွေမှန်းမသိတော့ ငေးမိတာပေါ့ဟ…"

"တော့လိုပဲ ရှိမပေါ့… ဒီမှာ မှောက်ကုန်တာ ဆယ်ခကျော်လောက်ရှိမယ် လျော်တော့…"

"ငါးခုစာပဲ လျော်နိုင်မယ်… ကိုယ်ငေး သူငေးဟာကို…"

"ရှစ်ခုဖိုးတော့ လျော်တော်…"

"တောက်… ဘာမဟုတ်တာတွေကို ခဏကြည့်မိပါတယ်… အုခြောင်ကြားတွေ တောက်…"

စကားသံတွေကို မျက်နှာပူတာနဲ့ မကြားဖူးဘဲ လုပ်နေရတယ်။ သူတို့ကတော့ သူတို့ကြောင့်ဖြစ်တယ် ဆိုတာကို သိကို မသိတာခင်ဗျ။ အံ့သြစရာပါဗျာ…။ ကျွန်တော် ချက်ချင်းကားငှားရပါတယ်။ ကြာရင်သူအကြည့်ခံရလွန်းလို့ ထ,ပဲ ကရမလို ငိုချင်းပဲ ချရတော့မလိုနဲ့…။ မျက်လုံးတွေနဲ့ အရယ်ခံရတာ တော်တော်ကြောက်စရာ ကောင်းပါတယ်။ ကျွန်တော် ကားတားတာကိုမြင်တော့ ကိုသ,က ကျွန်တော့်အနား ကပ်လာတယ်။

"အငှားကားနဲ့ သွားမှာလား တူကြီး…"

"ဒီလူတွေနဲ့ လိုင်းကား ဘယ်လိုလုပ် စီးမလဲဗျာ…"

"ကောင်းတာပေါ့ကွာ… ကောင်းတယ်၊ အငှားကားနဲ့ သွားမှတင့်မရ…"



www.burmeseclassic.com

www.burmeseclassic.com



"သာခုကွယ်… သာခု… သာခု…"

ဘာကို 'သာခု' မှန်းတော့ မသိ။ ကားနှင့်ပို့တဲ့အတွက် 'သာခု' တာ ဆိုရင်တော့ ဘယ်လိုလုပ် ပိုက်ဆံရမှာလဲ ကိုယ့်ဆရာရယ်…။ အဲဒီမှာ Taxi တစ်စင်းလာနေတာ တွေ့လို့ ကျွန်တော် လှမ်းတားတော့ ကားက ရပ်ပို့ အရှိန်ကိုလျှော့တယ်။ အနားကို အသေအချာရောက်လို့ ကျွန်တော်တို့ အုပ်စုရဲ့ လူရုပ်တွေကို တွေ့ပြီးတော့ ချက်ချင်း ဂီယာပြောင်းပြီး မောင်း ပြေးပါလေရောဗျာ…။

ကျွန်တော့်မှာ ရှက်လည်းရှက် ဒေါသလည်း ထွက်ပေါ့။ ဒါပေမဲ့ ဘာတတ်နိုင်မှာတုန်း…။ ဒုတိယကားတစ်စင်းကို တားမယ်လုပ်တုန်း န ဆေးနားက ကိုသက ဝုန်းခနဲ ဝင်တားတယ်။ ကားသမားက မျက်လုံးကြီး ပြူးကြည့်ပြီး ရယ်ပြသွားတယ်။ ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်ပြီး တော့ကို ရယ်သွားတာ…။

"ဟား… ဟား… တားတာတွေ့ရဲ့သားနဲ့ တူကြီးရာ… မင်းကို ရယ်ပြသွားသေးသကွ၊ မင်းအသိလား… တားနေရက်နဲ့ကွာ… မင်းကို ရယ်ပြသွားတယ်ကွ…"

"ကိုသ, ကိုသ ဝင်မတားနဲ့ဗျာ…"

"ဘာဖြစ်လို့တုန်းကွ…"

"မတားနဲ့ဆိုဗျာ…"

"ရော… ခက်ပြီကော… တူကြီးကလည်း… ငါက တားရုံ တာ ပေးတာပါ၊ ကျန်တာက တူကြီးအစိတ်အပိုင်းပါ…"

"မတားပါနဲ့ ကိုသရာ… ကိုသ,တားရင် ရပ်မှာ မဟုတ်ဘူး ကျွန်တော်ကြည့်လုပ်ပါ့မယ်… ကိုသ နောက်နားဆုတ်ပြီး ငြိမ်ငြိမ်သ နေလိုက်နော်…"





"ဟုတ်သားပဲ… လေးသကလည်း အစ်ကို သူ့ဘာသာကြည့်လုပ် ပါစေ၊ လေးသက ဘာမှသိတာလည်း ဟုတ်ဘဲနဲ့၊ ဒါမျိုးက ရန်ကုန်သားပဲ ပုပ်လို့ ရတာဟ… လာ… လေးသ ဒီမှာပဲ လာနေ…"

'ထုတ်ချင်းခတ်' က သူ့ကို မျက်လွှာပင့်ကြည့်လိုက် မျက်လွှာပြန် ချလိုက်လုပ်ရင်း စကားပြောသွားတာ ဗမာအန်နီမေးရှင်း ကာတွန်းကား ကြည့်နေရသလိုပါပဲ…။ ကိုသ, နောက်ဆုတ်သွားတော့မှ Taxi တစ်စင်းက ထိုးရပ်တယ်။ ရပ်ရပ်ချင်းပဲ သူတို့အုပ်စုကို ကြည့်တာပါပဲ။

"ရွှေတိဂုံဘုရားကို ဆရာ…"

ကားဆရာက ခေါင်းတစ်ချက်ဆတ်ရင်း သူတို့ကို တစ်ချက်လှမ်း ကြည့်တယ်။ ပြီးတော့ လီဗာတစ်ချက်ပုတ်ရင်း စဉ်းစားတယ်။ ပြီးတော့မှ…

"ရှစ်ကျပ်ကျမယ်…"

"ဟာ… ကိုယ့်ဆရာကလည်း သွားနေကျက လေးကျပ်ပါ…"

"မင်းကလည်း မင်းတို့ လမ်းမမှားအောင် ရွှေတိဂုံဘုရားကို ငါက တည်တည့်ပို့ပေးမှာ၊ မင်းတို့လိုပုံမျိုးနဲ့ ပွင်ရိုက်တဲ့ကောင်နဲ့ တွေ့ရင်…"

"ဒီမှာ ဟေ့လူ… ကျုပ် ရန်ကုန်သားစစ်စစ်ဗျ… ခင်ဗျားကလည်း ပဲတောင်းသေးတယ် ခင်ဗျားကပဲ…"

"တူကြီး… တူကြီး… ပြောမနေပါနဲ့ကွာ… ရှစ်ကျပ်ကတော့ တန် ပါတယ်၊ ငါ ထင်တောင်မထင်ဘူး…"

"ဟာ… ကိုသ, ကိုသ ကားပေါ်မတက်နဲ့၊ နေဦး… ဟေ့လူ ငါး ကျပ်ဗျာ… ငါးကျပ်ရရင် သွားမယ် ဒါပဲ…"

ကားဆရာက တစ်ချက်မဲ့ပြုံးပြုံးပြီး ကားကို ဆောင့်နင်းချသွား တယ်။ သက်န်းကျွန်းနဲ့ ရွှေတိဂုံဘုရား ငါးရာဆို တော်ရောပေါ့ဗျာ။ (၁၉၃၃



www.burmeseclassic.com

www.burmeseclassic.com



စနစ်အတွင်းက ဈေးဖြစ်သည်။ သက်န်းကျွန်းမှ ဘားလမ်းကို သုံးရာကျပ် အချိန်ဖြစ်သည်...)

"ကိုသ ကျွန်တော်ကားဈေးပြောရင် ကိုသ ဝင်ဝင်မပြောနဲ့ဗျာ။ ကျွန်တော့်ကိစ္စကို ကျွန်တော်ပဲ..."

"လေးသရယ်... အိုလေး မပြောချင်ဘူး၊ အစ်ကို့ဘာသာ လုပ်ပါ ဆေဆို... အစ်ကိုက အကုန်သိတာပဲဟာကို..."

မြန်မာကာတွန်းရုပ်က လက်ရောခြေရော လှုပ်လာသည်။ ဦးလေး လုပ်တဲ့လူက ဝင်နှောင့်ယှက်လိုက်၊ တူမပြစ်တဲ့လူက ဝင်ပဲများလိုက်နဲ့... ကြာရင် ကျွန်တော်ရှုံးနိုင်တယ်ဗျာ...။

"ရွှေတိဂုံဘုရားကို ဆရာ..."

"ဟား... ဟား... ဟား... ဟုတ်ပြီဟေ့..."

ဒီကားဆရာက တစ်မျိုးခင်ဗျ...။ ကျွန်တော့်စကားဆုံးတာနဲ့ ကိုသ တို့အုပ်စုကို ကြည့်ပြီး အားရဝမ်းသာ ရယ်တော့တာပဲ။ သူရယ်တာက လှောင်တာမဟုတ်ဘဲ... ကိုသတို့အုပ်စုကို သဘောကျလို့ အားရဝမ်းသာ ရယ်တဲ့သဘောမို့ ခံသာပါသေးတယ်။

"ဘယ်လောက်ပေး..."

"ကဲပါ... တက်စမ်းပါ... တက်... ငါ သဘောပေါက်ပါတယ် တက်သာ တက်... ကဲ... တက်ဟေ့..."

"ဟာ... မလုပ်နဲ့ ဦးလေး ဈေးတော့ပြောပါ"

"မင်းပေးချင်သလောက် ပေးကွာ... ကိုင်း... ငါ့စကားက ကုန်ပြီပဲ၊ ကဲ... တက်တက် ကားပေါ်တက်ကြ... နောက်က လေးယောက် ...ဘယ်၊ ရှေ့ကို နှစ်ယောက်လာ... မင်းက အကောင်သေးတာပဲ





ဒီလိုနဲ့ မာဇဒါဘီ 600 ကလေးက ကြပ်ကြပ်သပ်သပ်ကလေး ဖြစ်သွားတယ်။ ရှေ့ခန်းတစ်ယောက်ခုံမှာတော့ ကျွန်တော်နဲ့ ကိုသ နှစ် ယောက်ပြုံးဆိုပါတော့...။ မျက်နှာပေါ်မှာလိမ်းထားတဲ့ စနိုးကို တွန်းဖွင့်ပြီး ထွက်လာတဲ့ ချွေးရဲ့ရနံ့နဲ့ အနံ့ဆိုးဟောင်းပေါ်က ဆံပင်နံ့ နှစ်ခုဟာ ကျွန်တော့်ကို မိန်းမော မူးမေ့သွားလောက်အောင်ကို ထိရောက်လှပါတယ်။ ဒရိုင်ဘာနဲ့ ကိုသအကြား ဂီယာတံရဲ့နံဘေးမှာ ကျွေးကျွေးကလေး... လောက ကို အကြွေးဆပ်ရင်း လိုက်ခဲ့ရပါတယ်...။

"အမလေး... ကား... ကား... ကားကြီးတော့... ကားကြီးက ဘပ်နေပြီ... လုပ်ကြပါဦး... လုပ်ပါဦးဟဲ့..."

ရူးရူးဝါးဝါး ကြောက်လန့်တကြားအော်သံကြောင့် ကျွန်တော်တို့ အားလုံး လန့်ပြီး နောက်လှည့်ကြည့်တော့ အိုအိချိုနှစ်ယောက်အနက် ကား ...ဘင်းပေါက်မှာထိုင်တဲ့ အိုအိချိုက ကြုံးအော်နေတာ...။ အော်သံနဲ့အတူ ...ရဲ့အမူအရာကလည်း ထိတ်ထိတ်ပြာပြာ တုန်တုန်ယင်ယင်နဲ့... ဘာဖြစ် ...ဲ့ ဒီလောက်ကြောက်နေတယ် ဆိုတာကို ကျွန်တော် တွေးလို့ လုံးဝကို ...ဘူး...။

"ဟဲ့... ဟဲ့... လုပ်ဦးလို့ ပြောနေတယ်လေ၊ အမလေး... ရွှေ ...ည်းခုံ ကယ်တော်မူပါ..."

လက်နှစ်ဖက်မြှောက် ကိုယ်ကိုအတင်းကျုံ့ရင်းက မျက်စိတစ်ဖက်ကို ...ပြီးတော့ကို အော်နေတာမို့ သူနဲ့အတူထိုင်တဲ့ နောက်တန်းလေးယောက် ...း ကို့ရို့ကားရားတွေ ဖြစ်ကုန်ရော...။ အော်သံတွေလည်း တစ်ယောက် ...င်ပေါက်နဲ့ ဆူကုန်လို့... ကျွန်တော်လှမ်းပြောတာကိုလည်း မကြားကြ ... ကျွန်တော်ကလည်း သူတို့ဘက်ကို မျက်နှာလှည့်လို့ မရအောင် ...ပ်နေတာကို...။



www.burmeseclassic.com

www.burmeseclassic.com



“မကြောက်နဲ့ အဒေါ်… အဲဒါ ဘာမှမဖြစ်ဘူး…”

“ဟဲ့… ဘယ်က မဖြစ်ရမလဲ ဒီမှာ ဒီမှာကပ်နေတာ…”

ကျွန်တော်တို့ တိုယိုတာ B 600 ကားလေးဘေးမှာ ဒေဝူးကားကြီး တစ်စီးက ကပ်မောင်းနေတာကို ကြောက်ပြီး အော်နေတာပါ။ မီးပွိုင့်မှာ အတူမိပြီး ထွက်ကာစဆိုတော့ ကားချင်းက ခွာလို့ မရသေးဘူးပေါ့…။ အဲဒါ ကို ကြောက်နေတာဆိုတော့ ကျွန်တော်လည်း ဘယ်လိုပြောရမှန်းကို မသိတော့ဘူး…။ အပိုလုပ်တာများလား ဆိုတော့လည်း ကြောက်နေတဲ့ မျက်နှာက ကစ်မီကွစ်(စ) ရှက်လောက်ပဲ ရှိတော့တာမို့ ကားဆရာကြီး ကိုပဲ လှမ်းကြည့်ရတယ်။

“ဘာမှမပူပါနဲ့ ဒေါ်လေးရဲ့… လွတ်ပါတယ်… မထိပါဘူး… စိတ်ချပါ”

“ဟဲ့… နင်က လွတ်ပါတယ်သာ ပြောတာ၊ တစ်ချက်မှ လှည့် ကြည့်တာလည်း မဟုတ်ဘဲနဲ့… ရှေ့ပဲကြည့်နေပြီးတော့… ဒီမှာက ကပ် နေတာ ကြည့်ဦး မြင်လား…”

“ကျွန်တော်မြင်ရပါတယ် ဒေါ်လေးရဲ့…”

“ဒီမယ်ဟေ့… မျက်စိတစ်ဖက်ထဲရှိတယ် ဆိုပြီးတော့ အနိုင်မ တော့ မကပ်ပါနဲ့ကွယ်… နောက်လှည့်မကြည့်ဘဲ မင်း ဘယ်နဲ့ မြင်ရမလဲ ကွယ့်…”

ဒေါ်သသံကြီးနဲ့ အော်ဟစ်ပြောတာ ဆိုတော့ ကားဆရာကြီးတို့ တော်တော်အားနာသွားတယ်ဗျာ။ ကားဆိုတာ ‘မွှားလှည်းလို နောက်လှည့် ကြည့်မှ မြင်ရတာ မဟုတ်ဘူးဗျ…’ လို့ ပြောမိတော့မလို့ သီသီကလေး လိုတော့တယ်။ ကားဆရာကြီးရယ်သံကြောင့် မပြောဖြစ်တာပါ။ ကားဆရာ ကြီးက ရယ်ရင်းမောရင်း ပြန်ပြောပါတယ်။

“မနိုမ်ပါဘူး ဒေါ်လေးရယ်… မြင်ရပါတယ်၊ ကျွန်တော့်ရှေ့မှာ ဘပ်ထားတဲ့ မှန်ကလေးတွေကနေ အားလုံးမြင်ရပါတယ်၊ ငါ့ဒေါ်လေး စိတ်ချသာစီး ဘာမှမဖြစ်စေရဘူး ဟုတ်ပြီလား၊ ပြတင်းပေါက်ကသာ ခေါင်းတို့ လက်တို့ မထုတ်နဲ့ အနားကို ဘာကပ်လာလာ မထိစေရဘူး…”

ကားဆရာကြီးစကားကြောင့်လား… နံဘေးက ကားကြီး ကပ်နေတာ လွတ်သွားလို့လားတော့ မသိဘူး… ကျွန်တော်တို့အိုအိချိဆီက ဘာမှ ဆပ် မကြားရတော့ဘူး။ ဒီလောက်တုံးတဲ့ အဘွားကြီးတွေကို စိတ်ဆိုးဟန် ဘစ်စက်မှ မပြဘဲ ရယ်ရယ်မောမောနဲ့ စကားပြောသွားတဲ့ ကားဆရာကို တော့ တော်တော်လေးချီးကျူးတယ်ဗျာ။ သဘောလည်း ကျသွားတယ်။ အဲဒီစိတ်ကလေးနဲ့ ငဲ့ကြည့်တော့ ကားဆရာကြီးရဲ့ပုံစံက ခုနကမြင်ရတဲ့ ပုံထက် ပိုခန့်ပြီး ပိုချောလာနေရော။ လေးစားတဲ့စိတ်တို့ အထင်ကြီးတဲ့ စိတ်တို့ ဆိုတာက လူတစ်ယောက်ရဲ့ရုပ်ရည်ကို စိတ်ထဲက ပိုပြီးပြည့်စုံ စေတယ် မဟုတ်လား။ အလှပြင်ပစ္စည်းတွေ အင်္ကျီအဝတ်အစားတွေကြောင့် ချောတာထက် အရည်အချင်းတစ်ခုခုကြောင့် ချောတာကို ကျွန်တော်က ပိုနှစ်သက်ပါတယ်။

အိုအိချိ ကားကြောက်တဲ့အကြောင်းအရာကနေ အတွေးတွေက ဘယ်ရောက်ကုန်လဲမသိဘူး။ ဒါကြောင့် ကျွန်တော်တို့မြတ်စွာဘုရားက စိတ်ကို အစိုးမရဘူးလို့ ဟောတာပေါ့။ ဂိတ်လောက် ပြေးနိုင်တာလည်း မရှိဘူး။ စိတ်လောက် အကြောင်းအရာကို ဆွေမျိုးစပ်မြန်တာလည်း မရှိ ဘူး။ ဟုတ်တယ်… ကျွန်တော်ဟာ တစ်ခါတလေကျရင် ကိုယ်ကြုံရတဲ့ ကိစ္စလေးတွေကို ကိုယ်သိထားသမျှ ဘာသာရေးအကြောင်းလေးတွေနဲ့ ချိတ်ဆက်သွားပြီး ချိန်ထိုးနေမိတတ်တယ်။ အခုပဲ စဉ်းစားကြည့်လေ ‘စိတ်’


ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကို ဘာသာရေးနဲ့ သွားပြီးကြည့်နေမိတယ်။ ဒါမျိုးက လူငယ်တစ်ယောက်အတွက် ကောင်းလား မကောင်းလားတော့မသိဘူး။ ကျွန်တော်ကတော့ လုပ်နေကျမို့ လုပ်လိုက်တာပါပဲ။

အမှန်ဆိုရင် သူတို့နှစ်ယောက်ကို အိုအိချို (ဂျပန်မျက်မမြင် ဓားမင်းသမီးလေး) လို့ခေါ်တာ ကောင်းတော့ မကောင်းဘူးပေါ့ ကိုယ့်ဆရာရယ်... ကိုယ့်ထက်လည်း အသက်ကြီးတယ်၊ အားနည်းချက်ကို လှောင်ရာလည်းကျတယ်ဆိုတော့ မကောင်းဘူးဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော်ခေါ်တာက ကျွန်တော့်စိတ်ထဲမှာပဲ ခေါ်မှာပါ။ သူတို့နာမည်တွေကိုလည်း မသိတော့ အပြင်မှာဆိုရင်တော့ 'ဒေါ်လေး' ပေါ့...။ အိုအိချိုလို့ စိတ်ထဲက ခေါ်မိတာကတော့ ကျွန်တော့်ကို ဒုက္ခပေးလို့ ရွဲ့ပြီး သူ့အလိုလို သတ်မှတ်လိုက်တာလို့ ထင်တာပဲ...။

အဲဒီအချိန်မှာပဲ ကျွန်တော့်နားထဲကို အသံတစ်သံဝင်လာတယ်။ အသံက ခပ်တိုးတိုးနဲ့ ပုံမှန်ကလေးဝင်လာတာပါ။

"မေတ္တာရိပ်အပ်ချုပ်ဆိုင်... သင်းပျံ့စတိုး... ကုလားလေး အလိုင်းမင်းချိန်သည်... Moon Star Cold Drink ဒိန်ချဉ်ရပြီ..."

ကျွန်တော် ရုတ်တရက် ဘယ်ဘက်က လမ်းဘေးကို ကြည့်လိုက်တော့ ကျွန်တော်ကြားလိုက်ရတဲ့ အသံတွေအားလုံးကို ဈေးဆိုင်တွေအဖြစ် ပြတင်းပေါက်ကနေ တွေ့လိုက်ရတယ်။

"Top...အပ်ချုပ်ဆိုင်... အေး... ဆေးကုခန်း ရွှေပုံရိပ် ဓာတ်ပုံဆိုင်... မိတ္တူအမြန်ရပြီ... ကိုပုလေး ကားအပိုပစ္စည်း... မလုနွယ် ဘိတ်ရှုံနှင့် ပါတိတ်အမျိုးမျိုးရောင်းဝယ်ရေး..."

ကျွန်တော် အရမ်းရှက်သွားတယ်ဗျာ...။ အဲဒီလိုရှက်ရတာကို ကိုယ့်ဆရာ ကြုံဖူးမလား မသိဘူး...။ ဘယ်သူ့ကိုရှက်မှန်း မသိတာမျိုးလေ...





ကိုယ့်ကိုယ်ကိုယ်လည်း ရှက်တယ်။ အားလုံးကိုလည်း ရှက်တယ်။ မျက်နှာ ဘယ်ထားရမယ်မှန်းလည်း မသိဘူး...။ ဘာလုပ်ရမှန်းလည်း မသိဘူး ဆိုတဲ့ အဖြစ်မျိုးလေ...။

ထုတ်ချင်းခတ်ကတော့ ပုံမှန်အသံနဲ့ ဆိုင်းဘုတ်တွေကို ဆက်ဖတ်နေတယ်။ 'ကိုယ့်ဘာသာကိုယ် စိတ်ထဲကဖတ်တာ မဟုတ်ဘူး' လို့ ကျွန်တော်ဒေါသတကြီးကို စိတ်ထဲက အော်နေမိတယ်။ အင်္ဂလိပ်လိုဆိုင်းဘုတ်ကျရင် အသံက ပိုကျယ်လာသေးတယ်။ သူ အင်္ဂလိပ်လို ဖတ်တတ်တယ်ပါလေ...။ 'ကျူ... ယူ... အယ်လ်... အိုင်... တီဝိုင်... ကွာလတီ... လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး' ဆိုတာမျိုး ကျွန်တော် ဒေါသနဲ့ ခေါင်းကို ဖြည်းလှည့်ကြည့်လိုက်တော့ ငတိမက ကျွန်တော့်ကိုကြည့်ရင်း ဆိုနေတာကြီး...။ ကျွန်တော်လှည့်ကြည့်တာကို မြင်တော့ နည်းနည်းဝမ်းသာသွားတဲ့ပဲ။ အဲဒါကိုတွေ့ရတော့ ဘာကိုမှန်းမသိဘူး... ကျွန်တော်ရှက်သွားတာ 'ရှိုး' ခနဲပဲဗျာ...။

ကျွန်တော်ဟာ ရှက်ရွံ့ခြင်း စိတ်ဖြစ်စဉ်ကြီးထဲမှာ ထွက်ပေါက်မရှိဖြစ်မိနေတုန်းမှာပဲ ကျွန်တော့်ကို ကိုသ,က ပခုံးနဲ့တိုက်တယ်။

"ဘာလဲ..."

"အိုလေးခေါ်နေတယ် တူကြီးရ... ဘာတွေတွေးနေတာလဲ..."

"အို... လေး..."

"ဟုတ်တယ် အစ်ကို... အိုလေးခေါ်တာ၊ ဟိုလေ... စကွတ်ရဲ့ဆိုတာ ဘာလဲဟင်..."

"ဘာ..."

"စကွတ်စက်ရှိတဲ့..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာကိုဆိုလိုမှန်းကို နားမလည်တာ။ စကွတ်စက်ရုံဆိုတာ ကျွန်တော်လည်း မကြားဖူးဘူး။ ယောင်ပေါင်ပြီး ဆားဘီကိုကြည့်တော့ ကားက တာမွေဂုံးတံတားက ဆင်းပြီးကာစ ဖြစ်နေတယ်။

"စကွတ်စက်ရုံဆိုတာ ငါတော့ မကြားဖူးပါဘူးကွာ၊ ဘာတွေ လျှောက်ဖတ်နေတာလဲ…"

"ရှိတယ် အစ်ကိုရဲ့… အိုလေး ခုပဲဖတ်တာ၊ ဟောဟို နောက်မယ် ကျန်ခဲ့ပြီ… စကွတ်စက်ရုံတဲ့…"

ထုတ်ချင်းခတ်က အားရဝမ်းသာ ယုံယုံကြည်ကြည်နဲ့ ပြောနေတော့ ကျွန်တော်လည်း တော်တော်ဂွကျတယ်။ ကျွန်တော် ဒီလေးထောင့်ကန် လမ်းကြီးပေါ်ကနေ အကြိမ်တစ်သန်းကျော်ကျော်လောက် မြို့ထဲကို အသွား အပြန်လုပ်ဖူးပါတယ်။ သူပြောတဲ့ စကွတ်စက်ရုံဆိုတာကို မတွေ့ဖူးဘူး။ ဒါနဲ့ ကျွန်တော်လည်း မျိုသိပ်ထားရတဲ့ဒေါသကို သူ့အမှားကတစ်ဆင့် ထုတ်ပစ်လိုက်တယ်။

"တိတ်စမ်းပါဟာ… ဘာစကွတ်စက်ရုံလဲ၊ ငါ ဒီမှာ မွေးကတည်းက နေလာတာ၊ ဘာစကွတ်စက်ရုံမှ မရှိဘူး၊ အလကား ဆိုင်းဘုတ်တွေကို အရည်မရ အဖတ်မရ လျှောက်ဖတ်မနေနဲ့…"

ကျွန်တော့်စကားလုံးတွေက စေတနာနဲ့ ဘာနဲ့လိုပေမယ့် အသံက ကျတော့ စိတ်ထဲက ထိန်းမရဘူးဗျို့။ ဒေါသသံပါနေတာ အမှန်ပဲ… ပြောချင်လို့ တမင်ပြောမှန်း သိပ်သိသာပါတယ်။

"မဟုတ်ပါဘူး အစ်ကို… အိုလေး တကယ်မြင်တာပါ၊ စကွတ်စက်ရုံလို့ကို ရေးထားတာ၊ အိုလေးမြင်ခဲ့တာက ဘီတဲ့ အစ်ကို… ဆေးရုံခြင်း ရှိဦးမှာ…"





"ဘာ… ဘီ ဟုတ်လား…"

"ဟုတ်တယ် အစ်ကို… ဘီ… ရွှေမြသားဘီတဲ့…"

ကျွန်တော် ကိုယ့်နဖူးကိုယ် အုန်းခနဲ ပိတ်ရိုက်ပစ်လိုက်တယ်…။ ဘယ့်နဲ့ ဖြစ်မှဖြစ်ရလေခြင်း… ငါ့နယ် သေသာ သေလိုက်ပါတော့ ရဲဝင်းရဲ့လို့ စိတ်ထဲကလည်း အကြီးအကျယ်အော်ပစ်လိုက်တယ်။ ဒါကတော့ ဒီဇိုင်းဆရာတွေ နှိပ်စက်တာပါ။ မျိုးဆွေသန်းတို့… စိုးဝင်းငြိမ်းတို့… မြင့်မောင်ကျော်တို့ ကိုယ့်ဆရာတို့ရဲ့…။

ထုတ်ချင်းခတ်ပြောတာကို ကျွန်တော်သိပါပြီ။ တာမွေဂုံးအတက် ဘယ်ဘက်ခြမ်းက 'ကျိုက္ကစံဘီစကွတ်စက်ရုံ' ကို ပြောတာပါ။ အဲဒီစာက ဘလုံးရေရှစ်လုံးပါတာကို ဒီဇိုင်းဆရာက 'ကျိုက္ကစံဘီ' ဆိုပြီး လေးလုံးယူ ဘယ်။ ပြီးတော့ သူ့လိုဂို (Logo) ဖြစ်တဲ့ မြင်းစီးပြီး ပိုလိုရိုက်နေတဲ့ပုံ လေးကို အဝိုင်းလေးဝိုင်းပြီး အလယ်မှာထည့်ပြီးမှ ကျန်တဲ့လေးလုံးဖြစ်တဲ့ 'စကွတ်စက်ရုံ' ကို တစ်ဖက်က ရေးထားတာပါ။

အဲဒီစာလုံးတွေ လိုဂိုတံဆိပ်တွေကို ဂုံးအတက် အစပ်နားက တစ် ထပ်တိုက်ကလေးရဲ့နဖူးစည်းမှာ အင်္ဂတေနဲ့ ရေးပြီးထားတာ…။ ကြော်ငြာ ဘောပေါ့လေ…။

အဓိပ္ပာယ်ရှိမှန်းမသိ မရှိမှန်းမသိ စာလုံးရှစ်လုံးတွေ့တာနဲ့ လေးလုံးစီ ခွဲလိုက်တဲ့ ဉာဏ်ကြီးရှင်ဒီဇိုင်းသမားနဲ့ ဘာတွေ့တွေ့ စွတ်ဖတ်တဲ့ မယ်ဉာဏ်ရှင် ရောက်လာရေးမယ်နဲ့တွေ့တော့ ငမိုက်သားပြောခဲ့တဲ့ စကားတွေ ကားခနဲပေါ် ခင်ဗျာ…။

"သေလိုက်ချင်တာပဲဟာ… အဲဒါ ဘီစကွတ်စက်ရုံကို ပြောတာ…"

"ဟုတ်တယ်လေ အစ်ကိုရဲ့… အဲဒီ စကွတ်ဆိုတာကိုပဲ အိုလေး ပြော…"



www.burmeseclassic.com

www.burmeseclassic.com



"သော့ တော်တော့… အေတွေ ဘီတွေရှိတာ မဟုတ်ဘူး၊ ဘီစကွတ် ဘီစ… ကွတ်ကွ၊ စားတဲ့ဘီစကွတ်… အေစကွတ်ဆိုတာ မရှိဘူး သိပြီလား… တောက်… တော်တော်သောက်သုံးမကျတဲ့ ဒီဇိုင်နာကွာ…"

ကျွန်တော့်စိတ်ထဲက မမြင်ဖူးတဲ့ ဒီဇိုင်နာကို ပေါက်ကွဲနေမိတယ်။ ထုတ်ချင်းခတ်လည်း ခဏတော့ငြိမ်သွားပါတယ်။ ဒါပေမဲ့ ခဏပါပဲ။ ခဏကြာပြီးတော့ သူ့ရဲ့ဆိုင်းဘုတ်ဖတ်သံ တိုးတိုးက ပြန်ပေါ်လာတာပဲ။ ဟုတ်တယ်လေ 'စကွတ်' ကိစ္စမှာ သူ့ဘက်က အမှန်ဆိုတော့ သူဆိုင်းဘုတ်ဖတ်တာကို ကျွန်တော် အပြစ်ပြောလို့ မရတော့ဘူးမဟုတ်လား။

ကျွန်တော် နောက်ကိုအသာငဲ့ကြည့်တော့ လမ်းဘေးက ဆိုင်းဘုတ်တွေကို လျှောက်ဖတ်နေတဲ့ အိုလေးကို အဘွားမယ်က နှလုံးသားထဲက ဆန့်တက်လာနေတဲ့ တိတ်တဆိတ်ပီတိပြုံးကလေးနဲ့ ကြည်ကြည်နူးနူးငေးကြည့်နေတာကို တွေ့ရတယ်။ ဘာကြောင့်လဲတော့ မသိပါဘူး။ ကျွန်တော့်စိတ်ထဲမှာ စိတ်မကောင်းတစ်ချက်ဖြစ်သွားတယ်။ အိုလေးမျက်နှာကို တစ်ချက်လှမ်းငေးတော့ သူ့ဘဝကိုသူ ကျေနပ်နေတဲ့ပုံပဲ။ ကျွန်တော့်စိတ်ထဲမှာ ဘာ့ကြောင့် စိတ်မကောင်းဖြစ်သွားရတာလဲ ဆိုတာကိုတော့ ကျွန်တော်လုံးလုံးကိုနားမလည်တာ အမှန်ပါ…။

မြင်းပြိုင်ကွင်းကို ကွေ့တော့ ကားဆရာကြီးက…

"ကဲ… အဒေါ်တို့… အမေတို့… ဟော… ဟိုမယ် လှမ်းမြင်နေရတာ အဒေါ်တို့သွားမယ့် ရွှေတိဂုံဘုရားပဲ…"

"ဘယ်မယ်… ဘယ်မယ်…"

"ဟိုမှာလေ… ဟိုမှာ… ဟိုမှာလေ…"

"ဟယ်… ဘုရား… ဘုရား…"





အသံမျိုးစုံနဲ့ ထူးဆန်းအံ့သြကြပြီး ကားပေါ်ကတင် ဝတ်ပြုကြတာပုံစံမျိုးစုံပါပဲ။ ကားဆရာကြီးကလည်း သဘောကောင်းဆိုတော့ ကားကိုခဏထိုးရပ်ပေးလိုက်တာ ဘာပြောကောင်းမလဲ… ကားထဲမှာ လက်အုပ်ဘချီချီနဲ့ကနေ ကားအောက်ကို လက်အုပ်တွေချီပြီး ဆင်းကြပေါ့…။ ဘေးက ဖြတ်သွားကြတဲ့ကားကြီး ကားသေးပေါ်က လူတွေက ကျွန်တော်တို့ကို ငေးလို့…။

"ဖူးပါစေကွ… ငါ ဘာဖြစ်လို့ မင်းအမျိုးတွေကို နားလည်လဲသိလား…"

ကားဆရာကြီးက သူပဲသိတဲ့ သူ့ပဟေဠိကို အပြုံးနဲ့ မေးတယ်။ အမှန်တော့ ဒါမျိုးဆိုတာ မေးခွန်းမလုပ်သင့်ဘူးပေါ့ဗျာ။ သူ့ဘဝမှာ သူဖြစ်လာတဲ့ဒုက္ခတွေ သုခတွေ အမှန်တရားတွေ အဖြစ်အပျက်တွေ ခံစားမှုတွေကို ဘယ်သူက လာသိနိုင်မှာလဲ။ မေးကို မမေးသင့်တဲ့အရာ… သူ့ဘာသာသိထားတာကိုပဲ သူက ပြန်အရသာခံနေတဲ့ ပုံစံမျိုး။

ကျွန်တော်ခေါင်းရမ်းပြလိုက်တော့ ကားဆရာကြီးက ပြုံးတယ်။

"ငါငယ်ငယ်တုန်းက ငါတို့မိသားစုလည်း တောကနေ တက်လာတာ ဒီလိုပဲတဲ့… ငါကတော့ ငယ်သေးတော့ ဘယ်မှတ်မိမလဲ၊ လိုက်ပို့တဲ့ ငါ့ဦးလေးဆိုတာ တို့အုပ်စုကို လက်လန်ကုန်ရော၊ ဒါကြောင့် ငါ ကိုယ်ချင်းစာပြီး လိုက်လျှောတာပေါ့ကွ…"

"ဘွားမယ်… အဒေါ်တို့… အခုလည်း အဲဒီကိုပဲ သွားနေကြတာပဲဗျာ… တက်ကြပါ… ရောက်တော့မှပဲ အားရပါးရ ဖူးကြပါ…"

ဒီတော့မှပဲ လက်အုပ်ကလေးတွေ ရင်အစပ်ကပ်ပြီး ကားပေါ်ပြန်တက်ကြတော့တယ်။ စိတ်ထဲမှာ မားသားကြီးကိုတော့ ဒေါ[illegible]နေတုန်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဇာ၊ အမန်ဆို သူအားတဲ့ စနေ တနင်္ဂနွေလိုနေ့မျိုးမှာ လိုက်ပို့သင့်တာ။ ဒါမှ ဒါတွေကိုတွေ့ပြီး မားသားကြီး ကျွတ်စကီးပြသွားမှာ။ အခုတော့ ညောင်လမ်းညွှန်က ကျွန်တော်ကို...။ ဘုရားကို မရောက်သေးခင်တောင်မှ ဒီလောက်ခံနေရရင် ဘုရားရောက်ရင် ဘာများဖြစ်ဦးမလဲ မသိဘူး။

ရွှေတိဂုံဘုရားခြေရင်းကို ရောက်တော့ ဓာတ်လှေကားစီးဖို့ ငြင်းတာတော့ ပြောမနေတော့ဘူး ကိုယ့်ဆရာရေ... စောင်းတန်းကပဲ တက်ကြမတဲ့...။

"ရပါတယ် တူကြီးရ... ဒီနှစ်ယောက်ကို တို့မောင်နှမ တွဲကြတာပေါ့၊ အေးအေး နားနားတက်ကြတာပေါ့..."

"ကောင်းတယ်ကွ... ဖြည်းဖြည်းသာတက်သွား... လှေကားကတက်မှ ဘုရားဖူးရတာက အရသာရှိတာ၊ ဓာတ်လှေကားနဲ့ဆိုတော့ ပေါ့ပေါ့ကလေး..."

ကားဆရာကြီးက ဝင်ပြောတာပါ။ သူက ကားထဲက ထွက်ထိုင်ပြီး လက်ကြီးကိုပိုက်လို့ ကျွန်တော်တို့အုပ်စုကို အပိုင်စားကို ကြည့်နေတာ။ အင်း... လူဆိုတာ ဘဝတူ အဖြစ်တူဆိုရင် သံယောဇဉ်နဲ့ ခင်သွားတတ်ကြတာပဲ မဟုတ်လား။

"မင်းတို့ အေးအေးဆေးဆေးဖူးကြကွ... ညနေမှ ဆင်းမယ်ဆိုရင် ငါနဲ့တောင် တွေ့ချင် တွေ့ဦးမှာ၊ ငါက ဒီကို ညနေဘက်ဆို ရောက်တတ်တယ်..."

"တွေ့ရင် ကောင်းတာပေါ့ ဦးရာ၊ ပြောစရာ မလိုတော့ဘူးပေါ့..."

ကျွန်တော်တို့ ကားဆရာကြီးကိုနှုတ်ဆက်ပြီး မုခ်ဦးအစမှာရပ်ပြီး ဖိနပ်ချွတ်ကြတော့ ကျွန်တော်က ချွတ်လိုက်တဲ့ဖိနပ်ကို ငုံ့အကောက် ကြီးမား





လေးလံတဲ့အရာကြီးတစ်ခုနဲ့ တိုက်မိပြီး ယိုင်ထွက်သွားတယ်။ ထင်မထား တော့ အရှိန်က မများပေမယ့် မထိန်းနိုင်လို့ ဖင်ထိုင်ရက်လဲရော...။

"အို... ကန်တော့... ကန်တော့... အိုလေးက ဖိနပ်ကို ကောက်လိုက်တာ၊ အစ်ကို့ဖိနပ်ကို ကောက်လိုက်တာ..."

ကျွန်တော် ရုတ်တရက် ဘာပြောရမှန်းမသိဘူး။ စိတ်ထဲမှာ မှုန်ပြီး ဒေါကန်သွားလို့ ရုတ်တရက်တောင် မထဖြစ်ဘူး။ လူတစ်ယောက် နှစ်ယောက်က လှည့်ကြည့်တော့မှ ထရတယ်။

"အစ်ကို ကန်တော့နော်... အစ်ကို ဖိနပ်ကို..."

"တော်ပါတော့ဟာ... တော်တော့..."

ကျွန်တော် ဘာမှမပြောတော့ဘဲ ဒေါသနဲ့ထွက်လာခဲ့ပြီး လှေကားဆွကို စွတ်တက်သွားတယ်။ ခဏနေမှ 'ဟ... စောင့်ခေါ်ရမှာပါလား' လို့ သတိဝင်ပြီး ရပ်စောင့်တော့ သူတို့ တဖြည်းဖြည်း တက်လာကြတယ်။ ဘွားမယ်က အိုလေးကို ဘာတွေပြောနေလဲတော့မသိဘူး။ အိုလေးမျက်နှာက ဘာကယ့်ကို အို... လို့။ ခုနကကိစ္စကို ဆူနေတာနဲ့ တူပါရဲ့။ ကျွန်တော်ကလည်း ဘာမှမဟုတ်တာကို သွားအော်မိတာကိုး...။ ရုပ်ရှင်ထဲမှာဆိုရင် မင်းသားက ဘယ်အော်မှာလဲ။ အေးလေ... ရုပ်ရှင်ထဲမှာဆို မင်းသားကိုလည်း ဖင်ထိုင်ရက်လဲအောင် ဘယ်ဝင်တိုက်မှာလဲ...။

နေပါဦး... ငါက မင်းသားဆိုတော့...။

ကျွန်တော် အတွေးကို ဆက်မတွေးတော့ဘူး။ အနားရောက်ရင် အိုအိချိတစ်ယောက်ကိုတွဲပြီး ကူညီရမယ်လို့ပဲ ဆုံးဖြတ်ပစ်လိုက်တယ်။ တဖြည်းဖြည်းချင်းနီးလာတဲ့ သူတို့ရဲ့ပုံစံတွေကို ကြည့်ပြီး ကိုသတွဲထားတဲ့ အိုအိချိကို မကူညီဘဲ အိုလေးတွဲထားတဲ့ အိုအိချိကိုပဲ ကူညီဖို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ဒီဆုံးဖြတ်ချက်ကို တလွဲတော့ မထင်စေချင်ဘူးဗျာ။ အိုလေးက ဘာတွေထည့်ထားမှန်းမသိတဲ့ ခြင်းတောင်းကြီးကိုလည်း ကိုင်ထားရသေးတယ် မဟုတ်လား။ ဒီတော့ အိုလေးတွဲထားတဲ့ အိုအိချိုက ယိုင်တိုင်ယိုင်နဲ့ဆိုတော့ ကူညီဖို့ လိုတာပေါ့။ ကိုသ,ကတော့ ယောကျ်ားလှူလွှတ်ဆိုတော့ Ok နေတာမို့ ဒီလိုရွေးချယ်ရတာပါ။ ကျွန်တော်ရပ်စောင့်နေတဲ့ အနားကို ရောက်တော့မှ ဘွားမယ်က လှူချင်းခွာတယ်။ အိုအိချိုတစ်ယောက်ကို တွဲထားတဲ့ အိုလေးက ခေါင်းကို ငုံ့ချထားတယ်။

"မင်းဘာသာ မင်းသွား ငါတွဲခဲ့မယ်..."

"ဟာ... ရပါတယ် အစ်ကိုရဲ့... ရတယ်..."

ကျွန်တော်က အိုအိချိုရဲ့ဘယ်ဘက်လက်ကို ကိုင်တယ်။ အိုလေးကလည်း ညာဘက်လက်ကို ကိုင်ထားတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားက အိုအိချိုက တက်လာရတာမောလို့ လက်ကလေးနှစ်ဖက်ပေးပြီးနားတယ်။

"လွှတ်လိုက်ပါ ငါတွဲခဲ့ပါမယ်ဆို... မင်းခြင်းတောင်းနဲ့ မင်း...လွတ်လွတ်လပ်လပ်တက်စမ်းပါ သွား..."

"ရပါတယ် အစ်ကိုရယ် အိုလေးတွဲနိုင်ပါတယ်၊ အစ်ကိုသာ လွှတ်လွတ်လပ်လပ်တက်ပါ၊ အိုလေးအတွက် မပူပါနဲ့... ရတယ် ရတယ်..."

သူကလည်း လက်ကိုမလွှတ်ဘဲနဲ့ နိုင်မာတဲ့ဆုံးဖြတ်ချက်မျိုး ရအောင်ငြင်းနေတယ်။ အဲဒါမျိုးကို ကိုယ့်ဆရာလည်း ကြုံဖူးမှာပေါ့... ကိုယ်က စေတနာနဲ့ကူညီတော့မှ မကူညီဖို့ အတင်းကပ်ပြီး ပေတာမျိုးလေ သွားအကူအညီပေးမိတဲ့ကောင်က အလကားကိုဖြစ်ရော...။ အဲဒါမျိုး မိန်းကလေးတွေမှာ ပိုဖြစ်လေ့ရှိတယ် မဟုတ်လား...။ ဒီတော့ ကျွန်တော် ကြောင်နှစ်ကောင်တအုပ်တိုက်'

ဘနာရော ကျွန်တော်ရော ပေါ်မဖြစ်ရအောင် နောက်ဆုတ်လို့ မဖြစ်ဘူးလေ...။

"ကဲပါ... ငါပြောတဲ့စကားကို မင်းနားထောင်စမ်းပါ... ထားခဲ့... သွားတော့ဆို..."

ကျွန်တော့်စကားကို တမင် အသံတင်းတင်းမာမာနဲ့ ပြောပစ်လိုက်တယ်။ ဒါတောင်မှ သူက မျက်လွှာကြီးပင့်ပြီး ကျွန်တော့်ကို ရွှန်းရွှန်းစားစား ကြည့်ရင်းနဲ့ သူ့လက်ကို မဖယ်ဘဲ ပိုတင်းကြပ်အောင် ဆုပ်ထားရင်းက...

"အိုလေးတွဲခဲ့ပါ့မယ် အစ်ကိုရယ်... အစ်ကို ပင်ပန်းနေပါ့မယ်..."

"ဖယ်ပါ... ဆိုနေ..."

ရုတ်တရက်ကြီး နူးညံ့သိမ်မွေ့သွားတဲ့ သူ့အမူအရာကြောင့် ကျွန်တော်အံ့သြသွားပြီး 'ဖယ်ပါဆိုနေ...'လို့ပြောတဲ့ ကျွန်တော့်စကားသံမှာ အားက မပါတော့ဘူး။ ပြီးတော့ ကျွန်တော်တို့အဖြစ်ကို မျက်စိထဲပြန်မြင်ကြည့်တော့ ရွှေတိဂုံဘုရားစောင်းတန်းမှာ မျက်မမြင်အဘွားကြီးတစ်ယောက်ကို အလယ်ကထားပြီး လှေကားအလယ်မှာ တစ်ဖက်တစ်ချက်စီ ကျွန်တော်တို့နှစ်ယောက်က ရပ်လို့... တစ်ယောက်က ရှက်ရွံ့မှုထဲမှာ နူးညံ့သိမ်မွေ့လို့...။

ကျွန်တော်တို့မြင်ကွင်းကို ရုပ်ရှင်ပိတ်ကားကြီးပေါ် တင်ကြည့်လိုက်တော့ အိုး... မလွယ်ဘူး...။ ဒါနဲ့ ကျွန်တော် ဆက်လုမနေတော့ဘဲ ကိုင်ထားတဲ့လက်ကို လွှတ်ပြီး အိုလေးကို ငုံ့ကြည့်တော့ သူကလည်း မျက်လွှာပင့်အကြည့်နဲ့ မျက်ဝန်းချင်းဆုံတယ်။ တဒင်္ဂ...။ အဲဒီ တဒင်္ဂကလေးမှာပဲ ပြင်မှတ်တာက ဖြစ်တယ်ဗျာ...။

ကျွန်တော်တို့နှစ်ယောက် အကိုင်ခံထားရတဲ့ အိုအိချိုက ယယ်ကြည် 'ကြောင်နှစ်ကောင်တအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည်နဲ့ အပေါ်လှေကားတစ်ထစ်ကို လှမ်းတက်တယ်။ ကျွန်တော်တို့က မျက်ဝန်းချင်းဆုံပြီး လက်တွေကို ပြိုင်တူလွှတ်လိုက်ကြတယ်။ လှမ်းတက်တဲ့ အိုအိချိုဟာ တစ်ချက်ယိုင်သွားပြီး သူ့ဘယ်ဘက်က ကျွန်တော့်ကို အားနဲ့ ဆောင့်ဆွဲလိုက်တော့ အားလုံး ဒုက္ခတွေဖြစ်ကုန်ရော...။

အော်သံဟစ်သံတွေ တိုးထွက်လာပြီး ကျွန်တော် သတိဝင်လာတာက တော့ ကျွန်တော့်အနီးပတ်ဝန်းကျင်မှာလည်း ဘာမှန်းမသိတဲ့ အသံတွေ ကြားပြီး... ကျွန်တော်လဲသွားတာရယ်... ကျွန်တော်လှမ်းဆွဲတာရယ်... ဝုန်းခနဲလဲကျတာတွေရယ်ပါပဲ...။ ကျွန်တော့်ကို လူတစ်ယောက်က ဖြေ ဆွဲတယ်။ ကလေးတွေဆော့တဲ့ ပုံတစ်လုံးက ကျွန်တော့်ခေါင်းကို 'ခွပ်' ခ ရိုက်တယ်။ အိုလေးက ပါးစပ်ကြီးပြဲ ဆွဲခြင်းတောင်းကြီးဆွဲပြီး ကျွန်တော့် ကြည့်လို့...။

ဖြစ်သွားတဲ့အဖြစ်အပျက်ကို အတိုချုံးပြောရရင် ကျွန်တော်တို့က ထားတယ်အထင်နဲ့ လှမ်းတက်တဲ့ အိုအိချိုက ယိုင်အသွားမှာ... သူနဲ့နီး ကျွန်တော့်ကို လှမ်းဆွဲတာ မိမိရရမမိဘဲ... ပခုံးကို ဆွဲလှန်ချသလို သွားတော့ ဟန်ချက်မရှိတဲ့ကျွန်တော် ခြေချော်ပြီး ကျွန်တော့်နောက်ဘက် ဘုရားပစ္စည်းတွေ ကစားစရာတွေရောင်းတဲ့ ဗန်းပေါ်ကို ဖင်ထိုင်ရက်လဲ တာပါ။ ကျွန်တော်ထပ်ဆွဲတဲ့ဗန်းကလည်း ခုံပေါ်မှာ အသာတင်ထား ပဲမို့ ပစ္စည်းတွေ လှေကားတစ်လျှောက်ကနေ ဟိုးအောက်ထိ ကျကုန်တာ ပစ္စည်းတွေဟာ လွတ်ပြီကျွတ်ပြီဆိုတဲ့ သဘောနဲ့များလား မသိဘူး... မြည်ပြီး ကျသွားလိုက်တာ ပျော်စရာကြီးကို ဖြစ်လို့...။

ကျွန်တော်ဟာ ထိုင်ရက်ကနေ မထနိုင်ဘူး။ ပထမဦးဆုံး ရက် လို့ ကျွန်တော့်ကိုယ်ကျွန်တော် ငိုချလိုက်ပြီလို့တောင် ထင်တာ။ ဒါ



တော်ပါသေးရဲ့ဗျာ... ကျွန်တော်မငိုဖြစ်ဘူး။ ကလေးဆော့ ပုံသံတွေ တဒုန်း ဒုန်း၊ လင်ကွင်းသံတွေ တချွင်ချွင်နဲ့ ဝါးပလွေတွေကလည်း တစ်ချောင်းစီ ဆင်းလို့... ဘုရားပုံတော်တွေလည်း ပြန့်ကျဲလို့ပေါ့ခင်ဗျာ...။

လူတွေက ရုတ်တရက်တော့ ကြောင်သွားကြတယ်။ သတိဝင်လာတဲ့ လူတွေက သူတို့ရှေ့က ဖြတ်ပြေးနေတဲ့ ပစ္စည်းတွေကို ကောက်တဲ့လူက ကောက်ကြတယ်။ ကျွန်တော့်ကိုလည်း တစ်ယောက်ယောက်က ထူပေးပါ တယ်။ ဘယ်သူမှန်းလည်းတော့ မသိတော့ဘူး။ ပါးစပ်နား ရေလာတော့ လေးတာနဲ့ သောက်လိုက်တယ်။ ဘာတွေဖြစ်ကုန်မှန်းကို မသိတော့ဘူး။

ကံကောင်းတာက လူတွေက သူတို့အရှိန်နဲ့ သူတို့ လည်ပတ်နေကြပြီး ကျွန်တော်တို့နှစ်ယောက်ရဲ့အဖြစ်အပျက်ကို ရုပ်ရှင်ကြည့်သို ဂရုတစိုက် ကြည့်နေကြတာ မဟုတ်လို့ ဘာက ဘယ်လိုဖြစ်ကယ်ဆိုတာကို မသိ ဘဲ မျက်လုံးမကောင်းတဲ့အဘွားကြီး လှမ်းဆွဲလို့ ကျွန်တော်လဲကျ ယ်... အဲဒီအဘွားကြီးကို နောက်ကတက်လာတဲ့ ဘုရားဖူးတွေက ထိန်း လိုက်ကြတယ်... ဒါပဲသိတယ်...။

ခဏတော့ ကျွန်တော့်ကို လူတွေက ဝိုင်းကြည့်နေတာပေါ့လေ... ကျွန်တော်လည်း ဘယ်သူတွေကိုလည်း မသိဘူး ကျေးဇူးတင်ကြောင်းပြော တယ်။ ပြီးတော့ ဝိညာဉ်ပျောက်သွားတဲ့သူလို ကျွန်တော် ဘုရားပေါ် လာခဲ့တယ်။ အိုလေးကတော့ ကျွန်တော့်အနားကို မကပ်ရဲတော့ဘူး။ ကျွန်တော်လည်း သူ့ကို ဘာမှမပြောနိုင်ပါဘူး... ကိုယ့်ဘာသာကိုယ် ဖြစ်သွားမှန်းမှ မသိတဲ့ဟာကို...။

"ကံကောင်းလို့ပေါ့ တူကြီးရာ... တော်ပါသေးရဲ့... ဘွားတော်က ဖြစ်လို့ တူကြီးကို လှမ်းဆွဲရတာလဲ၊ တောက်..."



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်... ဗျာ..."

"တူကြီး နာသွားသေးလား..."

"ရပါတယ် ဒီလိုပါပဲ..."

ကိုသက ကျွန်တော့်အနားကပ်ပြီး ဘာတွေမှန်းမသိဘူး ပြောနေတယ်။ ကျွန်တော်လည်း ဘာတွေပြန်ဖြေမိမှန်း မသိဘူး။ ကျွန်တော့်အသိစိတ်က ခန္ဓာကိုယ်ကို မကပ်ဘူးဖြစ်နေတယ်။ ကျွန်တော် ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင်မှ သိပ်မသိတာ ဒီလိုပဲနေမှာပေါ့...။ ဒီအဖြစ်ဖြစ်ပြီးတော့ ကျွန်တော့်အနားကို သူတို့တစ်ယောက်မှ မကပ်ရဲတော့ဘူး။ ကျွန်တော်ကလည်း သူတို့ကို သတိတောင် မရတော့ဘူး။ ဘာခံစားချက်ကြီးမှန်းမသိတဲ့ ခံစားချက်နဲ့ ဘုရားရင်ပြင်တော်ပေါ်ကို 'ဗြုန်း' ခနဲရောက်တော့မှ ပြန်သတိရတယ်။

လတ်ဆတ်အေးမြတဲ့လေ... ပန်းပေါင်းစုံရနံ့... ဆီမီးတိုင် အမွှေးတိုင်တွေရဲ့ရနံ့... ပြီးတော့ အဲဒီရနံ့တွေအားလုံးရဲ့နောက်မှာ ထုထည်အင်အားတကြီးနဲ့ တည်ရှိနေတဲ့ မြတ်စွာဘုရားရဲ့ အေးမြခြင်းရနံ့...။

ကျွန်တော်ကတော့ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ် ရောက်တာနဲ့ မမြင်ရဘဲ သိလိုက်ရတဲ့ ကြည်နူးဆွတ်ပျံ့တဲ့ အေးမြခြင်းမှာ တဒင်္ဂပျော်ဝင်သွားလေ့ ရှိပါတယ်။ ဒါ ရွှေတိဂုံဘုရားပေါ်ကို ကျွန်တော်ရောက်တိုင်း ခံစားရလေ့ရှိတဲ့ အရသာပဲ... တခြားလူတွေတော့ မသိဘူးပေါ့လေ... ကျွန်တော့်ဘကြီးကတော့ ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်ကိုရောက်ရင် အလိုလို စိတ်ကြီးဝင်သွားလေ့ ရှိတယ်တဲ့...။

"ငါ့တူကြီး လာလေကွာ... ဒီမှာ ထိုင်ကြတာပေါ့..."

ကိုသက မိန်းမောနေတဲ့ကျွန်တော့်ကို လက်ဆွဲပြီးပြောတယ်။ ကျန်တဲ့လူတွေက ကိုသ,ပြတဲ့ တန်စောင်းပေါ်မှာ နေရာယူကုန်ကြပြီ။ အိုလေးကတော့ ကျွန်တော့်ကို မျက်နှာငယ်ကလေးနဲ့ ကွက်ကြည့် ကွက်ကြည့်လုပ်ရှာပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘာမှမပြောတော့ဘူး။

ကိုသကတော့ မျက်စိရှေ့က ရွှေတိဂုံဘုရားကြီးကို ကြည့်ငေးပြီး ပီတိတွေဝေနေတဲ့ မျက်နှာကြီးနဲ့ ငြိမ်သက်နေတယ်။ သူ့မျက်နှာမှာ ရွှေတိဂုံဘုရားကို ငါရောက်ပြီ ရွှေတိဂုံဘုရားကို ငါ့ရှေ့မှာ မျက်မြင်ဒိဋ္ဌ တွေ့ရပြီ... ဆိုတဲ့ အံ့သြခြင်း ကြည်နူးခြင်းတွေဟာ ခုန်ပေါက်နေတယ်။ အဲဒီပီတိနဲ့ ငေးကြည့်နေရင်း ကိုသက ဟစ်ကြွေးပါတယ်။

"တောက်... ရှာကဘုရား တန်ခိုးကြီးလှ... ကြီးလှနဲ့... ရွှေတိဂုံဘုရား ဟိုဟာကြားတောင် မမီဘူး..."

"ဟဲ့... သေ ဘုရားရှေ့ နင် ဘာစကားပြောတာတုန်း..."

ကိုသရဲ့အော်ကြီးဟစ်ကျယ်အသံဆုံးတော့ ဘွားမယ်က ဖမ်းအော်ဘယ်။ ကိုသမျက်နှာမှာ ကြည်ညိုစိတ်ရဲ့အရောင်က ထင်းထင်းကြီး လင်းနေတာပါ။ ကြည်ညိုစိတ်နဲ့ ပြောတာပါ။

"မဟုတ်ပါဘူး အစ်မရဲ့... မြတ်စွာဘုရားရဲ့ ဟိုဟာ... ခြေဖျားကြားလေ... အဲဒါကို ဘုရားလို ဘယ်လိုခေါ်သလဲ... လူဆိုရင် ခြေဖျားကြားကိုလေ..."

"ဟဲ့... ဘုရားခြေဖျားတော်ပေါ့ဟဲ့..."

"ဟာ... မဟုတ်သေးဘူးထင်တယ် အစ်မ... တစ်မျိုးခေါ်တယ်ဗျ... တစ်မျိုးခေါ်တာ၊ ကျွန်တော် အဲဒါကို မေ့နေလို့..."

"တော်ပြီ သေ... နင့်ပါးစပ်ပိတ်တော့၊ ကဲ... သား ဘွားမယ်တို့ဒီမှာပဲ နားကြမယ်၊ ဒီက ဘုရားကို အာရုံပြုရတာ ကြည်ညိုလွန်းလို့ကွယ်၊ ပြီးမှ မင်းနှမကိုတော့ ဘုရားတစ်ပတ် ပို့ပေးလိုက်ပါကွယ်..."





www.burmeseclassic.com

www.burmeseclassic.com



ဘွားမယ်က ပြောပြောဆိုဆို တာလပတ်ကို ခင်းတယ်။ ပြီးတော့ သယ်လာတဲ့ဆွဲခြင်းတွေ ချ… ခေါင်းပေါင်းတွေဖြည်… သဘက်တွေဖြုတ် ထွမ်းအစ်တွေပြင်… ဆေးလိပ်တွေထုတ် လုပ်လိုက်ကြတာ ခဏချင်းမှာပဲ နေစရာနေရာကလေးတစ်ခု ဖြစ်သွားရော…။ ကျွန်တော်လည်း ဘာမှ မပြောတော့ပါဘူး။ သူတို့နဲ့မလှမ်းမကမ်းမှာ လက်ပမ်းကျသွားတဲ့လူလို ထိုင်ချလိုက်တယ်။

ဘွားမယ်က သူ့ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို ထုတ်တယ်။ ရွှေတိဂုံကုန်းတော်ကလေနဲ့ ဘယ်လိုလုပ်သင့်တော်မှာလဲ။ သူများတကာ မီးစင်သွားရင် ပြဿနာမဟုတ်လား…။

“အဘွား အဲဒီဆေးပေါ့လိပ်ကြီးတော့ မသောက်ပါနဲ့၊ လေက အရမ်းကောင်းတော့ တော်ကြာ မီးပွားတွေ တခြားလူ စင်ကုန်ပါ့မယ်”

“သြော်… အေး… အေးပါ့သားရယ်… အေးပါ… ဘွားတင်ရေ ဆေးလိပ်တော့ ရှောင်လိုက်တော့ဟေ့၊ ဒီလိုလုပ်ပါလား ဘွားတင်ရယ်… ငါ့တစ်သက်မယ် ဒါ ပထမဦးဆုံးအကြိမ် ရွှေတိဂုံဘုရားကို ရောက်ဖူးတာ အေရယ်… ငါ နှစ်ချီလချီကို တောင့်တခဲ့တဲ့အိပ်မက်က ခုဖြစ်လာပြီ… ဒီတော့ တစ်ဘဝလုံး အမှတ်တရဖြစ်အောင် အေတို့ရယ်… ရွှေတိဂုံဘုရားကြီး ဒင်းလန်ကျပ်လန် အားရပါးရကြီးရှိခိုးရင်း တစ်ခုခုကို လှူချင်တာ၊ ကျုပ်တော့ ကျုပ်ဆယ့်လေးနှစ်အရွယ်ကတည်းက သောက်လာခဲ့တဲ့ ဟောဒီ ဆေးလိပ်ကို လှူခဲ့မယ်လို့ ဆုံးဖြတ်လိုက်ပြီအေ… ဘယ့်နှယ်လဲ ဘွားတင်ရဲ့…”

“သာဓုခေါ်ရတော့မှာပေါ့ ဘွားမယ်ရယ်… အေရယ်… ဖြတ်ရော ဖြတ်နိုင်လို့လား…”

“စိတ်သာအဓိကပါကွယ်… ကိုယ့်သီလ ကိုယ်မဖျက်နဲ့ပေါ့ အေ ရယ်… သာဓုခေါ်ရုံတင်မကဘူး၊ ညည်းတို့ကိုလည်း ကျုပ်က အဲဒီဆေးလိပ် အလှူခံတယ်တော့… ညည်းတို့ ဘုရားဖူးဖို့ စရိတ်တွေ ကျုပ်မနှမြောပါဘူး၊ ဒီအလှူရရင် ကျေပြီလို့ သဘောထားပါတယ် ဘွားတင်ရဲ့ ကဲ…”





ကျွန်တော်လည်း ထင်မှတ်မထားဘဲ ဖြစ်သွားတဲ့ အဓိဋ္ဌာန်ပွဲကို တော်တော်စိတ်ဝင်စားသွားတယ်။ ရွှေတိဂုံဘုရားကိုရောက်ရင် ဆေးလိပ် ဘုမယ်လို့ အစကတည်းက ဆုံးဖြတ်ထားတာလား။ ဒီရောက်မှ ပီတိစိတ် ကြည်ညိုစိတ်တွေကြောင့် လှူဖြစ်သွားတာလား… ဆိုတာကို ကျွန်တော် ဒေ့ဘ်းစားနေမိတယ်။

အိုအိချိန္နစ်ယောက်ကလည်း ကျွန်တော့်လိုများ တွေးမိကြသလား မသိဘူး။ သူတို့အချင်းချင်း လှမ်းကြည့်လိုက်ကြပြီးမှ…

“ဆိုင်းမဆင့် ဗုံမဆင့်ကြီးပါကော ဘွားမယ်ရဲ့… တော့်ဟာက…”

“ဒီမယ်အေ… ဆရာတော်ဘုရားက အမြဲမှာတယ် မဟုတ်လား၊ ကောင်းတာလုပ်ဖို့ နေ့ညရွေ့… သေမင်းတွေ့တော့ နောက်ကျပဟေ့… တဲ့… ကောင်းတာလုပ်တာပဲ အေရယ်…”

“တို့ကို ဘုရားဖူးစရိတ်ခံပြီး တမင်ဓိဋ္ဌာန်ခိုင်းတာလား ဘွားတင် ယေ…”

“ဒီလိုတော့ ဟုတ်ဘူး အေရဲ့… ကျုပ် မူလက စိတ်ကူးမရှိပါဘူး၊ ဘုရားကိုဖူးရလို့ ကြည်နူးစိတ်အဟုန် သိပ်ကြီးနေတုန်း ဘာလှူခဲ့ရပါ့မလဲ… တစ်သက်မှာ အမှတ်တရအလှူ ဘာလုပ်ခဲ့ရပါ့မလဲ… ရွှေတိဂုံဘုရားကို ရောက်ခဲ့တယ်ဆိုတာကို အမြဲတမ်းမှတ်မိနေအောင် ဘာလုပ်ရပါ့မလဲ… ဇောသန်သန်နဲ့ စဉ်းစားနေတုန်း မိမြလေးသားက ဆေးလိပ်မသောက် ခိုင်းတားတာနဲ့ ငါဘာလှူရမလဲဆိုတာ တွေးမိသွားတာ၊ နိဗ္ဗာန်ဆော်ပါ အေရယ်… ဆေးလိပ်သောက်ချင်ရင် ရွှေတိဂုံဘုရားကိုသာ မျက်စိထဲ မြင်လိုက်ပေါ့…”



www.burmeseclassic.com

www.burmeseclassic.com



ဘွားမယ်က ပြုံးပြုံးကြီးကြည့်ရင်း ပြောတယ်။ အိုအိချိုနှစ်ယောက်လည်း ဘစ်ယောက်ဘက် တစ်ယောက် လှည့်လှည့်ကြည့်နေကြတယ်။ စိတ်ထဲမှာ ချိတုံချတုံထင်ပါရဲ့...။

"လှူတယ်ဆိုရင်လည်း ပြတ်ပြတ်မှနော်... ကျုပ်ကတော့ သက်သေပဲ၊ ကျုပ်ကို အပထားပါဗျား... ဘုရားကိုတော့ မညာကြပါနဲ့..."

"အေးပါ မောင်သရဲ... ကိုင်းကွယ်... တစ်သက်မှာ တစ်ခါ တဏှာကိုခုခံတယ် ဆိုကြပါစို့ရဲ့... ငါတို့လည်း လှူတယ်ဟေ့... လှူတယ်..."

ကြည်ကြည်နူးနူးအော်ဟစ်ပြီးတော့ အဘွားကြီးသုံးယောက်က သူတို့ဆေးပေါ့လိပ်တွေကို မီးခြစ်တွေနဲ့အတူတူ ရှေ့မှာထုတ်ပြီး ချလိုက်ကြတယ်။ တက်ကြွပျော်ရွှင်နေတဲ့ သူတို့ကိုကြည့်ပြီး ကျွန်တော်တောင် ပျော်လာတယ်ဗျာ။ ရွှေတိဂုံဘုရားကို ခက်ခက်ခဲခဲဖူးရတဲ့ အထိမ်းအမှတ်အဖြစ် သူ ခက်ခက်ခဲခဲ အဓိဋ္ဌာန်တစ်ခုကို ပြုဖြစ်သွားကြတယ်။ ကျွန်တော်တို့မှာ ရွှေတိဂုံဘုရားကို နာရီဝက်နဲ့ရောက်အောင်သွားရင် ရတာဆိုတော့ တန်ဖိုးထားရကောင်းမှန်း မသိကြဘူး။

ခက်ခဲခြင်းရဲ့တန်ဖိုးကို ကျွန်တော့်ရှေ့မှာ တွေ့နေရတာပါ။

**"ဩကာသ... ဩကာသ... ဩကာသ... ကာယကံ... ဝစီကံ... မနောကံ..."**

သုံးယောက်ပြိုင်တူ ဝမ်းသာအားရ ရှိခိုးချလိုက်သံကြီးကြောင့် ပတ် ဝန်းကျင်တစ်ခုလုံး ဝုန်းခနဲ ဘွားမယ်တို့ကို ဝိုင်းကြည့်ကြတယ်။ အံ့မယ်... ကိုသ,ကပါ ဝင်ကြိတ်နေတာကိုး...။ သူတို့ကိုကြည့်ပြီးတော့ လူတွေက ကျွန်တော့်ကို ကြည့်ပြန်ရော ပြုံးသနားပဲ... ဒါနဲ့ ကျွန်တော်လည်း သူတို ကို အဓိဋ္ဌာန်ပွဲနဲ့ထားခဲ့ပြီး... ဘုရားကို ဘာရယ်မဟုတ်ဘူး... ပတ်





ွတ်လာခဲ့တယ်။

အခုတွေ့လိုက်ရတဲ့ မြင်ကွင်းကလေးတော့ ကြည်နူးစရာကောင်းပါတယ်လေလို့ စဉ်းစားနေတုန်း...

"အစ်ကို အစ်ကို ခဏနေပါဦး... အိုလေးကို စောင့်ပါဦး..."

ဆိုတဲ့ အသံကြားရလို့ လှည့်ကြည့်တော့ ဒေါ်ရွှေအိုလေးကို လူတွေကြားထဲတိုးနေတာ တွေ့လိုက်ရတယ်။ ကျွန်တော် နည်းနည်းတော့စိတ်ညစ်သွားတယ် ဆိုတာကို ဝန်ခံရလိမ့်မယ် ကိုယ့်ဆရာရေ...။ ဒါပေမဲ့ ဘာ တတ်နိုင်မှာတုန်း မဟုတ်ဘူးလား...။

ဒါပေမဲ့ ကျွန်တော် သူ့ကိုစောင့်ခေါ်ပြီး အတူတူသွားတာမျိုး မလုပ်ပါဘူး။ သူမျက်ခြည်မပြတ်လောက်ဘူး ထင်ရတဲ့ နေရာကနေ ခပ်သွက်သွက်သွားတာပါ။ ခုနကဖြစ်ထားတဲ့ကိစ္စအတွက် ကျွန်တော် သူ့ကို ရင်မဆိုင်ချင်ဘူး။ ဘာကိုမှန်း မသိဘူး ရှက်နေပြီး ဘာကိုမှန်းမသိ အားနာနေမိတယ်။ အဲဒီစိတ်မျိုး ကျွန်တော့်မှာ မကြာခဏဖြစ်တတ်ပါတယ်။ စိတ်ဓာတ်အားပျော့တယ် ခေါ်မလားဘဲ...။

"အစ်ကို... အစ်ကို... အိုလေးကို ခဏစောင့်ပါဦးဆို..."

တောင်းပန်သံမှာ အားငယ်တဲ့လေက စွက်နေတော့ ကျွန်တော် ခြေထောက်အရှိန်က အလိုလိုလျော့ကျသွားတယ်။ ဘွားမယ်တို့ ပျော်ပျော်ပါးပါး အော်ကြီးဟစ်ကျယ် ဘုရားရှိခိုးတာကိုရှက်ပြီး ရှေ့နောက်မကြည့်ဘဲ ဘွက်ခဲ့မိတာ ခံပေါ့...။

"အစ်ကို... အိုလေးကို တနင်္ဂနွေထောင့်ကို ပို့ပေးပါနော်..."

သူက ကျွန်တော့်မျက်နှာအခြေအနေကို ကြည့်ပြီး စကားပြော တာ ဆိုတော့ လမ်းလျှောက်တာက ချိန်သားမကိုက်ဘူးပေါ့ဗျာ...။ သူ့



www.burmeseclassic.com

www.burmeseclassic.com



လာ်ခေါင်းအိုးကြီးနဲ့ ကျွန်တော့်ပခုံးကို တိုက်မိတယ်။ အမှတ်တမဲ့မို့ ကျွန်တော် နည်းနည်းယိုင်သွားတယ်။ ကျွန်တော့်အနားမှာ ထုထည်ကြီးကြီး တခုခု ရောက်လာတော့ လမ်းလျှောက်နေရတာ ကျုံ့သွားသလိုပဲ…။

အိုလေးက ကျွန်တော့်ထက် လက်လေးလုံးလောက်တော့ အရပ်မြင့်နိုင်တယ်။ သေသေချာချာမော့ကြည့်မထားတော့ ခန်းမှန်းခြေကို ပြောရတာ။ ကိုယ်အလေးချိန်ကတော့ တော်တော့်ကို ကွာမယ်ဗျာ…။ သူက ကျွန်တော့်ထက် အရိုးအဆစ်ကိုက ကြီးတာ…။ သူ့လက်ကောက်ဝတ်က ကျွန်တော့်ထက် လက်တစ်လုံးလောက် ဖြက်ကျယ်မယ်ထင်တယ်။

သူ့ပိုင်ဆိုင်မှုတွေက ဝ,တာ မဟုတ်ဘူးခင်ဗျ။ တောင့်တင်းတာ ဖွံ့ထွားတာ ကိုယ့်ဆရာတို့အကြိုက် ဆိုပါတော့။ နယ်မှာနေတာဆိုတော့ အပြင်အဆင်မတတ်လို့သာရယ်…။

"ဟော… အစ်ကို ဟိုမှာ တနင်္ဂနွေထောင့်မဟုတ်လား…"

ဂဠုန်ရုပ်ကြီးမြင်ရဲ့သားနဲ့ မေးတာဆိုတော့ သူ့စကား သူ့ကိုယ်တွေမှာ ကျွန်တော့်ကို ပတ်သက်စေချင်နေတာ ထင်ရှားတယ်ဗျာ။ ဒီတော့ ကျွန်တော်လည်း ဘာတတ်နိုင်မှာတုန်း…။

"ဟုတ်တယ်လေ ဂဠုန်ရုပ်ကြီး မတွေ့ဘူးလား…"

"ဒါဆိုရင် အိုလေး ခဏ ဘုရားရှိခိုးဦးမယ်… အစ်ကို ခဏစောင့်ပေးပါနော်…"

"အင်း… စောင့်ပေးမယ်လေ၊ ဟိုကတန်ဆောင်းလှေကားမှာ စောင့်နေမယ်၊ ဟုတ်ပြီလား…"

"ဟုတ်ကဲ့ အစ်ကို…"

တန်ဆောင်းလှေကားမှာထိုင်ရင်း ကျွန်တော် ရွှေတိဂုံဘုရားကို ပတ်နေကြတဲ့လူတွေကို လျှောက်ငေးနေမိတယ်။ ဒီလူတွေ ဘယ်လိုအကြောင်း





ကြောင်းတွေကြောင့် ဒီရွှေတိဂုံဘုရားကို ရောက်လာကြတာလဲ… မရောက်ဖူးလို့လာတာလား… လမ်းကြုံလို့လာတာလား… အပျော်လာကြတာလား… ကိစ္စရှိလို့ လာကြတာလား… အဖော်ကောင်းလို့ ရောက်လာကြတာလား… ဒါမှမဟုတ် မြတ်စွာဘုရားကို လေးနက်ယုံကြည်စွာနဲ့ ပူဇော်ဖို့ ရောက်လာကြတာလား…။

အဲဒီလို စ,တွေးမိတော့ အတွေးစက အရှည်ကြီးဖြစ်သွားရော။ ကျွန်တော်ဟာ ဘာကြောင့်လဲမသိဘူး… အဲဒီလိုအတွေးမျိုးတွေကို ခဏခဏတွေးဖြစ်တတ်တယ်။ တစ်ခါတလေဆို အတွေးတွေက ဘယ်တွေရောက်ကုန်မှန်းကို မသိတော့ဘူး။ ကျွန်တော့်သူငယ်ချင်းတွေကတော့ ကျွန်တော် အဲဒီလိုဖြစ်တာကို ကြောင်တာတဲ့…။ ဟုတ်ချင်ရင်လည်း ဟုတ်မှာပါပဲ…။

အဲဒီအချိန်မှာပဲ 'ဟိတ်… မပြေးနဲ့… ငမိုက်သား… အခုတော့ ဘုရားအရိပ်ခိုနေရပြီ မဟုတ်လား…' ဆိုတဲ့ အသံစာစာတွေနဲ့အတူ ကျွန်တော့်ကျောကို တစ်ခုခုနဲ့လာထောက်တာ ခံရလို့ လှည့်ကြည့်တော့ နှယ်နှယ်ဝေတို့အုပ်စု မိုးလည်းပါတာကို တွေ့ရတော့ ရင်တစ်ချက် ငြိမ့်ခနဲခုန်ပြီး အရမ်းဝမ်းသာသွားတယ်။ မိုးက ကျွန်တော့်ကိုပြုံးပြီးကြည့်နေတော့ ပိုဆိုးတာပေါ့။

ထင်မှတ်မထားတဲ့ဆုလာဘ်မို့ ကျွန်တော်ဟာ ပျော်လွန်းလို့ ဘာလုပ်ရမှန်းကို ရုတ်တရက်မသိနိုင်ဘူး။ ကျောင်းပိတ်ထားတဲ့ရက်မှာ မိုးကို တွေ့ခွင့်ရဖို့ဆိုတာ မဖြစ်နိုင်ဘူးမဟုတ်လား။ တွေ့မယ့်တွေ့တော့ ဘုရားမှာ လူကြီးတွေလည်း ပါပုံမရဘူး… ဆိုတော့ အတိုင်းထက်အလွန်ပေါ့…။

"နင်တို့ ဘာလာလုပ်ကြတာလဲ မိဝေ…"

"အံမယ်… နင်ကရော တစ်ယောက်တည်း ဟုတ်ရဲ့လား…"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း မဟုတ်တာတော့ ဝန်ခံပါတယ်၊ တောက အမျိုးတွေလာလည်ကြလို့ ဘုရားလိုက်ပို့တာ..."

"ဟင်... ဘယ်မှာလဲ..."

"ဘုရားရှိခိုးနေကြတယ် မိုးရော ဘုရားဝတ်ပြုပြီးပြီလား..."

ကျွန်တော် မိုးဘက်ကိုလှည့်ပြီး မေးတော့ မိုးကပြုံးနေတယ်။ ကျွန်တော့်မျက်နှာပေါ်မှာ ဝမ်းသာတာရော ပျော်ရွှင်တာရော ကျေနပ်ကြည်နူးနေတာကိုရော မိုးတွေ့မှာပါ။ ကျွန်တော်ဟာ ဒီလိုပဲ ကိုယ့်ခံစားချက်ကို ဘယ်တော့မှ မျက်နှာပေါ်မရောက်အောင် မထိန်းတတ်ဘူး။ သတိရရင် ဘာဖြစ်နေတယ်ဆိုတာက မျက်နှာပေါ်ရောက်နေပြီ။ အဲဒါမျိုးက ဟန်မဆောင်တတ်တာ မဟုတ်ဘူး။ ကိုယ့်စိတ်ကို ကိုယ်မနိုင်တာပါ။

"အောင်မာ... မင်းက မိုးဘုရားမရှိခိုးရသေးရင် ဘာလုပ်မလို့လဲ... ဒီမှာ ငါတို့က ပြန်တောင်ပြန်တော့မှာ..."

ငဖြိုးစကားကြောင့် ကျွန်တော် တော်တော်ဝမ်းနည်းသွားတယ်။ မိုးတို့က တကယ်ပဲပြန်တော့မှာလား။ ဒီမှာတွေ့ကြတဲ့ သူငယ်ချင်းငါးယောက်စလုံးက တက္ကသိုလ်မှာ အမြဲတွဲနေတဲ့ သူငယ်ချင်းတွေပါ။ အခု ကျောင်းပိတ်လို့ ဝေးနေကြတာ...။ ကျွန်တော့်ဇာတ်လမ်းကို အတိုချုံးပြောရဦးမယ် ကိုယ့်ဆရာရေ...။

ကျွန်တော်က အခုတွေ့ရတဲ့ သူငယ်ချင်းငါးယောက်ထဲက မိုးကို ချစ်နေတာ။ အားလုံးကလည်းသိပြီးသားမို့ အခု တတိယနှစ်စာမေးပွဲ နောက်ဆုံးနေ့မှာ ဖွင့်ပြောပြီး ကျောင်းပြန်တက်တဲ့နေ့ ပေးမယ့်အဖြေကို ယူဖို့ သဘောထူထားတာခင်ဗျ...။ အဲဒါကို ထင်မထားဘဲ ဘုရားပေါ်မှာ ...ဘာတွေ့တော့ ပျော်တာပေါ့ဗျာ...။

"ကိုရဲရော ရှိခိုးပြီးပြီလား..."

"ဟင့်အင်း မခိုးရသေးဘူး..."

"ဒါဆို အတူတူ ခိုးရအောင်လေ..."

"ကဲ... ဒါဆိုရင်လည်း သွားခိုး... သွားခိုး... တော်ကြာ ရဲလာလို့ ...ခိုးလိုက်ရဘူး ဖြစ်နေဦးမယ်..."

စန္ဒာကဝင်နောက်တာကို တစ်အုပ်စုလုံး လိုက်ရယ်လိုက်ကြတယ်။ ကျွန်တော် မိုးနားကို နည်းနည်းပိုကပ်နေလိုက်ပြီး ငဖြိုးကို လက်ဟန်ခြေဟန် ...ဲ့ ပြရတယ်။

"ကဲ... ဒါဆိုရင် ငါတို့ ဘုရားတစ်ပတ် ပတ်လိုက်ဦးမယ်၊ မိုး ...ချင် နေခဲ့လေ၊ အို... နေခဲ့ပါ နေခဲ့..."

နွယ်နွယ်ဝေက မိုးပခုံးကို ပိုက်ဆံအိတ်နဲ့ လှမ်းရိုက်ပြီး ထွက်သွား ...ကြတယ်။ မိုးကတော့ မသိဘူး။ ကျွန်တော်ကတော့ ရင်တွေခုန်လို့ ကျန် ...တာ။

"မိုး မထိုင်ဘူးလားဟင်..."

"ထိုင်မယ်လေ..."

ခေါင်းကလေးတစ်ချက်ငုံ့ထားရင်းက မျက်ဝန်းထဲက မျက်ဆံနက် ...လေးတွေကို ညင်ညင်သာသာကလေးရွှေ့တယ်။ ဟုတ်တယ်... လူတစ် ...ယောက်ရဲ့မျက်ဝန်းအကျယ်အဝန်းဟာ အရှည်ဆုံး ၀.၆ လက်မလောက်ပဲ ...ရှိမယ့် အဲဒီထဲမှာရှိတဲ့မျက်ဆံကို မိုးက ငြိမ်ငြိမ်ကလေးနဲ့ ရွှေ့တတ်တယ်။ ...ဲ့မျက်ဆံနက်နက်တွေဟာ မျက်ဝန်းထဲမှာ ဘယ်တော့မှ ပျာယာခတ် ...ကြဘူး။ အမြဲတမ်း ဣန္ဒြေနဲ့ချည်းပဲ...။ တစ်ခါလောက် ကိုယ့်ဆရာက် ...င်တယ်ဗျာ...။

မိုးက ကျွန်တော်တို့ရပ်နေတဲ့ တန်ဆောင်းနဲ့ကပ်လျက် တန်ဆောင်းရဲ့




www.burmeseclassic.com

www.burmeseclassic.com



ဘောဘက် လေ့ကားထစ်ကလေးသုံးထစ်ကို ရွေးလိုက်တယ်။ ကောင်းပ
တယ်... မိုးရွေးရင် ဘာမဆို အဆင်ပြေတာချည်းပါပဲ... တော်ကြာ
ဟိုကောင်တွေပြန်လာလို့ မတွေ့ရင်လည်း မကောင်းဘူး မဟုတ်လား

"မိုး နည်းနည်းပိန်သွားတယ်..."

အချိန်မီတားပေမယ့် မရတော့ဘူး။ စကားလုံးတွေက အလိုလိုထွက်
သွားတယ်။ ဒီလို ရှားရှားပါးပါး ချစ်သူကိုတွေ့ရတဲ့ အချိန်ကလေးမှာ
သီအိုရီစကားလုံးတွေ မပြောသင့်ဘူးဗျာ...။ သီအိုရီစကားလုံးဆိုတာ
ကျွန်တော့်ဘာသာပေးထားတဲ့နာမည်ပါ။ ခုနက စကားလုံးမျိုးပေါ့။ မတွေ့
တာကြာတဲ့အခါ ရည်းစားဆို 'ပိန်သွားတယ်' ပြောရမယ်။ သူငယ်ချင်း
ဆိုရင် 'ဝလာတယ်' လို့ ပြောရမယ်။ နည်းနည်းပိန်သွားတယ်... လို့
ပြောတာဟာ ချစ်သူကို ဂရုစိုက်တယ်။ ကရုဏာသံကလေးလည်း ပါတယ်
အရိပ်တကြည့်ကြည့်နေတယ်... ဆိုတဲ့ အဓိပ္ပာယ်လည်းပါတယ်။ အပြော
ရတဲ့သူလည်း ရင်ထဲမှာ နွေးထွေးကျေနပ်စေတယ်ပေါ့ဗျာ...။ 'မင်းဝလာ
တယ်ကွ...' ဆိုတာကတော့ သူငယ်ချင်းကို ပျော်ရွှင်စေတာပေါ့ဗျာ—
ကျွန်တော်က ဒါမျိုးခွဲထားတယ်။ အခု ထင်မထားဘဲ သွားပြောမိတာ
ဘယ်လိုမှ တားလို့မရတော့ဘူး...။ ကျွန်တော်ဆိုတဲ့ ကောင်ကလည်း
မကောင်းပါဘူးဗျာ...။ ဒါပေမဲ့ မိုးကိုတော့ ကျွန်တော် တကယ်ချစ်တာ
ကျွန်တော့်တစ်ကိုယ်လုံးမှာ ကောင်းတာဆိုလို့ အဲဒီတစ်ခုပဲ ရှိလိမ့်မယ်
တစ်ခါတစ်ခါ ကျွန်တော်ထင်မိတတ်တယ်။

"အင်း... အစာအိမ်လေ... ခုတော့ သက်သာသွားပါပြီ..."

တကယ်ဖြစ်တာကို ပြောမိလို့ တော်ပါသေးရဲ့လို့ တွေးမိတာ
ချက်ချင်းပဲ သူတို့မှာလည်း သီအိုရီတွေ ဘာတွေ ရှိချင် ရှိမှာပေါ့လို့





တွေးမိသေးတယ်။ ဒီစိတ်နဲ့ မိုးကိုကြည့်တော့ မိုးမျက်နှာက အေးအေးချမ်းချမ်း
ပါပဲ။ မိုးလိမ်တယ်လို့ ကျွန်တော် လုံးဝ သံသယမရှိဘူး။

"အစားဂရုစိုက်ပေါ့ မိုးရဲ့..."

"အင်း..."

"မမျှော်လင့်ထားဘဲ တွေ့ကြ... နော်... မိုး ကိုယ်အရမ်းပျော်
တာပဲ..."

"မိုးတို့က အဝေးကြီးကတည်းက လှမ်းတွေ့တာ၊ မိုးသာဆို မခေါ်
ဘူး သိလား..."

"ဟာ... မိုးကလည်း... ကွာ... ဒါဆို ထုတ်ချင်းခတ်နဲ့ လာ
ကတည်းက တွေ့တာပေါ့... ဟုတ်လား..."

"ဟင်... ဘယ်သူ..."

"သြော် မဟုတ်ပါဘူး... တောကလာတဲ့ ကောင်မလေးလေ သူ့ကို
နောက်ပြီး အဲဒီလိုခေါ်တာ၊ ထားလိုက်ပါ မိုးရယ်... နောက်တော့မှ သူ့
အကြောင်းတွေပြောပြမယ်၊ ကျောင်းတွေပိတ်ထားတော့ မိုး ကိုယ့်ကို သတိ
မရဘူးလားဟင်..."

မိုးက ခေါင်းကလေးငုံ့သွားတယ်။ ကျွန်တော်က မိုးကို အားရပါးရ
ငေးနေလိုက်တာပေါ့။ အဲဒီအချိန်မှာ ကျွန်တော့်အတွက် အရာအားလုံးဟာ
ပျောက်နေတယ်ခင်ဗျ။ အချစ်နဲ့ပြည့်နေတဲ့ ကျွန်တော့်အတ္တရယ်... အဲဒီအတ္တ
ကို လက်ခံယုံကြည်တဲ့ မိုးရဲ့အတ္တရယ်... အဲဒီနှစ်ခုပဲရှိတယ်လို့ ကျွန်တော်
ထင်တယ်။ ပြီးတော့ အဲဒီအတ္တနှစ်ခုပေါင်းသွားတဲ့အချိန်ဟာ ကျွန်တော့်
အတွက် တစ်ခုတည်းသာရှိတဲ့အရာ ဖြစ်သွားတယ်။

တစ်ခုတည်းသာ အဲဒီအရာက ရှိပေမယ့် အဲဒီတစ်ခုထဲမှာ အကျ
ပါတယ်။ အဲဒီလို ကမ္ဘာလောကနဲ့ တခြားအတ္တတွေနဲ့ တစ်မဟုတ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းညည်းလို့ ရနိုင်တာ မိုးရဲ့အတ္တပဲရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် သိပ်ခံခဲ့တယ်။ ကိုယ့်ဆရာ ရှုပ်သွားပြီလားမသိဘူး။ ရှုပ်မှာပေါ့... ဘယ်သူမှ ရှင်းလို့ မရသေးတဲ့'အချစ်' ဆိုတာကို ကျွန်တော်က ရှင်းနေတာကိုး။ ဘုရားပေါ်မှာဆိုတော့ 'အတ္တ' တို့ ဘာတို့ပါသွားတယ်။ Sorry ပဲဗျာ...။

"ရပါတယ်..."

"ရတယ်... လို့ မပြောနိုင်ဘူးလား မိုးရယ် ခဏလေးတွေ့ရတုန်းမှာ စကားလုံးတွေကအစ အားရှိတဲ့ စကားလုံးတွေပဲ ရထားချင်တယ်။ ကိုယ်က အဲဒီစကားလုံးကလေးတွေနဲ့ ကျောင်းဖွင့်တဲ့အထိ နေရဦးမှာ..."

မိုးက လှစ်ခနဲပြုံးရင်း ကျွန်တော့်ကို မော့ကြည့်တယ်။

"ကိုရဲက စကားတတ်တယ်နော်..."

"မိုး... ရယ် ခံစားချက်အမှန်ကို စကားတတ်တယ်လို့ အထင်ခံရတာလောက် ဝမ်းနည်းဖို့ကောင်းတာ ဘာရှိမှာလဲ..."

"အို... မဟုတ်ဘူးလေ... မိုးပြောတာက ဘယ်လိုခံစားနေရသလဲ ဆိုတာကို ကိုရဲပြောရင် ပေါ်တယ်လို့စကားလုံးရွေးတာ တော်တယ်... လို့ ဆိုတာ..."

"ဒါဆိုရင်တော့ ဟုတ်တယ်... မိုးအကြောင်းတွေးမိရင်လေ ရင်ထဲမှာ ပူပူနေတယ်..."

"ဘာဖြစ်လို့လဲ..."

"ဟင်... မိုးများ မုန်းမှာလား ဆိုပြီးတော့ပေါ့... အဲဒီအခါမျိုးကျရင်လေ တစ်ယောက်တည်း စိတ်ဖြေကစားရတယ်..."

ကျွန်တော့်စကားဆုံးတော့ မိုးမျက်လုံးကလေးက တွေသွားတယ်။ ပြီးတော့ ကျွန်တော့်ဆီကို လှစ်ခနဲရောက်လာရော...။





"စိတ်ဖြေကစားတာ..."

"ဟုတ်တယ် မိုးရဲ့... များသောအားဖြင့်တော့ အိမ်ရှေ့ကားလမ်းပေါ်မှာ မောင်းသွားတဲ့ကားတွေရဲ့ နောက်ဆုံးသုံးလုံးကို ပေါင်းကြည့်တာ သုံးလုံးပေါင်းလို့ ငါးပေါက်ကျော်ရင် မိုးက ကိုယ့်ကို မမုန်းဘူးပေါ့..."

"ငါးကျော်ရင်..."

"ဟုတ်တယ်လေ... ဥပမာ (၇၊ ၈၊ ၃) ဆိုရင် ဆယ့်ရှစ်ပေါ့ အပ်ပေါင်းတော့ ကိုးရတယ်၊ မိုးက မမုန်းဘူးပေါ့..."

"ငါးအောက်ရရင်ရော..."

"ဟင့်အင်း... အဲဒီကားမပါဘူး ဆိုပြီးတော့ နောက်တစ်ကားကို ဆက်စောင့်တယ်..."

မိုးနဲ့ကျွန်တော် ပြိုင်တူရယ်မိကြတယ်။ ရင်ထဲမှာပျော်ပြီး ရှင်းလင်းသွားတာပဲ ကိုယ့်ဆရာရေ...။

"အဲဒါကိုပြောတာပေါ့... ကိုယ့်မှာက မိုးမသိဘဲ တစ်ယောက်တည်း ပေါက်နေတာတွေက အများကြီးရှိတာ၊ မိုးမုန်းသွားရင် ရှုံးမှာ မမုန်းနဲ့နော် မိုး..."

"ကျောင်းဖွင့်မှလေ..."

"ကတိဆိုတာလည်း တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် ခတ်ထားတဲ့ ကြိုးပဲနော် မိုးရယ်..."

"ကျောင်းဖွင့်ဖို့ ဘာမှမလိုတော့ဘဲဟာကို... ကိုရဲကလည်း..."

"မိုးရယ် တတ်နိုင်ရင် မညှဉ်းဆဲပါနဲ့၊ မိုးနဲ့ ကိုယ့်ကြားမှာ အသည်းလေးတစ်ခုပဲ ပေးရတာပါ၊ နေတာထိုင်တာက ဒီလိုပဲနေကြမယ်။ ကြာ မပ်စက်ပါနဲ့ မိုးရယ်... အဲဒီအသိကလေးကို ခွင့်ပြုပါနော် မိုး..."



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကာငြိမ်သွားပြီး နောက်ကျောက သူ့ဆံပင်ကလေးတွေကို လက်နဲ့ အသာဆွဲယူနေတယ်။ မိုးရဲ့လက်ကလေးတွေ တုန်ယင်နေသလား မသိဘူး။ မိုး အသက်မရှူဘဲ နေလိုက်သလားမသိဘူး ရင်ကလေးလှိုက်ပြီး သက်ပြင်းချရင်းက ပြောတယ်။

"ဒါဆို ဟိုကောင်တွေကို သွားမပြောနဲ့နော် မိုး ကိုရဲကို..."

"အစ်ကို..."

တစ်စုံတစ်ခုသော နင့်နဲတဲ့စိတ်ခံစားမှုထဲမှာ အရသာအပြည့်နဲ့ ကျွန်တော်နစ်မြောနေတုန်း 'ဝုန်း' ခနဲ ဆွဲယူလွှင့်ပစ်တာ ခံလိုက်ရသလို ကျွန်တော်ခံစားလိုက်ရတယ်။ အနောက်ကထွက်လာတဲ့ အသံကြောင့် မိုးလည်း ကျွန်တော့်လိုပဲ ဖြစ်သွားပုံရပါတယ်။

ကျွန်တော် စိတ်ဆိုးသွားလိုက်တာမှ မွှန်ထူသွားမတတ်ပါဘဲ။ ရိုင်းစိုင်းရင့်သီးတဲ့ စကားလုံးတွေဟာ နှုတ်ဖျားကို ချက်ချင်းရောက်လာတယ်။ ဒါပေမဲ့ မိုးရှေ့မှာဆိုတဲ့ အသိနဲ့ ကျွန်တော်ဟာ အဲဒီစကားလုံးတွေကို မသုံးတော့ဘူး။ ကျွန်တော့်စိတ်ကို အချိန်မီထိန်းလိုက်နိုင်ပါတယ်။

ဝေရီနေတဲ့ မျက်ဝန်းတွေနဲ့ ကျွန်တော်တို့ကို အိုလေးက ငေးနေတယ်။ သူ့နှုတ်ခမ်းတွေက ဟ,လို့...။ မိုးကိုငေးတဲ့အငေးက ဟိုးအဝေးကို မျှော်လှင့်လို့...။

"ကိုရဲပြောတဲ့ ဘုရားဖူးဧည့်သည်လားဟင်..."

"ဟုတ်တယ်..."

"သြော်..."

သုံးယောက်စလုံး ဘာဆက်ပြောရမယ်မှန်း မသိသလို ငေးနေကြ တယ်။ မိုးက နဂိုမူလနေရာက နည်းနည်းကလေးရွှေ့တယ်။ ကျွန်တော် မတ်တတ်ထ,ရပ်လိုက်တယ်။ သွားပြီလေ... ကျွန်တော်အတောင့်တ





စကားသံကို မကြားရတော့ဘူး။ ကျွန်တော် အိုလေးကို အေးစက်မာကြောနေတဲ့ အကြည့်တွေနဲ့ ကြည့်ပစ်လိုက်တယ်။ တစ်နေ့လုံးပေးခဲ့တဲ့ ဒုက္ခထက် အခုပေးလိုက်တဲ့ဒုက္ခက အကြီးမားဆုံးပဲ...။

"ကဲ... တော်ပြီပေါ့... အချိန်စေ့ပြီ... တို့မင်းသမီးလေးကို တို့ ပြန်သိမ်းတော့မယ်၊ ဘယ်နေရာ နာသွားသေးလဲဟင်..."

နွယ်နွယ်ဝေက အသံစာစာနဲ့ မိုးကို နောက်ကနေ သိုင်းဖက်ရင်း ပြောတယ်။ ငဖြိုးကလည်း ကျွန်တော့်ကော်လံတွေ ဘာတွေကို အလကား နေရင်း ပြန်ထောင်ပေး ဘာညာလုပ်ရင်းနဲ့...

"လိုက်ခဲ့ပါလားကွ... အောက်မှာ တစ်ခုခုသွားစားရအောင်..."

"အို... မစားပါဘူး... ကိုရဲကို ခေါ်မနေနဲ့ သူ့မှာ ဧည့်သည်နဲ့..."

ဒီတော့မှ ကျွန်တဲ့ကောင်တွေက ကျွန်တော့်နောက်မှာ ရပ်နေတဲ့ အိုလေးကို ငဲ့ကြည့်ကြတယ်။ အိုလေးကတော့ ဘာမှမပြောဘဲ သူတို့အားလုံး ကို တစ်ချက်ဝေ့ကြည့်ပြီး ခေါင်းကိုငုံ့ချသွားတယ်။

"ဒါဆို ငါတို့သွားမယ်လေ..."

"Ok Ok... ပါ ကျောင်းဖွင့်တော့မှ..."

ကျွန်တော်ဆက်မပြောဘဲ မိုးကို ပြုံးပြလိုက်တယ်။ မိုးက ကျွန်တော့် ကို ပြန်ပြုံးပြပြီး ထွက်သွားတယ်။ ကျွန်တော့်ဆီမှာရှိသမျှ အရာတွေအားလုံး ကို မိုးက စုပြီးတော့ယူသွားသလိုပဲ ခံစားရတယ်။

ကျွန်တော် နှုတ်ဆိတ်ပြီး တစ်ယောက်တည်း လျှောက်လာခဲ့တယ်။ ကျွန်တော့်နောက်မှာ သူပါလာတာကို သိပါတယ်။ ဒါပေမဲ့ သူတို့အတွက် ပြောစရာစကားလုံးတွေ ကျွန်တော့်မှာ တစ်လုံးမှကို မရှိတော့ဘူး။

❐



www.burmeseclassic.com

www.burmeseclassic.com



## လူတွေစစ်ဆေးခြင်း

ကျွန်တော်အိပ်ရာကနိုးတော့ မီးဖိုချောင်ဟာ စကားပြောသံ ရယ်သံ တစ်ခုခုလှမ်းပြောသံ၊ စကားနှစ်ခွန်း အချင်းချင်းတိုက်မိကြတဲ့အသံတွေနဲ့ စည်ပင်နေပါတယ်။ ကျွန်တော့်အတွက်တော့ အထူးအဆန်းလို ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့အိမ်မှာ အသံအတိတ်ဆုံးနေရာက မီးဖိုချောင်ပါ။ လူအရှင်းဆုံးနေရာကလည်း မီးဖိုချောင်ပါပဲ။

ပုံမှန်ဆိုရင်တော့ အမေက မီးလင်းတာနဲ့ ထမင်းအိုးတစ်လုံးတည်မယ်။ ညကျန်ထမင်းကြမ်းနဲ့ အသုပ်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ တစ်ခုခုနဲ့စားမယ်။ ထမင်းကျက်ရင် ညနေကချက်ထားတဲ့ဟင်းနဲ့ ထမင်းချို ဆည့်ပြီး ရုံးသွားကြရော…။ ကျွန်တော်ကျောင်းတက်တုန်းက ဆိုရင် ကျွန်တော်လည်း ကျောင်းသွားပေါ့လေ…။ ကျွန်တော်တို့အိမ်သော့ကို နံဘေးနားကအိမ် ပေးခဲ့ပေါ့…။ ကျောင်းဖွင့်ရက်ဆို ကျွန်တော်တို့အိမ်





ကလေးက တိတ်ပြီးကျန်ခဲ့တာ။ ကျွန်တော်တို့မိသားစုက လေးယောက် ဘည်း… ကျွန်တော့်ညီက ပျဉ်းမနား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ အဆောင်ကျောင်းသားဆိုတော့ သုံးယောက်ပဲရှိသလို ဖြစ်နေတာပေါ့။

အဖေ၊ အမေဝန်ထမ်းနဲ့ ကျောင်းသားတစ်ယောက်ရှိတဲ့အိမ် ဆိုတော့ ဖြစ်သလိုစား ကြုံသလိုဝတ်နဲ့ ယဉ်ပါးခဲ့ကြတာ နှစ်တော်တော်ကြာခဲ့ပြီ ဆိုပါတော့။ အခုတော့ တိတ်ဆိတ်နေတဲ့မီးဖိုချောင်ဟာ ပြန်လည်အသက် ဝင်လာနေလေရဲ့…။

ကျွန်တော်အိပ်ရာထကာစ အမြဲသောက်နေကျ ရေအိုးထဲက ရေကို တစ်ခွက် အားရပါးရသောက်နေတုန်း အမေ့ရဲ့စကားသံရှင်ရှင်ကို ကြားရ တယ်။

“နင့်အစ်ကိုက စားတော့နည်းနည်းဟဲ့… ချေး(ဂျီး)ကတော့ များ သလား မမေးနဲ့၊ ဆိတ်သားဆို အခုလိုပြုတ်၊ လက်ညှိုးလောက်အချောင်း ကလေးတွေလှီးပြီး ငရုတ်သီးနဲ့ ပြန်ကြော်မှ စားတာ၊ လှီးတဲ့အချောင်းက ကြီးသွားရင်လည်း မစားတော့ဘူး၊ ကြော်တာ ကြွပ်သွားရင်လည်း မစား တော့ဘူး၊ တကယ့်ဂျီဂျောင်ပါအေ… ဂရုတစိုက် အခုလိုလုပ်ပေးနိုင်တဲ့ ငှမျိုးနဲ့မှ တော်ရုံကျတာ…”

ကျွန်တော် ရေမျိုရင်း ဂလုခနဲဖြစ်သွားတယ်။ ရေ့ရေကိုထားပြီး နောက်ရေကို ကျော်မျိုမိသွားတာပါ။ ကံကောင်းလို့ မသီးတယ်ဗျာ…။ ကျွန်တော်ဂျီးများတာတွေက ထားလိုက်ပါတော့… ဘယ့်နဲ့ နောက်ဆုံးသတ် ကားကြီးက ပြောစရာကိုမလိုတဲ့ စကားကြီးဟာကို…။ ဒီစကားကို ဒီမှာ တ်ထားမှုကို ကောင်းတော့မှာမို့ ကျွန်တော် မီးဖိုချောင်ထဲဝင်လိုက်တော့ ခါ်လေးရဲ့ဘေးနားမှာ ကြက်သွန်ဖြူ၊ နီအခွံတွေ… ခဝဲသီးခွံတွေ ငရုတ်ဆုံ



www.burmeseclassic.com

www.burmeseclassic.com



ထည့်လက်စပန်းကန်တွေ၊ ဓားတွေ၊ အမှိုက်တွေနဲ့ ရှုပ်ပွနေတာပဲ။ အမေ ကတော့ မီးဖိုရှေ့မှာ စတိုင်နဲ့ကြော်လို့ ချက်လို့ခင်ဗျ…။ ကောင်းကောင်း လေး အပေးအယူတည့်နေတဲ့ သဘောပါပဲ…။

"ဟော… သားနိုးပြီလား… ဩော်… မင်းခပ်သောက်နေကျ ရေက မေမေ ခပ်ခိုင်းထားတယ်လေ၊ အိပ်ရာဘေးနားက စားပွဲပေါ်မှာ မတွေ့ဘူးလား၊ သားကလည်း ခက်တာပဲ…"

"ကျွန်တော် ရေအိုးထဲက ခပ်သောက်နေကျပဲဟာ… မေမေ လည်း…"

"ဟဲ့… နင် အဆင်သင့် သောက်ရအောင်လို့ပေါ့ဟဲ့… အဲဒါ ကြည့်… သမီးရေ အဲဒါပဲကြည့်တော့…"

ဒုက္ခပါပဲ…။ 'အဲဒါပဲကြည့်…' ဆိုတဲ့ သဘောက ဘာကိုပြေ တာလဲဆိုတာ ကျွန်တော်တော့ လုံးဝကို နားမလည်ဘူးဗျာ…။ ကျွန်တော် ကတ်သီးကတ်သတ်နိုင်တယ်လို့ ဆိုလိုချင်တာလား… အဒါလည်း မဟု သေးဘူးဗျာ…။ ကျွန်တော့်ကို မနက်ခင်းသောက်တဲ့ရေ ဘယ်တုန်း အိပ်ရာနံဘေးမှာ လာထားပေးခဲ့ဖူးလို့လဲ…။

'အခုကျမှ…။

အား… အဲဒါကိုတွေးမိတော့မှ ကျွန်တော် ထောင်ချောက်ကို ဒ မြင်တယ်။ 'ဟ… မလွှယ်ပါလားဟ…'ပေါ့လေ…။ အိုလေးကို တစ် လှမ်းကြည့်တော့ သူ့မျက်နှာက ရှက်အမ်းအမ်းဖြစ်နေသလိုပဲ…။ ဒု လား…။ ဘာကြောင့်မှန်းမသိဘူး… ပြဿနာတစ်ခုရဲ့ အစကို ရနံ့တ ရသလို ဖြစ်နေတယ်။ ဘာအကြောင်းအရာလဲဆိုတာကို ရေးတေးတေး သိတယ်။ ဒါပေမဲ့ ဖမ်းဆုပ်လို့မရဘူး။ ခက်တာက ကျွန်တော့်ဘဝမှာ





နိုင်ဆုံးအရာက စိတ်ဖိစီးမှုဒဏ်ပါ။ ပြဿနာတစ်ခုကို အကောင်အထည် ဘာရယ်မသိရဘဲ မသိချင်ယောင်ဆောင်ပြီး ဘာမှမဖြစ်သလို နေနေရတာကို ကျွန်တော် လုံးဝသည်းမခံနိုင်ဘူး။ ဒါဟာ ကျွန်တော့်အားနည်းချက်ပါ။ ပွင့်ပွင့်လင်းလင်းပဲ နေတတ်တယ်လို့ ဆိုတဲ့ဘက်က ထွက်ပေါက်ယူရင် တော့ ရတာပေါ့လေ…။ ဒါပေမဲ့ ဒါ ဟန်ဆောင်တာပါ။ ကျွန်တော်ဟာ မဂ္ဂဇင်းတွေ ဂျာနယ်တွေထဲမှာပါတဲ့ မင်းသမီး မင်းသားတွေရဲ့အင်တာဗျူး တွေထဲကလို စင်းလုံးချောကောင်းတဲ့ ကောင်တစ်ကောင်တော့ လုံးဝမဟုတ် ဘာ သေချာတယ်ဗျာ…။ ဒါပေမဲ့ အခုကိစ္စကတော့ အသာကလေး မသိ ချင်ယောင်ဆောင်ထားရမယ့် ကိစ္စမျိုးဖြစ်နေတယ်။ အနည်းဆုံး ကျွန်တော်က စ,ပြောဖို့ မကောင်းဘူးဆိုတာလောက်တော့ ကျွန်တော်သဘောပေါက်ပါ တယ်။

ဒါနဲ့ ကျွန်တော် အိပ်ခန်းထဲပြန်ဝင်တော့မှ ကျွန်တော့်ခုတင်နံဘေး မှာ ဖန်ခွက်နဲ့ ရေအပြည့်ရယ်… သွားတိုက်ဆေးထည့်ထားပြီးသား သွား ဒွတ်တံရယ်ကို တွေ့ရတော့ ကျွန်တော် တော်တော်လေးကို အံ့သြသွားတယ်။ ဒါမျိုးက ကျွန်တော့်အိမ်မှာရော ကျွန်တော့်အလေ့အကျင့်မှာပါ တစ်ခါမှ ရှိတဲ့ အမူအကျင့်မျိုးဆိုတော့ တစ်ခုခုဟာ တိတိကျကျကို မှားနေပြီ ဆို တာလောက်တော့ ကျွန်တော်နားလည်လိုက်တယ်။ အမေ့ကို ချက်ချင်း သွားမေးဦးမလို့ပဲ… ဒါပေမဲ့ ကျွန်တော်သည်းခံမှ ဖြစ်မယ် ဆိုတာကို နားလည်လိုက်တယ်။ ဘာမှမဖြစ်သလို သဘောထားလိုက်ပြီးမှ ဒီကိစ္စကို အမေနဲ့ ဆွေးနွေးရမယ်လေ…။

ကျွန်တော် မျက်နှာသစ်ပြီးတော့ ဘာလုပ်စရာရှိလဲလို့… စဉ်းစား ယယ်။



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက စနေတနင်္ဂနွေနေ့တွေဆို အမေ့ကို ထမင်းဟင်းချက်ဝိုင်းလုပ်ပေးရလေ့ ရှိတယ်။ ရုံးပိတ်ရက်ကြမှ ချည်ရည်ဟင်းကလေးနဲ့ ဆီပြန်နဲ့ အချိန်ယူချက်ပြီး စားရတာမဟုတ်လား။ ဒီနေ့တော့ မီးဖိုချောင်ထဲကို ကျွန်တော်ဝင်စရာမလိုတော့ဘူး။ ဒါနဲ့ ဝတ္ထုတိုကလေးတစ်ပုဒ်လောက်ရေးရင် ကောင်းမလားလို့ စိတ်ကူးရင်း အခန်းထဲပြန်ဝင်ပြီး စာရေးစားပွဲမှာ ထိုင်တော့မှ ကျွန်တော့်စာရေးစားပွဲခုံကိုလည်း ရှင်းထားတာ သိလိုက်ရတယ်။

သွားပြီ...။

ကျွန်တော်ထားထားတဲ့စာအုပ်တွေ... စက္ကူအတိုအစတွေက သူတို့နေရာမှာ မရှိတော့ဘူး။ ကျွန်တော် ရုတ်တရက်ပြာသွားပြီး အံဆွဲတွေ ဘီရိုအထဲတွေကို လျှောက်ရှာရတယ်။

ကျွန်တော် တစ်ဝက်တစ်ပျက်စဉ်းစားထားတဲ့ ဝတ္ထုတိုတွေ... ကူးထားတဲ့ ကဗျာအတိုအစတွေ... ကျွန်တော်မှတ်လက်စ စာရွက်တွေ... ပြန်ကူးနေတဲ့ကဗျာတွေ... ကျွန်တော့်ဘာသာ မှတ်ပြီးထားတဲ့ စာရွက်တွေ ပစ္စည်းတွေ၊ ဘောပင်တွေ၊ ဖောင်တိန်တွေဟာ ကျွန်တော်ထားထားတဲ့နေရာမှာ တစ်ခုမှ မရှိတော့ဘူး။ စားပွဲဟာ ပြောင်ရှင်းပြီး ဗီရိုထဲမှာ ကျွန်တော့် စာအုပ်တွေနဲ့ ဝတ္ထုစာအုပ်တွေကို သွားတွေ့တယ်။

လုံးဝရှာလို့မတွေ့တာကတော့ ကျွန်တော် Note ထုတ်ထားတဲ့ စာရွက်တွေနဲ့ အတိုအစကလေးတွေကိုမှတ်ထားတဲ့ စာရွက်တွေပဲ။ အဲဒါ လည်း ကျွန်တော့်အတွက် အရေးအကြီးဆုံး ပစ္စည်းတွေပဲ။ ကျွန်တော် ပစ္စည်းတွေက ဘာ... အဲဒါကို ဘယ်လိုထားတယ်။ ဘယ်နေရာမှာ ဘာ ဘာကိုညှပ်ပြီး သိမ်းထားတယ်ဆိုတာ ကျွန်တော်ပဲ သိတာကိုး...။ အဲဒီ ရှုပ်ပွနေတာဟာ ကျွန်တော့်အတွက်တော့ စနစ်ကျနေတာပါပဲ...။ ဒါ





ကိုယ့်ဆရာလည်း ကြုံဖူးမှာပါ။ ကိုယ့်စားပွဲကို သူများရှင်းတော့ သွားပြီပေါ့...။

"အမေ ဒီစားပွဲပေါ်က ပစ္စည်းတွေ ဘယ်သူရှင်းတာလဲ..."

"ဟော... ဘာကိုလဲ ရဲဝင်း..."

"စားပွဲပေါ်က ပစ္စည်းတွေကိုပြောတာ၊ ကျွန်တော့်စားပွဲကို ဘယ်သူရှင်းတာလဲလို့ မေးတာ၊ ကျွန်တော်အမြဲဘာမ်း ပြောထားတယ် အမေရာ... ကျွန်တော့်စားပွဲကို မရှင်းပါနဲ့လို့ ကော်တာပဲ... ကျွန်တော့်ဘာသာ ထားတာတွေက သူ့နေရာနဲ့ သူ အမေရ... ခက်တယ်ဗျာ၊ လုပ်လိုက်ရင် အရမ်းပဲ ဒီမှာထားထားတာတွေက..."

"အိုလေးရှင်းတာပါ အစ်ကို၊ ကြီးမေက မရှင်းခိုင်းပါဘူး၊ အိုလေးက စားပွဲကိုတွေ့တော့ ရှုပ်ပွနေတာနဲ့... အဲဒါ..."

"သဘောပေါက်ပြီ... သဘောပေါက်ပြီ... နောက်ကို မရှင်းပါနဲ့ ဒီပေါ်က စာရွက်တွေ ဘယ်မှာသိမ်းလဲ... အညိုရောင်ကလေးတွေလေ ... ယ်ကခေါက်ပြီး ဒီမှာထားတာ..."

"စာတွေရေးထားတာတွေလေ..."

"အေး... ဟုတ်တယ်..."

"လွှင့်ပစ်လိုက်ပြီ... အစ်ကို စာရွက်ဟောင်းတွေမဟုတ်လား... ဘာက ပြ..."

"အား... အမလေး... အမလေး... အဲဒါ ကဗျာအဟောင်းတွေကို ... ထားတဲ့ စာရွက်တွေ... ဟ... ဘုရား... ဘုရား... သူများဆီက ကူးဖို့ ... ထားတာ၊ အဲဒါ ဆရာအောင်ချိမ့်ရဲ့ သစ်ရွက်သေများပေါ်က ရက် ... သောဂီတ... တဲ့၊ ဘုရား... ဘုရား... ရက်စက်လှချည်လား၊ ဘယ်... ... တာတုန်း ရှိမှ ရှိသေးရဲ့လား... တလွဲတွေဟာ... တ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို ငါမပြောဘဲနဲ့ ငါ့ပစ္စည်းတွေကို မကိုင်စမ်းနဲ့ နင်ကြားရဲ့လား

"………"

ကျွန်တော့်စကားလွန်သွားမှန်းတော့ သိလိုက်တယ်။ ဒါပေမဲ့ ထုံး အတိုင်းပဲ ကျွန်တော်နှုတ်အသိမ်း နောက်ကျတယ်။

အိုလေးဟာ ဘာမှပြန်မပြောနိုင်ဘူး။ မျက်လုံးပြူးကြီးနဲ့ ကျွန်တော့်ကို တစ်ချက်မော့ကြည့်ပြီးတော့ ခေါင်းငုံ့ချသွားတယ်။ ကျွန်တော်လည်း ဘာ လုပ်ရမှန်းမသိတော့တာနဲ့ အံဆွဲထဲက စာအုပ်တွေကို ထုတ်ပြီးကြည့်တော့ ဒုတိယနှစ်ကျောင်းစာအုပ်တွေနဲ့ မဂ္ဂဇင်းတွေကို ပေါင်းပြီး စီထားတယ် ရှိစေတော့…။ ကျွန်တော် ရှားရှားပါးပါး မဂ္ဂဇင်းထဲက ဖြတ်ထားတဲ့ကဗျာ စာရွက်တွေကိုတော့ မေးခွန်းဟောင်းတွေထဲမှာ သုံးလေးရွက် သွားတွေ့တယ်

"ဟဲ့… ရဲဝင်းရဲ့ ဒီကလူက စေတနာနဲ့ သိမ်းတဲ့ဟာ၊ ဒီလော ပြောရသလားဟဲ့… နင့်စားပွဲပေါ်မှာက မြွေတောင်ဝင်ခွေလို့ မမြင်ရအော ရှုပ်ပွနေလို့ သိမ်းတဲ့ဟာကို စကားကို ထိန်းထိန်းသိမ်းသိမ်းမပြောဘူး…

"သူက ဘာမှမသိတော့ သိမ်းရာ ဘယ်လိုလုပ်ရောက်မှာလဲ၊ ဒီ ကဗျာစာရွက်တွေက မေးခွန်းဟောင်းတွေနဲ့…"

"ဟဲ့… ဒါကတော့ အစဆိုတော့ ဘယ်သိမလဲဟဲ့… နင်က ထားမှ…"

"ဟာ… ကျွန်တော့်စားပွဲမှာ ထားထားတဲ့ဟာကို ဘယ်လိုလုပ် ထားလို့ ရမှာလဲ၊ ကျွန်တော့်ဟာ ကျွန်တော်ပဲ သိမှာပေါ့၊ တော်ပြီ နောက်ကို ကျွန်တော့်စားပွဲကို မရှင်းနဲ့ ဒါပဲ…"

"အေး… ဒီကလည်း စေတနာနဲ့ လုပ်တာဟေ့… စေတနာနဲ့

"တော်ပါတော့ ကြီးမေရဲ့၊ အိုလေးအများပါ အိုလေး တောင်





ပါတယ် နောင်ကို အစ်ကိုမကြိုက်ရင်…"

"အေး… မရှင်းနဲ့ ငါမကြိုက်ဘူး၊ ဒီ… နင်လွှင့်ပစ်တယ် ဆိုတဲ့ စာရွက်တွေ သွားပြန်ယူလာခဲ့၊ တစ်ရွက်မကျန် ယူလာခဲ့၊ ကိုယ့် ဘာသာကိုယ် အေးအေးမနေဘူး ဘာမှန်း…မသိဘူး…"

"အေး… ဒီကလည်း တစ်ခါပါ… သိလို့ လုပ်မိတာ၊ လာ… သမီး ငိုမနေနဲ့ သူ့ဟာတွေ ဘယ်ပစ်လိုက်လဲ… ရှာပေးလိုက် ဟုတ်တယ်…"

"အမှိုက်တောင်းထဲမှာ ကြီးမေ…"

"အေး ရှာပေးလိုက်…"

'ကောင်းကြရောပေါ့ကွာ…' လို့ ကျွန်တော်တွေးမိတယ်။ အဲဒီစာရွက် တွေက မဂ္ဂဇင်းပါကဗျာတွေနဲ့ မထုတ်ဖြစ်တဲ့ ကဗျာတွေကို ကူးထားတာ။ အဲဒီကဗျာတွေကို ဖတ်ချင် လိုချင်လို့ ကျွန်တော့်မှာ အဲဒီသူငယ်ချင်းရှိတဲ့ ...င်းစိန်ကို နေပူကြီးထဲသွား အိမ်ကို ရအောင်ရှာပြီး ခက်ခက်ခဲခဲယူခဲ့ရတဲ့ ကဗျာစာရွက်တွေ… မောင်ချောနွယ်၊ သိန္ဓုထလှိုင်နဲ့ ကေဇော်တို့ကဗျာ တွေ…။ ကေဇော်ရဲ့ 'ပြုံးနေတဲ့ သူစုန်းကြီးလေး' လက်ရေးမူ Photo တွေ ကျွန်တော့်အတွက်တော့ တော်တော်တန်ဖိုးထားရတဲ့ အရာတွေပါ။

ဆက်ပြောနေရင် ဒေါသဖြစ်ရမှာ စိုးတာနဲ့ စားပွဲခုံကို ဒီအတိုင်း ...ထားခဲ့ပြီး ကျွန်တော် လက်ဖက်ရည်ဆိုင်ဘက်ကို ထွက်လာခဲ့တယ်။ ...ရှာလို့တွေ့တော့လည်းတွေ့ မတွေ့တော့လည်း ကံပေါ့…။ ကျွန်တော် ...မှာက ကဗျာတို့ စာတို့ကို တန်ဖိုးမထားတတ်ကြဘူးဗျာ…။ 'ရဲဝင်းရေ ...မွေးချင်လို့ နင့်ခုံပေါ်က စာရွက်တစ်ရွက်လောက် ပေးစမ်း' ဆိုတာမျိုး ...…။ ပြီးတော့… ရေးပြီးသားစာရွက်ဆိုရင် သုံးလို့မရတော့ဘူးလို့ ...င်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မရေးရသေးတဲ့ စာရွက်ဟာ 'အပျို' နဲ့ တူပြီး ရေးသားပြီးသား စာရွက်ဟာ 'အိမ်ထောင်ကျသွားတဲ့သူနဲ့ တူတယ်' ဆိုတာကို ကျွန်တော့် အိမ်က သဘောပေါက်ဖို့ နောက်ထပ်ငါးနှစ်လောက် ကြိုးစားရဦးမယ် ထင်ပါရဲ့…။

အာရုံနောက်သွားတဲ့စိတ်က လက်ဖက်ရည်ဆိုင်ကို လှမ်းမြင်ရတော့ နည်းနည်းပြန်ကြည်လင်သွားတယ်။ ဟုတ်တယ်လေ… လက်ဖက်ရည်ဆိုင် ဆိုတာ ကျွန်တော်တို့လူငယ်တွေအတွက်တော့ မရှိမဖြစ်ကို လိုအပ်တဲ့နေရာ မဟုတ်ဘူးလား။ ကျွန်တော်တို့လူငယ်တွေရဲ့ ဘဝအစိတ်အပိုင်း တော်တော် များများရဲ့ အဖြစ်အပျက်တွေကို လက်ဖက်ရည်ဆိုင်မှာပဲ ပြောခဲ့ကြ၊ စဉ်း စားခဲ့ကြ၊ ဆုံးဖြတ်ခဲ့ကြတာပဲ မဟုတ်လား။ လက်ဖက်ရည်ဆိုင်ဟာ ကျွန် တော်တို့ရဲ့တရားရုံးဆိုလည်း ဟုတ်… လွှတ်တော်ခန်းမဆိုလည်း ဟုတ်… Internet တစ်လုံးဆိုလည်း ဟုတ်… အာကာသတစ်ခုဆိုလည်း ဟုတ်… အနာဂတ်ရဲ့ဘယ်နေရာကိုမဆို တာစ,ထွက်မှတ်ဆိုရင်လည်း ဟုတ် နေရာပါ။ ကျွန်တော်တို့ဘဝရဲ့အရေးကြီးတဲ့ကိစ္စ တော်တော်များများ လက်ဖက်ရည်ဆိုင်မှာ စ,ခဲ့တာချည်းပဲ…။

စိန်ကဖီးထဲကို ကျွန်တော်ဝင်ထိုင်ပြီးသည်အထိ စားပွဲထိုးက ရော မလာပါဘူး။ ကျွန်တော်တို့က ထိုင်နေကျဆိုင်နဲ့ ထိုင်နေကျလူ ဆို ဒါ ဘာမှ ပြဿနာမရှိဘူး။ သူတို့လာမေးလည်း ကျွန်တော်တို့က သော ချင်မှ သောက်တာမဟုတ်လား။ အိပ်ရာထနောက်ကျလို့လား မသိ ဆိုင်မှာ သူငယ်ချင်းတွေ တစ်ကောင်တစ်မြီးမှ မရှိတော့ဘူး။ ကျော်စို Chess ခုံပဲ ရောက်ကုန်ကြပြီလား…။

"လက်ဖက်ရည်ဆို ချိုကျပဲလား အစ်ကို…"





စားပွဲထိုးကလေးက ကျွန်တော့်ကိုလာမေးတဲ့ ပုံစံက စပ်ဖြဲစပ်ဖြဲနဲ့မို့ ကျွန်တော့်စိတ်ထဲမှာ တစ်ချက်အောင့်သွားတယ်။ ကျွန်တော်က သူတို့ကို ခင်ခင်မင်မင်နေပေမယ့် လက်ပွန်းတတီး မလုပ်ဖူးဘူး။ တစ်ခါတုန်းက စားပွဲထိုးကလေးတစ်ယောက်ကို အရောတဝင်စ,နောက်ပြီး နေခဲ့ဖူးတာ လူရှေ့ကျမှ အရှက်ကွဲခဲ့ဖူးကတည်းက သူတို့ကို ကျွန်တော် လက်ပွန်းတတီး မနေတော့တာ…။

"ဒါမှမဟုတ် ဘယ်ညာသောက်ပါလား… အစ်ကို… ဟဲ… ဟဲ… ဘယ်ညာ… ဘယ်ညာ… ဘယ်ညာ…"

စားပွဲထိုးကလေးက လက်နှစ်ဖက်ကို မြှောက်ပြီးကသလိုလုပ်ပြ ရင်း မျက်နှာကလည်း စပ်ဖြဲဖြဲနဲ့ ပြောလာတယ်။ သူလုပ်ပြတဲ့ပုံ သူပြောတဲ့ စကားကို ကြားတော့ ဘေးနားက စားပွဲထိုးကလေးတွေကလည်း ဝိုင်းရယ် ကြတယ်။ ဒေါသစိတ်က အထဲပြန်ဝင်မလို့လုပ်တုန်း သူက လာစ,တော့ စိတ်က ချက်ချင်း သူလုပ်ချင်ရာကို လုပ်ချပစ်လိုက်တယ်။ စားပွဲထိုးကလေး ရင်ဘတ်ကို ဆောင့်ဆွဲယူပြီး လက်ကို ချုပ်ထားလိုက်တာပါ။ ထင်မထားတဲ့ အပြုအမူအတွက် သူတို့လည်း လန့်သွားကြပုံပဲ။

"ဟေ့ကောင်… မင်း ငါ့ကို ဘာစကားပြောတာလဲ၊ ဘာလာစ,တာလဲ ပြောစမ်း… ပြောစမ်း… ဟေ့ကောင်…"

"အား… လွှတ်ပါ… အစ်ကို မလုပ်ပါနဲ့ အား…"

"မင်း ငါ့ကို ဘာစ,တာလဲလို့ ငါမေးနေတယ် ဟေ့ကောင်…"

နောက်နေကြတာမဟုတ်တော့မှန်း သိတော့မှ ဆိုင်ရှင်တွေလည်း ထွက်လာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်... ဘယ်လိုဖြစ်ကြတာလဲ၊ ရဲဝင်းရယ်... ရဲဝင်း မလုပ်ပါနဲ့ ဟဲ့... ရဲဝင်းရဲ..."

ကျွန်တော့်သိတရားနဲ့ အတူတူပြန်ဝင်လာတာကတော့ ရှက်တာပါပဲ။ ကျွန်တော့်လိုကောင် ဒီလိုအဖြစ်အပျက်မျိုး လုပ်လိုက်တယ်ဆိုတာ ဘဝမှာ တကယ့်ကိုရှားရှားပါးပါး ဖြစ်ရပ်ပါပဲ။ အဲဒီလို ကြမ်းကြမ်းတမ်းတမ်းကိစ္စမျိုးကို ကျွန်တော်က တစ်လျှောက်လုံး ဆန့်ကျင်လာခဲ့တဲ့ကောင် မဟုတ်လား...။

"ဟောကောင်... မင်း ငါ့ကို ဘာပြောင်တာလဲ၊ ဘာပြောတာလဲ ပြောစမ်း... ပြောလေကွာ..."

ဒါကတော့ ကျွန်တော့်ရဲ့ရှက်ရမ်းရမ်းပြီး ဘာကြောင့်လုပ်ရပါတယ် ဆိုတာကို အလီဘိုင်ပြတဲ့သဘောပါ...။

"နင်ကရော ဘာသွားနောက်လို့လဲ... နင်တို့ကို ငါပြောတယ် မဟုတ်လား၊ ဆိုင်မှာသောက်တဲ့လူတွေကို မနောက်ပါနဲ့လို့... လူဆိုတာ တစ်နေ့နဲ့ တစ်နေ့ စိတ်ကမှန်တာမဟုတ်ဘူးလို့ ပြောထားတာ ဘယ်နှစ်ခါ ရှိပြီလဲ..."

ဆိုင်ရှင်ရဲ့သမီးကလည်း ခေသူတော့မဟုတ်။ ကျွန်တော်က သူတို့နဲ့ ရန်မဖြစ်ရဲတာ အမှန်ပဲ... ဒါပေမဲ့ ကိုယ်မလွန်ကြောင်းကတော့ ရှင်းရဦး မှာလေ...။

"ငါ ဘာမှလည်း မမှာရသေးဘူး၊ ဘာမှလည်း မပြောရသေးဘူး၊ ငါ့ကို လာမျက်နှာပြောင်တာ... ဟောကောင်... မင်းကို ငါမေးနေတယ် လေ..."

စားပွဲထိုးကလေးမျက်နှာက ရှုံ့မဲ့နေတာပဲ။ သူ နှစ်ဖက်ကြားမှာ ပိတ်မိနေတာကို...။



"နင်ဘာပြောတာလဲ ပြောစမ်း... ပြော..."

"မနက်က ကိုရဲနဲ့ လက်ဖက်ရည်လာသောက်နေကျ လူကြီးက တစ်ယောက်တည်းလာပြီး ကျွန်တော့်ကို ဘယ်ညာလို့မှာတယ်၊ ကျွန်တော် ကလည်း ကိုရဲလာမယ်ထင်လို့ ချပေးတာ၊ အဲဒါ အဲဒီလူကြီးက ဘယ်ညာကို တစ်ယောက်တည်းသောက်သွားလို့... အဲဒါ..."

"ဟင်... အဲဒါ နင်က ဘာဖြစ်လို့... သူ့ကို သွားစ,ရတာလဲ၊ ကိုယ့်အလုပ် ကိုယ်မလုပ်ဘူး... ကဲ... ဟယ်... ကဲ... ကဲ..."

စားပွဲထိုးကလေးက ထိပ်ခေါက်တဲ့ဒဏ်က လွတ်အောင် ပြေးပါ တယ်။ ဆိုင်ရှင်သမီးက ကျွန်တော့်ကို မုက်စောင်းတစ်ချက်ထိုးပြီး ထွက် သွားတယ်။ ကိုသ ပြဿနာရှာသွားပါလား။ ညီမက တစ်မျိုး အစ်ကိုက တစ်မျိုးပါကလား...။

မနေ့က ကိုသနှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်မိသည်။ အဲဒီတုန်းက ကျွန်တော်က ကော်ဖီသောက်ချင်တာနဲ့ ဘယ်ညာမှာသောက်တာကို ကိုယ် တော်ကြီးက မှတ်ထားပြီး လုပ်ချသွားတာ နေမှာပေါ့။ ကော်ဖီသောက်ချင် စိတ်လည်း မရှိတော့တာနဲ့ ကျော်စိုးတို့အိမ်ရှေ့က ဆံပင်ညှပ်ဆိုင်ကိုပဲ ထွက်ခဲ့တယ်။

လက်ဖက်ရည်ဆိုင်ကတော့ ကျွန်တော့်ကို ဘယ်လိုထင်မလဲ မသိ ဘူး။ ထင်ချင်သလို ထင်ပစေတော့ဗျာ။ ဂရုလည်း မစိုက်ချင်တောဘူး။

လောကကြီးမှာ တစ်ခါတစ်ခါ လူများတွေရဲ့ထင်ကြေးတွေကိုသာ စောင့်ကြည့်နေရရင် အပြင်တောင်ထွက်လို့ရမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီမောင်နှမ နှစ်ယောက်နဲ့ ပတ်သက်လို့တော့ အမေရဲ့ထင်ကြေးကို တောင်းရတော့မယ်။

ဒီနေ့နဲ့ပါဆို သူတို့ရောက်နေတာ ၁၅ ရက် ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိဆေးရုံကိုလည်း သူတို့ဘာသာ သွားတတ်နေပြီ။ ကျွန်တော်လည်း သူတို့နဲ့ ဘာလဲဆိုတာကို သိသင့်ပြီလို့ ကျွန်တော်ထင်တယ်။ အမေက တစ်နေ့ကတော့ စပါးပေးပဲ ပေးတွေကိစ္စ အဘွားကြီးတွေနဲ့ စကားပြောနေသံကြားရတယ်။ နေကျ ကျွန်တော့်ကိုများ စပါးပွဲစား လုပ်နိုင်းမလို့လား မသိဘူး။

အတွေးနဲ့လျှောက်လာရင်း ကျော်စိုးတို့ Chess ဝိုင်းကို လှမ်းကြည့်တော့ လူတော်တော်စုံတာကို တွေ့ရတယ်။ ကိုသ,ကိုကြည့်တော့ မတွေ့ဘူး။ အေးလေ… Chess ထိုးတာကို နားမလည်တဲ့သူဆိုတာ ဘယ်မှာကြာရှည်ထိုင်နေနိုင်မှာတုန်း။ ပြန်သွားရောပေါ့…။

ကျွန်တော် အနားမှာရပ်လိုက်တော့ အောင်သောင်းနဲ့ တင်အေးက Chess ထိုးရာကနေ မော့ကြည့်တယ်။ ကျော်စိုးက လှစ်ခနဲပြုံးရင်း…

"ဟော… ဘယ်ညာလာပြီဟေ့ ဘယ်ညာလာပြီ…"

ကျွန်တော့်မျက်နှာဟာ ရေခွက်နဲ့ ခုတ်ချခံလိုက်ရသလိုပဲ မှုန်ထုံသွားတယ်။ ဒီကိစ္စကို ဒီကောင်တွေပါ သိသွားပြီလား…။ ဘယ်လိုဖြစ်တယ်ဆိုတာ သိချင်တာနဲ့…

"ဘာ… ဘယ်ညာလဲကွ…"

"မင်းကလည်း ရွာသားကို ဂိုက်လုပ်မယ်ဆိုလည်း သေသေချာချာ သင်ထားမှပေါ့၊ ညှိသည်မှားတာ ညှိလမ်းညွှန်ရဲ့တာဝန်နော် ဒါတော့ မင်းသိပါတယ်…"

ညှိလမ်းညွှန်ဝင်ဖြေကြတုန်းက ကျွန်တော်အောင်ပြီး သူကျခဲ့တာကို ကျော်စိုးက အခဲမကြေဘူးဆိုတာကို ကျွန်တော် အခုမှပဲ သိရတော့တယ်။ ထားပါလေ…။ ကိုသကို ဒီကောင်တွေကြပ်ပေးလိုက်တာလည်း ဖြစ်နိုင်တယ်မဟုတ်လား…။





"ငါ့ညှိသည်က ရိုးရိုးပါကွာ၊ ဘော က သွေးထိုးလိုက်ရင်တော့ မသိဘူးပေါ့…"

ကျွန်တော့်စကားဆုံးတော့ ကျော်စိုးနဲ့ အောင်သောင်းက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အားရပါးရ ရယ်ကြတယ်။ ဒီကောင်တွေ ရယ်ပုံက တိုင်ပင်ထားသလိုမျိုး ရယ်ကြတာပါ။ ရန်သူတစ်ယောက်ကို အပြီးသတ်ချေမှုန်းသလိုမျိုး ရယ်လိုက်ကြတာ။ အမှန်တော့ သူတို့နဲ့ ကျွန်တော့်အကြားမှာ ဒီလောက်တိုက်ခိုက်စရာ ရန်ငြိုးရန်စ မရှိလှပါဘူး။ ဘစ်ခုခုဖြစ်လာရင် အသက်ပေးပြီးကာကွယ်ကြမယ့် သွေးသောက်သူငယ်ချင်းတွေ မဟုတ်ကြသလို ဘာမဟုတ်တဲ့ကိစ္စလေးကို လှောင်ပြောင်နိုပ်ကွပ်လောက်အောင်လည်း သူစိမ်းဆန်ကြတာ မဟုတ်ပါဘူး။ အခုမှ ဘယ်လိုဖြစ်တာလဲဆိုတာတော့ ကျွန်တော်လည်း မသိဘူး။

"ဘယ်သူကမှ မြှောက်မပေးရပါဘူးကွာ၊ သူ့ဘာသာဝင်လာပြီး ဘယ်ညာလို့ နှစ်ခွက်မှာပြီး သောက်တာပါ၊ ငါတို့ဝိုင်းကိုတောင် ဝင်ထိုင်တာမဟုတ်ဘူး၊ သောက်တာကိုမြင်လို့ ငါတို့က ဝိုင်းပြောတော့မှ ငါတို့ဝိုင်းကို ရောက်လာပြီး ရှင်းပြသွားတာ၊ ဘာတဲ့… ဟေ့ကောင် အေးသောင်း"

ကျော်စိုးက အေးသောင်းဘက်ကို အလောတော်ကလေး ထောင်ပေးလိုက်သည်… လို့ ရေးရမှာပေါ့လေ…။

"သူတို့ရွာမှာတော့ လက်ဖက်ရည်ဆိုင် မရှိဘူးတဲ့… မြို့သွားတဲ့ ကားဂိတ်ရှိတဲ့ လမ်းဆုံမှာတော့ ရှိတယ်တဲ့၊ ဒါပေမဲ့ ရန်ကုန်မှာလို ဘယ်ညာလို့ မခေါ်ဘူးတဲ့၊ ငနီညှိလို့ခေါ်တယ်တဲ့… အဲဒါခေါ်ချင်လို့ ဝင်သောက်တာ ကောင်းတယ်… တဲ့… ဟဲ… ဟဲ… ဟဲ…"

အေးသောင်းက ရှင်းရှင်းရယ်တယ်။ ပြီးတော့ ကျော်စိုးနဲ့ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြရင်း ရယ်ကြပြန်ရော…။ သူတို့ရယ်နေပုံက သူတို့ရယ်သံကြောင့် ကျွန်တော် နေ့မထိထိုင်မသာဖြစ်ပြီး ဒေါသတွေ ဘာတွေဖြစ်လာအောင်ကို ရယ်နေကြတာ။ ဒါပေမဲ့ ကျွန်တော်က ဘာမှ မဖြစ်ဘူး။ ကိုသလို လူတစ်ယောက် ဒီလိုဖြစ်တာ ကျွန်တော့်အတွက် ဘာမှ မထူးဆန်းဘူး မဟုတ်လား။ အားရပါးရရယ်နေကြတဲ့ သူတို့နှစ်ယောက်ကို အေးအေးဆေးဆေးပဲ ကြည့်နေလိုက်ပါတယ်။ ရယ်တာ အားရသွားတော့မှ…

"ဟဲ… ဟဲ… အခုလည်း အသုဘပို့တဲ့… အသုဘပို့ လိုက်သွားလေရဲ့…"

"အသုဘ… ပို့…"

ဒီတစ်ခါတော့ ကျွန်တော်အံ့သြသွားတာ အမှန်ပဲ။ ကျော်စိုးတို့ လမ်းထဲမှာ အသုဘတစ်ခုရှိတာတော့ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော်နဲ့တောင် သိပ်မရင်းနှီးတာ ကိုသနဲ့က ဘာဆိုင်လို့လဲ…။

"ဟုတ်ပါ့ဗျာ… ကားတွေလာရပ်တော့ ဘာလုပ်တာလဲလို့ မေး တော့ ငါတို့က အသုဘပို့မို့ဆိုတော့ သေသေချာချာမေးတယ်၊ ကားတွေက ဒီပြန်လာမှာ ကျိန်းသေတယ်ဆိုတာနဲ့ အသုဘပို့ရင် ကားစီးရမယ်ဆိုပြီး လိုက် သွားတာ စိတ်မပူပါနဲ့ကွာ… ကားပေါ်ကဆင်းပြီး ဟိုဒီလျှောက်မကြည့် ငါ သေသေချာချာမှာလိုက်ပါတယ်၊ ဟဲ… ဟဲ… ဟဲ… ဟဲ… ဟဲ…

ကျွန်တော် ဘာမှ ပြန်ပြောမနေတော့ဘူး။ ဒီကောင်တွေရှေ့မှာ ဆက်နေရင် ဒီကောင်တွေဖြစ်စေချင်သလို ဖြစ်သွားမှာစိုးတာနဲ့ လှည့်ထွက် လာခဲ့တယ်။ ဘယ်သွားရမှန်းလည်း မသိတော့ဘူး။ အိမ်မှာကျတော့ ညီမ ဒုက္ခပေး… အပြင်မှာ အစ်ကိုက ဒုက္ခပေးနဲ့… ငါဘဝက ဒုက္ခပါလား ဆို ပဆမဦးဆုံး သတိထားမိလာတယ်။





လမ်းထဲက မထွက်ခင်မှာပဲ အသုဘကားတွေ တဝေါဝေါနဲ့ ဝင် လာလို့ ကျွန်တော် လမ်းဘေးဆင်းရပ်ပေးရသေးတယ်။ ကိုသကို လှမ်း ကြည့်ပေမယ့် မတွေ့လိုက်ပါဘူး။ ကားတွေက တရကြမ်းမောင်းသွားကြ တာကိုး…။ ကျွန်တော်မသိဘဲ သူထင်တာတွေလုပ်နေတဲ့ ကိစ္စနဲ့ ပတ်သက် ပြီး ကိုသကို ဖွင့်ပြောပြီးတော့ တားသင့် မတားသင့်ဆိုတာကို ကျွန်တော် ဆုံးဖြတ်လို့ မရဘူးဗျာ…။ အမှန်ဆို ကိုသက ကျွန်တော့်ထက်တောင်မှ အသက်ကြီးသေးတာပါ။ တောသား မြို့ရောက်ဖြစ်နေလို့သာ… ပြီးတော့ ယောက်ျားလေးဆိုတော့ ကျွန်တော်နဲ့က အတွဲအသွားအလာများနေတော့ ကျွန်တော့်တာဝန်လို ဖြစ်နေတာပေါ့။ ဒီတော့ သင့်တော်သလို ကြည့်ပြော ဖို့ ဆုံးဖြတ်ထားရတယ်။

ခက်တယ်ဗျာ… ကျွန်တော်ကလည်း ဆုံးမရတာတို့ တားရတာတို့ ဆိုရင် အလွန်မှုန်းတာ။ ကိုယ့်ထက် အသက်ကြီးတဲ့သူတစ်ယောက်ကို လုပ် မှာဆိုတော့ ဝန်လေးနေမိတာတော့ အမှန်ပဲ။ ကျွန်တော်အလောင်ခံရ တာက ကိစ္စမရှိပါဘူး။ သူမသိလို့ ရိုးရိုးသားသားဖြစ်ကြတဲ့ ကိစ္စပဲ ရှက် စရာမလိုဘူးလို့ ကျွန်တော်ထင်တယ်။ ပြောတော့ ပြောပြထားမှ ကောင်း မှာပေါ့။ ခုလောလောဆယ်တော့ ဘယ်မှ သွားစရာမရှိတော့တာနဲ့ အိမ်ပြန် တာပဲကောင်းမယ် ဆိုပြီး အိမ်ကိုပဲ ပြန်ခဲ့တယ်။ အိမ်မှာ ကျွန်တော့်စာအုပ် တွေ စာရွက်တွေ ပြန်ရ မရ ကြည့်ရဦးမှာ မဟုတ်လား။

ကံကောင်းချင်တော့ အိမ်လည်းရောက်ရော အိမ်မှာ ငဖြိုးနဲ့ ဝေဝေ ထိုင်နေတာ တွေ့ရတော့ တော်တော်ပျော်သွားတယ်။ ဒီကောင်တွေလာရင်း အကြောင်းတော့ တစ်ခွန်းနှစ်ခွန်း ကြားရနိုင်တယ် မဟုတ်ဘူးလား၊ ခဲ့တဲ့အပတ် ရွှေတိဂုံဘုရားမှာ တွေ့ပြီးကတည်းက မတွေ့တော့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါလိုက်ရှာတော့မလို့ကွ ... အန်တီ့ကိုတောင် ပြောနေတာ၊ လမ်းထိပ်ကဆိုင်မှာတော့ မတွေ့ခဲ့ဘူးလို့..."

"Chess ထိုးတဲ့ဆီ ရောက်နေတာ၊ လာလေ... အအေးဆိုင်သွားကြတာပေါ့..."

ကျွန်တော်က လက်ဖက်ရည်ဆိုင်ကို ထပ်မသွားချင်တော့တာနဲ့ အအေးဆိုင်ပဲ ခေါ်လာခဲ့တယ်။

"အရေးကြီးလို့လား ငဖြိုး..."

ကျွန်တော့်စကားဆုံးတော့ ငဖြိုးက ကျွန်တော့်ကို စပ်ဖြစ်စပ်ဖြစ်နဲ့ ကြည့်တယ်။ ပြီးတော့ ဝေဝေ့ဘက်ကို လှည့်ပြီးတော့ ပြုံးကြည့်ရင်း ပခုံးကို တွန့်ပြတယ်။ ကျွန်တော်က ပြောစရာရှိရင် ပြောလိုက်ရမှ ကျေနပ်တတ်သလို သိစရာရှိရင်လည်း ချက်ချင်းသိရမှ ကျေနပ်တတ်တာ။ ဒီနေ့ မနက် ပဟေဠိတွေနဲ့ပဲ တိုးနေတော့ စိတ်ထဲမှာ အနေရအထိုင်ရ ကျဉ်းကြပ် လာတာ အမှန်ပဲ။

"ငဖြိုး ပြောစရာရှိရင် ပြောကွာ၊ အဲဒီလိုအထာနဲ့တော့ လုပ်မနေနဲ့ ငါက အဲဒီလိုမျိုးမကြိုက်ဘူးဆိုတာ သိရဲ့သားနဲ့"

"မဟုတ်ပါဘူးကွ... အအေးဆိုင်ရောက်တော့ ပြောမှာပေါ့၊ မင်းကို အထာကိုင်ရအောင် ငါတို့က ဘာတွေမို့လဲ... မင်းပြောပုံက မဟုတ်သေး ပါဘူး..."

"အေးလေ ပြောချင်လို့ နင့်အိမ်ထိရောက်အောင်တောင်မှ လာ ပြီပဲဟာ... မပြောချင်ရင် လာမလား..."

သူတို့ဘက်က လေသံနည်းနည်းမာတော့ ကျွန်တော်မှားသွား သဘောရတယ်။ မနက်အိပ်ရာက ထကတည်းက မကြည်လင်တဲ့စိတ် ...ဘို့က ဘိတ်ဆုံးလာနှိပ်စက်သလို ဖြစ်နေတော့ ကျွန်တော် စိတ်တိုသွား ဘာပါ။

"Sorry ကွာ... မနက်ကတည်းက ငါ သိပ်အဆင်မပြေတာနဲ့..."

"ဘယ်သူနဲ့လဲ..."

"အိမ်နဲ့ပါကွာ ဘာရယ်မဟုတ်ပါဘူး၊ မနက်က အိမ်မှာရောက်နေတဲ့ ...ကောင်မလေးက ငါ့စာရေးစားပွဲကို ရှင်းတာ ငါ့စာတွေရော ထားထားတဲ့ ...အုပ်တွေရော နေရာတွေ ပြောင်းကုန်လို့၊ သူက ငါ့စားပွဲကို ရှုပ်နေတယ် ...ထင်တာကိုး... အမှန်တော့ အဲဒါ ရှုပ်တာမှ မဟုတ်တာ၊ ငါ့ရဲ့စနစ် ...ကျ အပုံတွေကွ..."

လူဆိုတာကတော့ အတ္တကို ရှေ့တန်းထားတတ်တာမျိုး ဆိုတော့ ...ယ့်ကိစ္စဆိုရင် လူများစိတ်ဝင်စားသည်ဖြစ်စေ မဝင်စားသည်ဖြစ်စေ ပြော ...င်တာက အဓိကပါပဲ။ အမှန်တော့ ကျွန်တော့်စာရေးစားပွဲခုံရှင်းတဲ့ကိစ္စ ...ပြဲလည်တာကို ဘယ်သူက စိတ်ဝင်စားမှာလဲ။ ဒါပေမဲ့ ကျွန်တော်က ...ာ့ အားတက်သရော ပြောနေမိတာ။

"အိမ်ဖော်က ရှင်းတာလား... နင်က ကြိုပြောထားပေါ့ဟာ..."

"အိမ်ဖော်မဟုတ်ပါဘူးဟာ... သြော်... နင်တို့နဲ့ ရွှေတိဂုံဘုရားမှာ ...တွေ့တဲ့ ဧည့်သည်ဆိုတာလေ... အဲဒီကောင်မလေး..."

"သြော်... ဧည့်သည်ပဲဟာ... သူက စေတနာနဲ့ သိမ်းပေးတာ ...ာပေါ့၊ နင်သွားကောရင် နင်လွန်တာပေါ့..."

"ဟ... ငါက သိမ်းခိုင်းတာမှ မဟုတ်တာ..."

"သူက ဧည့်သည်ပဲ၊ မနေတတ်လို့ စေတနာနဲ့လုပ်ပေးတာပဲ နင် ...ကောရင် နင်လွန်တာပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



ဝေဝေကို ဆက်ပြောဦးမလို့ပါပဲ။ ဒါပေမဲ့ အအေးဆိုင်ရောက်တော့ အဲဒီကိစ္စက အရေးမကြီးတော့ဘူး။ မိုး အကြောင်း ဒါမှမဟုတ် ဒီကောင်တွေ သူ့ဆီ ဟမင်ဟကာရောက်လာတဲ့အကြောင်းပဲ ခေါင်းထဲရှိတော့တာနဲ့ မေးရတယ်။

“ပြောတော့လေကွာ...”

“ဟဲ... ဟဲ... အအေးတော့ သောက်ဦးမယ်ကွာ...”

“မင်းတို့က လုပ်ပြီကွာ...”

“နင်ကလည်း အဖြစ်ကို သည်းလွန်းတယ်၊ သတင်းကောင်းပါ ဟဲ့... သတင်းကောင်းမဟုတ်ရင် နင့်ဆီ တကူးတကလာပြောပါ့မလား ရဲဝင်းအစုတ်ပလုတ်ရဲ့... ဟဲ့... ငဖြိုး... ငါ့ကို ဒိန်ချဉ်ပဲမှာပေးဟာ... မလိုင်ဖတ်များများလို့...”

ငဖြိုးက ‘ဒိန်ချဉ်နှစ်ခွက် မလိုင်များများ’ လို့ မှာပြီးတော့ ဝေဝေ့ကို ကြည့်ပြီး တစ်ယောက်နဲ့ တစ်ယောက်ကြည့်ပြီး ရယ်ကြတယ်ဗျာ။ ဒီ မနက်ပဲ ဒီလိုရယ်သံတွေကို ကျွန်တော် စိတ်အချဉ့်ပေါက်ခဲ့ပြီးပြီ။ အခုလည်း ဒီလိုရယ်သံ ဒီလိုအကြည့်တွေကို မြင်ရတွေ့ရ ကြားရပြန်ပြီ။ ဒါ မိုးနဲ့ပတ်သက်နေတာရယ် ငဖြိုးတို့က ဟိုကောင်တွေလို စိတ်ဆိုးသ ဆိုးစရာမလိုတဲ့ ကောင်တွေရယ်မို့ ဘာမှမပြောဘဲ နေလိုက်ပါတယ်။

ဒိန်ချဉ်ခွက်ရောက်လာတော့ ဝေဝေက တစ်ဇွန်းခပ်သောက်ရ ‘အဟမ်း... အဟမ်း...’ လို့ ဟမင်ချောင်းဟန့်တယ်။ ကျွန်တော် ဘာ ထပ်မလောတော့ဘူး။ သူတို့စိတ်ကြိုက် စ,ပစေတော့...။ ကျွန်တော် အတ မေးရင် ခရီးက ပိုဝေးနေမယ်... လိုက်လွန်းရင် ဝေးတတ်တယ် မဟုတ် လား...။





“ကဲပါဟယ်... စ,မနေပါနဲ့ ပြောစရာရှိတာ ပြောလိုက်ပါ၊ လမ်းမှာ ပြာလာသလို နေပူထဲလာပြောရလို့ အအေးလည်း သောက်ရပြီပဲဟာ၊ ရဲဝင်းရေ ဒီလိုဟ...”

“နေဦး ဝေဝေရ... ရဲဝင်းအားမှာ မဟုတ်ဘူးနော် ငါထင်တယ်”

“ဒါကတော့ဟာ သူ ငါတို့ကိစ္စဆိုရင် အားရမှာပေါ့နော်... နင် အားတယ်မဟုတ်လား ရဲဝင်း...”

“ဘာကိစ္စလဲဟ... ဘာကိစ္စမှန်းမသိဘဲနဲ့ ဘယ်လိုပြောမလဲ...”

“တွေ့တယ်မဟုတ်လား ဝေဝေ... ငါတို့ပြောတဲ့ကိစ္စကို ကြည့်ပြီးမှ ဒီကောင်က အားတယ် မအားဘူးလုပ်မှာ၊ နင့်ကို ငါမပြောဘူးလား နင် ...ပြီ...”

“နေစမ်းပါဦးဟာ ငါမေးပါရစေဦး၊ ဒီလိုဟာ နင် အခု ဒီကျောင်း ပိတ်ရက်မှာ ဘာလုပ်စရာမှ မရှိဘဲ အားနေတယ် မဟုတ်ဘူးလား၊ လွတ် လွတ်လပ်လပ် အားနေတာမျိုးဟာ...”

ကိုယ့်ဆရာရေ... ကျွန်တော့်စိတ်ထဲမှာတော့ ဒီနှစ်ယောက်ကို ကြည့်ပြီး တော်တော်လေးကို အသည်းယားနေပြီဗျာ။ ပြောစရာရှိတဲ့ ကိစ္စ ကို မပြောဘဲ ကျွန်တော် အား မအားဆိုတဲ့ ကိစ္စကို လာပြဿနာလုပ်နေ တယ်။ လူတစ်ယောက် အားတယ် မအားဘူးဆိုတဲ့ ကိစ္စဟာ ယေဘုယျ သဘောမဆန်ဘူးဆိုရင် တော်တော်ပြောရခက်တဲ့ကိစ္စမျိုး မဟုတ်လား...။

“နေစမ်းပါဦး ဝေဝေ နင်တို့ကိစ္စက ဘာကိစ္စမို့လို့လဲ...”

“အဲဒီကိစ္စပြောလိုက်မှတော့ ပြီးပြီပေါ့ဟ... နင် အား မအား ...ဟာ...”

“ဟ... လူဆိုတာက လုပ်စရာတော့ အနည်းနဲ့ အများ ရှိတာပေါ့ဟ-



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိစ္စကိုကြည့်ပြီးမှ ငါပြောလို့ရမှာပေါ့...”

“မဟုတ်ဘူးဟာ... အခုရက်အတွင်းမှာ နင်မဖြစ်မနေ တစ်ခုခုလုပ် ရမှာမျိုးရှိလား၊ ကတိပေးထားတာတို့ တာဝန်ယူထားတာတို့ပေါ့ဟာ...”

“ဟင့်အင်း... အဲဒီလိုတော့မရှိပါဘူး...”

“ဒါဆိုရင် တော်ပါသေးရဲ့... အဟဲ...”

ဝေဝေက စိတ်သက်သာရာရသွားသလိုလိုနဲ့ ဒိန်ချဉ်ကို တစ်ကျိုက် မော့တယ်၊ ဖြိုးကလည်း နှုတ်ခမ်းကို တစ်ချက်မဲ့ရင်း ခေါင်းတဆတ်ဆတ်နဲ့ ညိတ်ရင်း ဒိန်ချဉ်ကိုသောက်တယ်။ ဒီလောက်ဆိုရင် ဒီကောင်တွေပြောမယ့် ကိစ္စဟာ မိုးကိစ္စပဲ ဖြစ်ရမယ်။ ပြီးတော့ သတင်းကောင်းဆိုတော့ ဘာမှ စိုးရိမ်စရာမရှိဘူးဆိုတာ စိတ်ချရပြီ။ ဒါဆိုရင် ဒီကောင်တွေကို ပညာပေး ရမယ်။ ဒီလိုစဉ်းစားမိတာနဲ့ တစ်ပြိုင်နက်တည်း ကျွန်တော်ထိုင်နေရာက ချက်ချင်းထလိုက်တယ်။ ကျွန်တော်ဆိုတဲ့ကောင်က လုပ်စရာရှိရင် ချက်ချင်း ထ,ထပြီး လုပ်လေ့ရှိတယ်။ အဲဒီအတွက် မှားခဲ့တာလည်း ခဏ ခဏပါပဲ ဒါပေမဲ့ တစ်ခါမှ နောင်တမရခဲ့ဖူးဘူး။

“မင်းတို့ အအေးသောက်ရင်း ခဏစောင့်နေဦးကွာ၊ ငါအိမ်ကို ပြောစရာကိစ္စရှိတာ မင်းတို့နဲ့ ခဏဆိုပြီး ထွက်လာတာကွ၊ အဲဒါ သွား ပြောလိုက်ဦးမယ်...”

“ဟ... နေပါဦးကွ ဘာလဲ... မင်းက မင်းကိစ္စ ဘာလဲဆိုတာ မ မထောင်တော့ဘူးလား...”

“ထောင်မှာပေါ့ကွ ငါပြန်လာခဲ့မယ်လေ... ခဏလေးပဲဟာ...”

အဲဒီစကားကို နောက်လှည့်ပြီး ကျွန်တော်ပြောရတာပါ။ သူတို့ ပြောပြီးပြီးချင်း ထထွက်တာဆိုတော့ ကျွန်တော်က ဆိုင်ဝကို ရောက်နေပြီကို





ကျွန်တော်အိမ်ပြန်ရောက်တော့ အမေတို့က ချက်ပြီး ပြုတ်ပြီးလို့ အိမ်ရှေ့ မှာ ရေနွေးတစ်အိုးနဲ့ ဇိမ်ယူနေပြီ။ ကျွန်တော့်ကို အမေက စကားမပြောဘူး ဆိုတဲ့ပုံစံမျိုး လုပ်ထားတယ်။ ကျွန်တော်ကလည်း စကားမပြောဘူးပေါ့လေ။ ...ုပ်မရှိဘဲ သားအမိတွေစိတ်ကောက်ရတာ တစ်ခါတစ်ခါ ပျော်စရာကောင်း ...တယ်။ ဒါပေမဲ့ အခုတော့ အမေ့ဘက်မှာက လူပိုရှိနေတယ်လို့ပဲ ဆိုကြ ...စို့။ သူ့လူပိုကလည်း ကျွန်တော့်ရန်ဘက်ဆိုတော့ အမှတ်တစ်တွဲထဲ ထား ...ိုက်ပါတယ်။

ကျွန်တော် အေးအေးဆေးဆေးပဲ ရေအဝသောက်ပြီး ရေချိုးတယ်။ ...နှစ်ကောင်တော့ အအေးဆိုင်မှာ ထိုင်စောင့်ပေတော့ပဲပေါ့။ သူတို့ ကျွန် ...တော့ကိုပြောရမယ့်စကား မပြောဘဲ ပြန်လို့မှ မရတာ။ ကျွန်တော်နားထောင် ...ဦးဘဲ့အထိ သူတို့စောင့်ရမှာ ကျိန်းသေတယ်။ ဒီလိုပွဲမျိုးက စိတ်ရှည်တဲ့သူ ...နိုင်တာပဲလေ။

ရေချိုးပြီးတော့ ကျွန်တော်က ထမင်းပါစားလိုက်တယ်။

ချဉ်ပေါင်ချဉ်ရည်ဟင်းပျစ်ပျစ်ကလေးနဲ့ ဆိတ်သားကိုပြုတ်ပြီး ငရုတ် ...းနဲ့ ပြန်ကြော် ကြွပ်ကြွပ်ကလေး... တို့စရာစုံစုံနဲ့ တော်တော်စားလို့ ...ကောင်းတယ်။ ကျွန်တော်ထမင်းစားရင်း ငေါင်ပြီးစောင့်နေမယ့် ဟိုနှစ် ...ယောက်ကို မျက်စိထဲမြင်ပြီး ဝမ်းသာနေမိတယ်။ ဒီကောင်တွေပြန်သွားမယ့် ...ရေးတော့ လုံးဝမပူဘူး။ ဒီစကားကို မိုးက ပြောခိုင်းလိုက်တာ ဖြစ်ဖို့များ ...တော့ မပြောရသေးဘဲနဲ့ ဒီကောင်တွေ လုံးဝမပြန်ဘူးဆိုတာ ကျိန်းသေတယ်။

ထမင်းစားပြီးလို့ ကျွန်တော်ရောက်သွားတော့ တော်တော်လေး ...ာက်ဆိုးနေတဲ့ပုံစံနဲ့ ဖြိုးတို့ကို တွေ့တယ်။ ကျွန်တော် အကျိုလဲလှ... ...ဒွ ဘာတွေလည်း ဒီကောင်တွေမြင်မှာပေါ့...။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်လိုလုပ်တာလဲ ရဲဝင်းရာ..."

"အေးကွာ မားသားကြီးက လူတစ်ယောက်ကို ရှာခိုင်းတာနဲ့ ကြာသွားတာ၊ အိုက်တော့ ရေကလည်းချိုးချင်တာနဲ့ ချိုးရင်း အမေက ယာမင်းစားသွားဆိုလို့ အဲဒါ ဟဲ... ဟဲ..."

"နင့်ကိစ္စ လာပြောပေးရတာကိုလည်း ငဲ့ဦးပေါ့ဟာ... အဲဒီလောက်ကြာမယ်ဆိုရင်လည်း ပြောပေါ့..."

"သိဘူးလေ... နင်တို့က လာတဲ့ကိစ္စလည်း မပြောသေးဘူးဆိုတော့ အေးအေးဆေးဆေးထင်လို့ပေါ့..."

"အေးပါဟာ... နင်က ငါတို့ကို ပညာပေးသွားတာမဟုတ်လား ရပါတယ်... ရပါတယ်... ဖြို နင်ပြောလိုက်ဟာ ပြောပြီးရင် ပြန်မယ်"

ဝေဝေက စိတ်မကောင်းတဲ့ပုံစံမျိုးနဲ့ ထ,ရပ်တယ်။ သူတို့ဘက်မှာ အရှုံးကိုယူထားပြီး ကျွန်တော့်ကို တိုက်ခိုက်တာပေါ့လေ...။ ဒါမျိုးက သံယောဇဉ်နဲ့ အစတည်ရတဲ့ လူအချင်းချင်းမှာ ဖြေရှင်းရခက်တဲ့ ကိစ္စမျိုးပါ။ ထမင်းစားနေကတည်းက ကျွန်တော့်ဘက်က နည်းနည်းလွန်နေပြီ... လို့တော့ ထင်သား...။

"မိုးကမှာလိုက်တယ်... သူ သူ့ရဲ့သူငယ်ချင်းတွေနဲ့ ချောင်းသာကို သွားမယ်တဲ့၊ အဲဒါ မင်းအားလို့ လိုက်ချင်ရင် စာရင်းပေးလိုက်ပါတဲ့... သွားမှာက သန်ဘက်ခါ နှစ်ညအိပ်ခရီးတဲ့... အဲဒါ လာပြောတာ..."

"ဟာ... တကယ်ပြောတာလား... ဟော့ကောင်တွေ... သေချာတယ်နော် ဖြိုး... သေချာတယ်နော် ဟော့ကောင်..."

ကျွန်တော် အားလုံးကိုမေ့သွားပြီး ထ,အော်မိတယ် ဆိုပါတော့။ နေ့ခင်း လည်ခင်း၊ အအေးခိုနေကြတဲ့ အအေးဆိုင်ထဲကလူတွေ တော်တော်





များများ ကျွန်တော့်ကို လှည့်ကြည့်တဲ့အထိကို ကျွန်တော့်အသံက ကျယ်သွားတာကိုး...။

ကျွန်တော်ကသာ အဲဒီလောက်ဝမ်းသာသွားတာ ဖြိုးတို့ကတော့ အေးအေးလူလူပဲ။ ဒီတော့မှ ကျွန်တော် ဒီကောင်တွေကိုကြည့်ပြီး တစ်ချက်စိုးရိမ်သွားတယ်။ ကျွန်တော်ပညာပေးတာကို စိတ်ဆိုးပြီး ကျွန်တော့်ကို မဟုတ်က ဟုတ်ကချွန်ခဲ့မှာကို စိုးရိမ်သွားတာလေ...။ စိတ်မကောင်းသလိုပုံစံမျိုးနှင့် ကျွန်တော့်ကို ပညာပေးသွားရင် ဘယ်နဲ့လုပ်မလဲ။

"ဖြိုး မင်းတို့တကယ်ပြောတာနော်... မင်းတို့ကရော မလိုက်ကြဘူးလား၊ မိုးသူငယ်ချင်းဆိုတာက ဘယ်သူတွေလဲ၊ မင်းတို့ ငါတို့နဲ့ပဲ မဟုတ်ဘူးလား..."

"ငါတို့ကတော့ လိုက်ဖြစ် မလိုက်ဖြစ် မသေချာဘူး၊ မင်းကို လာပြောပေးဆိုလို့ လာပြောတာ..."

"ဟာ... အဓိပ္ပာယ်မရှိတာ ဟော့ကောင်တွေ မင်းတို့ဟာက သေချာရဲ့လား၊ ငါ့ကို မနောက်ပါနဲ့ကွာ... မင်းတို့ လိုက် မလိုက်မသေချာဘဲနဲ့ မိုးက ငါ့ကိုခေါ်ပါ့မလား..."

"မိုးက ဘယ်သူတွေနဲ့ သွားမှာမို့လို့လဲ... မနောက်ပါနဲ့ကွာ..."

ချက်ချင်းပဲ ကျွန်တော့်ပုံစံက ဒီကောင်တွေရဲ့အောက်စည်းကို ပြန်ရောက်သွားတယ်။ ဒါပဲလေ ကိုယ့်ဘက်ကခံနိုင်ရည်မရှိဘဲနဲ့ လူများကိုသွားရန်စချင်တာကိုး...။ သူတို့ပြောတဲ့အတိုင်းသာ မှန်ရင် ကျွန်တော်ရတဲ့အလာဘ်က မနည်းဘူးဆိုတာ ကိုယ့်ဆရာလည်း သိမှာပေါ့။ မယုံနိုင်စရာကောင်းရတဲ့ကြားထဲမှာ ဒီပြဿနာက ကြားဝင်သွားတော့ ပိုပြီး မယုံချင်ဖြစ်မိတာပေါ့ဗျာ...။



www.burmeseclassic.com

www.burmeseclassic.com



"မနောက်ပါဘူး… မိုးက ငါတို့ကို ပြောခိုင်းလို့ လာပြောတာ၊ ကဲ… ဒါပဲကွာ ငါတို့ပြန်တော့မယ်…"

"ဟာ… မင်းတို့ကလည်း နေစမ်းပါဦး… ငါက မင်းတို့ကို တမင် စ,တာပါကွာ၊ ထမင်းစားတယ်ဆိုတာလည်း မဟုတ်ပါဘူး၊ ငါ ရွဲ့ပြောတာပါ မားသားကြီးခိုင်းတယ် ဆိုတာကတော့ ဟုတ်ပါတယ်၊ တစ်ခုပဲရှိတာက ကြာမယ့်ကိစ္စကို ငါက လာမပြောတာ တစ်ခုတည်းပါ မင်းတို့ကလည်း"

ကဲ… ကိုယ့်ဆရာပဲ စဉ်းစားကြည့်တော့…။ ကျွန်တော်ဟာ ဘယ်လိုကောင်လည်းဆိုတာ တွေ့ပြီမဟုတ်လား…။ ကျွန်တော်ဟာ ကိုယ်လုပ်ခဲ့တဲ့ကိစ္စတစ်ခုပေါ်မှာ ခိုင်ခိုင်မာမာမရှိတဲ့ကောင်ဆိုတာ ကိုယ့်ဆရာလည်း ရိပ်မိရောပေါ့။ ကျွန်တော်ဟာ လုပ်ရင် လုပ်တဲ့အတိုင်း မှန်ရင် မှန်တဲ့အတိုင်း မပြောရဲဘူး။ ကျွန်တော် အခု သူတို့ကိုပြောတာကမှ ညာတာစစ်စစ်။ ဒါပေမဲ့ ကျွန်တော်က အဲဒါကို အပြစ်ရှိတယ်လို့မထင်ဘူး။ အရေးကြီးတာ ငဖြိုးတို့ကျေနပ်သွားပြီး ချောင်းသာကိစ္စကို သေသေချာချာသိရဖို့ပဲလို့ သဘောထားတာ။ ဒါမျိုးဟာ မဖြစ်သင့်တဲ့ကိစ္စမှန်း ကျွန်တော်သိတယ် ဒါပေမဲ့ အရေးကြီးတယ်လို့ သဘောမထားခဲ့ဘူး။

ဒါ့ကြောင့် ယောကျ်ားကောင်း ယောကျ်ားမြတ်တို့သည်… ဆိုတဲ့စကားမျိုးနဲ့ကြုံလာရင် ကျွန်တော် ခပ်တည်တည်နဲ့ ရှောချပစ်လိုက်တာပေါ့

"ငါတို့က အအေးလေးတစ်ခွက်သောက်တာကို နင်က တမင်တကာ ပညာပေးတာမဟုတ်လား…"

"ဟာ… ဝေဝေကလည်းဟာ နင်တို့ အအေးတစ်ခွက်နဲ့ ဘာဖြစ်မှာလဲဟ… နင်တို့က တမင် ငါသိချင်လို့ စ,နေတာကို ငါရှောင်ထွက်တာပါဟ၊ ငါ နင်တို့ကို ပညာပေးတာ မဟုတ်ပါဘူး၊ အခုလည်း ပညာအပေး





နေရာက ဘယ်သူလဲ ငါပဲမဟုတ်လား…"

ကျွန်တော် မျက်နှာငယ်ကလေးနဲ့ ပြောပြီး ဒုက္ခရောက်နေတဲ့နားမှာပဲ ရပ်ထားလိုက်ရတယ်။ ကိုယ့်ဆရာရေ… အရှုံးကို လုလုနေရတာလည်း မိတ်ဆွေအပေါင်းအသင်းတွေကြားမှာ သိပ်တော့မနိုတ်ဘူးပေါ့ဗျာ။ ဒါပေမဲ့ သဘာဝဆိုတော့ လုနေရတာပါပဲ။ ကျွန်တော် အဲဒီလိုလုပ်လိုက်တော့မှ ငဖြိုးတို့ နည်းနည်းပုံစံပြောင်းသွားတယ်။

"သွားစမ်းပါ၊ ငါတို့ကလည်း နင့်ကို မနောက်ပါဘူး၊ နင်လိုက်မယ်ဆိုရင် ပြီးရောပေါ့…"

"ငါက ဘယ်လိုလုပ်ပြီး ဘယ်သူနဲ့ ဘယ်ပုံစံ စီစဉ်ရမှာလဲ…"

"အေး အဲဒီအသေးစိတ်တွေကို ငါတို့လည်း မတိုင်ပင်ရသေးဘူး၊ အဲဒါ…"

"ကိုရဲ… ကိုရဲ… တူကြီးလုပ်ပါဦးကွ၊ ဒီမှာ ငါ့ကို ပြဿနာရှာနေတယ်၊ ငါလည်း ဘာမှမသိဘဲနဲ့ကွာ ငါ့ကို ပြဿနာရှာနေတယ်…"

ဖြုန်းခနဲ အရေးတကြီးဝင်လာပြီး ပြောတဲ့စကားကြောင့် ကျွန်တော်လည်း ကြောင်သွားတယ်။ ကိုသပုံစံက ဒုက္ခတွေ့လာတယ် ဆိုတာ သိသာတယ်။ မျက်နှာမှာလည်း ချွေးတွေရွှဲလို့… ဘယ်သူနဲ့ ဘာဖြစ်လာတာလဲဆိုတာကို ကျွန်တော်လည်းမသိဘူး…။

"ကိုသ ဘာဖြစ်လာတာလဲ… ဘယ်သူက ဘာပြောလို့လဲ… ဘာပြဿနာရှာတာလဲ ကိုသ…"

ကမန်းကတန်းမေးရင် နောက်ကိုကြည့်တော့ ဘယ်သူမှတော့ ပါလာပါဘူး။ ကိုသခမျာ မျက်နှာကလေးငယ်လို့… နဖူးကြောကြီးလည်း ထောင်လို့ ဘာမှမသိနားမလည်တဲ့ သူ့ရဲ့မျက်ဝန်းထဲမှာလည်း ဒေါသဖြစ်တာ၊ ခံပြင်းတာတွေက စုပြုံတိုးလို့…



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ကာ ခဘောင်းတယ်ကွာ… ကိုရဲ၊ မပေးရဘူး ဆိုတာ ငါ သိပြီးသား… ဒါပေမဲ့ ဒီကောင်တွေက တောင်းတယ်ကွ…"

ကိုသပုံစံက အခုပဲငိုချလိုက်တော့မလို ဖြစ်နေတယ်။ သူ့မှာ အပြစ်မရှိဘူးဆိုတာကို ငိုပြီး သက်သေပြတော့မယ့် ကလေးတစ်ယောက်ပုံစံမျိုး ဖြစ်နေတော့ ကျွန်တော်လည်း လန့်လာတာပေါ့။ ပြောရင်း… ငိုချလိုက်တော့မယ်လို့ကို ထင်ရအောင် ကိုသ့ပုံစံက ထိထိခိုက်ခိုက်ကြီးဖြစ်နေတာ။ ဟိုကောင်တွေလည်း လန့်ပေါ့လေ…။

"ဘယ်သူက တောင်းတာလဲ ကိုသ၊ ကျွန်တော့်ကို ရှင်းအောင်ပြောစမ်း… ကိုသ ဘာမှမဖြစ်စေရဘူး ပြော…"

"အသုဘကကောင်တွေပဲ ကိုရဲ… ပထမတုန်းက ကားအလကားစီးရတာဆိုလို့ ငါက လိုက်စီးတာ၊ သင်္ချိုင်းရောက်တော့လည်း ငါ ဝိုင်းလုပ်ပေးပါတယ်၊ ဟာ… သင်္ချိုင်းက ရေရေလည်လည် မိုက်တယ်ကွာ၊ ဂူကြီးတွေ… ဂူကြီးတွေက အကြီးကြီးတွေချည်းပဲ…"

ဘယ်လိုဖြစ်တယ်ရယ်တော့ မသိဘူး ကိုယ့်ဆရာရေ… ကိုသပုံစံက ခုနကလိုမဟုတ်တော့ဘဲ ပြောင်းသွားတယ်။ ခုနကလို ဝမ်းနည်းအားငယ်နေတဲ့ပုံစံ မရှိတော့ဘဲ အားရပါးရကြီးဖြစ်လာတယ်။ 'မိုက်တယ်…' ဆိုတဲ့ စကားကို ဂုဏ်ယူတဲ့ပုံစံမျိုးနဲ့ ဂရုတစိုက်ပြောနေပုံကိုက ဒီစကားကို ဒီနေ့မှ တတ်လာတယ်ဆိုတာ သိသာနေတယ်။

"တချို့ဂူဆို အမိုးတွေ ဘာတွေတောင်ပါတာ၊ ဟာ… ပန်းခွေတွေချထားလိုက်တာလည်း ပြောမနေနဲ့တော့၊ လှမှ လှကွာ… မိုက်တယ်ကွာ၊ ဒီလိုနေရာမျိုးမှာ သေရမယ်ဆို သေပျော်တယ်ကွ… မိုက်တယ်ကွ… ဟို အသုဘဆို မှန်ခေါင်းနဲ့ကို ချလာတာ၊ ကောင်မလေးကွ ရုပ်ရှင်ရိုက်ရင်





သေတာလား၊ အငြိမ့်ကရင်း သေတာလားတော့ မသိဘူး၊ မိုက်တယ်ကွာ ခ်တ်ကပ်တွေ… နှုတ်ခမ်းနီတွေနဲ့ကွ… မိုက်တယ်ကွာ…"

ဝေဝေရော ဖြိုးရော မျက်လုံးပြူးသွားကြတယ်။ ဖြိုး မျက်နှာက ဘစ်ချက် ဖျတ်ခနဲဖြစ်သွားတယ်။ ဒါမျိုးဆို ဖြိုးတို့က သိပ်ပါးတာ။

"ဗျာ… ရုပ်ရှင်ရိုက်ရင်းသေတာ ဟုတ်ရဲ့လား…"

"ဟုတ်ပါတယ်ဗျ… နှုတ်ခမ်းနီတွေ ကာခြယ်တွေနဲ့ပါဆို… မိုက်တယ်ဗျာ၊ နှင်းဆီပန်းတွေထည့်ထားတာလည်း ခေါင်းတစ်ခုလုံး ပြည့်နေတာပဲ၊ ကားနဲ့သွားရတာ ဝေးလို့ကွာ နို့မို့ရင် ငါ နေ့တိုင်းသွားပါတယ်၊ ဟိုကသင်္ချိုင်းနဲ့တော့ တခြားစီပဲ မိုက်တယ်ကွ…"

ကိုသစကားဆုံးတော့ ဖြိုးနဲ့ ဝေဝေက တစ်ယောက်နဲ့ တစ်ယောက် ကြည့်ပြီးရယ်ကြတယ်။ ပထမတော့ ခပ်ဖြည်းဖြည်းပါ။ ကိုသက သူတို့ကို ပြူးပြူး ပြူးပြူးနဲ့သွားကြည့်တော့ ပိုဆိုးပြီး တော်တော်ကျယ်ကျယ်ကလေး ရယ်ကြတာ။ ကိုသပုံစံကလည်း သူပြောပြတာကို ဖြိုးတို့က အထူးအဆန်း ဖြစ်ပြီး စိတ်ဝင်စားတယ်ဆိုပြီ စိတ်ကြီးဝင်နေတဲ့ပုံစံမျိုး…။ ဒီကောင်တွေ ရှေ့မှာ ဆက်ပြောနေရင် ကျွန်တော်အတွက် အခြေအနေမကောင်းဘူး ဆိုတာ သိလိုက်လို့ စကားကို ဖြတ်ချပစ်ဖို့ ကြိုးစားရတယ်။

"ကဲ… ကိုသပြန်တော့ အိမ်မှာ အမေက စိတ်တွေပူပြီး စောင့်နေတာ၊ ကျွန်တော်လည်း ရှာလိုက်ရတာ နံ့နေတာပဲ၊ ခုမှပဲ စိတ်အေးရတော့တယ်၊ ကိုယ်နဲ့လည်း သိတာမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ အသုဘလိုက်ပို့နေရတာလဲ၊ ခုနက နောက်ကျတာ သူ့ရှာနေရတာပေါ့… ရှားတယ်ကွာ…"

ကျွန်တော့်အတွက်ကတော့ ချော်လဲရောထိုင်ရော ကြုံရာ ဆွဲထည့်ပြီး အဆင်ပြေသွားတယ်။ ဒါပေမဲ့ ကိုသက မသွားဘူးခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ... အဲဒါ ငါ့ကို ကားခ ပိုက်ဆံပေးရမယ်တဲ့... အဲဒီ ကောင်တွေက..."

"ကိုသ့ကို နောက်လိုက်တာပါဗျာ၊ အသုဘပို့တာပဲ ဘယ်က ပိုက်ဆံပေးရမှာလဲ၊ အလကားပို့ရတာပါ သွားသွား... အိမ်ပြန်..."

"မဟုတ်ဘူး ကိုရဲ... အသုဘရှင်ကိုယ်တိုင်က ကားဆရာကို ငါ့ ရှေ့တင် ပိုက်ဆံပေးတာ ကားခဆိုပြီး... အဲဒါ ငါကမေးတော့ ပေးရမယ် တဲ့၊ အသွားငါးရာ အပြန်ငါးရာ တစ်ထောင်တဲ့... ကျန်တဲ့လူတွေက ပေးပြီး သားတဲ့..."

"ဟာ... တစ်ထောင်တော့ များတယ်ဗျ၊ ခြောက်ရာလောက်ဆို တော်သေးတယ်... နော်... ဝေဝေ..."

"အေးလေ... ဒီလိုလုပ်ပါလား အစ်ကိုရဲ့ ဈေးနည်းနည်းဆစ်ကြည့် ပေါ့... ရဲဝင်း နင်ကလည်း ကူပြောပေးလိုက်ပေါ့ဟာ... သွားပြီနော်... ရဲဝင်း... နေ့နဲ့ အချိန်သိတော့မှ ငါတို့ ထပ်လာခဲ့မယ်၊ နင် အဲဒီကိစ္စ ရှင်း ပေးလိုက်ဦး..."

ကျွန်တော့်ကိစ္စမပြီးခင်မှာ နှစ်ကောင်စလုံး အနိုင်နဲ့ ပိုင်းပြီး လစ် သွားကြတယ်။ ဒီသတင်းက သိပ်မကြာဘူး အပေါင်းအသင်းတွေကြားထဲ ရောက်မှာ သေချာတယ်။ ကျွန်တော်စိတ်မောမောနဲ့ ကိုသကိုကြည့်တော့ ကိုသက ကျွန်တော့်ကို နားမလည်နိုင်တဲ့ ပုံစံမျိုးနဲ့ ကြည့်နေတယ်။

"ကိုရဲသူငယ်ချင်းတွေက ကိုရဲ ဒီဆိုင်မှာရှိတယ်တဲ့... အဲဒါ မ ၈င် သွားမေးကြည့်... ပိုက်ဆံပေးရတယ်ဆိုလို့... အဲဒါ ကိုရဲကို လာ ဘာ..."

အေးသောင်းနဲ့ ကျော်စိုး ညှိသည်နဲ့ ထိုင်မှန်းသိလို့ တမင်





သွှတ်လိုက်တာပဲ ဖြစ်ရမယ်... ဆိုတာ တွေးမိပါတယ်။ လူက စိတ်လည်း နည်းနည်းမောနေတယ်။ ဒါပေမဲ့ မိုးနဲ့ ချောင်းသာအစ်အစဉ်ဆိုတဲ့ ပျော်စရာ စိတ်ကူးကလေးရှိတော့ ရင်ထဲမှာလန်းဆန်းပြီး ကျေနပ်နေတယ်။ ပုံမှန် အချိန်ဆိုရင်တော့ ကိုသကို အော်ထုတ်မိမလား ဆိုတာ မသေချာဘူး။

"ကဲပါ... ကိုသရယ်... သွားသွာ... အိမ်ကိုသွား... ကျွန်တော် ကြည့်ရှင်းလိုက်မယ်၊ အိမ်မှာ ကိုသကို စောင့်နေကြတယ်..."

"ဒါဆို ဒီကောင်တွေကို ပိုက်ဆံပေးရမှာပေါ့၊ မမိုက်ဘူးကွာ တစ် ထောင်တော့ မပေးနဲ့ ကိုရဲ..."

"ကျွန်တော်ရှင်းပါ့မယ်ဆိုဗျာ... သွားတော့... သွားတော့..."

ကိုသထွက်သွားတော့ ထုံးစံအတိုင်း စိတ်မောကြီးနဲ့ ကျန်ရစ်ခဲ့တယ်၊ ဒီအကြောင်းတွေးမယ့်စိတ်ကို ကြည်လင်စေချင်လို့ ခဏလေးငြိမ်နေလိုက် တယ်။ ချောင်းသာကမ်းခြေရဲ့အဝေးက အပြာရင့်ရောင် လှိုင်းအိအိတွေ ကမ်းစပ်ကိုပြေးလာနေတဲ့ လှိုင်းခေါင်းဖြူဖြူတွေ... ပြီးတော့ ဆားငံရည် နံ့ပါတဲ့ အတားဆီးမဲ့ လွတ်လပ်လေ...။

အဲဒီ လွတ်လပ်လေထဲမှာ ဝဲလွင့်သွားမယ့် မိုးရဲ့နက်မှောင်အိထွေးတဲ့ ဆံပင်တွေ...။

ရွှေတိဂုံဘုရားမှာတုန်းက ကျန်ခဲ့ရတဲ့ စကားတစ်ခွန်းဟာ ချောင်းသာ ကမ်းခြေရဲ့ ပင်လယ်ပြာရှေ့မှာ ကဗျာဆန်ဆန်ကြီးကို ဟောဒီနလုံးသားထဲ ဝင်လာစေရမယ်လို့ ကျွန်တော် တွေးနေလိုက်တယ်။

လူ့ဘဝရဲ့အရသာဆိုတာကလည်း အကျိုးရယ် အကြောင်းရယ် ဆုံညှိစုံခင် ကြားကာလကလေးထဲမှာ စိတ်ကူးနဲ့ နေရတာကိုပဲပြောတာ မှတ်လား ကိုယ့်ဆရာရယ်...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ချောင်းသာကမ်းခြေအတွေးနဲ့ အိမ်ကိုပြန်လာတယ်။ သိပ်မကြာခင်မှာ ရင်ထဲမှာ နှစ်နေအောင် ပျော်ရဦးမယ့် အစီအစဉ်တစ်ခု ရှိနေတယ်ဆိုတော့ ကျွန်တော့်ရင်ဟာ အလိုလိုရွှင်နေတယ်။ ခံစားမှုဟာ ထုနဲ့ထည်နဲ့ရှိနေပြီး အရာအားလုံးအတွက် တည်တည်ငြိမ်ငြိမ်နဲ့ ရင်ထဲမှာ အဆင်သင့်ဖြစ်နေတယ်။ ကျွန်တော့်ရင်ထဲမှာရှိတဲ့ ပျော်ရွှင်မှုဟာ ခံစားချက်အားလုံးကို ရင့်ကျက်သွားစေတယ်။ တကယ်ပြောတာပါ... အခုနေ တစ်ယောက်ယောက်က ကျွန်တော့်ကို အမှတ်တမဲ့ဝင်တိုက်ပြီး မတောင်းပန်ဘဲ ထွက်သွားမယ်ဆိုရင်လည်း ကျွန်တော် ဒေါသမထွက်ဘဲ နားလည်ပေးနိုင်တယ်။ ကျွန်တော် အဲဒီလူအပေါ် လုံးလုံးစိတ်မဆိုးဘူးဆိုတာ တစ်သန်းကြေးလောင်းရဲတယ် ကိုယ့်ဆရာရေ...။

ဒါ့ကြောင့် ဒေါသကို နိုင်ဖို့အတွက် အဒေါသဖြစ်တဲ့ မေတ္တာစိတ် ရင်ထဲမှာ ထားရှိဖို့ လိုတယ်လို့ မြတ်စွာဘုရားက ဟောခဲ့တာပေါ့။ အခု အချိန်မှာ ကျွန်တော်ဟာ လောကကြီးကိုချစ်နေတယ်။ မေတ္တာရှိနေတယ် ဘာပဲဖြစ်ဖြစ် သည်းခံနိုင်သလောက် သည်းခံမယ်ဆိုတဲ့ မေတ္တာဓာတ်ကလေး ရှိနေတယ်။ အချစ်မှာအခြေခံပြီး ရတဲ့ မေတ္တာမို့ သိပ်ကြီးတော့ မခိုင်မာဘူး ပေါ့ ကိုယ့်ဆရာရယ်... ဒါပေမဲ့ သုံးသင့်သလောက်တော့ သုံးလို့ရပါတယ်

အဲဒီစိတ်ကလေးနဲ့ ကျွန်တော်ဟာ အိမ်ပြန်ရောက်လာတော့ သူ အကြောင်းကို တိုင်မလားဆိုပြီး စိုးရိမ်စိတ်နဲ့ ကွက်ကြည့်ကွက်ကြည့်လု နေတဲ့ ကိုသနဲ့ မနက်ကအော်ဟစ်ထားလို့ ကျွန်တော်နဲ့ မျက်ဝန်းချင်းမ အောင် ကြိုးစားနေတဲ့ အိုလေးတို့ကို ပုံမှန်မျက်နှာထားနဲ့ပဲ ဆက်ဆံနိုင် ပါတယ်။ အမှန်တကယ်ဆို ကျွန်တော်က အူတောင်မြူးချင်နေတာ။ သူတို့ သိပ်သိကုန်ပြောရရောက်သွားမှာစိုးလို့ သိမ်းထားရတာ။ ကျွန်တော့်ပုံ





သက်သက်သာသာနဲ့ ခင်ချင်ရင် ခင်မင်ဖို့ကောင်းနေလိမ့်မယ်လို့ ကျွန်တော် ဆင်တယ်။ ဟန်ဆောင်တာ မဟုတ်ဘဲနဲ့ နဂိုစိတ်ရင်းကိုက အဲဒီလိုဖြစ် နေတာ ရှိနေတာကို ကျွန်တော်ကျေနပ်နေမိတယ်။ အဲဒီလိုနေရတာကနေ အရသာတစ်မျိုးလည်း ရနေတယ်။

ပြီးတော့မှ ဖျတ်ခနဲသွားသတိရတယ်။ အခုလို နေလို့ထိုင်လို့ကောင်း ပြီး အဆင်ပြေနေတာတွေအားလုံးဟာ 'မိုး' နဲ့ ပတ်သက်နေပါလား... ဆိုတာ ပဲ။ ကျွန်တော်ပျော်ရွှင်တာ ကျေနပ်တာ ကျွန်တော့်ပတ်ဝန်းကျင် ငြိမ်း ချမ်းနေတာတွေဟာ သူတို့အားလုံးနဲ့ ဘာမှမဆိုင်တဲ့ မိုးကြောင့် ဖြစ်နေ တာပါလား ဆိုတာကိုပါ။ ဒီလိုဆိုရင် မိုးဟာ ကျွန်တော်တစ်ယောက်တည်း ဘင်မက ကျွန်တော့်ပတ်ဝန်းကျင်ရဲ့ ပျော်ရွှင်မှု ငြိမ်းချမ်းမှုနဲ့ပါ ပတ် သက်နေပြီဆိုတာကို ကျွန်တော် အထိတ်တလန့်သိလိုက်ရတယ်။ လူတစ် ယောက်က လူတစ်ယောက်ကို 'ချစ်တယ်...' ဆိုတာ နှစ်ယောက်တည်းရဲ့ ကိစ္စ မဟုတ်ဘူး... ဆိုတာကိုလည်း တရားဝင် ကြောက်မက်ဖွယ်ရာ သိ လိုက်ရတာပါ။ 'မိုး' ရဲ့အမုန်းကို မခံရဖို့ သိပ်အရေးကြီးတယ်လို့ ကျွန်တော့် ကိုယ်ကျွန်တော် တင်းတင်းကြပ်ကြပ်ကို သတိပေးထားလိုက်ရတယ်။

"ဟယ်... ဘွားတောင် ပြန်လာပြီ..."

အိုလေးရဲ့ဝမ်းသာအားရသံအဆုံးမှာ အိမ်ပေါ်ကိုတက်လာတဲ့ ဘွားမယ် ကို တွေ့လိုက်ရတယ်။ ဘွားမယ်ရဲ့မျက်နှာက မရွှင်လန်းတဲ့အပြင် အောင် အိုနေသေးတယ်လို့ ကျွန်တော့်စိတ်ထဲ ထင့်ခနဲတစ်ချက်ဖြစ်တယ်။ ရဲ့ မှာ ဘာများဖြစ်ခဲ့ပါလိမ့်ပေါ့...။

"ဘွားတင်တို့ရော ဘွား... ဘယ်မှာ..."

အိုလေးရဲ့စကား မဆုံးပါဘူး။ အဘွားကြီးက ခေါင်းမာပေါ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘက်ကြီးကို ဆွဲဖြုတ်ပြီး ငိုတော့တာပဲ။ ရုတ်တရက်ဆိုတော့ ကျွန်တော်တို့လည်း လန့်သွားတယ်။ ဘာများဖြစ်ပြီလဲပေါ့…။ အမေနဲ့ ကျွန်တော်ဝိုင်းမေးပေမယ့် ဘွားမယ်က ပါးစပ်ထဲမှာ ငိုနေရတဲ့အသံထွက်တွေနဲ့ မအားတာနဲ့ စကားမပြောနိုင်သေးဘူး။ ပြီးတော့ ငိုတာကိုပဲ စိတ်လိုလက်ရလုပ်ချင်တဲ့သဘောလည်း ပါတယ်ထင်ပါရဲ့…။

"ဘာဖြစ်ပြန်ပြီလဲ ဘွားရဲ့… အိုလေးကိုပြောပါဦး… အိုလေး သိပါရစေ ဘွားရဲ့… အိုလေးငိုမိမှာနော် ဘွားရဲ့…"

ဘွားမယ်ငိုတာနဲ့ လိုက်လိုက်ငိုတတ်တဲ့ အိုလေးကို အရင့်တုန်းကတော့ ကျွန်တော်အမြင်ကတ်တာ အမှန်ပဲ။ အခုတော့ သူသိပ်အားကိုးထားတဲ့သူ ငိုတဲ့အခါ သူလည်း ဘယ်စိတ်ထဲက အားတင်းထားနိုင်ပါ့မလဲလို့ တွေးမိသေးတယ်။

ပြီးတော့ အဘွားကြီးတွေငိုတာကို ကျွန်တော် မမြင်ချင်ဘူးဗျာ ဘာကြောင့်မှန်းတော့မသိဘူး… အဘွားကြီးတွေငိုရင် ကျွန်တော့်ရင်ထဲမှာ တစ်မျိုးပဲ။ အဘွားကြီးတွေငိုတာကို မြင်လေ့မြင်ထ သိပ်မရှိလို့လည်း ဖြစ်ချင်ဖြစ်မှာပါပဲ။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကလည်း အဘွားကြီးတွေငိုတာမြင်ရင် သူမနေတတ်ဘူးတဲ့။ သူမနေတတ်တာက ဆန်းတယ်ခင်ဗျ 'အဘွားကြီးတွေငိုတာမြင်ရင်ကွာ အာတာလွှတ်ပြုတ်ကို မရပ်မနား တရစ် စားထားသလိုပဲ ခံစားရတယ်…' တဲ့။ ကျွန်တော်က 'ဘာဆိုင်လို့တုန်း' လို့မေးတော့ 'မင်းစားကြည့်ပါလား…' တဲ့။ 'သွားကြားတွေ အကုန်ညှပ်ပြီး တစ်မျိုးကြီးပဲ…' တဲ့။ သူ့ဥပမာနဲ့သူ အသည်းယားပုံက ဆန်းလွန်း ကျွန်တော်မှတ်မိနေတာကို ပြောတာပါ။

"ကဲပါ အဘွားရယ်… ဘယ်လိုဖြစ်သလဲဆိုတာ ပြောပါဦး၊ ဆေး





မှာ ထားခဲ့ရတာလား ဟုတ်လား…"

အမေက ပခုံးကိုဖက်ပြီး ဖေးဖေးမမနဲ့ မေးတော့မှ အဘွားကြီးက ခေါင်းကိုညိတ်တယ်။ ဒီတော့မှ ကျွန်တော်လည်း စိတ်နည်းနည်းပေါ့သွားတယ်။ လာကတည်းက ရေတိမ်ဆိုတော့ ခွဲရမယ်ဆိုတာ ရိပ်မိထားပြီးသားပဲကိုး…။

"နှစ်ယောက်စလုံးကို ထားခဲ့ရတာ ရုတ်တရက်ကြီးဆိုတော့ ငါ ငင်ထဲ ဆို့လာတာပေါ့ဟယ်… သူတို့လည်း ငိုကျန်ရစ်ခဲ့ပေါ့၊ ငါ့လမ်းမှာ ဘစ်လျှောက်လုံး ထိန်းလာရတာ…"

"ဒါဆိုရင် ဆေးရုံစောင့်ဖို့ လိုပြီပေါ့၊ ဆေးရုံက ဘာတွေမှာလိုက်လဲ"

"သူတို့အတွက် အသုံးလိုတဲ့ အသုံးအဆောင်တွေနဲ့ လူနာစောင့်ပေါ့…"

အဲဒီမှာတင် ကျွန်တော့်မျက်ခုံးက နည်းနည်းစ,လှုပ်တယ်။ အမေလည်း ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်တော့ သားအမိနှစ်ယောက်ဝန်းချင်းဆုံမိကြတာပေါ့လေ…။

ဒီကိစ္စဟာ ကျွန်တော့်ဆီကိုရောက်လာဖို့ ရာခိုင်နှုန်း ၁၀၀ ရှိတယ်တော ကျွန်တော်သဘောပေါက်လိုက်ပြီ။ ဒါဆိုရင် ကျွန်တော့်ရင်ထဲက ပျော်ရွှင်ကျေနပ်နေခဲ့တဲ့ ချောင်းသာကို ကျွန်တော် ဘယ်လိုလုပ်ရမလဲ။ ကျွန်တော့်ရင်ဟာ ချက်ချင်းပူကျွမ်းပြီး တက်လာတယ်။ ခုနက ရထားတယ်တဲ့ ကြည်လင်မှုတွေ တည်ငြိမ်မှုတွေ ပျော်ရွှင်တာတွေလည်း ယိုင်ယဲ့ ကုန်တယ်။

ဆားငံရည်ရနံ့ပါတဲ့ ပင်လယ်လေမှာ မျောလွင့်နေတဲ့ မိုးရဲ့ဆံပင်တွေ မှာ ရှိရမယ့်အစား အီသာနံ့နံ့နေတဲ့ ဆေးရုံထဲက မျက်စိ ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးနှစ်ယောက်ရဲ့အနားမှာ ရှိနေရမှာလား။

မဖြစ်နိုင်ဘူး…။

ကျွန်တော်ဟာ ချက်ချင်း ရူးသွားတဲ့လူတစ်ယောက်လို ဖြစ်သွားတယ်။ ခုနက ပျော်ရွှင်မှုဆိုတာ ဘယ်လိုမျိုးလဲ ဆိုတာတောင်မှ မမှတ်မိတော့တဲ့ အရူးတစ်ယောက်လိုပဲ။ ဒီကိစ္စကိုတော့ ကျွန်တော့်ဘဝရဲ့ ဘာနဲ့ပဲလဲရ လဲရ ကျွန်တော်တိုက်ခိုက်ယူရလိမ့်မယ်။

"ဒါဆိုရင်…"

မားသားကြီးက လက်ညှိုးကလေးထောင်ပြီး စကားကို တန်းလန်းထားပြီး ကျွန်တော့်ကို လှမ်းကြည့်တယ်။ ကျွန်တော်ပြောမှ ဖြစ်မယ်ဆိုတာ နားလည်လိုက်တယ်။ ဒါမျိုးက အချိန်ရွှေ့နေလို့ ရတာမှ မဟုတ်တာ…။

"အမေ… အမေ့ကို ကျွန်တော်ပြောစရာရှိတယ်၊ ကျွန်တော် ခုပဲ ပြောတော့မလို့… ကျွန်တော်က…"

"ကောင်းပြီ ဘွားမယ်… လူနှစ်ယောက်အတွက် ထည့်စရာရှိတာတွေ ထည့်ထားပေး ဟုတ်ပြီလား၊ လိုအပ်တာကို ကျွန်မ ထပ်ဖြည့်ပေးမယ် ကဲ… လာ… ရဲဝင်း နင် ငါနဲ့လိုက်ခဲ့…"

မားသားကြီးက ကျွန်တော့်ကို လက်ညှိုးကလေးကွေးခေါ်ရင်း နောက်ဖေးမီးဖိုချောင်ဘက်ကို သွားတယ်။ ကျွန်တော် ပင်လယ်လှိုင်းတွေအတွက် ဘယ်သူ့ကိုမှ မငဲ့ကွက်နိုင်ဘူး။ ဘာကိုပဲဖြစ်ဖြစ် အားနာတတ်တဲ့စိတ်ကို ကျွန်တော်သေအောင် သတ်ထားဖို့ လိုတယ်လေ…။

"ကဲ… ပြောစမ်းပါဦး…"

မားသားကြီးက သူ့နှုတ်ခမ်းတွေကို ဆွဲဆန့်ရင်း ကျွန်တော့်ကို မေးတယ်။ ကျွန်တော်ရောင်မယ်ဆိုတာ ကြိုသိတယ်ဆိုတဲ့ သဘောပါပဲ





"ဒီရက်ထဲ ကျွန်တော်အားမှာမဟုတ်ဘူး အမေ…"

"ဘာလုပ်စရာရှိလို့လဲ…"

"မနက်က ဖြိုးတို့လာတဲ့ကိစ္စ အမေ… ချောင်းသာကို သွားဖို့ ကျွန်တော်တို့စီစဉ်ပြီးပြီ…"

မားသားကြီးက ခါးကိုထောက်ပြီး နှုတ်ခမ်းကိုမဲ့ရင်းက ခေါင်းကို ခါတယ်။ မဖြစ်နိုင်ဘူးဆိုတဲ့ သဘောပေါ့…။ ကျွန်တော်ကလည်း မဖြစ်နိုင်ပါဘူး…။

"မင်းချောင်းသာက ဘယ်နေ့သွားမှာမို့လို့လဲ…"

ကျွန်တော့်အားနည်းချက်ကို တိုက်ရိုက်ထိတာပါပဲ။ ဖြိုးတို့က ကျွန်တော့်ကို ရက်အတိအကျ ပြောမသွားခဲ့ဘူး။ ရမ်းပြောလို့လည်း မဖြစ်ဘူးလေ… ဒီတော့ အမှန်အတိုင်းကို ပြတ်ပြတ်သားသားပြောဖို့ပဲ ရှိတော့တာမဟုတ်လား…။

"သွားမယ့်နေ့ကိုတော့ အတိအကျ မသိသေးဘူး အမေ၊ ဒီရက်ပိုင်းထဲမှာတော့ သေချာတယ်၊ ပြီးတော့ ကျွန်တော်မလိုက်လို့ လုံးဝမရဘူး အမေ…"

"အေး ဒီမှာကလည်း မင်းမရှိလို့ လုံးဝမရဘူးလေ၊ ပြီးတော့ ဒါက ငါမှုရေး… ကိုယ့်ကိုအားကိုးပြီးတော့ အစစအရာရာ သူတို့မှာ စီစဉ်ကြတော…"

"အာ… အမေ အဲဒါတော့ လုံးဝမဖြစ်ဘူးနော်၊ ကျွန်တော့်ချောင်းသာအစီအစဉ်က ဖျက်လို့မရဘူး၊ လူငှားစောင့်ရင် စောင့်လိုက် အမေရာ…"

"ဟဲ… ဖြစ်မလားဟဲ့… သူစိမ်းတစ်ယောက်နဲ့ ကိုယ့်မိန်းကလေးနဲ့ ထားပါမှ ဖြစ်တော့မှာပေါ့၊ ဒီမှာ ငါစီစဉ်မယ်… ဒီလိုလုပ် နင်ဘက်က ချောင်းသာကိစ္စ ရက်မသိသေးခင် နင်စောင့်ပေးထား၊ ဘယ်နေ့သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



သိတော့ သွားပေါ့… အဲဒီတော့ ငါကြည့်စီစဉ်လို့ရပြီ၊ အနည်းဆုံး ဒီနေ့ မနက်ဖြန်တော့ နှင့်ကိစ္စက မဖြစ်သေးဘူး မဟုတ်လား…”

မားသားကြီးစကားဆုံးတော့ ကျွန်တော် တစ်ချက်စဉ်းစားရတယ်။ ချောင်းသာအစီအစဉ်က ဒီနေ့နဲ့ မနက်ဖြန် မဟုတ်ဘူးဆိုတာတော့ ကျိန်း သေနေပြီ။ ကျွန်တော်စောင့်ပေးလိုက်ရင် ချောင်းသာသွားဖို့ လျော့လျော့ရှူရှူ ဖြစ်မယ်။ မားသားကြီးဆီက မုန့်ဖိုးလေးဘာလေးလည်း တရားဝင်တောင်း ခွင့်ရသွားမယ်။ ဒါပေမဲ့ ချောင်းသာသတင်းကို မလွဲအောင်ရဖို့တော့ လို မယ်။

“ဒါဆိုရင် နှစ်ရက်တော့စောင့်ပေးမယ်၊ ချောင်းသာသွားရင် သားကို ပိုက်ဆံလေး ဘာလေးတော့…”

“စိတ်ချ ငါမုန့်ဖိုးပေးပါ့မယ်…”

“ပြီးတော့ ဖြေးတို့က သွားမယ့်ရက် လာပြောရင်လည်း သားကို ညာပြီးတော့ မပြောရဘူး…”

“တော်ပြီ… ငါအကုန်နားလည်ပြီ၊ မင်း ဆေးရုံမှာ လိုအပ်တာတွေ သာထည့်ဖို့ ပြင်တော့…”

မားသားကြီးက ကျွန်တော့်ကိုကျောခိုင်းပြီး လက်ညှိုးကို နောက်ပြန် ရမ်းပြရင်းနဲ့ ထွက်သွားတယ်။ သူ့ပုံစံက မဲဆွယ်ထွက်မယ့် အမေရိကန် လွှတ်တော်အမတ်တစ်ယောက်လို တက်ကြွနေတယ်။ ဘာဖြစ်လို့ အဲ ဒီလိုတက်ကြွနေတယ်ဆိုတာ အဲဒီတုန်းက ကျွန်တော်မသိခဲ့တာ အမှန်ပါပဲ။

ပစ္စည်းတွေ လိုအပ်တာတွေထည့်နေတုန်းမှာမှ ကျွန်တော် သတိ ထားမိတာတစ်ခုကြောင့် ခေါင်းတွေဘာတွေ ကြီးသွားတယ်။ ဟုတ်တယ် ဟိုဘက်ကပြင်ဆင်နေတဲ့သူက ဒေါ်ရွှေထုတ်ချင်းခတ်ခင်ဗျ…။ ဟာ… ဒါမျိုးတော့ ဘယ်ဖြစ်မလဲ…။ သူနဲ့ ဆေးရုံအတူစောင့်ရရင် ဘယ်ဟုတ်





သော့မှာလည်း။ ကျွန်တော်နဲ့ ကိုသနဲ့မှ သဘာဝကျမှာပေါ့။ ကျွန်တော်တ သည်း ဒီလိုပဲတွက်ထားတာ…။

“ညရေးညတာအတွက် ဓာတ်မီးယူသွား သမီး… ပြီးတော့ ဆရာ ဆော်ရဲ့သိမ်ဝင်ပုတီးကို အောက်မှာ ချမထားနဲ့နော်၊ စိပ်ပြီးတာနဲ့ လည် မှာဆွဲထား… အိပ်ချည်းပဲလည်းမနေနဲ့ဦး… ကုသိုလ်ယူတဲ့အခိုက် စေတနာ အပြည့်နဲ့သာယူ မြေးရဲ့ ဟုတ်ပြီလား…”

“စိတ်ချပါ ဘွားမယ်ရဲ့… အိုလေးကိုစိတ်ချပါ၊ ပရုပ်ဆီဗူးကလေး ပါရော ခုနကပဲ ဒီမယ်ချထားတာ၊ ငါ့နှယ် ဒုက္ခ… ဘွားမယ် အိုလေးနာရီ ဆုတ်ပတ်သွားမယ်နော်…”

ဒီတော့ ကျွန်တော် မားသားကြီးဆီ တစ်ခေါက်ထပ်ချီတက်ရပြန် ရော…။ ဒီရွှေထုတ်ချင်းခတ်နဲ့ ဘယ်လိုလုပ်ပြီး ကျွန်တော် လူနာအတူ စောင့်လို့ ဖြစ်မှာလဲ။ သူတို့မောင်နှမကိုပဲ လွှတ်လိုက်တာ အကောင်းဆုံး မဟုတ်ဘူးလား။

“ဘယ်ဖြစ်မလဲ သားရဲ့… ဆေးရုံကိစ္စတွေ လုပ်တာတို့၊ ဆရာဝန် ဆရာမတွေနဲ့ စကားပြောတာတို့… စားစရာသောက်စရာနဲ့ ဆေးဝါးတို့ ဘာတို့ဝယ်တာကြတော့ နင်ပါမှ ရတော့မပေါ့၊ သူနဲ့ ဘယ်လိုလုပ်ဖြစ် မှာလဲ၊ သူက သိပ်ပြီး ဒါကောင်းတာမှ မဟုတ်တာ…”

“ဒါဆိုလည်း ကျွန်တော်နဲ့ သူ နှစ်ယောက်သွားလိုက်မယ်လေ… အမေရာ… ဟိုကောင်မလေးကို…”

“အဲဒါလည်းမဖြစ်ဘူးလေ… မျက်စိမမြင်တဲ့ လူမမာနှစ်ယောက်ကို နင်တစ်ယောက်တည်း ပြုစုမလို့လား၊ လူကောင်းက နင်ပဲရှိတာ သူ့ဘို ဒိုးကိစ္စ သေးကိစ္စကအစ… ကဲ…”



www.burmeseclassic.com

www.burmeseclassic.com



မားသားကြီးစကားဆုံးတော့ ကျွန်တော်တွန့်သွားတယ်။ ဟုတ်တယ် ဒါတွေတော့ ကျွန်တော်မလုပ်နိုင်ဘူးဗျာ။ ကျွန်တော်ဟာ အကြင်နာသိပ် ခေါင်းပါးတဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အသက်ကြီးကြီး ကိုယ်နဲ့မရင်းနှီးတဲ့ အဘိုးကြီး အဘွားကြီးတွေကို လူမမာတစ်ယောက်လို ပြုစုဖို့ကြတော့ မဖြစ်နိုင်ဘူး။ ကျွန်တော့်ရင်ထဲမှာရှိတဲ့ ဂရုဏာက မာသာ ထရီဇာတို့လို ပါရမီထိုက်တဲ့ဂရုဏာမျိုး မဟုတ်တာတော့ ကျိန်းသေပါတယ်။ နှုတ်ကလေးနဲ့ စိတ်နဲ့ သနားရမယ်ဆိုရင်တော့ လူတကာနဲ့ တန်းတူ သနား နိုင်ပါရဲ့။ တကယ့်လက်တွေ့ဆိုရင်တော့ အဲဒီဘက်မှာ ကျွန်တော်ဟာ အလကားကောင်လို့ ပြောလို့ရတယ်။ ဒီတော့ မားသားကြီးစီစဉ်တာကို ကျွန်တော်လက်ခံလိုက်ရတာပေါ့။

ညနေစာစားပြီးမှ သွားရမယ်လို့ ထင်ပေမယ့် ပစ္စည်းတွေထည့်ပြီး တာနဲ့ တစ်ခါတည်း ထွက်ကြရတာ။ အေးလေ ဟိုမှာက မျက်မမြင်နှစ် ယောက်ကို သူများအပ်ခဲ့ရတာကိုး...။

သွားခါနီးမှာ ဒေါ်ရွှေထုတ်ချင်းခတ်က ဘွားမယ်ကို ကန်တော့တယ် ဟိုကလည်း ဆုတွေဘာတွေပေးပေါ့လေ...။ သူက စွတ်ကန်တော့နေတော့ ကျွန်တော်က ဘာဆက်လုပ်ရမယ်မှန်း မသိတော့ဘူး။ အိမ်ကနေ ဆေး သွားတဲ့ကိစ္စကို ကန်တော့စရာမလိုဘူးလို့ ကျွန်တော်တော့ ထင်တာ ဒီလိုလုပ်တာကို ဟန်လုပ်တာလို့ ကျွန်တော်ကထင်တယ်။ ပြီးတော့ ကျွန် တော်တို့မိသားစုအထဲမှာကလည်း အဲဒီလိုမရှိခဲ့ဘူးလေ။ မားသားကြီးက တော့ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ သွားခါနီးကျမှ မှာတယ်။

"မင်း လက်ဖက်ရည်ဆိုင်ချည်းပဲ ထွက်ထိုင်မနေနဲ့ဦးနော်၊ ကောင် လေးကိုလည်း ဂရုစိုက်..."





"ဟုတ်ကဲ့ပါ အဖေ..."

"သေသေချာချာ ဂရုစိုက်ကြည့်ပေါ့၊ လိုအပ်တာရှိရင်လည်း ဆုံးမ၊ ဒီလိုနှစ်ယောက်တည်းကျတော့ အနီးကပ်လေ့လာလို့ ရတာပေါ့၊ သူ့ပင်ကိုယ် သဘောက ပိုပေါ်လွင်တာပေါ့..."

"ဗျာ..."

"သိပ်ပြီး အထက်စီးကြီးနဲ့လည်း ဆက်ဆံမနေနဲ့ဦး၊ ချိုချိုသာသာ ပြောစရာရှိ ပြောပေါ့... အရေးကြီးတာက သူ့အတွင်းစိတ်သဘာဝကို သိမိဖို့ပဲ ငါမှာတာ မမေ့နဲ့နော်..."

"ဗျာ..."

"သွား... သွား... ဟိုမှာစောင့်နေပြီ..."

"မဟုတ်ဘူး အမေ... အမေပြောတာ ဘာသဘောလဲ ကျွန်တော် နားမလည်ဘူး..."

"ဘာနားမလည်စရာရှိသလဲ၊ သူ့ကို ဂရုစိုက်ပြီး ကြည့်... လေ့လာ ဖို့ ငါမှာတာ၊ နင် ဒီလောက်မှ နားမလည်ဘူးလား သွားတော့..."

ကျွန်တော် အူကြောင်ကြောင်ဖြစ်ပြီး ထွက်လာခဲ့တယ်။ အဖေ မှာထားလို့ လမ်းထဲက ကားက အိမ်ရှေ့မှာရောက်နေပြီ။ ကားပေါ်ကို ပစ္စည်းတွေတင်တော့မှ ပစ္စည်းတွေက မနည်းမှန်းသိရတယ်။ ခုလောလော ဆယ်တော့ အဖေရော ကိုသရော လိုက်မှာဆိုတော့ ကိစ္စမရှိဘူးပေါ့လေ။ က တော့ ကားထပ်စီးရလို့ ပျော်နေလေရဲ့...။

ကျွန်တော် ကားပေါ်တက်ခါနီး စိတ်ထဲမှာ ဘာကိုမှန်းမသိ စိတ် ရှုပ်နေမိတယ်။ အမေပြောတဲ့စကားက ဘာအဓိပ္ပာယ်လဲပေါ့။ ကျွန်တော် သူ့ကို ဘာကိစ္စ အနီးကပ်လေ့လာရမှာလဲ။ ကျွန်တော်သွားတာ မှာ



www.burmeseclassic.com

www.burmeseclassic.com



ခွဲ၊ ဖေသည့် အဘွားကြီးနှစ်ယောက်ကို လူနာစောင့်ဖို့မဟုတ်လား။ မဖြစ်ဘူး ဒီကိစ္စ မားသားကြီးကို မေးရမယ်လို့ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။ ဒီ တော့ ကားပေါ်မတက်သေးဘဲ အမေ အနားကပ်လာတော့မှ…

"အမေ… အမေ ကျွန်တော့်ကို ဘာပြောတာလဲ၊ ကျွန်တော်က ဘာဖြစ်လို့ သူ့ကို အနီးကပ်လေ့လာရမှာလဲ၊ ဘာတွေလဲ အမေရာ… အ ဘာဖြစ်နေတာလဲ…"

"ငါ ဘာမှမဖြစ်ဘူး၊ လူတစ်ယောက်ရဲ့သဘောဆိုတာက အပြော ကို ကြည့်တာထက် အလုပ်ကိုကြည့်တာ ပိုပြီး စိတ်ချရတယ်ဆိုတာ န သိထား… လူ့သဘောဆိုတာ ပြောရခက်တယ်၊ အဲဒါကို နင် နားလည် ထား ဒါပဲ…"

မားသားကြီးက ကျွန်တော့်ကို မြန်မာလို နားမလည်အောင်ပြော ကားထဲက အိုလေးကို နှုတ်ဆက်နေတယ်။ ဘွားမယ်ကလည်း နှုတ်ဆ တယ်။

"ဘွားမယ်အတွက် မပူနဲ့ မြေလေး… လူနာတွေအတွက် ဘွားမ စိတ်ချမယ်၊ ထမင်းပို့လာတော့မှ ဘွားမယ်လိုက်ခဲ့မယ် ဟုတ်ပြီလား…

"ဟုတ်ကဲ့ ဘွားမယ်… ခါးကို ဆေးလိမ်းပြီး ကိုသကို နှိပ်ခိုင်း ဘွား…"

"အေးပါကွယ် အေးပါ ရတနာသုံးပါးမမေ့နဲ့ မြေလေးနော်…

"စိတ်ချပါ ဘွား…"

"ကဲ… မောင်းပါတော့ဗျာ…"

ကျွန်တော်က စိတ်မရှည်ဖြစ်ပြီး ကားဆရာကို လေသံခပ်ဆတ်ဆ နဲ့ ပြောတော့ ဖားသားကြီးက တစ်ချက်ငဲ့ကြည့်တယ်။ ဟုတ်တယ်ဗျာ





ကားမထွက်ရင် အဲဒီအပြန်အလှန်မှာတမ်းကြီးက ပြီးတော့မှာ မဟုတ်ဘူး ဆိုဘာ ကျွန်တော်သိတယ်။ ကျွန်တော်တို့မြန်မာလူမျိုးဟာ ခရီးသွားတာ သည်းတယ်ဆိုတာ သိပ်သိသာတာပဲ။ ရန်ကုန်နဲ့ မန္တလေးလောက်သွားရင်ကို ထားပေါ် ကားပေါ်တွေမှာ မှာလို့မဆုံးတာတွေ ကိုယ်ဆရာလည်း တွေ့ဖူး တယ်။ တကယ်တမ်းကျတော့ ကျန်ရစ်တဲ့သူရော သွားတဲ့သူရောအတွက် ဒီစကားတွေက သိပ်ပြီးအသုံးကျတာ မဟုတ်ပါဘူး။

ဒါကြောင့်မို့ ကျွန်တော်တို့လူမျိုးက သေခါနီးရင် ဒုက္ခရောက်တာ။ ား ငါးဆယ်ရက် ခရီးထွက်တာတောင် ဒီလောက်စိတ်မချနေရင် သေခါ တော့ သွားရောပေါ့…။ ကျွန်တော် စိတ်ကူးအရတော့ လူကြီးတွေကို ခဏ ထ ခရီးထွက်ပေးစေချင်တယ်။ ဒါမှ သေခြင်းတရားကို ခုခံတဲ့အခါကျရင် ဟာမှာချင် ဒီဟာမှာခဲ့ချင်ကိစ္စတွေ လျော့မှာ။ ဒါ စိတ်ပေါက်ပေါက်နဲ့ န်တော်ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော့်စိတ်ထဲမှာ တကယ်ရှိတာကို ာတာပါ။

ကျွန်တော်တို့အားလုံး ကားပေါ်မှာ တိတ်တဆိတ်ပဲ လိုက်လာကြလို့ လုံးကို ကျေးဇူးတင်မိတယ်။ အေးလေ ပြောစရာစကားလည်း ရှိမှ ာကိုး။ ကျွန်တော်ကတော့ ဆေးရုံရောက်ရင် ဟိုထုတ်ချင်းခတ်နဲ့ ကိုတွေးပြီး စိတ်လေးနေမိတယ်။ ဘယ်လိုနေရ ထိုင်ရမယ်ဆိုတာ ောက်နားလည်ပါတယ်။ ဘာတွေဖြစ်လာမလဲ ဆိုတာကိုပဲ ကျွန်တော် နေတာပါ။

ကျွန်တော်တို့စီးလာတဲ့ကား မီးပွိုင့်မိတော့ တိတ်နေတဲ့ ကားထဲမှာ င်းတိုးသံစဉ်တစ်ခုကို ကျွန်တော်ကြားရတာနဲ့ နောက်လှည့်ကြည့်တော့ မိတ်ပြီး နှုတ်ခမ်းလှုပ်နေတဲ့ ထုတ်ချင်းခတ်ကို တွေ့ရတော့ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



မောသွားတယ်။ ကျွန်တော့်မှာ ဖျောက်မရတဲ့အကျင့်တစ်ခု ရှိတာက အိမ် အောက်မှာ TV ဖွင့်ပြီး အိမ်ပေါ်မှာ ပုတီးစိပ်တာတို့၊ ခရီးသွားရင်း မျက်လုံး ဟိုကြည့်ဒီကြည့်နဲ့ သုတ်တွေ ဂုဏ်တော်တွေရွတ်တာတို့၊ တန်ခိုးကြီးဘုရား တွေမှာ ပွဲတော်နေ့ဆို လူတွေအရမ်းစည်ကားနေတုန်း ပုတီးစိပ်တာ၊ တရား ထိုင်တာတို့ကို တွေ့ရင် ကျွန်တော့်စိတ်ထဲ ခံစားလို့ကို မရဘူး။ အဲဒီလူတွေ ကို အထင်မကြီးတဲ့အပြင် စိတ်ထဲက လှောင်တောင် လှောင်ချင်နေမိတယ်။ အဲဒီလိုစိတ်ဟာ အကုသိုလ်စိတ်ဆိုရင်တော့ ကျွန်တော် အကုသိုလ်တော်တော် ရမှာပဲ။ ဒါပေမဲ့ ကျွန်တော်ကတော့ အဲဒီခံစားချက်ကို ပြောင်းလို့မရတာ အမှန်ပဲ။ အဲဒီလိုလုပ်တဲ့လူတွေကို နှုတ်က ထုတ်မပြောသည့်တိုင် စိတ်ထဲ တော့ ဆန့်ကျင်နေမိတတ်တာ အမြဲပဲ။

အခုလည်း အဲဒီလိုလူမျိုးနဲ့ အတူတူနေရမှာဆိုတော့ စိတ်ထဲ တော်တော်မောမိတာပါ။ ဒါပေမဲ့ ဘာတတ်နိုင်ဦးမှာလဲ။ နေ့ခင်းတုန်း ရထားတဲ့ ပျော်ရွှင်မှုကလေးကို ပြန်တွေးကြည့်တော့ အာရုံထဲမှာ ရနံ့ပြ သွားတဲ့ ပန်းကလေးတစ်ပွင့်ကို တွေ့ရသလိုပဲ။ မနက်ကျမှ ဖြိုးဆီ Phone လှမ်းဆက်ပြီး အကျိုးအကြောင်းပြောပြရမယ်။ ပြီးတော့ ဘယ် သွားဖြစ်မှာလဲ ဆိုတာကို ကျွန်တော် တိုက်ရိုက်သိအောင် လုပ်ရမယ်။ မားသားကြီးပဲသိတယ်ဆိုရင် တစ်မျိုးပြောင်းသွားနိုင်တယ် မဟုတ်လား။

အတွေးနဲ့ပဲ ဆေးရုံရောက်တော့ လူနာတွေရှိတဲ့အခန်းကို ရှာရတာ တွေ့တော့ လူနာနှစ်ယောက်ကို အများထားတဲ့ ဟောခန်းမှာ ထားတာ ဟောခန်းတစ်လျှောက်မှာတော့ လူနာတွေအများကြီးပေါ့။ ပြီးတော့ ကျွန် တော်တို့လူနာနှစ်ယောက်က ခုတင်ဆက်ရက်မဟုတ်ဘူး။ နှစ်ယောက်ကြ ကြီးဖြစ်နေတယ်။ အဲဒီကိစ္စကိုပြောဖို့ ဆရာဝန်၊ ဆရာမ၊ သူနာပြုတွေ





ရာတော့လည်း မတွေ့ဘူး။ Round လှည့်တော့မှပဲ တွေ့မှာတဲ့။ ဒါနဲ့ ကျွန်တော်တို့လည်း ဘွားတင်ဆိုတဲ့ အဘွားကြီးရဲ့ဘေးက လွတ်နေတဲ့ နေရာကလေးမှာ နေရာချပြီး ပါလာတဲ့ ဝါတာဖလူးလေးဖြန့်ခင်း ဘာညာ သုပ်နေတုန်းကို အသက် ၄၅ နှစ်လောက်ရှိတဲ့ ပုပုဂင်တိုတို မိန်းမကြီး တစ်ယောက် ရောက်လာပြီး အော်တော့ ဟစ်တော့တာပဲ။

“အမလေး... အမလေး... ဆေးရုံကို ပျော်ပွဲစားတဲ့ ပန်းခြံများ အောက်မေ့နေသလား၊ အခင်းတွေခင်း ပစ္စည်းတွေချလို့ ဒါ ဘာလုပ်တာလဲ၊ ပြန်သိမ်းစမ်း... သိမ်းစမ်း...”

ဝါတာဖလူးကလေးခင်းနေတဲ့ ထုတ်ချင်းခတ်လည်း လန့်သွားပုံပေါ်တယ်။ ကျွန်တော်ကလည်း ပထမ ဘာမှန်းမသိတော့ ကြောင်နေတာပေါ့လေ။ သူက ခင်းထားတဲ့အခင်းကိုယူပြီး ဆွဲလှန်တော့မှ သတိက ဝင်လာတယ်။

“ဟာ... အဒေါ် ဘာလုပ်တာလဲဗျ...”

“အံမာ... ဘာလုပ်ရမှာလဲ၊ ဒီမှာ ခင်းလို့မရဘူး...”

“ဟ... မျက်စိခွဲရမယ့်လူနာကို စောင့်အိပ်ဖို့ဟာ ဒီမှာ မခင်းလို့ ဘယ်မှာ သွားခင်းရမှာလဲ၊ လူများတွေလည်း ခင်းနေကြတာပဲ၊ စောင့်အိပ်မယ့်လူက လူနာနားမှာ နေမှ ရမှာပေါ့...”

“ခင်းစရာမလိုဘူး... လူနာကို စောင့်ချင်တိုင်း စောင့်လို့ရတာ မဟုတ်ဘူး... မခင်းနဲ့...”

“အိုလေး ပြန်ခင်းထားလိုက်... ဆရာဝန်တွေက မျက်စိခွဲရမယ် ဆိုလို့ လူနာလာစောင့်တာ၊ ခင်းရမှာပဲ... အဒေါ်က ဒီမှာ ဘာတာဝန်ရှိလို့ ကျွန်တော်တို့ခင်းထားတာကို လုံးဝမထိပါနဲ့၊ ဒီမှာတာဝန်ကျတဲ့ ဆရာဝန်နဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် သူနာပြုဆရာမနဲ့ပဲဖြစ်ဖြစ် တွေ့ချင်တယ် လုံးဝမဖယ်ပါနဲ့…"

ကျွန်တော် ဒေါသတကြီးပြောတဲ့ စကားသံကြောင့် မိန်းမကြီး နည်းနည်းတွန့်သွားတယ်။ ကွမ်းတွေအပြည့်ဝါးနေတဲ့ ဗလုံးဗထွေးပါးစပ်ကြီးနဲ့ ဘာတွေကိုမှန်းမသိဘူး။ မသဲမကွဲနဲ့တော့ အော်ဟစ်ပြောနေတာပဲ။ 'တိုင်မယ်' ဆိုတာကိုတော့ ကြားလိုက်တယ်။ အဲဒီမှာပဲ ကျွန်တော်တို့လိုပဲ လူနာကိုစောင့်ကြတဲ့သူတွေက ကျွန်တော်တို့ကိုမကြည့်ဘဲ မသိချင်ယောင်ဆောင်နေကြတာကို ထူးထူးဆန်းဆန်းတွေ့ရတယ်။ ဘာသဘောလည်းတော့ မသိဘူးပေါ့ဗျာ။

အဲဒီတုန်းက ဆေးရုံမှာ လူနာကိုစောင့်အိပ်ရတာ တော်တော်လေးကို ဒုက္ခများပါတယ်ဗျာ။ ကျွန်တာတွေတော့ ပြောမနေချင်တော့ပါဘူး။ အခုတော့ ဒီလိုမဟုတ်တော့ဘဲ တော်တော့်ကို စည်းကမ်းတွေ ကောင်းနေပြီဆိုပဲ။ ပြောချင်တာကတော့ ကျွန်တော်နဲ့ ဒေါ်ရွှေထုတ်ချင်းခတ်အတွက် ရတဲ့နေရာက တစ်ယောက်အိပ်ဖျာ တစ်နေရာစာတည်း ဆိုပါတော့။

ကျွန်တော်လည်း တော်တော်စိတ်ဓာတ်ကျသွားတယ်။ ဒီနေရာကိုတောင် ဘယ်လောက် ဆက်လက်တိုက်ခိုက်ရဦးမှာလည်း မသိဘူး။ ဖားသားကြီးကတော့ ကျွန်တော့်ကို မှာပါတယ်။

"နေရာတကာ မိန်းမကောင်းရန်တွေ့ လုပ်မနေနဲ့ဦး၊ ဦးနှောက်ကလေး ဘာလေးလည်း သုံးပေါ့ကွာ…"

"ပြဿနာကတော့ ရှိမှာပဲ၊ အသိကလေး ဘာလေးရှိရင် ကောင်းမယ် အဖေရာ…"

"ဟာ… အဖေကလည်း ဘယ်လိုလုပ်ရှိမှာလဲ၊ ခွဲမှာက ဘယ်ရောခွဲမှာလဲ အဖေ…"





"ငါလည်း မမေးခဲ့ရဘူး၊ ဆရာမတွေလာတော့ မေးကြည့်ပေါ့ကွာ၊ ကဲ… ငါတို့လည်းပြန်မယ်၊ အောက်မှာ ကားက စောင့်နေတာ ကြာနေပြီ"

"အိုလေး ငါတို့သွားမယ်ဟေ့… ဘွားမယ်ကို နင် ဘာမှာဦးမလဲ"

"မမှာပါဘူး… အစ်ကို ဘွားမယ်ကို နှိပ်ပေးနော်၊ ဘွားမယ်အိပ်မှ အိပ်နော်…"

"အေးပါဟ…"

"ကိုသ လာဦး…"

"ဘာလဲ တူကြီးရ…"

"ကျွန်တော်မရှိတဲ့အချိန် ဟိုကောင်တွေဘက်ကို မသွားနဲ့၊ ဒီကောင်တွေက ကိုသကို ဒုက္ခပေးမှာ၊ ကျွန်တော်မရှိရင် ကိုသကို ကယ်မယ့်သူ ရှိမှာ မဟုတ်ဘူး၊ ကိုသ ခံရလိမ့်မယ်၊ အိမ်ကသိရင်လည်း ပြဿနာတွေ ဆက်ကုန်လိမ့်မယ်၊ ကျွန်တော်ပြောတာ ကိုသ သဘောပေါက်လား"

"ပေါက်ပါတယ်ကွာ ဒီကောင်တွေ မမိုက်ဘူးဆိုတာ ငါသိပါတယ် စိတ်ချပါ…"

အဖေတို့ထွက်သွားတာကို ကော်ရစ်တာကနေအထိ ကျွန်တော် လိုက်ကြည့်နေမိတယ်။ မကြုံစဖူး စိတ်ထဲမှာလည်း အားငယ်နေမိတယ်။ ဖြည်းဖြည်းချင်းစဉ်းစားကြည့်တော့မှ ကျွန်တော့်ကိုယ်ကျွန်တော် တော်တော်လေးအံ့သြနေမိတယ်။ နေ့ခင်းတုန်းကစိတ်ကူးက ချောင်းသာကမ်းခြေ၊ အခုရောက်နေတာက မျက်နှာမှာ ပတ်တီးတွေနဲ့ လှဲနေ ထိုင်နေကြတဲ့ လူနာတွေကြားမှာ…။ အင်း… လူ့ဘဝကြီးဟာ ဘယ်ဟာမှ မမြဲဘူးဆိုတာတော့ ခဏခဏ ကြားဖူး ဖတ်ဖူးလို့ သိနေပေမယ့် ကိုယ်တိုင်ကြုံရတော့ အံ့သြစရာဖြစ်ပြီး ထူးဆန်းနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ… ဟော့လူ… ခဏလာပါဦးဗျ"

တစ်ယောက်တည်း ကော်ရစ်တာမှာ တွေးနဲ့ရပ်နေတဲ့ ကျွန်တော့်ကို လူတစ်ယောက်က ကမန်းကတန်းလာခေါ်တာပါ။

"ဘာဖြစ်လို့လဲ…"

"ဟာ… ခင်ဗျားမိန်းမလုပ်နေပုံကို ကြည့်စမ်းပါဦးဗျာ…"

"ဗျာ…"

ကျွန်တော် တအံ့အဩ အထဲဝင်ပြီးကြည့်လိုက်တော့ ဒေါ်ရွှေအိုလေး က ကျွန်တော်တို့ရတဲ့နေရာကလေးမှာ ခြင်ထောင်ကို ထောင်နေတယ်ခင်ဗျ ကျွန်တော့်မျက်နှာဟာ ပွင့်ထွက်သွားမလားလို့ ထင်လိုက်ရတယ်။

"ဟာ… အိုလေး… အိုလေး… ဘာလုပ်တာလဲ၊ ဘာဖြစ်လို့ ခြင် ထောင် ထောင်နေရတာလဲ၊ ပြဿနာပဲ… ဖြုတ်… ဖြုတ်… ဒီမှာ ခြင် ထောင် မထောင်ရဘူး…"

"ဟင်… ဟုတ်လား… အိုလေးအတွက် မဟုတ်ပါဘူး၊ အစ်ကို့ အတွက် ထောင်တာပါ…"

"ဟာ… မရဘူး… ဘယ်သူ့အတွက်မှ ထောင်လို့မရဘူး အိုလေး ခြင်ထောင်ကြီး ဘယ်သူက ထည့်ပေးလိုက်တာလဲ ငွကျတာပဲ၊ စောစော သိရင် ပြန်ပေးလိုက်ပါတယ်…"

"ဘွားမယ်ရယ် ထည့်ပေးလိုက်တာ အစ်ကို…"

"ငါပြောပြမယ် ဒီမှာက အိမ်မှာလိုနေလို့ မရဘူး၊ အိပ်ရင်တော့ ခဏပဲလှဲရမှာ၊ ဘာမှ အပိုတွေမလုပ်နဲ့… လူနာတွေကို ပြောပြီးပြီလား…"

"ပြောပြီးပြီ အစ်ကို… ထမင်းတော့ မဆာသေးဘူးတဲ့၊ ပြီးတော့မှ စားပါ့မယ်တဲ့… အိုလေးခွဲ့မှာပါ အစ်ကို… အစ်ကိုနားချင်ရင် နားပါ…"





"ဟာ… နားရအောင် ခရီးထွက်တာမှ မဟုတ်တာ၊ နင် ဒီမှာပဲ နေဦး… ငါ ရေနွေးရမယ့် လက်ဖက်ရည်ဆိုင်တို့… စားစရာဆိုင်တို့ … အိမ်သာတို့… ဘာတို့ လျှောက်ကြည့်ထားဦးမယ် ဟုတ်ပြီလား…"

"ဟုတ်ကဲ့ အစ်ကို…"

ကျွန်တော် ပိုက်ဆံအိတ်ကောက်ထည့်ပြီး ထွက်လာခဲ့တယ်။ ခုထိ သော့ မဆိုးပါဘူး။ ခြင်ထောင်ထောင်တာပဲ ရှိတယ်ဆိုတော့ တော်သေး ဘာပေါ့။ ဟားတော့ ဟားရတယ်ဗျာ…။ ဒီကောင်မလေးပုံစံက ဟောက် ခင်လည်း ကိုယ်ပဲလွှန်မယ့်ပုံစံမျိုး ကိုယ့်ဆရာရေ…။

လက်ဖက်ရည်ဆိုင်ကို ဆေးရုံဝန်းနဲ့ကပ်လျက်မှာ သံဆူးကြိုးလေး ငါးတန်းခြားထားပြီး တွေ့ရတယ်။ ညလုံးပေါက်လည်း ဖွင့်တယ်။ ရေနွေး ဘို့ ဘာတို့လည်း ရတယ်။ မနက်ကို ထမင်းကြော်တို့ မုန့်ဟင်းခါးတို့လည်း နိုင်တယ်ဆိုတော့ မရှိမဖြစ် မဆိုးဘူးလို့ သဘောထားရတာပဲ။ စားစရာ မုန့်ကတော့ ပုဂ္ဂလိကလုပ် တရုတ်မုန့်တွေပဲရှိတယ်။ မုန့်ဖက်ထုပ်တွေ့ သော့ သုံးထုပ်ဝယ်လိုက်တယ်။ ညဘက်ဆာရင် ဒီကောင်က အိုကေတယ် ဟုတ်လား။ ပြီးတော့ ဘာရယ်မဟုတ်ဘူး… လက်ဖက်ရည်တစ်ခွက် အပျင်းပြေသောက်တယ်။ ကောင်းမှာမဟုတ်ဘူးလို့ စိတ်ကူးပြီး သောက် ဘာတောင် ခံလိုက်ရတယ်။ ဖျော်ပေးတဲ့ကောင်မလေးက ၁၂ နှစ်လောက်ပဲ ရှိဦးမယ် ထင်တယ်။ လက်မှာလည်း ချေး(ကျီး)တွေနဲ့ တစ်ကိုယ်လုံးလည်း ညစ်ပတ်နေလို့…။

လက်ဖက်ရည်မကောင်းပေမယ့် လက်ဖက်ရည်ဆိုင်ထိုင်တာကအ အကျင့်ပါနေလို့ ထိုင်လိုက်ပါသေးတယ်။ ထိုင်ရင်းနဲ့ ပျင်းလာ သူနာဆောင်ကို ပြန်တက်လာခဲ့တယ်။ ငါ ဆေးရုံကို ကျော



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်မိတိုင်းကို ကျွန်တော် ပြုံးမိနေတတ်တယ်။ ကျွန်တော်ပြန်ရောက်တော့ ကျွန်တော့်ကို ခုနက ခြင်ထောင်ထောင်တုန်းက လာခေါ်တဲ့လူကပဲ ထပ်ခေါ်တာနဲ့ ဘာပါလိမ့်ဆိုပြီး ခဏသွားရတယ်။

"ခင်ဗျားမိန်းမကို ပြောထားဦးဗျာ... အိပ်ရာကို အခုကတည်းက ခင်းနေတယ်၊ မခင်းရဘူးဗျ... ဆရာဝန်တွေ Round လှည့်ပြီးမှ ခင်းရမယ်လို့ အမိန့်ထုတ်ထားတယ်"

"ဟုတ်ကဲ့... ကျွန်တော်ပြောလိုက်ပါ့မယ်၊ ကိုယ့်ဆရာကြီးကိုလည်း ပြောရဦးမယ်၊ သူနဲ့ ကျွန်တော်က မောင်နှမတွေဗျ ခင်ဗျားထင်တာကို စွတ်ပြောမနေနဲ့..."

"ဟာ... ဟုတ်လား... ဒါဆို Sorry ဗျာ..."

ကျွန်တော်ခင်းထားတဲ့အိပ်ရာကို သိမ်းရင်း အိုလေးကို သတိပေးရတယ်။ အိုလေးကလည်း ကပျာကယာ သိမ်းရှာပါတယ်။ ခက်တာက ကျွန်တော်တို့နှစ်ယောက်စလုံးက ဆေးရုံအထာကို မသိဘူး ဖြစ်နေတာပဲ။ အမေကသာ ဘာညာဆိုပြီး ထည့်လိုက်တာ ကျွန်တော် ဆေးရုံစောင့်ဖူးတာ ဒါ ပထမဦးဆုံးအကြိမ်ပဲ။ ကိုသထက်သာတာဆိုလို့ ပြောရဲ မေးရဲတာလေး တစ်ခုတည်း ရှိတာပါ။

အဲဒီအချိန်မှာ အိုလေးက ဟိုဘက်က ဘွားရီဆိုတဲ့ အဘွားကြီးကို တွဲခေါ်လာပြီး ကျွန်တော်တို့နားက ဘွားတင်ရဲ့ခုတင်ပေါ်ကို ဖေးပြီး တင်တာနဲ့ ကျွန်တော် ဝင်ကူပေးလိုက်ရတယ်။

"သူတို့ ထမင်းစားတော့မှာတဲ့ အစ်ကို၊ အစ်ကိုရော စားတော့မလား"

"ငါမစားတော့ဘူး... လက်ဖက်ရည် သောက်ပြီးပြီ၊ ညအတွက် မုန့်ဖက်ထုပ်လည်း ဝယ်လာတယ်"





"ဟုတ်ကဲ့ အစ်ကို..."

ကျွန်တော့်ကိုလည်းပြောရင်း အိုလေးက အဘွားကြီးနှစ်ယောက်ကို ထမင်းကျွေးဖို့ ပြင်တယ်။ ပထမအိမ်က ထည့်ပေးလိုက်တဲ့ ထမင်းကို ခလုံထဲချေထည့်ပြီး ကြက်သားပြုတ်ကြော် ဆီဆမ်းတယ်။ ပြီးတော့ ဆားကလေးဖြူးပြီး နှံ့သွားအောင်နယ်တယ်ခင်ဗျ။ ကြက်သားပြုတ်ကြော်ဆီနဲ့ ထမင်းနဲ့ နှံ့သွားတော့မှ ကြက်သားပြုတ်ကြော်ဖတ်ကလေးတွေကို နှင်ပြီး အဘွားကြီးတွေကို ဇွန်းနဲ့ တစ်ယောက်တစ်လှည့် ခွံ့ကျွေးတယ်။

အဘွားကြီးနှစ်ယောက်က မျက်နှာမှာ ပတ်တီးတွေစည်းလို့ တစ်ယောက်နဲ့ တစ်ယောက် လက်ချင်းဆုပ်ထားကြတယ်။ အိုလေးခွံ့ကျွေးတဲ့ ထမင်းလုတ်ကိုသာ ဘာတစ်ခွန်းမှ မပြောကြဘဲ တစ်ယောက်တစ်လှည့် ငြိမ်ငြိမ်သက်သက် စားနေကြတဲ့ မြင်ကွင်းကို ကြည့်ရတာ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်လာတယ်။ ဒီမြင်ကွင်းကို ဖြစ်နိုင်ရင် ကျွန်တော် မကြည့်ချင်ဘူး။ မကြည့်ရက်တာလား... ဘာလားလည်း မကွဲပြားဘူး။ အဲဒါနဲ့ ကျွန်တော် ကော်ရစ်တာကို ဒုတိယအကြိမ် ထွက်လာခဲ့တယ်။

ကျွန်တော် ကော်ရစ်တာကနေ မြင်ရတဲ့ မြင်ကွင်းတွေကို လျှောက်ငေးနေပေမယ့် ကျွန်တော့်မျက်စိထဲမှာ အဘွားကြီးနှစ်ယောက်ရဲ့မြင်ကွင်းက မြင်နေတုန်းပဲ။ ဘာပဲဖြစ်ဖြစ်ဗျာ... အဲဒီအချက်တစ်ချက်တော့ အိုလေးကို ကျွန်တော် ချီးကျူးရမယ်လို့ စိတ်ထဲမှာ မှတ်ထားလိုက်တယ်။ အဘွားကြီးနှစ်ယောက်ကို သူ ထမင်းကျွေးနေပုံက စိတ်ရှည်လက်ရှည် ရှိရုံတင် မကဘူး... ယုယုယယပါရှိနေတယ်။ အဲဒီအချိန်မှာ သူ့မျက်နှာဟာ နူးညံ့မှုလရုပ်ပျောက်နေတယ် ဆိုမလားပဲ။

အဲဒီလိုတွေးလိုက်မိတော့ ကျွန်တော် မိုးကို သွားသတိရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ဆို မိုး ဘာလုပ်နေမလဲ...။ သူတက်နေတဲ့ ဒီဇိုင်နာသင်တန်းက ပိတ်စတွေပဲညှပ်နေမလား... ကိုရီးယားစကားပဲ ကျက်နေမလား... အိပ်ရာထဲမှာပဲ သီချင်းနားထောင်နေမလား... ဒါမှမဟုတ် ကျွန်တော့်ကိုများ သတိရနေမလား...။

ကျွန်တော့်ကို သတိရဖို့ ဆိုတာကတော့ ဖြစ်နိုင်ချေအနည်းဆုံးပါပဲ။ မိန်းကလေးတွေက အကြောင်းအရာမရှိဘဲနဲ့ လူတစ်ယောက်ကို သတိရလေ့ မရှိတတ်ကြဘူး ဆိုတာ ကျွန်တော်သိပါတယ်။ မိဝေက မိုးနဲ့ တစ်လမ်းတည်းဆိုတော့ မိဝေသွားလည်နေရင်တော့ တစ်မျိုးပေါ့။ ဟိုအကြောင်း ဒီအကြောင်းပြောရင်းနဲ့ ကျွန်တော့်အကြောင်း စကားရောက်သွားပြီး သတိရတာမျိုး ဖြစ်နိုင်တယ်မဟုတ်လား။

ကျွန်တော့်စိတ်ထင်တော့ အချစ်နဲ့ ပတ်သက်လာရင် မိန်းကလေးတွေဟာ အချက်အလက်ကို အရင်ရှာတယ်လို့ ကျွန်တော်ထင်တယ်။ ဟုတ်တယ်လေ... ခံစားချက်ကို အရင်ရှာဖို့ကိုလည်း သူတို့ကို ပတ်ဝန်းကျင်က ခွင့်မှမပြုတာ...။ ကောင်လေးတစ်ယောက်ကို မြင်ရုံ သိရုံနဲ့ ခံစားနေတဲ့ မိန်းကလေးရှိတယ်ဆိုရင် အဲဒီမိန်းကလေးကို ပတ်ဝန်းကျင်က အကောင်းပြောမှာ မဟုတ်ဘူး။ ဒီတော့ မိန်းကလေးတွေဟာ အကြောင်းအချက်မရှိဘဲနဲ့ ခံစားချက်ကို စ,လေ့မရှိကြဘူး။ 'သူက နင့်ကို ဘာပြောလို့ ဘာလုပ်လို့ နင်က သတိရနေရတာလဲ' ဆိုတဲ့အပြောမျိုးကို ဘယ်မိန်းကလေးမှ အပြောခံချင်ကြမှာ မဟုတ်ဘူး။ အဲဒီတော့ မိန်းကလေးတစ်ယောက်ကို ခဏခဏသတိရအောင်လုပ်နိုင်ရင် အဲဒီမိန်းကလေးရဲ့အချစ်ကို ရဖို့ သိပ်မလိုတော့ဘူးလို့ ထင်တာပဲ။ ဒါပေမဲ့ ကျွန်တော်ဆိုတဲ့ ကောင်ကလည်း အဲဒီလောက်တောင်လုပ်နိုင်တဲ့ကောင် မဟုတ်လို့ ခက်နေတာပေါ့ ကိုယ့်





ရာရယ်...။ ကျွန်တော်က ချစ်ပဲ ချစ်တတ်တာ။ အချစ်ခံရအောင်တော့ ...ဝကို မလုပ်တတ်ဘူး။

ပြီးတော့ ဆက်တိုက်ဆိုသလိုပဲ မိုးနဲ့ ကျွန်တော် စ,တွေ့တာ၊ မိုးက ကျွန်တော့်ရှေ့မှာလိုက်ကြတဲ့သူတွေရှိတုန်းက ကျွန်တော် ဘယ်လိုခံစားတော၊ နောက် မိုးက ကျွန်တော်ချစ်နေမှန်း သိသွားတာ။ စ,တဲ့ကိစ္စတွေဟာ ကြည့်ပြီးသား ရုပ်ရှင်ကားတစ်ကားကို ပြန်သတိရသလိုပဲ။ အဓိကနေရာတွေချည်း အစဉ်လိုက် ပြန်ပေါ်လာတယ်။ ဘယ်နှစ်ခါတွေးတွေး ဘယ်တော့မှ အလေးအပေါ့လျော့မသွားတဲ့ ကျွန်တော့်ခံစားချက်ဟာ ပုံရိပ်တွေကို တစ်ခုစီ မှတ်တမ်းတင်နေခဲ့တယ်။

ဆေးရုံအတွင်းခန်းထဲက မီးလုံးတချို့ မှိတ်သွားတော့မှ ကျွန်တော် ...ဟက်ရစ်တာမှာရပ်နေတာ တော်တော်ကြာပြီ ဆိုတာ သတိထားမိတယ်။ ...ဆရာဝန်ကြီးတွေလည်း Round လှည့်ပြီးပြီဆိုတော့ အိပ်ဖို့အတွက် မီးအားလျှော့တာ ထင်ပါတယ်။ ကျန်ခဲ့တဲ့ အလင်းရောင်က ဘာအလုပ်ကိုပဲဖြစ်ဖြစ် ...ကောင်းကောင်းလုပ်နိုင်အောင် လင်းပါသေးတယ်။ ကျွန်တော်ကတော့ ...ဟက်ရစ်တာမှာပဲ ထိုင်ဖို့ စိတ်ကူးပြီးသားဆိုတော့ အိမ်ကပါလာတဲ့ ဝတ္ထု...စာအုပ်ရယ်၊ ရေဗူးရယ်၊ မုန့်ဖက်ထုပ်တစ်ထုပ်လောက်ရယ် သွားယူဖို့ အထဲ...ကို ဝင်ခဲ့တယ်။

ကျွန်တော်ရောက်လာတော့ အိုလေးက ကျွန်တော်တို့နာခွင့်...ခုတင်နဲ့ကပ်လျက်က အဘွားကြီးကို ဆေးလိမ်းပြီး နှိပ်ပေးနေတယ်။ မျက်...တွေကိုမှိတ်ထားပြီး ပါးစပ်ကလည်း ဘုရားစာပဲထင်ပါရဲ့... တတွတ်တွတ်ရွတ်နေတယ်။ သူ့ပုံစံကိုကြည့်ပြီး အမေပြောတဲ့ 'အနီးကပ်...ဘာပေါ့' ဆိုတဲ့ စကားကို နားထဲမှာ ပြန်ကြားရတော့ အိုလေး...



www.burmeseclassic.com

www.burmeseclassic.com



တာ တစ်မျိုးဖြစ်သွားတယ်။ ခုနက အဘွားကြီးတွေကို ထမင်းခွံ့ကျွေးတာ တွေ၊ အခု နှိပ်ပေး ဆေးလိမ်းပေးနေတာတွေဟာ သူ့ပင်ကိုယ်သဘော ဟုတ်ရဲ့လား။ တစ်စုံတစ်ခုအတွက် လုပ်နေတာလား... ဆိုတဲ့ သံသယ စိတ်ပါ။ မားသားကြီးက ကျွန်တော့်ကို ဘာကြောင့် အနီးကပ်လေ့လာ ခိုင်းတယ်ဆိုတာ ကျွန်တော် ရေးတေးတေးသဘောပေါက်ပါတယ်။ ကျွန် တော့်ကို ပြောသလို အိုလေးကိုရော မပြောဘူးလို့ ဘယ်သူ အာမခံနိုင်မလဲ။ အိမ်မှာကတည်းက 'နင့်အစ်ကိုက ဘာကြိုက်တာ ညာကြိုက်တာတွေ...' ဒီလောက်ပြောနေတဲ့ဟာ...။

ကျောပိုးအိတ်ထဲက ဝတ္ထုစာအုပ်ကိုယူတော့ ကျွန်တော့်လှုပ်ရှားမှု ကြောင့် ထင်ပါရဲ့။ အိုလေးက မျက်စိဖွင့်ကြည့်တယ်။ ကျွန်တော်က ဝတ္ထုကို ပြရင်း...

"စာအုပ်လာယူတာ..."

"ဟင်... အစ်ကိုက ဘယ်သွားမလို့လဲ..."

"ဘယ်ကိုမှ မသွားပါဘူး၊ ငါ ကော်ရစ်တာမှာရှိတယ် ကိစ္စရှိရင် လာခေါ်ပေါ့..."

"ကော်ရစ်တာ... အဲဒီမှာ ဘယ်သူရှိလို့လဲဟင်..."

"ဟာ... ဘယ်သူရှိရမှာလဲ၊ ဘယ်သူမှ မရှိဘူးလေ... ငါ စာအုပ် ဖတ်နေမယ်၊ ဒီဘေးနားလေးမှာပဲ ရှိမှာ..."

"အို... အစ်ကိုအိပ်လေ ဘာဖြစ်လို့ ငုတ်တုတ်ထိုင်မှာလဲ၊ အိုလေးက ဘွားတို့နှစ်ယောက်နဲ့ ကောင်းကောင်းအိပ်ရမှာမှ မဟုတ်တာ၊ မအိပ်ရမယ့် အတူတူ အိုလေးနေပါ့မယ်၊ အစ်ကိုကတော့ အိပ်ထားမှပေါ့..."

"ဟာ... ရပါတယ် ငါမအိပ်ဘူး... အိပ်အိပ်... နင်လည်း ခဏ တော့ နားဦးမှပေါ့..."



ကျွန်တော်ပြောရင်းဆိုရင်း ထွက်လာခဲ့တယ်။ ဘယ့်နှဲ့ သူက မအိပ် ဘဲနေပြီး ကျွန်တော်ကအိပ်နေလို့ ဘယ် လူမြင်ကောင်းတော့မှာလဲ။ အနစ် နာခံတယ်ဆိုတာ ယောကျာ်းလေးတွေရဲ့အလုပ် မဟုတ်လား။ သူကတော့ 'ယောတော့... အစ်ကိုရယ် ဒုက္ခပဲ...' ဆိုပြီး ကျန်ခဲ့လေရဲ့...။ ကော်ရစ် တာမှာ မီးလုံးတည့်တည့်အောက် နေရာရွေးပြီး စင်္ကြံကိုကျောပေးထိုင်ပြီး စာဖတ်နေလိုက်တယ်။

ဖတ်ရင်းနဲ့ ကျွန်တော်ဟာ စာဖတ်နေတာကို စိတ်မဝင်စားဘူးဆိုတာ သိတာနဲ့ စာဖတ်ကို ရပ်ပစ်လိုက်တယ်။ ဟိုတွေး ဒီတွေး တွေးမိပေမယ့် သည်း လူခြေတိတ်ကာစ ဆေးရုံဝန်းထဲမှာ ကျွန်တော်ဟာ နေမတတ် ထိုင် မတတ်ဖြစ်နေခဲ့တယ်။ ကျွန်တော်တို့အဆောင်က မျက်စိဆောင်မို့လို့လား တော့ မသိဘူး။ အားလုံး အေးအေးချမ်းချမ်းပါပဲ။ ခဏကြာတော့ ကော်ရစ် တာကို တိုးဝင်လာတဲ့ နွေညလေအေးကလေးကြောင့် ကျွန်တော့်မျက်စိ လေးလာတယ်။ ဒုက္ခပါပဲ... ကိုယ်က မအိပ်ဘူးလို့ ပြောထားပြီးပြီ မဟုတ် လား...။ ဒါနဲ့ ကျွန်တော် စာမဖတ်တော့ဘဲနဲ့ ဟိုဟိုဒီဒီပဲ ကြည့်နေလိုက် တယ်။ ဒါလည်း မရဘူးခင်ဗျ။ တစ်နေ့လုံး နွေနေပူထဲမှာ နုံးခဲ့တာရယ် စိတ်ပင်ပန်းခဲ့တာရယ် အခု ညလေအေးကလေးက ခပ်စိပ်စိပ်ကလေး တိုက်လာတော့ ခန္ဓာကိုယ်တစ်ကိုယ်လုံးက အိပ်ချင်စိတ်တွေဟာ မျက်ဝန်း ထဲကို ထုနဲ့ထည်နဲ့ကို ဆန်တက်လာနေတာ။ ကျွန်တော် ငြင်းဆန်လို့မရ တော့ မျက်ဝန်းကလေးကို အသာမှိတ်ပြီး ငြိမ်နေလိုက်တယ်။ မျက်လုံး မှိတ်ထားရတဲ့ အဲဒီခဏဟာ အရသာရှိလိုက်တာ ကိုယ့်ဆရာရယ်...။ ကျွန်တော့်ရဲ့အတ္တတစ်ခုလုံးက မျက်ဝန်းထဲမှာ အရည်ပျော်သွားတဲ့ အရသာ မျိုးလို့ ကျွန်တော်တော့ ထင်တာပဲ။ အိပ်ပစ်လိုက်တာထက်တောင်မှ ပို အရသာရှိနေသေးတယ်။ တဖြည်းဖြည်း ပျောက်ဆုံးတော့မလို ဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသိစိတ်မျှင်မျှင်ကလေးကို အားတင် ပြီး ပြန်မွေးယူနေရတယ် ငေါင့်က်နေတာ ဆေးရုံရဲ့ကော်ရစ်တာကြီးမှာ... လို့...။

အသိစိတ်နဲ့ ဟိုဒီငေးရင်း ခဏနေတယ်။ ပြီးတော့ မျက်ဝန်းထဲကို ဆန်တက်လာတဲ့ အိပ်ချင်စိတ်ထဲမှာ အတ္တကို လွှတ်ပေးထားလိုက်တယ် အဲဒီအချိန်မှာပဲ ကျွန်တော့်တစ်ကိုယ်လုံးဟာ ခပ်ကြမ်းကြမ်းလှုပ်နှိုးတာကို ခံလိုက်ရတယ်ခင်ဗျ...။

"ဒီကော်ရစ်တာမှာ မအိပ်ရဘူးဆိုတာ နားမလည်ဘူးလား၊ ဒီလို စည်းမဲ့ကမ်းမဲ့ လုပ်ချင်ရင် ဆေးရုံထဲမှာ မနေနဲ့၊ အပြင်ထွက်သွား ဆေးရုံ မှာနေရင် ဆေးရုံစည်းကမ်းကို လိုက်နာမှပေါ့၊ ကော်ရစ်တာမှာ အိပ်သလို သွား... သွား... ဒါ အိမ်မဟုတ်ဘူး..."

လောကသဘာဝနဲ့ ခဏလေး အဆက်အသွယ်ပြတ်သွားတုန်းမှာ ဝုန်းဝုန်းဒိုင်းဒိုင်းပြောချလိုက်တာတွေနဲ့ ကြုံရတော့ ပထမ ဘာမှန်းမသိဘူး ဖြစ်နေတယ်။ စကားလုံးတွေကို ကြားပဲကြားတယ်။ အဓိပ္ပာယ်ကို မသိဘူး ဖြစ်နေတယ်။ အိပ်ချင်မူးတူးဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့။ နောက်တော့ ခုနက အိပ်ရာခင်းတာကို လာပြောတုန်းက ကျွန်တော်အော်လွှတ်လိုက်တဲ့ မိန်းမကြီးမှန်း သတိရသွားတယ်။

"ကျုပ်အိပ်နေတာ မဟုတ်ဘူး၊ စာဖတ်နေတာ..."

"အမလေး... မျက်စိနဲ့ တပ်အပ်မြင်တာကိုတောင် ညာချင်သေး တယ်၊ ဒီနေရာမှာ အိပ်လည်း မအိပ်ရဘူး... စာလည်း မဖတ်ရဘူး၊ ဒီမှာ အိမ်မဟုတ်ဘူးဆိုတာ နားမလည်ဘူးလား၊ ကိုယ်နေချင်သလို နေလို့မရ ဘူး... သွား..."

"ခင်ဗျား မောင်းထုတ်စရာမလိုဘူး၊ အကျိုးအကြောင်းကို လူလို ပြောပြရင် သိတယ်"





"အို... တော်ကြပါတော့... အစ်ကို ဘေးပါ အစ်ကိုရယ်၊ အထဲကို လာ... တော်ပါတော့နော်... အိုလေး တောင်းပန်ပါတယ်"

ကျွန်တော့်လက်မောင်းကို ချိုင်းကြားညှပ်ပြီး ဆွဲခေါ်သွားတာ ကျွန်တော် ရုန်းလို့တောင်မရဘူး။ ကလေးလေးတစ်ယောက်လိုပဲ ပါသွား တယ်။ ဟိုမိန်းမကြီးကလည်း အော်... ကျွန်တော်ကလည်း ပြောတာပဲ။ ဘာတွေပြောမိလဲ ဆိုတာတော့ ကျွန်တော်လည်း မမှတ်မိတော့ဘူး။ အိုလေး ပြောတဲ့စကားကြောင့် ဘာမှ ဆက်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်ရတယ်။

"တော်ပါတော့ အစ်ကိုရယ်... မပြောနဲ့တော့ သူက ဆေးရုံက သန့်ရှင်းရေးပါ၊ အစ်ကိုက စာရေးဆရာလေ... မပြောနဲ့တော့ အိုလေးတို့ ရှိုင်တာပေါ့ အစ်ကိုရဲ့..."

ကျွန်တော်ဟာ အခုမှ အသိဉာဏ်ဝင်လာသူလိုဖြစ်ပြီး လုပ်ခဲ့မိတာ တွေကို ရှက်နေမိတယ်။ ဘယ်သူ့ကို မျက်နှာပူမှန်းလည်း မသိဘူး...။ အိုလေးပြောတဲ့ စာရေးဆရာတို့ ဘာတို့ကြောင့်တော့ မဟုတ်ပါဘူး။ ကိုယ် တစ်ခါမှ မဖြစ်ခဲ့ဖူးတာမျိုး ဖြစ်သွားလို့ ရှက်နေမိတာပါ။

အိုလေးက စာရေးဆရာလို့ပြောလိုက်တော့ ကျွန်တော်ရှက်သွားတာ တော့ မှတ်မိတယ်။ အဲဒါက ရှင်းပြရခက်တယ်... တစ်မျိုးပဲ။ ဆိုလို ချင်တာက ဒီနေရာမျိုးမှာ ကျွန်တော့်ကို စာရေးဆရာတို့ ဘာတို့ဆိုတာကို လူမသိစေချင်ဘူးဗျာ...။ အဲဒါကြောင့်ပါ။ ကျွန်တော် ဘာတစ်ခွန်းမှ ဆက်မပြောတော့ဘဲ အိုလေးခေါ်လာတဲ့ နေရာမှာပဲ ငုတ်တုတ်ထိုင်နေမိ တယ်။ ကျွန်တော်တို့ ဆူဆူညံညံအသံကြောင့် နိုးလာတဲ့သူတွေလည်း ကောင်းဆိုးတဲ့သူက ဆိုး နေရာပြောင်းတဲ့သူက ပြောင်း လုပ်ကြပါတယ်။

"အစ်ကိုကလည်း ဘာဖြစ်လို့ ကော်ရစ်တာမှာ အိပ်ရတာလဲ၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပါလို့ အိုလေးပြောရဲ့သားနဲ့၊ အိုလေးက အိပ်မှာမှ မဟုတ်ဘဲ ဘွား တို့ကို စောင့်ရမှာကြီးရယ်… အစ်ကို ဒီမှာပဲအိပ်နော် ကော်ရစ်တာကို မသွားနဲ့တော့…”

အိုလေးက ပြောပြောဆိုဆိုနဲ့ ခင်းထားတဲ့နေရာကလေးကို ပိုကျယ် သွားအောင် ချထားတဲ့ပစ္စည်းကလေးတွေကို တစ်ဖက်ရွှေ့ ဘာညာလုပ် ပေးတယ်။ သူ့ပုံစံက မောင်ငယ်တစ်ယောက်ကို ဆူနေတဲ့ အစ်မကြီးတစ် ယောက်လိုပဲ…။ ကျွန်တော့်အတွက်လည်း သူမခံချင် ဖြစ်နေပုံရတယ် မားသားကြီးပြောတဲ့ “လူဆိုတာ အနီးကပ်လေ့လာရတော့ အကြောင်းပိုသိ တာပေါ့’ ဆိုတဲ့ စကားကြီးကို ပြန်ကြားမိပြန်ရော…။

“အစ်ကို လဲ့လေ ကျဉ်းသေးလားဟင်… မနက် ကိုသတို့လာရင် ဒီအထုပ်တွေ ပြန်ပေးလိုက်တော့မယ်၊ ဒါဆို ကျယ်သွားမှာ၊ လဲ့လေ… အစ်ကို အိုလေးက ထိုင်နေမယ့်ဟာပဲ…”

မျက်လုံးကလေးပင့်ပြောတော့ သူ့မျက်ဝန်းနဲ့ ဆုံမိတယ်။ အဲ တော့မှ သတိထားမိတာ… အိုလေးရဲ့မျက်ဝန်းက တော်တော်အားပါတယ် ဆိုတာပါပဲ။ မျက်ဆံနက်ကထင်းနေပြီး အပေါ်ကစိမ်းနေအောင် ထူထဲတဲ့ မျက်ခုံးမွေးတွေရဲ့အောက်မှာ နေရလို့လားတော့ မသိဘူး။ မျက်လုံးကြည့်ထား အားက တော်တော်လေးကို ကောင်းတယ်။ စိတ်ထဲမှာ မိုးရဲ့မျက်ဝန်း သွားယှဉ်မိတော့ မိုးမျက်ဝန်းတွေက အကြည့်နည်းနည်းဖျော့တယ်လို့ ခံစားရတယ်။ ဒါပေမဲ့ လှတာတော့ မိုးမျက်ဝန်းတွေကို ဘယ်မှီမှာလဲ

အေးလေ… ကံတရားမှာ အားလုံးချို့ယွင်းခဲ့သူဆိုတာ ရှိမှ မရှိတာ ဒီတော့ ရန်ကုန်မြို့နဲ့ ဟိုးအဝေးကြီးမှာရှိတဲ့ အညာဒေသက တောသူ လေးတစ်ယောက်မှာလည်း လင်းလက်တောက်ပတဲ့ မျက်ဝန်းတစ်စုံတော့ ရှိနေနိုင်တာပဲ မဟုတ်လား။





“လဲ့လေ အစ်ကို…”

အိုလေးက ကျွန်တော့်ဆီက အဖြေတစ်ခုကို ငံ့လင့်နေသလိုမျိုး ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ကျွန်တော် ခပ်သွက်သွက် ခေါင်းကို ညိတ်ရတယ်။

“ငါ ခါးညောင်းနေလို့ ခဏတော့ လှဲမယ်ဟာ… အိပ်တော့ မအိပ် သေးဘူး၊ နင်ဗိုက်ဆာရင် မုန့်ဖက်ထုပ် စားချင်စားလေ…”

“ခုနက ဘွားတင်တို့ကို ထမင်းကျွေးရင်း ကျန်တာ နည်းနည်း စားထားတယ် အစ်ကို၊ ဆာတော့ မဆာသေးဘူး၊ အစ်ကို စားချင်လည်း စားလေ…”

“ငါ တစ်ထုပ်စားပြီးပြီ၊ နင် ၁၀ တန်းဖြေတုန်းက မြို့မှာ တက် ဖြေတာပေါ့ ဟုတ်လား…”

“ဟုတ်တယ် အစ်ကို… ကားကြီးဂိတ်မှာ တက်ဖြေတာလေ…”

“ကားကြီးဂိတ်… ဘာလဲဟ… ကားကြီးဂိတ်ဆိုတာ…”

“မြို့ကနေပြီး လာတဲ့ကားတွေ ဂိတ်ဆုံးတဲ့နေရာလေ… အဲဒါ ပေါ့၊ အဲဒီမှာက စာတိုက်တို့၊ ရဲစခန်းတို့၊ ကျောင်းတို့… ဈေးကြီးတို့ တယ်၊ အဲဒီမှာ ငါးတန်းကတည်းက သွားတက်ရတာ”

“နင်တို့ရွာမှာက လေးတန်းအထိပဲ ရှိတာပေါ့…”

“ဟုတ်ကဲ့ တွဲဘက်ကျောင်းပေါ့၊ အဲဒီကအောင်ရင် ကားကြီးဂိတ် ငါးတန်းက စ,နေလို့ရတယ်၊ အဲဒီက ထောက်ခံပေးတယ်…”

“ကားကြီးဂိတ်မှာ… နင်တို့အမျိုးတွေ ဘာတွေ ရှိလို့လား…”

“ဟင့်အင်း အမျိုးတော့မရှိဘူး… အသိရှိတယ်၊ ဘွားမယ်က ပြော ပေးတော့ အဲဒီမှာနေပြီး အလုပ်လုပ်ပေးရင်းနဲ့ ကျောင်းတက်ရတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဪ… ဘာတွေလုပ်ပေးရတာလဲ…"

"သူတို့မှာက အိမ်ဆိုင်လည်းရှိတယ်၊ ပွဲရုံလည်းရှိတယ် အကု လုပ်ပေးရတာပဲ၊ အိမ်အလုပ်လည်း လုပ်ရတယ်…"

ဘာရယ်မဟုတ်ဘဲ စကားပြောရင်းနဲ့ အိုလေးအကြောင်းကို မေး သလို ဖြစ်သွားတယ်။ ကားကြီးဂိတ်ဆိုတာကို စိတ်ဝင်စားလို့ မေးရင်း မီးခိုးကြွက်လျှောက် မေးမိသွားတာပါ။ သူများအိမ်မှာ ဝိုင်းကူလုပ်ပေးရင်း တစ်ဖက်က ကျောင်းတက် စာကျက်နဲ့ ဖြေရတာ နှစ်ချင်းပေါက်အောင်တယ် ဆိုတော့ ရန်ကုန်မှာ မိဘအိမ်မှာ အိပ်စား၊ ဝိုင်းကျူရှင်တကားကားနဲ့ စာ မေးပွဲကျနေတဲ့ ကောင်မလေးတွေထက်စာရင် အများကြီးကျက်သရေရှိတာ ပေါ့…။ ဒါကြောင့်လည်း အဘွားကြီးက ဂုဏ်ယူတဲ့ မျက်နှာကြီးနဲ့ ထုတ် ချင်းခတ်နေတာ အပြစ်ယူလို့ ဘယ်ရပါ့မလဲ။

"သူတို့ဆီမှာ စားတဲ့အတွက် စပါးပေးတော့ ပေးရတယ်လေ၊ အ ကိုတော့ ဘွားမယ်က ပေးပါတယ်…"

သူကတော့ စကားဆက်ပြောချင်နေတဲ့ ပုံပါပဲ…။ အေးလေ… အဘွားကြီးနှစ်ယောက်ကို ပြုစု… လိုအပ်တာတွေလုပ်နဲ့ ခဏလေးနား အချိန်မှာတော့ အဖော်ကလေး ဘာလေးနဲ့ စကားလေး ဘာလေးပြော မှာပေါ့…။ ပြောနေရတဲ့စကားကလည်း သူ့ဘဝအကြောင်း မဟုတ်လား လူဆိုတာ စကားပြောရတဲ့အထဲမှာ ကိုယ့်ဘဝအကြောင်း ကိုယ်ပြောရတာ လောက် ပြောလို့ကောင်းတဲ့ အကြောင်းအရာ ဘယ်ရှိမှာလဲ။ ဒါပေ ခက်တာက လူဟာ ကိုယ့်ဘဝအကြောင်း ကိုယ်အကုန်အစင် သိနေပါရက် ကိုယ့်ဘဝအကြောင်းကို ပြောတဲ့အခါမှာ ဘယ်တော့မှ အမှန်အတိုင်းမပြော ကြဘူး။ လူများကိုပြောဖို့ ထားပါဦး…။ ကိုယ့်အကြောင်းကို ဘယ်သူ





သိဘဲ ကိုယ့်ဘာသာပြန်တွေးတာတောင်မှ မှန်တဲ့အတိုင်း တွေးတဲ့သူ ရှား တယ်။ ကိုယ့်အကြောင်းမှာ မကောင်းတာလေးတွေ ပါလာရင် ဘာ့ကြောင့် ဆိုတဲ့ အကြောင်း ပြချက်ကို လိုက်ရှာတော့တာပဲ။ ဒီတော့ လူဆိုတာ ကိုယ့် အကြောင်းကိုယ် အမှန်အတိုင်းမပြောဆုံး သတ္တဝါပဲ မဟုတ်လား…။

အိုလေးက စကားဆက်ပြောချင်နေတဲ့ပုံစံနဲ့ ကျွန်တော့်ကို ကြည့်နေ မယ့် ကျွန်တော့်အတွေးက ဒီလိုပဲနက်သွားတတ်တော့ သတိမထားမိ လိုက်ခဲ့ဘူး။ ကျွန်တော့်ဆီက တုံ့ပြန်မှုမရတော့ သူ့စကားတွေက နေရောင် ည်နဲ့ ရေဓာတ်မရတဲ့ သစ်ပင်ပေါက်စနလေးတွေလို ညှိုးခြောက်သွားကြ တယ်။

"အစ်ကို လှဲချင်လည်း လှဲလေ…"

သူ့စကားကို ကျွန်တော်စဉ်းစားရတယ်။ သူက လှဲပြီး ကျွန်တော်က ငုတ်တုတ်ထိုင်နေလို့ကလည်း မဖြစ်သေးဘူး။ ကိုယ့်ရှေ့မှာ အပျိုရွယ် န်းကလေးတစ်ယောက်လှဲနေတာကို ထိုင်ကြည့်နေရတာ ဘယ်နိုပ်မှာတုန်း။ ကျွန်တော်ကလှဲပြီး သူက ငုတ်တုတ်ထိုင်နေတော့ရော… ဒါကျတော့ လည်း ယောကျ်ားသားတစ်ယောက်အနေနဲ့ မဟုတ်သေးဘူးဗျာ…။ ဒီတော့ ကျွန်တော် မအိပ်ဘဲနဲ့ စကားပြောဖို့ ဆုံးဖြတ်လိုက်တယ်။ မားသားကြီး ပြောလို့တော့ မဟုတ်ပါဘူး။ အခြေအနေအရ လုပ်စရာက ဒါပဲ ရှိတော့ တာကိုး…။

"အခု စာပေးစာယူပဲ တက်မှာဆိုတော့ ဘာလုပ်ဖို့ စဉ်းစား ထား လဲ…"

ကျွန်တော်ကပဲ ရုတ်တရက် ပြန်ပြီးစကားစ,တော့ အိုလေး အံ့ဩ သွားပုံလည်း ရတယ်။ မျက်နှာလည်း နည်းနည်းရွှင်သွားတယ်လို့ ထင် တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အိုလေးက ဟို… ရန်ကုန်မှာ အလုပ်တစ်ခုခု လုပ်ချင်တာပါပဲ…"

"အင်း… ၁၀ တန်းအောင်နဲ့ အင်းပေါ့လေ… အစိုးရအလုပ်ကတော့ မလွယ်ဘူးထင်တယ်၊ ဘွဲ့ရတွေတောင်မှ ဒုက္ခတွေ့နေတာဆိုတော့…"

"အိုလေးက ဟိုအလုပ် ဒီအလုပ်ရယ် မဟုတ်ပါဘူး၊ ကောင်းကောင်း မွန်မွန်အလုပ်ဆိုရင် ဘာအလုပ်ဖြစ်ဖြစ်ပါ၊ ဒီအရွယ်ထိ စောင့်ရှောက်ခဲ့တဲ့ ဘွားမယ်တို့ကိုလည်း အားနာပြီလေ…"

ဒါ မြန်မာမိန်းကလေးစစ်စစ်ရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ လမ်းကြောင်း ပါပဲ။ ကိုယ့်မှာ ခွန်အားလေးနည်းနည်းရှိပြီဆိုရင် ကိုယ့်ကျေးဇူးရှိခဲ့တာ တွေဘက် ပြန်လှည့်ချင်ကြတာ… ကိုယ့်တိုးတက်ရေးထက် ကျေးဇူးဆပ်ရေး ကို ရှေ့တန်းကို ပို့ချင်ကြတာ…။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် ခိုင်မာအောင်လုပ်ပြီးမှ ကျေးဇူးဆပ်တာက ပိုပြီးလည်း ဣန္ဒြေရတယ်… ထိရောက်မှုလည်း ပိုရှိတယ်လို့ ထင်တာပဲ…။ အိုလေးတို့အယူအဆကို မကောင်းဘူးပြောတာတော့ မဟုတ်ဘူးပေါ့လေ…။

"နင်က ဘာလုပ်ရတာ ဝါသနာပါလဲ…"

ကျွန်တော့်စကားဆုံးတော့ အိုလေးက ကျွန်တော့်ကို တစ်ချက်လှမ်း ကြည့်တယ်။ မြန်မာနိုင်ငံထဲမှာ ကျွန်တော်နဲ့ ခင်ခွင့်ရတဲ့ မိန်းကလေး တော်တော်များများကို ကျွန်တော် အဲဒီမေးခွန်းကို မေးခဲ့ဖူးပါတယ်။ ဒီ လောက်လွယ်တဲ့မေးခွန်းကို တစ်ယောက်မှ မှန်အောင် မဖြေနိုင်ကြဘူး…

တကယ်ပြောတာ ကိုယ့်ဆရာရေ… တချို့က သူတို့စိတ်ကူးယဉ် ထားတာကို ပြောတတ်တယ်။ တချို့က သူတို့ဖြစ်ချင်တာကို ပြော တယ်။ ဝါသနာပါတာ ဆိုတာက စိတ်ကူးယဉ်ထားတဲ့အရာလည်း မဟုတ် ဘူး။ ဖြစ်ချင်တာလည်း မဟုတ်ဘူး… ဆိုတာကိုတောင် မြန်မာနိုင်ငံ





န်းကလေးတွေ မသိကြသေးဘူး…။ အဲဒီတော့ ကျွန်တော် ဘယ်လိုလုပ် မလဲ။ စိတ်မကောင်းစွာနဲ့ပဲ မှန်တာပြောရရင် အဲဒီထဲမှာ ကျွန်တော်သိပ် ချစ်တဲ့ မိုးလည်း (အတူတူပဲ) ပါနေတယ်။

"ကျောင်းဆရာမလုပ်ရတာ ဝါသနာပါတယ်…"

အိုလေးလည်း ဒီလိုပါပဲ…။ ကျွန်တော် သူ့ကိုမှ ထူးခြားပြီး အထင် သေးတာတို့ ရှင်းပြတာတို့ လုပ်မနေတော့ပါဘူး။ ရှင်းပြလို့လည်း မလွယ် ဘူးလေ…။

"ဒါဆိုရင် ဘာဖြစ်လို့ နင် အဝေးသင်တွေ ဘာတွေ တက်နေဦး မှာလဲ၊ ဆရာအတတ်သင်ကျောင်းကို တက်လိုက်ပါလား၊ ဘွဲ့လည်းရတယ် သင်တန်းပြီးတာနဲ့ ကျောင်းဆရာမလည်း တန်းဖြစ်ရော…"

"ဟင်… ဟုတ်လား အဲဒီကျောင်း တကယ်ရှိလားဟင်…"

"ဟ… ရှိတာပေါ့… ၁၀ တန်းအောင်ရင် တက်လို့ရတာပဲ…"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်… အိုလေးကို အဲဒီကျောင်းကို အပ် ပေးနော်၊ ဘယ်လိုလုပ်ရတာလဲဟင်…"

"နင်စိတ်ဝင်စားရင် ငါ စုံစမ်းပေးမယ်…"

"စုံစမ်းပေးပါ အစ်ကိုရယ်… ဝမ်းသာလိုက်တာ၊ ဒါကြောင့် အန်တီ တော့ ပြောပါတယ်၊ နင့်အစ်ကိုမေး… နင့်အစ်ကိုကို မေးနဲ့… အိုလေး ဘယ်မေးရဲပါ့မလဲ…"

"အောင်မာ… နင်က ငါ့ကို ဘာဖြစ်လို့ မမေးရဲရတာလဲ…"

"ဟင်… ကြောက်တာပေါ့ အစ်ကိုရဲ့…"

"အောင်မာ… ငါက ကြောက်စရာကောင်းရအောင် နင့်ကို ဟောက်ထား … ဟိန်းနေလို့လား… ငါ့များ ကြောက်ရတယ်လို့…"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခပ်ရွှင်ရွှင်ပြောလိုက်တော့ အိုလေးက ရယ်ပါတယ်။ ကျွန်တော်က မုန့်ဖက်ထုပ်တစ်ထုပ်ကို ဖြည်ပြီး ကမ်းပေးလိုက်တော့ အ… တိတ်တဆိတ်ပဲ ယူပါတယ်။ စ,တွေ့တာထက်စာရင် ဆေးရုံကို စ,ရော… တာထက်စာရင် အိုလေးနဲ့ ကျွန်တော်ဟာ တော်တော်လေးရင်းနှီးသွားတယ်… လို့ ပြောလို့ရပါတယ်။

အိုလေးရဲ့မျက်နှာပေါ်မှာလည်း အရင်တုန်းက မြင်နေကျလို မဟုတ်… တော့ဘဲ တစ်ခုခုလျော့သွားတဲ့ပုံစံမျိုး ဖြစ်နေတယ်။ ကျွန်တော်တို့ စကား… မပြောကြဘဲ မုန့်ဖက်ထုပ်ကို စားနေကြတယ်။

"သြော်… အစ်ကို ခါးသြောင်းတယ်ဆို… ဆေးလိမ်းမလား… အိုလေး လိမ်းပေးမယ်လေ…"

"အာ… မဟုတ်တာ… ဘာဖြစ်လို့ လိမ်းရမှာလဲ၊ မဟုတ်တဲ့ကိစ္စ… အဓိပ္ပာယ်မရှိတာ…"

"အားနာစရာမလိုပါဘူး အစ်ကိုရဲ့… အစ်ကိုက စာရေးရတဲ့… ဆိုတော့ အသြောင်းထိုင်ရတာကိုး၊ အိုလေးတို့ဆေးကလေ အရမ်းကောင်… တယ် သိလား… ကျောင်းထိုင်ဆရာတော်ကြီးကို လေးလေးမြသိန်းက ဒီ… အမြဲတမ်းကပ်ရတာ၊ တောရောက်ခါးသီးရယ်… ဝံအူမြစ်ရယ်… ထင်းရှ… ရယ်… တောအရက်ရယ်… စိမ်ပြီးတော့ ရွာရှေ့ချောင်းက လတာစပ်… တစ်မိုးလုံး တစ်နွေလုံး နှပ်ထားရတာ အစ်ကိုရဲ့… ဆေးတစ်စုံ တစ်ခါစိမ်… ဆေးရည်က ငှက်ပျောဖူးပုလင်းဝက်လောက်ပဲ ရတာ၊ လိမ်းကြည့်ပါလ… သက်သာတာပေါ့ အစ်ကိုရဲ့…"

ဆေးပုလင်းကိုကိုင်ပြီး ရှင်းပြနေတဲ့ အိုလေးကိုကြည့်ပြီး ကျွန်တေ… ရယ်ချင်သွားတယ်။ သူ့ဆေးက ကောင်းမယ့်ပုံပါပဲ…။ လတာပြင်က… ထဲမှာ နှပ်ထားရတာကို စိတ်ဝင်စားတယ်။





"နင့်ပုံစံကြည့်ရတာ ရထားပေါ်က ဆေးရောင်းတဲ့လူကျနေတာပဲ၊ …ကြော်ငြာနေပုံက…"

ကျွန်တော်က ရယ်ရွှန်းပတ်ရွှန်းပြောပေမယ့် ကျွန်တော့်ဟာသကို …သူက မရယ်ပါဘူး။ အင်းလေ… ဟာသဆိုတာကလည်း ကာလဒေသနဲ့ …လေ့အထက ကွာသေးတာကိုး…။

"တကယ်ကောင်းလို့ ပြောတာပါ အစ်ကိုရဲ့…"

"အေးပါ… အေးပါ… နင့်ဆေးကောင်းတယ် ဆိုတာကို ငါ စိတ် …င်အားပါတယ်၊ ငါ့ဘာသာ လိမ်းပါ့မယ်…"

"အိုလေး… ဟိုလေး"

"မလုပ်နဲ့… မလုပ်နဲ့… ပုလင်းပေး… ငါ့ဘာသာပဲလိမ်းမယ်…"

ကျွန်တော်က ဒါမျိုးလုပ်စရာလား… ဆိုတဲ့ ဆရာကြီးအိုက်တင်နဲ့ …ိုလေးလက်ထဲက ဆေးပုလင်းကို ဆတ်ခနဲ ဆွဲယူလိုက်တယ်။ အဲဒီလို …ယ်လိုက်တဲ့အပေါ်မှာ ဂုဏ်ယူတဲ့ပုံစံမျိုးကလည်း ကျွန်တော့်မျက်နှာမှာ …နေတယ်။

"ဟိုဟာလေ… အစ်ကို… အိုလေး… အိုလေး… လက်ထရိန် …ချင်လို့ အဲဒါ…"

ကျွန်တော် ဘာပြောရမှန်းကို မသိတော့ဘူးဗျာ။ တကယ့်ကို သိအို …တို့ မိတာပဲ။ တော်ရုံလူဆိုရင် တမင်တွေ့ဖြုတ်တယ်လို့ ထင်ချင်စရာပါ။ …ဟာကတော့ ကျွန်တော့်ဘက်က ကိုယ်တွေးချင်တာကို တွေးတာဖြစ် …တယ်။ ဒါနဲ့ ကျွန်တော်လည်း သူ့ကို ရှက်ရှက်နဲ့ပဲ အိမ်သာရှိတဲ့ …ကို ညွှန်ပြတယ်။ သူက မတ်တတ်ထရပ်ပြီး ကျွန်တော်ပြတဲ့ဘက် …ပဲ ကြည့်နေတယ်။ နေရာက မရွေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို အိုလေးတစ်ယောက်တည်း မသွားရဲဘူး…"

အိမ်သာရှေ့ကိုရောက်တော့ ခပ်လှမ်းလှမ်းမှာပဲ ကျွန်တော်ရပ် လိုက်တယ်။ အိုလေးက အိမ်သာဝင်ခါနီး ကျွန်တော့်ကို ရပ်ပြီးကြည့်တယ် သူ့ပုံစံက မျက်နှာငယ်ကလေးနဲ့…။ ဆေးရုံအိမ်သာက ကြီးပါတယ် ဖြတ်လာရတဲ့စင်္ကြံလလမ်းကိုက အလင်းရိပ်သဲ့သဲ့ပဲတယ်။ အိမ်သာထိပ် လေးဆယ်အား မီးလုံးတစ်လုံးပဲရှိတယ်။ အိမ်သာထဲကို အဲဒီအလင်း မရဲတရဲဝင်လို့…။ ကြောက်တတ်မယ်ဆို ကြောက်စရာပါ။ ပြီးတော့ ဆေး အိမ်သာမဟုတ်လား…။

"အစ်ကို ထွက်မသွားနဲ့နော်… ဟိုလေ… ပြီးတော့… အိုလေး စကား… ဟို… စကားလှမ်းပြောပေးနော်…"

"ဟာ… နင့်ဟာက မဟုတ်သေးဘူးဟ၊ အဲဒါတော့… ဟို မကောင်းပါဘူး၊ ငါ ဒီကစောင့်နေပါ့မယ်… သွား ဘာမှ မကြောက်နဲ့…"

"ကြောက်တယ် အစ်ကို… စကားလှမ်းပြောနေပါ အစ်ကိုရယ် နော်… ဒါမှမဟုတ်ရင် သီ… သီချင်းဆို…"

ကိုယ့်ဆရာပဲ စဉ်းစားကြည့်ဗျာ… တစ်ခုမှကို အဆင်မပြေတာ… ညအချိန် ၁၁ နာရီလောက်ကြီး ဆေးရုံထဲက မိန်းကလေးအိမ်သာရှေ့ တစ်ယောက်တည်း စကားတွေပြောနေလို့… သီချင်းတွေဆိုနေလို့ ဆိုတာ…

"အား… လုပ်ပါ အစ်ကိုရယ်… နော်… အား… စကားပြော အစ်ကို…"

ကျွန်တော် ဘာမှပြန်မပြောရသေးခင် အိုလေးက အိမ်သာထဲ ပြေးသွားတယ်။ ကျွန်တော် တော်တော်ကြီးကို စိတ်ဓာတ်ကျနေတာ အခုနေ မိန်းကလေးတစ်ယောက်လောက် အိမ်သာလာတက်ရင် ကောင်း



ငဲ့လို့ တောင့်တမိတယ်။ အချင်းချင်း အကူအညီတောင်းရင်လည်း ရနိုင် သောက်တယ် မဟုတ်လား…။

"အစ်ကို…"

အိမ်သာထဲက ခေါ်သံကြောင့် ကျွန်တော်က ပြန်လန့်သွားတယ်။

"ဘာတုန်းဟ… ငါရှိပါတယ်…"

"သီ… သီချင်းဆိုလေ အစ်ကို…"

"ဟာ… နင်ကလည်း အိမ်သာရှေ့မှာ သီချင်းဆိုလို့ ကောင်းမလား ဟ… ခွီးတဲ့မှပဲ…"

"ကောင်းပါတယ် အစ်ကိုရဲ့… ဆိုပါ… အစ်ကို့အသံကြားနေရမှ အင်း…"

"ငါ ဘာသီချင်းမှ မရဘူး…"

"မှုန်ရွှေရည်တော့ ရမှာပေါ့ အစ်ကိုရာ… ဆိုပါ…"

ကိုဝင်းဦးနဲ့ ဂီတလုလင်မောင်ကိုကိုကြားရင် တရားစွဲမှာ သေချာ တယ်။

"ဟာ… မှုန်ရွှေရည်လည်း မရဘူးဟာ…"

"ရသလောက်ပဲ ဆိုပါ အစ်ကိုရာ…"

"မရဘူးဟာ… ငါမေ့နေပြီလို့ ဆိုနေ… ငါ စိတ်ညစ်လာပြီနော်…"

"အား စိတ်မညစ်ပါနဲ့ အစ်ကိုရယ်… အိုလေး ကြောက်လို့ပါ၊ အိုလေး ဆိုပြမယ်လေ… အစ်ကိုက လိုက်ဆို…"

ကိုယ့်ဆရာပဲ စဉ်းစားကြည့်ဗျာ…။ ဘယ်လောက်ခွကျတဲ့ ကိစ္စ လည်းလို့… တစ်ယောက်တည်းပစ်ထားခဲ့ပြီး ထွက်လာခဲ့လို့ မကောင်းတာ တော့ အမှန်ပဲ။ မီးအလင်းရောင် နီညိုဖျော့တော့တော့အောက်မှာ အိမ်သာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး‌ရဲ့ မှောင်မည်းတိတ်ဆိတ်မှုက ကြောက်စရာကောင်း’တာကိုတော့ ကျွန် တော်သိပါတယ်။

“အစ်ကို… အစ်ကို… အစ်ကိုရေ…”

အသံက ကြောက်ကြောက်လန့်လန့်နဲ့ ခေါ်တဲ့အသံပါ။ ထွက်သွားပြီ ထင်လို့ လန့်ပြီးခေါ်နေတာ။

“အေးပါ ငါရှိပါတယ်ဟာ…”

“အို… အိုလေးဆိုပြမယ်နော် အစ်ကို… ဆိုပေးနော်… မှုန်… ရွှေ… ရည်…”

ကြောက်ကြောက်လန့်လန့်နဲ့ ဆွဲဆွဲငင်ငင်အသံထွက်လာတော့ ကျွန် တော် စိတ်ဓာတ်တော်တော်ကျနေပြီ…။

“အို… အစ်ကို… အစ်ကို… မှုန် x x x ရွှေ x x x ရည်”

“ဟင်း… ကဲ… မှုန်ရွှေရည်… ဟာ…”

“ဝသုန် x x x မြေ x x x မဟီ…”

“ကျွတ်… ဝသုန်မြေမဟီ…”

“မှုန်ရွှေရည် x x x ခိုင် x x မာလာ x x နှင်းဆီ…”

“ခိုင်မာလာ x x x နှင်းဆီ…”

“ကြိုင်ကာသာ သင်းချို… မြိုင်ဟော x x x မာန်အတွင်း x x x ထုံ ဝေ x x x စီ…”

“မြိုင်ဟော x x x မာ x x အတွင်း…”

“ဒီမှာ… ဒီမှာ… ရှင်… ဘာလုပ်နေတာလဲ”

“ဗျာ…”

“ရှင် ဒီမှာရပ်ပြီး ဘာတွေဆိုနေတာလဲ…”





“ဟာ… မဟုတ်ဘူးခင်ဗျ၊ အိမ်သာလာတာလား အဆောင်ခင်ဗျ ကျွန်တော်…”

“ဟာ… အနားမကပ်နဲ့… မကပ်နဲ့နော်၊ မမ ဟိုဘက် ဦးနှောက် ဆောင်က လွတ်လာတာလား မသိဘူး၊ မဖြစ်ဘူး မမ… လာ… လာ… ဆရာဝန်သွားခေါ်…”

“ဟာ… မဟုတ်ဘူးလေဗျာ… မဟုတ်ဘူးခင်ဗျ… နေကြပါဦး၊ ဟား… သေပါတော့ကွာ… ဒုက္ခတော့ဖြစ်ပါပြီ… ဟာ… အား…”

ကျွန်တော် ဒေါသနဲ့ နောက်ဘက်ကိုလှည့်ကြည့်တော့ ကျွန်တော့် အနားမှာရပ်နေတဲ့ အိုလေးကိုတွေ့တော့ လန့်သွားတာပါ။ ပြဿနာတွေ တော့ တက်ကုန်ပြီ။ ဟိုနှစ်ယောက်ပြန်မလာခင် လစ်တာကောင်းမယ် မဟုတ်ဘူးလား…။

“ပြဿနာတွေတက်ကုန်တာ တွေ့တယ် မဟုတ်လား၊ လာ… လစ်မှ ဖြစ်မယ်…”

“အိုလေးကြောင့်ဖြစ်ရတာ အိုလေး ရှင်းပေးပါ့မယ်…”

“အမလေး… မယ်မင်းကြီးမ… ရှင်းတော်မမူမနေပါနဲ့… လာတော် မူပါ… ရှင်းတော်မူနေရင်… အိမ်သာအပြင်က သီချင်းဆိုပြနေရတာကို ကျုပ်ရှက်တော်မူတာနဲ့ သေရပါလိမ့်မယ်ခင်ဗျာ… သေရပါလိမ့်မယ်…”

❒



www.burmeseclassic.com

www.burmeseclassic.com



# ရင်ခုန်သံတွေ... ဒီရေလိုမဟုတ်ဘူး...

ကျွန်တော့်စကားဆုံးတော့ သူငယ်ချင်းတွေအားလုံးက အားရပါးရ ရယ်ပစ်လိုက်ကြတဲ့အသံတွေဟာ... အတားအဆီးမရှိတဲ့ ပင်လယ်လေတွေက ယူသွားသည့်တိုင်အောင် ဆူညံသွားတာကိုတော့ ဖုံးထားလို့ မရခဲ့ဘူး။

ဟုတ်တယ် ကိုယ့်ဆရာရေ... ကျွန်တော့်ရှေ့မှာ နေ့ခင်းဘက်ရောက်လို့ တစ်ရေးတာမော အနားယူနေတဲ့ ပင်လယ်ပြင်ကြီးရှိတယ်။ အေးဆေးတဲ့ နေ့လည်လေဖျော့ဖျော့မှာ လှိုင်းရိပ်ပြေကလေးတွေနဲ့ အနားယူနေတဲ့ ပင်လယ်ကြီးပေါ့...။ အဲဒီပင်လယ်ကြီးကို နောက်ခံထားပြီး ကျွန်တော့်ကို စိုက်ကြည့်နေတဲ့ မိုးလည်း ရှိနေတယ်လေ...။

သူငယ်ချင်းတွေက အားရပါးရ ရယ်နေကြပေမယ့် မိုးကတော့ မရယ်ပါဘူး။ နှုတ်ခမ်းကလေးကို ဆွဲဆန့်ရုံတော့ ပြုံးတယ်။ ဒါပေါ့လေ... ကျွန်တော်က အိုလေးအကြောင်းကို ပြောပြတဲ့နေရာမှာ 'အိမ်က သဘောတူ





ထားတဲ့' ဆိုတဲ့ အချက်ကလေးတစ်ချက်ကို ထည့်ပြောထားတာကိုး...။

ဒီတော့ တခြားသူငယ်ချင်းတွေက အိုလေးကို တောက တောသူ ကလေးလို့ မြင်ပေမယ့် မိုးကတော့ အဲဒီလို ဘယ်မြင်မှာလဲ...။ ကျွန်တော်နဲ့ အိမ်ကသဘောတူတဲ့သူ ဆိုတော့ သူ့ပြိုင်ဘက်လို့ သဘောထားမှာ ပေါ့လေ...။

အဲဒီအချက်ကို ကျွန်တော် သိပ်လိုချင်တယ်ဗျာ...။

မိုးက ကျွန်တော့်ကို မနာလိုတာ...။ ကျွန်တော့်မှာ အိမ်က သဘောတူထားတဲ့ မိန်းကလေးရှိတယ်ဆိုတာ... အဲဒီမိန်းကလေးကို ကျွန်တော်က လုံးဝစိတ်မဝင်စားဘဲ မိုးကိုပဲ သိပ်ချစ်တယ်... ဆိုတာတွေကို မိုးသိပြီး ခံစားသွားရစေချင်တယ်။ မိုးဟာ အိုလေးကို မနာလိုဖြစ်ပြီး ကျွန်တော့်ကို ချစ်လာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဒါကြောင့် အိုလေးအကြောင်းကို ပြောလို့ မိုးက မရယ်တာကို ကျွန်တော် အရမ်းသဘောကျတာပေါ့...။

အိုလေးအကြောင်းကို ပြောတဲ့အခါမှာတော့ အိုလေးကို ရှိတဲ့ အေးတဲ့ ဘာကိုမှ နားမလည် သဘောမပေါက်တဲ့ ၁၀ တန်းအောင်တာကလေးကို ဟုတ်လှပြီလို့ ထင်နေတဲ့၊ ရန်ကုန်မြို့ကြီးနဲ့ ရန်ကုန်သား ကျွန်တော့်ကို အထင်ကြီးတဲ့ သနားစရာ ရိုးသားတဲ့ တောသူမလေးတစ်ယောက်ဖြစ်အောင် ကျွန်တော်က ပြောပြပါတယ်။ ကျွန်တော့်ကို ဂရုစိုက်တဲ့နေရာမျိုးဆိုရင် တော့ ဖြစ်ခဲ့တာထက် နည်းနည်းပိုပြီး ပြောပြမိတာ အမှန်ပါပဲ။ ဒါကလည်း နားထောင်တဲ့သူတွေအတွက် ဘာမှ မထူးခြားပေမယ့် 'မိုး' အတွက်တော့ ကျွန်တော့် အပေါ် မနာလိုမှုကလေးတွေ ရှိချင်ဘယ်ဆိုတဲ့ စိတ်ကူးကြောင့်ပါ...။

"အဲဒီကောင်မလေးက တော်တော်ရယ်ရတယ်နော်၊ နင်ကလည်း ပါပဲ၊ နင့်အကျင့်ကိုက လွယ်လွယ်ကလေး တွေ့ရမှာတွေကို လည်း အိပ်ကြီးအတိုင်း သိပ်လုပ်တာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"နင့်အမေကို နင်က အကုန်ပြောမပြဘူးလား…"

"မားသားကြီးကို ပြောသင့်တာတော့ ပြောပြတာပေါ့ဟာ… မားသာ ကြီးကတော့ ဖြစ်စေချင်နေတဲ့သူ ဆိုတော့ အပြစ်မမြင်ဘူးပေါ့…"

"အေးလေ… သူလုပ်တာတွေကလည်း အပြစ်လို့ ပြောလို့ သိပ်မ ပါဘူး၊ သူတွေးသလို မဖြစ်တာတွေပါ…"

သိမ့်၊ ဝေဝေနဲ့ မဦးတို့က ဝိုင်းပြောကြတယ်။ မိုးကတော့ တစ် တစ်ရာ မှတ်ချက်မပေးပါဘူး…။ လေတိုက်လို့ လွင့်နေတဲ့ သူ့ဆံပင်တွေ ကိုပဲ သိမ်းနေတယ်။ ချောင်းသာကို ကျွန်တော် ကံကောင်းလို့ ပါလာတာပါ အဘွားကြီးနှစ်ယောက်စလုံးက တစ်ရက်ခြားစီ ခွဲကြတာ ဆိုတော့ နောက်ဆုံး အဘွားကြီး ခွဲတဲ့မနက်က စနေနေ့မို့ အမေနဲ့ ဂျူတီအတင်းလဲပြီး လိုက်ခဲ့ ရတာ။

"ပထမအဘွားကြီး ခွဲပြီးတဲ့နေ့ ညဘက်ရောက်တော့ ဖြစ်တာက ရော ဘယ်လောက်ဆိုးလဲ၊ အဲဒီမှာ ငါ့ကိုလည်း မျက်စိဌာနမှာကျတဲ့ ဆရာဝန်တွေအားလုံးက သိကုန်ကြတာပေါ့…"

"ဟင်… အိမ်သာကိစ္စပြီးတော့ ရှိသေးတယ်ပေါ့ ဟုတ်လား…"

"နင်ကလည်း ပြောစရာရှိရင် ပြောဟာ… ရယ်ရရင် ပြော…"

"နင်တို့ ရယ်ရမလား မရယ်ရဘူးလားတော့ မသိဘူး၊ ငါတော့ သေချင်စော်ကို နံသွားတာပဲ…"

"အဲဒါဆို ပြောဟာ… နင်ခံရရင် ရယ်ရမှာပဲ…"

မဦးက ပြောဖို့ အတင်းဝင်တိုက်တွန်းတယ်။ မဦးဆိုတာက ကျွန် တော်တို့နဲ့ တစ်ဖွဲ့တည်းသူငယ်ချင်း မဟုတ်ဘူး။ အခု ချောင်းသာခရီးကျမှ မိုးနဲ့ အတူတူပါလာတာ။ မိုးရဲ့သူငယ်ချင်း ဆိုပါတော့…။ Model လုပ် ယ်လို့ ပြောတာပဲ…။ အိုက်တင်မှာ တယ်… ရုပ်ရှင်ရိုက်နေသလိုမျိုး တွေကို ဝက်တတ်တယ်။ သူ့လက်မောင်းတွေက အရိုးတွေပေါ်လို့… ကတော့ အဲဒီလိုအရိုးမျိုးက ရှားတယ် ပြောတာပဲ။ ကျွန်တော်ကတော့ ကို သူနဲ့တွဲတာ သိပ်မကြိုက်ဘူး။ တော်ကြာ Model လုပ်တာတို့… ယ်ရိုက်တာတို့ စိတ်ပါသွားရင် ဘယ်နှယ့်လုပ်မလဲ…။ မိုးကလည်း ချော ယ်ဆိုတော့ ဖြစ်ချင်ရင် လွယ်ကလေး မဟုတ်လား…။

"ဆေးရုံတက်ပြီး နောက်တစ်နေ့မနက်မှာ ဘွားရီဆိုတဲ့ အဘွားကြီးက ပြီး မျက်စိခွဲရတယ်၊ သူတို့က တိမ်ကွယ်တာဆိုတော့ ဘယ်လိုလုပ် လည်းတော့ ကျွန်တော်လည်း မသိဘူးပေါ့… အိမ်က ထမင်းတွေ တွေ လာပို့တော့ ခွဲခန်းကို ဝင်ခါနီး ဖြစ်နေပြီ…"

ကျွန်တော် အဲဒီတုန်းကနေ့ကို ပြန်သတိရ, ရတာကိုက တော်တော် ေး စိတ်ပင်ပန်းဖို့ ကောင်းပါတယ်။ အဘွားကြီးက ခွဲဖို့ပြောတော့ ပထမ တန်မလုပ်ပါပဲ…။ ခွဲခန်းကို ဝင်ခါနီးတော့မှ မဝင်တော့ဘူး လုပ်တော့ ကိုး…။

အဘွားကြီးက အိုလေးရဲ့အင်္ကျီကို အတင်းဆုပ်ထားပြီး ခြေထောက် အတင်းကန်ထားတယ်။ နှုတ်က တစ်ခွန်းမှမပြောဘဲ ဆန့်ကျင်နေ ပါ။ ဆရာဝန်တွေရော… အိုလေးရော… ကျွန်တော်ရော ဝိုင်းပြောပေ ယ့် တစ်ခွန်းမှလည်း ပြန်မပြောဘူး။ အင်္ကျီကိုဆွဲထားတဲ့ အားကိုလည်း ဝအလျော့မပေးခဲ့ဘူး…။

"ဘွားရီရယ်… ဆရာဝန်တွေကို အားနာပါဦး၊ အိုလေး ရှက်ကြီး ရချည်ရဲ့… အိုလေးကို လွှတ်ပါ… ခွဲလိုက်ပါ ဘွားရဲ့…"

"အဘွားရယ် ခွဲတယ်ဆိုပေမယ့် ခဏကလေးပါ…



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာတောင် မဟုတ်ဘူး၊ သမီ‌းတို့က အဘွား‌မနာအောင် ခွဲပေးမှာပေ
လွှတ်လိုက်ပါနော်..."

ဆရာဝန်မကလေးတွေကလည်း ဖျောင်းဖျပြီး ပြောကြတာပါပဲ
ဒါပေမဲ့ အဘွားကြီးက အံ့သြစရာကောင်းလောက်အောင်ကို တွန်းတဲ့ထိုး
ဒဏ်ကို ယိမ်းပြိုးယိုင်ပြီးတော့သာ လိုက်နေတယ်။ နှုတ်က တစ်ခွန်း
ညည်းတာ အော်ဟစ်တာ မရှိဘူး။ အံတွေဘာတွေ ကြိတ်ထားတာမျိုးလည်
မရှိဘူး။ ဇွတ်ပေပြီး အင်္ကျီကို ဆွဲထားတော့တာပဲ...။

"အဘွားကြီး ဆရာဝန်တွေကို ဒုက္ခမပေးပါနဲ့ဗျာ၊ ဒီလိုလုပ်နေ
ဘာအကျိုးရှိမှာလဲ၊ ကိုယ့်ဝေဒနာကို ကုရမယ့် ကိစ္စကို... အမိပ္ပာယ်မရှိ
မလုပ်ပါနဲ့..."

ကျွန်တော်ဝင်ပြောတာကတော့ အလကားပါ။ အဲဒီလိုအချိန်မျိုး
ဖြစ်သင့်တာတို့... အမှန်တရားတို့... လုပ်သင့်တာတို့... ဆိုတဲ့ စကား
က တိုးတာမှ မဟုတ်တော့တာ...။ ကျွန်တော်တို့ ဘာလုပ်ရမှန်းမသိ
နေတုန်းမှာပဲ အောင်မြင်ခန့်ငြားတဲ့ အသံတစ်သံ ပေါ်လာတယ်။

"ဟေ့... ဘွားရီရဲ့ ဆရာတော်ဘုရားဆီမှာ ပေးထားတဲ့ ကတိ
ဖျက်တော့မှာတဲ့လား၊ နှင့်သားကလေးလိုချစ်တဲ့ နွားကလေးထိပ်နီကို ရေ
ထားတဲ့ပိုက်ဆံ ရွာရှေ့ရေကန်ထဲ လွှင့်ပစ်ခဲ့ပါတော့လားဟဲ့... ဟင်
ဒီလောက်မိုက်လုံးကြီးနေတာ၊ ဟင်... ဆွဲမနေကြပါနဲ့ ဖယ်လိုက်စမ်း
ဒီလောက် အခက်အခဲကြားထဲက ကုရတာကိုမှ သူကိုယ်တိုင်က ငြင်းနေ
ဒါ ဝဋ်နာကံနာလို့ပဲ သဘောထားလိုက်ကြတော့၊ အဲဒီမျက်လုံးနဲ့ ရွှေ
ဘုရားကိုဖူးပြီး ကုသိုလ်ယူမနေနဲ့တော့ ဘွားရီရဲ့..."

စူးရှပြတ်သားတဲ့အသံနဲ့ စ,ပြောပြီး တဖြည်းဖြည်း ငိုသံပေ





အသံကြီးနဲ့ အဆုံးသတ်လိုက်တဲ့ ဘွားမယ်ရဲ့စကားသံဆုံးတော့ **ခုနက**
ရုန်းကန်နေတဲ့ အဘွားကြီးဟာ ကြုံကြုံပါအောင် ငိုတော့တာပဲ။ **ဆရာမ**
တွေက မျက်စိခွဲခါနီး မငိုရဘူးဆိုလို့ ခဏကြာတော့ တိတ်သွားတယ်။
ဆရာမတွေ ခွဲဖို့စိတ်ဖို့ လိုအပ်တာတွေ လုပ်နေတုန်း ကျွန်တော်လည်း
မောပြီး အပြင်ပြန်ထွက်လာခဲ့တယ်။

အဘွားရီ ခွဲစိတ်ခန်းထဲပြန်ဝင်သွားတော့ မနက်စာမှာစားထားတဲ့
လက်ဖက်ရည်ဖိုးနဲ့ ရေနွေးဖိုးတွေ ရှင်းတာတို့... ဆရာမတွေ ရေးပေးထားတဲ့
လိုအပ်တဲ့ဆေးတွေ ဝယ်တာတို့၊ အိပ်ရာတွေ ဘာတွေကို သိမ်းဆည်းပြင်
ဆင်တာတို့... စတဲ့ ကိစ္စတွေကို အပေးအယူနဲ့ လုပ်နေကြတဲ့ ကျွန်တော်နဲ့
အိုလေးကို သဘောကျပြီး ကြည့်နေတဲ့ မားသားကြီးကိုတွေ့တော့ ကျွန်တော်
နည်းနည်းတော့ တွန့်သွားတယ်။ ဒါပေမဲ့ လုပ်စရာတွေက သူနဲ့ ကျွန်တော်
နှစ်ယောက်ပဲ သိတာဆိုတော့ ရှောင်လို့တော့ မရဘူးပေါ့...။

မားသားကြီးက သဘောကျတဲ့ပုံစံ တစ်ခါပြလေ ကျွန်တော်က
မာန တစ်ခါထလေပေါ့လေ...။ 'အမေကသာ သဘောတွေကျနေတာ၊
ကျွန်တော်ကတော့ အဲဒီကောင်မလေးကို ဂရုကို မစိုက်ဘူးဗျ...' ဆိုတဲ့
အထာမျိုး လုပ်ပြနေတာ။ ဒါကိုမသိတဲ့ အိုလေးက ကျွန်တော်ပြောသမျှ
ပျာပျာသလဲ လိုက်လုပ်ပြနေတော့ ကျွန်တော်လိုချင်တဲ့အတိုင်း ဖြစ်နေတာ
ပေါ့လေ...။

ဘွားရီ ခွဲခန်းကထွက်လာတော့ တော်တော်တုန်လှုပ်နေပုံပဲ။ ဒါပေမဲ့
ခွဲထားတဲ့ဒဏ်ကြောင့် မလှုပ်နိုင်ဘူး။ ပုလင်းကြီးချိတ်ပြီး လဲရော ဆိုင်
တော့...။ ဘွားရီကိုကြည့်ပြီး ဘွားတင်ကတော့ မျက်နှာ ခီးရှုက်ကလေး
လောက်ပေါ့လေ...။ ဆရာဝန်တွေကတော့ အပြုံးမပျက်ကြပါဘူး။ အဆိုလုံး
အဆင်ပြေတယ်တဲ့...။



www.burmeseclassic.com

www.burmeseclassic.com



လူနာ ဆေးပုလင်းတန့်လန်းနဲ့ အိပ်ပျော်သွားတော့မှ ကျွန်တော်တို့ ထမင်း စားပေါ့လေ...။ ကျွန်တော်တို့ဆိုတာထက် ကျွန်တော်နဲ့ ဘွားတင် နှစ်ယောက်ပါ။ အိုလေးက ကျွန်တော့်ကို ထမင်းပြင်ပေး... သူက ဘွားတင် ကို ခွံ့ပေါ့လေ...။ မားသားကြီးက ခေါင်းတညိတ်ညိတ်လုပ်နေတာကို ကျွန်တော် မသိချင်ယောင်ဆောင်ထားလိုက်တယ်။

ညနေခြောက်နာရီလောက် လူနာနိုး ကြက်သားနဲ့ မြူစွမ်စွပ်ပြုတ် တွေ ဘာတွေသောက်ပြီး လေသံသဲ့နဲ့ စကားတွေ ဘာတွေ ပြောနိုင်ဆိုနိုင် တာကို ကြည့်ပြီးတော့မှ လူနာမေးတဲ့သူတွေ ပြန်ပေါ့လေ...။ ပြန်ခါနီး တော့ မားသားကြီးက ကျွန်တော့်ကို နောက်သလိုလို ဘာလိုလိုနဲ့ ထွေသွား သေးတယ်။ 'ငါ့သားက ဝလာတယ်' တဲ့...။

ညရောက်တော့ ထုံးစံအတိုင်းပဲ ကျွန်တော် ခဏလှဲတယ်ပေါ့... ဒီညတော့ အိမ်သာကိစ္စကို စောစောစီးစီး ရှင်းခိုင်းထားရတယ်။ မနေ့ညက ကောင်းကောင်းအိပ်မထားရတော့ ခဏလှဲမယ်ဆိုပြီး လှဲလိုက်တာ ဘယ်လို နတ်ကောင်းနတ်မြတ်က စေ့ဆော်ဘယ် မသိဘူး။ ကျွန်တော်အိပ်ပျော် သွားတယ်ဗျာ...။

အိပ်ပျော်တာမှ အိပ်မက်တွေ ဘာတွေ မမက်ဘဲနဲ့ကို နှစ်နှစ်ခြိုက် ခြိုက်ကြီးကို အိပ်ပျော်သွားခဲ့တာ။ ကျွန်တော့်ဘဝမှာ အိပ်မက်မမက်ဘဲ အိပ်တဲ့ညဆိုတာ တော်တော်လေးကို ရှားတာပါ။

အဲဒီလို နှစ်ခြိုက်နေရာကနေ တီးတိုးအသံတွေ... လှုပ်ရှားမှုတွေ... ကျွန်တော့်ပတ်ပတ်လည်မှာ ဖြစ်နေသလို ခံစားရတယ်။ အဲဒီ တီးတိုးအသံနဲ့ လှုပ်ရှားမှုတွေဟာ ကျွန်တော့်ပတ်လည်မှာ ဂဏန်းကောင်တွေလို တရွရွနဲ့ လှုပ်ရှားနေတယ်လို့ သိလာတယ်။ တီးတိုးအသံတွေက တဖြည်းဖြည်း





တစ, တစ ကျွန်တော့်ကို တစ်ယောက်ယောက်က ဝင်တိုက်လိုက်သလို ခံရပြီး ကျွန်တော်နိုးလာတယ်။ နိုးနိုးချင်းကြည့်တော့ ပတ်ဝန်းကျင်က ရုံးစု ရုံးစုနဲ့ ရုတ်ရုတ်သဲသဲနဲ့ ဘာဖြစ်တာပါလိမ့်...။

"ဆုံးသွားပြီတဲ့... အော်သံကြားတော့မှ ကျွန်မလည်း နိုးတာ..."

"သနားပါတယ်ဟယ် ဒီနေ့ပဲခွဲတာ..."

"ဘယ်လိုဖြစ်လို့ ဆုံးတာလဲဟင်... ဆရာဝန်တွေ မလာသေးဘူး လား..."

ပတ်ဝန်းကျင်မှာ ကြားရတဲ့ စကားသံတွေကြောင့် ကျွန်တော် ခေါင်း ခပန်းကြီးသွားတယ်။ အိုလေး... အိုလေးရော...။ ကျွန်တော် ကမန်းကတန်း လိုက်ရှာတော့ အိုလေးကို မတွေ့ရဘူး...။ လူတွေ တော်တော်များများက တော့ ခပ်လှမ်းလှမ်းက ခုတင်မှာ ရုံးစုရုံးစုနဲ့ ဆိုတော့ ကျွန်တော်လည်း အဲဒီသွားပြီး ကြည့်တော့ ကျွန်တော့်အသည်းတွေ ပြောင်းပြန်လှန်ခံလိုက် ရသလို ဖြစ်သွားတယ်။

သွားပြီ...။

အိုလေး... အဘွားကြီးကို ရင်ခွင်ထဲမှာပွေ့ပြီး ငိုလို့...။ သူ့ရင်ခွင် ထဲမှာ မျက်နှာမှာ ပတ်တီးတွေနဲ့ မျက်နှာတစ်ခု...။ 'ဘွားရယ်... ဖြစ်မှ ဖြစ်ရလေ ကြက်သားမြူစွမ် ကောင်းတယ်... ဆို ဘွားရဲ့...' အိုလေးရဲ့ ငိုသံကြောင့် ကျွန်တော်လဲမှုန်ထူပြီး ဘာလုပ်ရမှန်း မသိတော့ဘူး...။

"အိုလေး..."

"အစ်ကို ဒီမှာ အဘွားရယ်... ဆုံးသွားတယ် အစ်ကိုရယ်..."

အိုလေးက ငိုသံကြီးနဲ့ ပြောတော့ ကျွန်တော် ဘာလုပ်ရမှန်း မသိ တော့ဘူး။ ယောင်ပြီးတော့ အဲဒီနားက ထွက်လာတယ်။ ခပ်ဝေးဝေးကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မှ 'ဟ... ငါ ဘာဖြစ်လို့ ထွက်လာမိတာလဲ' လို့ တွေးမိပြီ ပြန်သွားတယ်။ သွားနေရင်းက ငါ အဲဒီနားကို သွားတော့ရော ဘာထူး လဲ... ဆိုပြီး ဆက်မသွားဘဲ ရပ်နေမိပြန်ရော...။ အမှန်တော့ ကျွန်တော် တုန်လှုပ်ချောက်ချားသွားတာ...။ ကျွန်တော့်ရင်ထဲမှာ ကြောက်နေတယ် ကြီးမားလှစွာသော တုန်လှုပ်ချောက်ချားစိတ်က လိုက်ဖမ်းလို့ မရတော့ အောင်ကို ဖြစ်နေတယ်။ ကျွန်တော်ဟာ ချက်ချင်း လဲကျသွားတော့မယ်လို့ ထင်နေပြီး အဲဒီလိုဖြစ်မှာကို အရမ်းလန့်လာတယ်။ ဒါနဲ့ ကျွန်တော် အဲ နေရာက ထွက်လာခဲ့တယ်...။

ဆုံးသွားပြီ...။

ညနေကပဲ အကောင်းအတိုင်း အသက်ရှင်နေသေးတဲ့... မျှော်လင့် ချက်ရှိနေသေးတဲ့... မျက်လုံးခွဲဖို့ကို အသံတိတ်ရုန်းကန် ငြင်းဆန်နေတဲ့ သက်ရှိလူသားတစ်ယောက် အခု ဘာမှ မဟုတ်တော့ဘူးတဲ့...။ ဟုတ်တယ် နော် ဆုံးသွားပြီ...။ ငါ အိမ်ကို အသိပေးရဦးမှာပဲ... ဆိုပြီး ကျွန်တော် ဖုန်းဆက်ဖို့ အောက်ကို ဆင်းလာခဲ့တယ်။ အိမ်နားက ဖုန်းကို ဆက်တာ တော်တော်လေး ဆက်ယူရတယ်။ အေးလေ... ညနှစ်နာရီခွဲ ဆိုတော့ နိုးလို့ရပြီး သွားခေါ်ပေးတာကိုပဲ ကျေးဇူးတင်ရတော့မှာပေါ့...။

မားသားကြီးတို့လည်း သိရတော့ တော်တော်လေး တုန်လှုပ်သွား ကြတယ်။ ချက်ချင်း လာကြမယ်ပေါ့...။ ကျွန်တော် ဖုန်းဆက်ပြီး ပြန် လာတော့ လူနာကို တွန်းလှည်းနဲ့သယ်လာတာ လမ်းမှာတွေ့ရော... အိုလေး တော့ ပါမလာဘူးပေါ့လေ...။

"လူနာရှင်လည်း မရှိဘူး... ဘာလုပ်ရမှာလဲ မသိဘူး..."

"ဟာ... ရှိပါတယ်... ရှိပါတယ်... ဟိုကောင်မလေးရော..."



"ကျန်ခဲ့တယ်... ခင်ဗျားက လူနာရှင်လား..."

"ဟုတ်ပါတယ်..."

"ရေခဲတိုက်ထဲ ထည့်မှာလား၊ တစ်ခါတည်း တန်းချမှာလား..."

"ရေ... ရေခဲတိုက်ထဲပဲ ထည့်မှာပေါ့၊ အိမ်က လာကြဦးမှာပဲဟာ..."

"အဲဒါဆို လိုက်ပြီး ပိုက်ဆံ တစ်ခါတည်းသွင်း... အလောင်းကြည့် မလား..."

"အာ... ဘာဖြစ်လို့ ကြည့်ရမှာလဲ၊ ကျွန်တော် ပိုက်ဆံသွားယူပြီး က်ခဲ့မယ်..."

"မြန်မြန်လာခဲ့နော် ရေခဲတိုက်ရှေ့က စောင့်နေမယ်..."

အမလေး... ချိန်းတဲ့နေရာကိုက ကျက်သရေမရှိလိုက်တာပါလား။ လေး ဘယ်မှာလဲ... အိုလေးကိုရှာပြီး နှစ်ယောက်သွားမှ ဖြစ်မှာပေါ့...။ ခဲတိုက်ဖိုးက ဘယ်လောက်လဲ မသိဘူး...။ မလောက်ရင်လည်း မားသား းတွေလာတော့မှ တောင်းပေးလိုက်တာပေါ့။ အိုလေး ဘယ်မှာလဲ...။

ကျွန်တော်တစ်ယောက်တည်း ပူထူပြီး အိုလေးကိုရှာနေတာ မတွေ့ း။ အဘွားကြီးရှိတဲ့ခုတင်ကတော့ ဟောင်းလောင်းကြီး ဖြစ်သွားပြီ။ လေးက ဘယ်မှာလဲ...။

"အိုလေး... အိုလေးရေ..."

"အိုလေးကို လိုက်ရှာနေတာလား..."

"ဟုတ်တယ် အိုလေးက... ဟာ... အား..."

ကျွန်တော့်ပခုံးကို ကိုင်ထားတဲ့ မျက်စိခွဲထားတဲ့ ဘွားရီရဲ့ မျက်နှာ းကို ကျွန်တော် နောက်ဆုံးမြင်လိုက်တာပဲ။

"အေးပေါ့... ငါလန့်ပြီး မေ့သွားလို့ လူနာဆောင်ကို ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သတိရလာတော့ မားသားကြီးတွေက ရောက်နေပြီ..."

"ဟင်... အဘွားကြီးက သေသွားတာဆို..."

"အဘွားကြီးနဲ့ ခုတင်ချင်းကပ်ရက်က ဆုံးတာတဲ့၊ အိုလေးက ပိုင်ရှင်မရှိတဲ့ အသုဘကို သနားလို့ ဝင်ငိုတာတဲ့..."

သူငယ်ချင်းတွေက တစ်ယောက်နဲ့ တစ်ယောက်ကြည့်ပြီး ရယ်ကြပါတယ်။

"ညနေက ကြက်သားမြူစွမ်ပြုတ်ကလေး ကောင်းတယ်နော်လို့ ပြောပြီးတော့ ငိုတော့ ငါက ပိုထင်တာပေါ့၊ အဲဒါက သူ ဘွားရီကို တိုက်တုန်းမှာ အဲဒီအဘွားကြီးက မျှော်နေတာနဲ့ သူက သနားပြီး တိုက်တာတဲ့ သူ့ကို အဘွားကြီးက အဲဒီလိုပြောလို့ ငိုတော့ လူကြားကောင်းအောင် ထည့်ငိုတာတဲ့..."

ပါးစပ်ပြင်ထားကြတဲ့သူတွေ ဝါးခနဲ ရယ်ကြပြန်တယ်။ မိုးက တစ်ချက်တော့ပြုံးတယ်။ ပြီးတော့ မျက်နှာပေါ်က ဆံပင်တွေကို ဖယ်ဖယ် ပစ်နေတာပဲ။

"အမလေး... ပြီးတော့ ပြောသေးတယ်၊ အိုလေးက ရွာမှာဆိုရင် ဘယ်သူသေသေ သွားငိုလိုက်တာပဲတဲ့၊ အိုလေးက အဲဒီလိုပဲ လူများသေရင် ငိုလိုက်ရမှ... တဲ့... ဗျား..."

အားလုံး ပျော်စရာကြီးဖြစ်ပြီး နေပါတယ်။ ဘာပဲဖြစ်ဖြစ် အိုလေး အကြောင်းကို ပြောပြရတာဟာ အားလုံးအတွက် အဆင်ပြေပါတယ်။ ကျွန်တော်လည်း မျက်နှာပွင့်တယ်ပေါ့လေ...။

"ဒါနဲ့ နင်လည်း အရေးပေါ် ၁၀ ရက်လောက် နေလိုက်ရမှာ လား..."





"ဖွဟဲ့... လွဲပါစေ... အဲဒီတစ်ညတည်းပါ၊ ဘာလို့ ၁၀ ရက် နေရမှာလဲ... နင်ပဲ နေပါလား..."

"ပြုစုမယ့်လူ အဆင်သင့်ရှိတာပဲ... နေလိုက်ရင် ပြီးရော..."

"အေးလေ... ဟိုကလည်း သေရင် ဝင်ငိုတာ ဝါသနာပါတဲ့ဟာ တဲ့..."

ငဖြိုးနဲ့ ကိုဇင်က ကျွန်တော့်ကို ဝိုင်းစ,ကြတယ်။ ရယ်စရာစကားပွဲက အရှိန်လျော့သွားပါပြီ။ မိုးက ထ,ရပ်တယ်။

"ဟင်... မိုးက ပြန်တော့မလို့လား..."

"ပြန်မယ်လေ... ခဏလောက်လှဲဦးမလားလို့..."

"စေတီကလေးဘက် လမ်းလျှောက်ရအောင်လေ..."

"ညနေ ရေကူးပြီးမှပဲ လျှောက်မယ်လေ၊ ခဏမှေးချင်တယ်..."

"မိုးကလည်း ခဏလေးလောက်ပဲ ကြာမယ့်ဟာ..."

"ညနေ လျှောက်ပါမယ်ဆို... အခုလျှောက်တော့ နေပူတာပေါ့..."

"ဟုတ်တယ်... ကမ်းခြေဆိုတာ ညနေမှ လှတာ၊ ဒီအချိန်က အားမှေးထားရမယ့်အချိန်... ခဏသွားနှပ်မယ် ကဲ... ဘိုင့်ဘိုင့်..."

မဦးက မိုးခါးကိုဖက်ပြီး ခေါ်သွားတယ်။ ကျွန်တော် ဘာမှမပြောနိုင်ဘဲ ကျန်ခဲ့တယ်။ စိတ်ထဲမှာတော့ မမိုးကို ရှုရှုလုပ်စက်သေနတ်နဲ့ တရစပ်ပစ်လိုက်တယ်။ မဦးဟာ မိုးကို တစ်ခုခုနဲ့ နိုင်ထားသလိုပဲလို့ ကျွန်တော်ထင်တယ်။

"အဲဒီ မဦးက ဘယ်လိုလုပ်ပြီး မိုးနဲ့ သိသွားတာလဲ ဝေဝေ..."

"သေသေချာချာတော့ မပြောတတ်ဘူး၊ ဝေထင်တာတော့ မိုး ခိုင် ကိစ္စနဲ့ ပတ်သက်ပြီး သိတာလား မသိဘူး၊ ဝေတို့ကို မဦး အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်မပြောပြဖူးဘူး…”

“အေ ဟာ… အဲဒီမိန်းမကို ငါ သိပ်သဘောမကျဘူး…”

“အေး… ငါ နင့်ကို တစ်ခု သတိပေးရဦးမယ် ရဲဝင်း…”

“အင်… ဘာလဲ… ဘာသတိပေးမှာလဲ…”

“ဒီလိုဟာ… အင်း… နင် အဲဒီအိုလေး… ဆိုတဲ့ ကောင်မလေး အကြောင်းကို မိုးရှေ့မှာ သိပ်မပြောစေချင်ဘူး…”

ဝေဝေ့စကားကြောင့် ကျွန်တော်အံ့သြသွားတယ်။ အိုလေးအကြောင်း ပြောရင် မိုး တစ်မျိုးဖြစ်တယ်ဆိုတာကို ဝေဝေလည်း သတိထားမိပုံပေါ် တယ်။ ဒါဆိုရင် မိုး မနာလိုဖြစ်နေတယ်ဆိုတာ ကျိန်းသေပြီပေါ့…။

“ဘာလဲ… မိုး မနာလိုဖြစ်နေလို့ ပြောတာလား…”

“အင်း… အဲဒီလိုတော့မဟုတ်ဘူး၊ အေးလေ… ထားပါတော့… မပြောရင် ပိုကောင်းတာပေါ့၊ ပြောပြလို့လည်း ဘာမှ ထူးခြားတာမှ မဟုတ်တာကို…”

ကျွန်တော် ဝေ့ကို ဘာမှ ပြန်ပြောမနေတော့ဘူး။ မိုး ကျွန်တော့် အပေါ် မနာလိုပြစ်နေတာကို ကျွန်တော်ဝမ်းသာနေမိတယ်။

‘ချစ်တယ်…’ ဆိုတာက ထူးဆန်းတယ်နော်…။ မနာလို အဖြစ်ခံ နေရတာကိုတောင် ဝမ်းသာစေနိုင်တယ်လေ…။

ညနေရောက်တော့ ကျွန်တော်တို့အုပ်စု ရေဆော့ကြတယ်။ ကျွတ်တွေ ရာဘာဘောတွေနဲ့ လှိုင်းစီးကြတယ်။ လှိုင်းက ဆွဲမြှောက်လိုက်ရင် အသည်း တွေ ဘာတွေယားပြီးတော့ အော်ကြဟစ်ကြနဲ့ပေါ့လေ…။ နေ့လည်တုန်းက တိတ်နေတဲ့ ပင်လယ်ကြီးဟာ အော်နေ ပျော်နေကြတဲ့ လူတွေနဲ့ တန်ဆာ ဆင်လိုက်တော့ လှသွားတာပေါ့…။ ကျွန်တော်ကတော့ သိပ်ပျော်လှတယ်





မဟုတ်ပါဘူး။ မိုးနဲ့ နှစ်ယောက်တည်း ဆော့ရတာလည်း မဟုတ်ဘူးလေ…။ ကျွန်တော်ကတော့ ညနေကျရင် မိုးနဲ့ နှစ်ယောက်တည်းတွေ့ရမယ့် ကိစ္စ ကိုပဲ မျှော်လင့်နေတယ်။

ဟုတ်တယ်… ညနေ မိုးနဲ့တွေ့ရင် ရွှေတိဂုံဘုရားပေါ်မှာတုန်းက မဆုံးခဲ့တဲ့ စကားကို ဆက်မေးရင်း အပြီးသတ်ရမယ်။ မိုးက ကျွန်တော့်ကို ချစ်ပါတယ်။ ဒါမှမဟုတ် အခုမှ စချစ်ဖို့ ကြိုးစားတာလည်း ဖြစ်ချင်ဖြစ် နိုင်တယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကျေနပ်နေတာပဲ။ ညနေ မိုးနဲ့တွေ့ပြီးရင် ရင်ခုန်သံတွေဟာ ဒီရေတွေလို ဖြစ်လာကြလိမ့်မယ်။

ရေကစားပြီးကြတော့ ကျွန်တော် ချက်ချင်း ရေချိုးကို ချိုးပြီး မိုး ဘုရားလေးဘက်အထွက်ကို ကျွန်တော်တို့ဘန်ဂလိုရှေ့က စောင့်နေလိုက် တယ်။ ဒါပေမဲ့ မိုးက တော်တော်နဲ့ ထွက်မလာပါဘူး။ ရေချိုးရင်း လော နေမိတဲ့ ကျွန်တော့်ကိုယ် ကျွန်တော် စိတ်ကူးထဲမှာ ပြန်ပြီး နောက်နေမိ တယ်။ စကားတစ်ခွန်းပြောပြီးရင် မိုးက မဖျက်တတ်ပါဘူး… မိုး လာကို လာမှာပါ… လို့ သွားခေါ်ချင်တဲ့ဆန္ဒကို နှစ်သိမ့်နေရတယ်။ ဒါပေမဲ့ ငြိမ် ငြိမ်ထိုင်နေလို့ မရတဲ့ အသိစိတ်ကြောင့် အောက်ကိုဆင်းပြီး မိုးတို့ဘန်ဂလို ဘက်ကို လျှောက်မယ်လုပ်တော့မှ… မိုးက မဦးနဲ့ အတူထွက်လာတာ နမ်းတွေ့လိုက်ရတယ်။ မဦးပါလာလို့ ရင်ထဲမှာ တစ်မျိုးပဲ… လွတ်လွတ် လပ်လပ် မဟုတ်တော့သလို ခံစားနေရတယ်။

ကျွန်တော့်နံဘေးက ကပ်လျှောက်လာတာကို မိုးက တစ်စုံတစ်ရာ သိအမှတ်မပြုဘဲနဲ့ လက်ခံပါတယ်။ ကျွန်တော်တို့ စကားမပြောဘဲနဲ့ မ်းလျှောက်လာကြတယ်။ ပြောစရာမရှိတော့ ပင်လယ်ကြီးကို ကြည့်ပေါ့ လေ…။ ပင်လယ်ကြီးက လှုရှင်းနေပါပြီ။ ဝင်ကာစ နေမင်းက ပင်လယ်ခုံး



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကနေ အနီရောင်တွေကို ပက်လက်လှန်ပြီး လင်းချနေတယ်။

"မိုး... ဟိုဘက်ကို လျှောက်သွားမလားဟင်... ပြန်လာမှ ဘုရား… လေးဆီကို သွားကြတာပေါ့..."

"မဦးတို့က ပုတီးစိပ်ကြဦးမှာ..."

မဦးရဲ့စကားကြောင့် ကျွန်တော့်စိတ်ထဲမှာ ဒေါသ ထောင်းခနဲပြ… သွားတယ်။ ဒီမိန်းမဟာ ကျွန်တော်နဲ့ မိုးအကြားမှာ အနှောင့်အယှက်… ဆိုတာ ကျွန်တော်သိလိုက်ပြီ...။ ပင်လယ်ကမ်းခြေကို မိုးထွက်လာတာ… ကျွန်တော့်အတွက်ဆိုတာကို သူနားလည်ဖို့ ကောင်းတာပေါ့...။ သူ ဟန်… ဆောင်ပြီး ပုတီးစိပ်တဲ့အတွက် ကျွန်တော့်ရင်ထဲမှာ ဘာကယ်ဖြစ်နေတဲ့… နှလုံးသားကိစ္စက အဝေးလွင့်သွားရမှာလား...။

"မိုး စကားပြောရင်း လမ်းလျှောက်ကြတာပေါ့ မဟုတ်ဘူးလား... မဦးစိပ်ချင်ရင် စိပ်ပစေလေ..."

"မဟုတ်ဘူး... မိုးလည်း ပုတီးစိပ်မှာ..."

"အာ... မိုးကလည်း မိုး နေ့လည်ကပြောတော့..."

"မိုးကို အကြပ်မကိုင်နဲ့လေကွာ၊ အခု ကမ်းစပ်ကို ဆင်းလာတာ… ပုတီးစိပ်ပြီးမှ လမ်းလျှောက်ကြတာပေါ့ ဟုတ်လား..."

"ရပါတယ် မိုး... ပုတီးပဲ စိပ်ချင် စိပ်ပါ... ကိုယ်သွားတော့မယ်..."

ကျွန်တော် ချက်ချင်းပဲ လှည့်ထွက်ခဲ့တယ်။ ယောက်ျားလေးတန်… စိတ်ကောက်တတ်တယ်လို့ ကျွန်တော့်ကို ပြောချင်ပြောပါ။ ကျွန်တော်… ဝမ်းနည်းသွားတာ... အားငယ်သွားတာ... ရင်ထဲမှာရှိတဲ့ မျှော်လင့်ချက်… ကလေးတွေ ပျောက်သွားလို့... အဖျက်ဆီးခံလိုက်ရလို့... ကြေကွဲသွားတာ… ကို မိုး သိစေချင်နေတယ်။ ကျွန်တော့်စိတ်ကူးထဲမှာ မဦးဆိုတဲ့ မိန်းမ… အမှုန့်ကြိတ်ပစ်နေတယ်။ ပြီးတော့ နာမည်ကြီး 'ကုလားမ' မဆလာပိုင်ရှင်ကို အလကားပေးလိုက်တယ်။ ပိုင်ရှင်က မယူဘူး။ သူ့မဆလာ နာမည်ပျက်သွားမယ်တဲ့...။

ကျွန်တော် စိတ်ကောက်ပြီး ထွက်လာခဲ့ပေမယ့် မိုးက လှမ်းခေါ်တာတို့... နောက်က လိုက်လာတာတို့ကို မျှော်တော့ မျှော်မိတယ်။ မျှော်လင့်ချက်တော့ နည်းတယ်ပေါ့လေ...။ လူသူရှင်းနေတဲ့ ရေစပ်ကို ရောက်တော့ ကျွန်တော်ရပ်နေလိုက်တယ်။ ပင်လယ်ကြီးကတော့ လူတွေ ရှိသေးတယ်အထင်နဲ့ လှိုင်းတွေကို ရိုက်တင်ပေးနေတုန်းပဲ။ ဒါပေမဲ့ လူတွေက မရှိတော့ဘူး။ ကျွန်တော် အထီးကျန်နေတဲ့ ပင်လယ်ကြီးကို ငေးနေလိုက်တယ်။ ပင်လယ်ကြီးက အထီးကျန်နေတဲ့ ကျွန်တော့်ဆီကို အထီးကျန်နေတဲ့ လှိုင်းတစ်လုံး ပို့လိုက်တယ်။ အဲဒီလှိုင်းဟာ ကျွန်တော့်ခြေရင်းမှာ အားပျော့ပြီး ပျောက်ကွယ်သွားလေရဲ့...။

သေချာတယ်... ဒီနေ့ည ကျွန်တော့်ရင်ခုန်သံတွေဟာ ဒီရေလို တက်လာလိမ့်မယ်...။ ဒါပေမဲ့ 'ပျော်ရွှင်စွာ' နဲ့တော့ မဟုတ်ဘူးပေါ့...။

နောက်နေ့ကျတော့ ပြန်ကြတော့မှာ ဆိုတော့ ထွေထွေထူးထူး မရှိတော့ပါဘူး။ ကျွန်တော်ကတော့ စိတ်ကောက်ထားတယ်... ဆိုတဲ့ အခံနဲ့ အရင်တုန်းကလို ခပ်ရွှင်ရွှင်မနေတော့ပဲနဲ့ လိုအပ်မှ စကားပြောတာမျိုးလုပ်တယ်။ မိုးကများ ကျွန်တော့်ကို လာချော့မလားပေါ့လေ...။ မိုးက လာချော့ပါဘူး။ ယောက်ျားစိတ်ကြီးနဲ့ စိတ်ကောက်ရတာ မလွယ်ဘူးဗျာ...။ ကိုယ်စိတ်ကောက်တဲ့သူက မသိချင်ယောင်ဆောင်ထားတော့ ယောက်ျား… နနဲ့ ပြန်လျှော့ချလို့လည်း မရ ပြောပြောဆိုဆိုနေသင့်ပါရက်နဲ့ ယောက်ျား… စိတ်နဲ့တင်းဆန့်ပြီး မသိချင်ယောင်ဆောင်နေရတာကလည်း စိတ်ကျဉ်းကျပ်…



www.burmeseclassic.com

www.burmeseclassic.com



လိုက်နဲ့ တော်တော်မလွယ်တဲ့ကိစ္စပါပဲ...။ ဒါကြောင့် 'ယောက်ျားဖြစ်ပြီး စိတ်မကောက်နဲ့...' လို့ ပြောကြတာက ဘာကြောင့်မှ မဟုတ်ဘူးဗျို့... စိတ်ကောက်တာနဲ့ ယောက်ျားစိတ်ဓာတ်နဲ့ လိုက်ကို မလိုက်လို့...။ ကိုယ့် ခံရမှာစိုးလို့ တားထားတာပဲ ဖြစ်ရမယ်။

ဩော်... မေ့လို့ဗျို့... မိုးက ကျွန်တော့်ကို စိတ်ဆိုးတာကို ချော တဲ့ပုံစံမျိုးလေးတောင်မှ ဖြစ်သေးတယ်။ ချောင်းသာက ပြန်ခါနီး အမှတ်တ ခရုခွံနဲ့လုပ်ထားတဲ့ ပစ္စည်းကလေးတွေဝယ်တဲ့ဆိုင်မှာ ဖြစ်တာ...။

ဝေဝေတို့ ငဖြိုးတို့ မိုးတို့ အားလုံးနီးပါး ခရုခွံနဲ့လုပ်ထားတဲ့ ပစ္စည်းကလေးတွေကို ဝယ်နေကြတယ်။ ကျွန်တော်ကတော့ မဝယ်ပါဘူး ခပ်လှမ်းလှမ်းကပဲ ရပ်နေလိုက်တယ်။ တကယ်တော့ အဲဒီပစ္စည်းတွေက ချောင်းသာက ပြန်ကာစ ခဏပေါ့...။ နည်းနည်းကြာတာနဲ့ ဟိုချောင်ထိုး ဒီချောင်ထိုး ဖြစ်ကုန်တာပဲ မဟုတ်လား။ ဒါကြောင့်မို့ ကျွန်တော်က မဝယ်တာပါ။

"ဟဲ့... ရဲဝင်း လက်ဆောင် မဝယ်ဘူးလား..."

ဝေဝေက လှမ်းခေါ်တာကို ကျွန်တော် ခေါင်းခါပြလိုက်တယ်။ ဒီတစ်ခါတော့ စိတ်ကောက်တာ မဟုတ်ပါဘူး။ ကျွန်တော် တကယ် မဝယ်ချင်တာပါ။

"ဟင့်အင်း... မဝယ်တော့ဘူး..."

"နင်ကလည်း ဝယ်ပါဟ..."

"မဝယ်ချင်ပါဘူးဟာ... ငါက ဘာလုပ်ရမှာလဲ..."

"နင့်အတွက်ပြောတာ မဟုတ်ဘူးလေ... နင်ပြောပြတဲ့ အိုလေ အတွက်... ထုတ်ချင်းခတ်အတွက်လေ..."



မိုးဝင်ပြောလိုက်တဲ့ စကားကြောင့် ကျွန်တော် အပင်ပန်းတကြီး စိတ်ကောက်ထားရတာကြီးကို ကျေနပ်သွားတယ်။ မိုးလည်း ကျွန်တော့် အကြောင်းကို စိတ်ထဲမှာ တွေးနေတာပဲလို့ ဆိုတာ သိရလို့ပါ...။

ဒါပေမဲ့ ကျွန်တော် စိတ်ကောက်လက်စကို မဖြုတ်ပစ်ဘဲ ရှဲ့ပြီး ခရုခွံပစ္စည်းကလေးတွေ တစ်ထောင်ဖိုးဝယ်လိုက်တယ်။ မိုးက ဘာမှ ထပ် မပြောတော့ပါဘူး။ ချောင်းသာအပြန်ခရီးကတော့ လူတိုင်းကြုံသလို ငြီးငွေ့ စရာကြီးပါ...။ တွေ့တွေ့ထူးထူးလည်း ဘာမှ မရှိပါဘူး။ မြန်မာနိုင်ငံမှာက တော့ အပြန်ခရီးဆိုတာ ပင်ပန်းနွမ်းနယ်ပြီး ခရီးဒဏ်ခံကြရတာပဲ မဟုတ် ဘူးလား ကိုယ့်ဆရာရယ်...။

ကျွန်တော်ကလည်း ရင်ခုန်သံတွေ ဒီရေလို တက်ခဲ့ရတာ မဟုတ်ဘူး ဆိုတော့ ပိုပြီး ငြီးငွေ့နွမ်းနယ်ခဲ့ရတယ် ဆိုပါတော့ဗျာ...။

❒



www.burmeseclassic.com

www.burmeseclassic.com



## အစိမ်းရောင်

ချောင်းသာက ပြန်လာပြီးတော့ ကျွန်တော်တို့သူငယ်ချင်းတွေ မိုးရဲ့ ပြောင်းလဲသွားတဲ့ အပြုအမူကို ဆွေးနွေးကြပါတယ်။ မိုးဟာ ကျွန်တော် တို့ထဲမှာ အနေအထိုင်အေးတယ် ဆိုတာကို အားလုံးက လက်ခံကြပါတယ်။ အနေအထိုင်အေးတဲ့သူတွေ တစ်ခုခုကို ပြောင်းလဲရင် မသိသာတတ်ကြဘူး ဆိုတော့ မိုးပြောင်းလဲပုံက ဘယ်လိုဘယ်ပုံ စသည်ဖြင့် ပြောပြစရာ ရှာ တော့ ခက်တာပေါ့...။ ကျွန်တော်ကတော့ မိုး အရင်တုန်းကလို မဟုတ် ဘူးဆိုတာကို စိတ်ထဲက သိနေတယ်။

"ငါ ဘယ်လိုဘယ်ပုံ ဆိုတာတော့ မပြောပြတတ်ဘူးဟာ၊ ငါ့အပေါ် မှာ အရင်တုန်းကလို မဟုတ်တော့တာတော့ သိတယ်..."

"နင်ကလည်း သူ့ကို ချစ်သူလိုပဲ အမြဲတမ်း ခံစားနေတော့ ခက် တာပဲ၊ မိုးက နင့်ကိုပဲ ရွေးမှာပါ၊ ဒါပေမဲ့ တရားဝင်ရည်းစားတွေမှ မဟုတ် သေးတာ၊ နင်ဖြစ်စေချင်သလိုတော့ ဘယ်ဖြစ်ပါဦးမလဲ..."

"မိုးက ငါ့ကိုပဲရွေးမယ် ဆိုတာ နင်တို့ကို တိုင်ပင်ဖူးလို့လား..."

ကျွန်တော့်မှာ မထင်မှတ်ဘဲ ရလာတဲ့အခွင့်အရေးကလေးကို လက် လွှတ်နိုင်ဘဲ အတင်းဆုပ်ကိုင်ထားရတယ်။

"ဟဲ့... တရားဝင်တိုင်ပင်တယ်တော့ မဟုတ်ဘူးပေါ့... ဒါပေမဲ့ နင့်ကို သူ မချစ်နိုင်ဘူးဆိုရင် ဘာဖြစ်လို့ အချိန်ဆွဲထားစရာရှိလဲ..."

ကျွန်တော့်ကို မိုးနဲ့ပတ်သက်ပြီး ပေးကြတဲ့ မှတ်ချက်တွေထဲမှာ အဲဒီမှတ်ချက်ကို ကျွန်တော် သိပ်သဘောကျတာပဲ။ အဲဒီအတိုင်း ဖြစ်လည်း ဖြစ်နေပြီး... ဖြစ်လည်း အဖြစ်နိုင်ဆုံးအခြေအနေ မဟုတ်လား...။ ကျောင်း ဖွင့်ဖို့ကလည်း တစ်ပတ်လောက်ပဲ လိုတော့တာ... ဆိုတော့ ကျွန်တော့် ရင်ခုန်သံဟာ သူ့ကိုယ်သူ တစ္ဆေတစ်ကောင်လိုနေရတာ ပျင်းလို့ ထင်ပါ ရဲ့...။ ပေါ်ပေါ်ထင်ထင်ပဲအားလုံးရှေ့ကို ခုန်ချခွင့်တောင်းနေတယ်။

အိမ်မှာဆိုရင်လည်း ကျွန်တော် နေရထိုင်ရတာ ဘာကိုမဆို ပေါ့ပါး လွတ်လပ်နေတယ်။ အိုလေးနဲ့လည်း ခေါ်ခေါ်ပြောပြော နေပါတယ်။ ဒါနဲ့ ရုက်စီခွဲတဲ့ အဘွားကြီးနှစ်ယောက်စလုံး မျက်လုံးပြန်ကောင်းသွားကြပြီး ဘွားမယ်နဲ့ အတူပြန်သွားကြပြီ... ဆိုတာ ပြောဖို့မေ့နေတယ် ကိုယ့်ဆရာ ရေ...။

ပြန်တဲ့နေ့က ဘူတာရုံကို လိုက်ပို့တော့ ကျွန်တော့်မှာ ကို့ရို့ကားရား ဖြစ်ရသေးတယ်။ ကား ဘူတာကိုရောက်တဲ့အထိကတော့ ဟုတ်နေတာ ပါပဲ။ ရထားပေါ်တက်ကြပြီး နေရာတွေ ဘာတွေ ကျွန်တော်က လိုက်စီ ဘာညာအားလုံး Ok ပေါ့...။ ပစ္စည်းတွေတင်ပြီး အချိန်စေ့ဖို့ နည်းနည်း လိုလို့ စောင့်နေတုန်းမှာ ရထားထွက်တော့မှာမို့ ကျွန်တော်တို့ အောက်ကို





www.burmeseclassic.com

www.burmeseclassic.com



ဆင်းကြရတယ်။ အောက်ကိုရောက်တော့ ကိုသက ရေတစ်ခွက်ဝယ်သော... တာနဲ့ ရေငတ်နေတဲ့ ကျွန်တော်လည်း တစ်ခွက်လိုက်သောက်တုန်း ခဏ... ကလေး သတိအလစ်မှာ အိုလေးက ပြတင်းပေါက်က မြင်နေရတဲ့ ... အဘွားကို အောက်ကနေ ထိုင်ရှိခိုးရင်းကနေ အော်ကြီးဟစ်ကျယ် ဖြစ်... တာပဲ။

"ဘွားရယ်... အိုလေး မနေခဲ့ချင်ပါဘူး ဘွားရဲ့ ပညာမတတ်... နေပါစေတော့ အိုလေး ပြန်လိုက်ခဲ့မယ်၊ အိုလေး ပြန်လိုက်မယ်..."

"မြေးလေး စိတ်ကိုထိန်းစမ်း... အနန္တော အနန္တ ငါးပါးကို မမေ့... ဘုရား တရား သံဃာကို မမေ့နဲ့၊ ရတနာသုံးပါး နေ့စဉ်ဝတ်ပြုပြီး... အမျှအတန်းဝေ..."

"ဟင့်အင်း... ဘွားရဲ့... အိုလေး ပြန်လိုက်ပါရစေ ဘွားရဲ့..."

"မြေးလေးဘဝရေ့ရေးအတွက် ဘွားနဲ့ ခဏခွဲရတာလေ... ဘွား... လည်း အားလုံးပြောဆိုပြီးခဲ့ပြီပဲ... မမိုက်စမ်းနဲ့..."

"အိုလေး ပြန်လိုက်ချင်တယ်... ပြန်ပဲလိုက်ချင်တယ်... ဘွားတ... တို့ရဲ့ ကယ်ပါဦး... ဘွားတင်တို့ရဲ့..."

အော်ငိုနေရင်းက ထင်မထားဘဲ အိုလေးက ရထားပေါ် အတင်း... တက်တယ်။ ကျွန်တော်တို့လည်း ကြောင်ပြီး ကြည့်နေမိတာပေါ့။ အော်... ဟစ်ကြတော့ အိုလေးက ရထားပေါ် ရောက်နေပြီ။ ကျွန်တော့်ကိုလည်း ကမန်းကတန်း အတင်းဆွဲကြရတယ်။ ရထားက ထွက်ခါနီးပြီ ဆိုတော့... ပိုဆိုးတာပေါ့...။ အိုလေးက ရှိသမျှအားနဲ့ အတင်းရုန်းတော့ ဒီလော... သန်မာတဲ့... တောင့်တင်းတဲ့... သူ့ခန္ဓာကိုယ်ရဲ့အားကို ကျွန်တော့်... လူဖလံလေးက ဘယ်နိုင်ပါ့မလဲ...။ ကျွန်တော်ဟာ ငါးရှဉ့်ကို ကပ်ထား...





ဗ်ိုးဟပ်လို လွင့်လွင့်ထွက်နေတာပေါ့...။ အဘွားကြီးတွေလည်း အတွန်းအထိုးခံရပေါ့ဗျာ...။ သူ့အစ်ကို ကိုသကတော့ နံဘေးနားက ရပ်ချည်းနေတာပဲ...။ လုံးဝ ဝင်မဆွဲဘူးဗျာ... အံ့ရော... ပြီးတော့ သူကတောင် မျက်ရည်ကျလိုက်သေးတယ်၊

နောက်ဆုံး မီးရထားဌာနက ဝန်ထမ်းတွေရော အကုန်ဝိုင်းဆွဲမှပဲ ရတော့တယ်။ ကျွန်တော်တို့လည်း အောက်အရောက် ရထားလည်း ဘီးအလိမ့်ပဲ...။ မောလိုက်တာ ကိုယ့်ဆရာရယ်...။ လူ့ကို ဟပ်ထိုးရော...။ ဒီကြားထဲ ဆွဲကြ လွဲကြတုန်းက ဘယ်သူ့ဘာနဲ့ ထိမိလည်း မသိပါဘူးဗျာ...။ နှုတ်ခမ်းဖူးသွားပြီး ဘုလုံးကြီးထ,လာလို့ ဂဠုန်နှုတ်သီးကြီးကျန်ခဲ့တယ်။ လူတွေက ဝိုင်းကြည့်ကြတော့ မောလည်း မော... ရှက်လည်း ရှက်ပေါ့လေ...။ ဒီတော့ ကျွန်တော်လည်း အော်မိရော...။

"နင် ဘာတွေလျှောက်လုပ်နေတာလဲ မိအိုလေး... ဟင်... ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုကို ဘာဖြစ်လို့ အရူးထရတာလဲ၊ ခုချိန်ကျမှ နင် တက်လိုက်သွားရင် နင့်ရွာကို မရောက်ဘဲနဲ့ နင်တို့အားလုံး အချုပ်ထဲ ရောက်ကုန်မှာပေါ့၊ နင်က တော်တော်ဒုက္ခပေးချင်တယ်ပေါ့လေ... ဟုတ်လား... အားလုံး အဖမ်းခံရမယ့်ကိန်းဆိုက်အောင် လုပ်နေတာပေါ့လေ... ဟင်... ဟုတ်လား..."

အိုလေးက ဘူတာကြီးပလက်ဖောင်းမှာ ငုတ်တုတ်ထိုင်ရင်း ငိုလို့... အော်ကျယ်ဟစ်ကျယ်ဆူနေတဲ့ ကျွန်တော့်ကိုလည်း လူတွေက ဝိုင်းကြည့်ကြလို့ပေါ့လေ...။ ကြည့်ပစေတော့ မတတ်နိုင်တော့ဘူး...။ အရှက်က ကွဲပြီးပြီ မဟုတ်လား...။ ကိုသကိုကြည့်တော့ သူကလည်း လက်သီးတဆုပ်ဆုပ် အံတကြိတ်ကြိတ်နဲ့... သူ့ပါ ပြန်မလိုက်ရလို့ ဒေါသဖြစ်နေတာလား...



www.burmeseclassic.com

www.burmeseclassic.com



သူ့ညီမကို ကျွန်တော်က အော်ဟစ်ဆူလို့ပဲလားတော့ မသိဘူး။ ဘာပဲ ဖြစ်ဖြစ် ကျွန်တော်ကတော့ ဆူစရာရှိတာကို ဆူရမှာပဲလေ…။

"အိမ်မှာလည်း သေသေချာချာ ပြောပြီးသား၊ အေးအေးဆေးဆေး ပြန်တဲ့သူက ပြန်ရမယ့်ဟာကို… အခုတော့ ပြန်တဲ့လူလည်း စိတ်ကောင်း ပါ့မလား၊ နင်တက်လိုက်ရင် ဒီထက်ဆိုးဦးမယ်၊ ရွာမရောက်ဘဲ အချုပ်ထဲ တန်းရောက်မှာ၊ လက်မှတ်မပါဘဲ စီးလို့ရတဲ့ ရထား ကမ္ဘာမှာ မပေါ်သေး ဘူး သိလား… အဖမ်းခံရမှာကို ဘာအောက်မေ့နေလဲ မသိဘူး…"

"ညီလေး… ညီလေး… မင်းပြောတာ မှားနေတယ်ကွ၊ ရထား လက်မှတ်မပါလို့ရှိရင် အကျိုးအကြောင်းကို ပထမ မေးမြန်းပြီးတော့ သာမန်ရထားလက်မှတ် မေ့ကျန်တာ ပျောက်တာဆိုရင် ဒဏ်ပဲရိုက်တယ် မဖမ်းပါဘူးကွ… ပြီးတော့ ရထားလက်မှတ်ပါတဲ့သူတွေကို ဘာမှ မလုပ် ပါဘူးကွ…"

ကျွန်တော့်ကို ဘူတာမှာ ရပ်ကြည့်နေတဲ့ထဲက ရထားဝန်ထမ်းတစ် ယောက်က ဝင်ပြောတာပါ။ ကဲ… ကိုယ့်ဆရာ စဉ်းစားကြည့်ဦး… ဒီမှာ ဆုံးမနေတဲ့ကိစ္စကို… ဆုံးမတာပဲ ဟိုဟာစည်းကမ်း ဒီဟာစည်းကမ်းနဲ့ ညီ နေစရာလိုလို့လား…။ ဆုံးမတယ်ဆိုတာ ထင်ရာပြောတဲ့ ကိစ္စပဲဟာကို…

"ဟောဗျာ… ဦးလေးက တမျောင့်… ဒီမှာ ဆူနေတာပဲဗျာ… ရထားဥပဒေနဲ့ ညီစရာမလိုပါဘူး နေပါဗျာ…"

"သတ်လိုက်ပါ အစ်ကိုရယ်… အိုလေးကိုပဲ သတ်လိုက်ပါ…"

"အေး… နင့်ကို သတ်ရင်တောင်မှ စည်းကမ်းနဲ့အညီ သတ်ရမယ် ဖြစ်နေတယ်ဟေ့… အေး… ငါကလည်း အဲဒီလိုမသတ်တတ်ဘူး၊ အဲ တော့ နင်လည်း တိတ်လိုက်… ငါလည်း တော်ပြီ…"





ကျွန်တော်လည်း ဆက်ဆူမနေတော့ဘဲ ဘူတာကြီးစင်္ကြံကနေ ထွက် ခဲ့တယ်။ ကျွန်တော် အပြင်ကိုရောက်ပြီး ခဏကြာတော့မှ သူတို့မောင်နှမ လိုက်လာကြတယ်။

ကျွန်တော်လည်း ဘာမှပြောမနေတော့ဘဲ ဘူတာကြီးကနေ လမ်း လျှောက်ပြီး ထွက်လာခဲ့တယ်။ သူတို့မောင်နှမနှစ်ယောက်ကတော့ နောက် ကနေ ဘာတွေပြောပြီး လိုက်လာနေကြလဲ မသိဘူး။ ကျွန်တော်လည်း သူတို့နဲ့ယှဉ်ပြီး မလျှောက်ချင်တော့တာနဲ့ ကိုယ့်ဘာသာပဲ ရှေ့ကနေ သူတို့ ရက်ခြေမပြတ်ရုံလောက်လေး ထိန်းပြီး လျှောက်လာခဲ့တယ်။ လူလည်း စိတ်ဓာတ်ကျနေပြီဗျာ…။ ကျွန်တော့်မှာ အရင်တုန်းကရှိခဲ့တဲ့ ပျော်ရွှင်မှု ကလေးတွေ ဘယ်ရောက်လို့ ရောက်ကုန်မှန်းကို မသိတော့ဘူး။ သူတို့ မြို့အဘွားတွေ ရောက်မလာခင်တုန်းကဆို ကျွန်တော့်ဘာသာ စိတ်ကူး ယဉ်ချင်ရာ ယဉ်မယ်… ပြီးရင် မိုးကို ဖြည်းဖြည်းကလေး ချစ်နေမယ်။ ပြီးတော့ မိုးကိုချစ်တဲ့စိတ်နဲ့ သဘာဝတရားကြီးထဲက တစ်ခုခုသွားဆုံလို့ ရှိရင် 'ကဗျာ' တစ်ပုဒ် ရချင်ရမယ်။ ဝတ္ထုသွားကလေး တစ်ပုဒ် ရချင် ရမယ်။ အဲဒါကို ကျွန်တော်ဖွဲ့နွဲ့မယ်။ အခုတော့ ဘာတွေဖြစ်ကုန်မှန်းကို မသိတော့ဘူး။ ကျွန်တော် ကဗျာတွေ ဝတ္ထုတွေ မရေးဖြစ်တာကိုပဲ ကြည့် ပါလား။

ကျွန်တော် သမ္မတရုံရှေ့က ဆူးလေဂုံးတံတားကြီးအတိုင်း လျှောက် လာခဲ့တယ်။ အိမ်ကတီဗွီ Remove ပြုတ်ကျတာ ခလုတ်ကျိုးသွားလို့ ဘားလမ်းမှာသွားပြီး Remove အသစ်တစ်ခု ဝယ်ရဦးမယ်။ ဂျပန်ဖြစ် တာတဲ့ ဒိုစက်တွေ ဝယ်မိတဲ့ ဒုက္ခ ဆိုပါတော့ရှလ…။ ဆူးလေဂုံးကဆင်း လာပြီး ဗိုလ်ချုပ်လမ်းအတိုင်း ဘားလမ်းဘက်ကို ဆင်းလာခဲ့တယ်…။



www.burmeseclassic.com

www.burmeseclassic.com



ဘားလမ်းထဲမှာ ကျွန်တော် အပေါ်စက်ဝယ်ထားတဲ့ဆိုင် ရှိတယ်လေ... ခဏခဏ လာရလွန်းလို့ တော်တော်တောင် ရင်းနှီးနေပြီ။ TV စဝယ် နေ့က အဲဒီဆိုင်က ကုလားလေးပြောတဲ့ စကားက မှန်ပါတယ်။

“အစ်ကိုနော်... ကျွန်တော်တို့ ညီအစ်ကိုလို သဘောထားတယ် နောင်ကျရင်နော် ဆွေမျိုးလို ဖြစ်သွားမယ်...” တဲ့။

အခုတော့ ဆွေမျိုးလိုဖြစ်နေပြီ ဆိုပါတော့လေ...။ ဗိုလ်ချုပ်လမ်း ပေါ်ရောက်တော့ လူနည်းနည်းစိပ်လာတာနဲ့ သူတို့မောင်နှမနှစ်ယောက်နဲ့ အတူတူပဲ လျှောက်လာခဲ့ပါတယ်။ ကျွန်တော့်ဆိုင်က အနော်ရထာလမ်းမနဲ့ ဘားလမ်းထောင့်မှာ ဆိုတော့ တစ်ဘလောက်ဖြတ်လျှောက်လာရတယ်။ အနော်ရထာလမ်းထိပ်ရောက်တော့ ကျွန်တော် TV ဝယ်တဲ့ဆိုင်က မရှိ တော့ဘူး။ သူ့နေရာမှာ TV အခွေတွေ CD အချပ်တွေရောင်းတဲ့ဆိုင်က ရောက်နေတယ်။ စုံစမ်းတော့လည်း မသိတော့ဘူး။ ဒါနဲ့ စိတ်ညစ်ပြီး တွေ့တဲ့ဆိုင်မှာပဲ ဝယ်တော့မယ်လို့ တွေးပြီး ဆက်လျှောက်တော့ ကိုသက လှမ်းမေးတယ်။

“တူကြီးရေ မပြန်သေးဘူးလား...”

“Remove ဝယ်ပြီးရင် ပြန်မှာ ခဏလေး...”

ကိုသက Remove လို့ ပြောတာကို နားလည်လား... မလည် ဘူးလားတော့ မသိဘူး...။

နောက်ကနေ ခပ်တည်တည်နဲ့တော့ လိုက်လာတာပဲ...။ လမ်းဘေး မှာ မှန်ပုံးနဲ့ရောင်းနေတဲ့ Remove တွေကိုတော့ တွေ့တယ်။ ဒါပေမဲ့ အချဉ်မိမှာလည်း ကြောက်ရတော့ စွတ်မဝယ်ရဲဘူး။ နည်းနည်းပါးပါးတော့ လေ့လာရဦးမှာမို့ ခပ်လှမ်းလှမ်းကပဲ လျှောက်လာနေတုန်း ဘားလမ်းထိပ်







...တိုင်ရောက်တော့ တချို့ဈေးသည်တွေ ဖျတ်ခနဲ ဖျတ်ခနဲ ဈေးဗန်းတွေ ...ကောက်မပြီး ‘ဖမ်းတယ်...’ ‘ဖမ်းတယ်...’ ဆိုတဲ့ အသံနဲ့အတူ လစ်ကြ ...တာ...။ ကျွန်တော်လည်း ကိုယ့်ရှေ့မှာတစ်ခါမှ ဖမ်းတာ မကြုံဖူးတော့ ...ငေးကြည့်နေတုန်း ‘၃၅ အစိမ်းရောင်... အစိမ်းရောင် ၃၅...” သာကေတ ...င်နာကားတစ်စင်းကလည်း ဘားလမ်းမှတ်တိုင်ထဲကို ထိုးစိုက်ပြီး စပယ် ...ယာက အတင်းကြုံးအော် လူတွေရှုပ်ယှက်ခတ်နေတုန်းမှာ...

“တူကြီးရေ... အစိမ်းရောင်တဲ့... ပြေး... ပြေး... အစိမ်းရောင် တဲ့... ပြေး... ပြေး... ဖမ်းနေတယ် ပြေး...”

အော်သံနက်ကြီးကြောင့် ကျွန်တော့်လှည့်ကြည့်တော့ ကိုသက သူ့ ညီမရဲ့လက်ကိုဆွဲရင်း ကြုံးအော်ပြီး ထွက်ပြေးတာကို တွေ့ရတော့ ကျွန်တော် နားမလည်နိုင်ဘူး...။

“ကိုသ... ကိုသ... ဘာလုပ်တာလဲ... ဘာလုပ်တာလဲ...”

“တူကြီးရေ... ပြေးပြေး... အစိမ်းရောင်တဲ့... ပြေး... ဖမ်းတယ် တဲ့... ပြေး...”

“ကျွန်မအစ်ကိုကို မဖမ်းကြပါနဲ့... မဖမ်းကြပါနဲ့... ကိုသ... ကိုသ... ပြေး...”

လူတွေ ဝရုန်းသုန်းကားတွေကို ဖြစ်ကုန်တာ ကိုယ့်ဆရာရေ... ...လူအုပ်ကြားထဲမှာ အိုလေးက ကျန်ရစ်ခဲ့ပြီး ကိုသက လူတွေကြားထဲက ...တိုးထွက်ပြီး အနော်ရထာလမ်းအတိုင်း ကားတွေကြားထဲ တိုးဝင်ပြီး ဖွတ် ...ပြေးတော့တာ ကိုယ့်ဆရာရေ...။ လမ်းဘေးဈေးသည်ဖမ်းတဲ့ စည်ပင် ...ဖွဲ့လည်း ကြောင်ပြီးတော့ ကိုသကို ငေးနေကြတယ်။ ဘာဖြစ်တယ်ဆို ...တာ သူတို့လည်း ကျွန်တော့်လိုပဲ နားမလည်ကြဘူး...။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအစ်ကိုကို မဖမ်းကြပါနဲ့... ကျွန်မအစ်ကိုကို မဖမ်းကြပါနဲ့..."

"ဟဲ့... တိတ်စမ်း... နင့်အစ်ကိုကို ဘာဖြစ်လို့ ဖမ်းရမှာလဲ၊ ဘာတွေအော်နေတာလဲ..."

"ကိုသကို ဖမ်းတာ မဟုတ်ဘူးလား..."

"နင့်အစ်ကိုကို ဘာဖြစ်လို့ ဖမ်းရမှာလဲ၊ သူတို့ဖမ်းတာက လမ်းဘေးဈေးရောင်းတဲ့ လူတွေကို ဖမ်းတာပဲ၊ ကိုသနဲ့ ဘာဆိုင်လို့လဲ... တောက်... ဟိုတစ်ယောက်ကလည်း ဘာမသိ ညာမသိနဲ့ ဘယ်ဘက်ကို ပြေးလည်း မသိဘူး..."

ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ ကိုသပြေးတဲ့ဘက်ကို လိုက်ကြည့်တော့ လူတွေ ငေးနေတာကိုပဲ တွေ့ရတော့တယ်။ လူတွေကြည့်တဲ့ဘက်အရ ဆိုရင်တော့ ဆူးလေဘုရားဘက်ကို ပြေးတာပဲ။

"ဟော့ကောင်... ပြေးသွားတာ မင်းတို့လူလား... ဘာကိစ္စ ပြေးတာလဲ..."

ကျွန်တော်တို့နှစ်ယောက်ကို လည်သာပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်ထားတဲ့လူတစ်ယောက်က လာမေးတယ်။ သူမေးပုံက တော်တော်လေသံမာတာခင်ဗျ...။

"ဟ... ဘယ်သိမလဲဗျ၊ လမ်းဘေးဈေးသည်ကို ဖမ်းတာ လန့်ပြီး ထွက်ပြေးတာပဲ၊ ကျွန်တော်လည်း ဘယ်သိမလဲ..."

"ဟာ... လမ်းဘေးဈေးသည်ဖမ်းတာ သူနဲ့ ဘာဆိုင်လို့လဲ..."

"ဘာမှပြောစရာမလိုဘူး... မသင်္ကာဘူးကွာ... လိုက်ခဲ့..."

"အာ... ဘယ်လိုက်ခဲ့ရမှာလဲ..."





"စခန်းကို..."

"ဟာ... စခန်းတော့ မလိုက်ပါရစေနဲ့ဗျာ၊ သူတို့က တောကပါ ရန်ကုန်ရောက်တာ သိပ်မကြာသေးဘူး၊ ဘာမှန်းမသိဘဲ လန့်ပြီး ပြေးမိပြေးရာ ပြေးတာပါ၊ သူ့လိုက်ရှာမှာ ဖြစ်မှာ... ကျွန်တော်မပါရင် ဘယ်မှ သွားတတ်မှာ မဟုတ်ဘူး..."

"ဟုတ်တယ်ဗျ... ကျုပ်တို့က လမ်းဘေးဈေးသည်ဖမ်းတာကို အစိမ်းရောင်... အစိမ်းရောင်... ဖမ်းတယ်... ဆိုပြီး ထွက်ပြေးတာပဲ၊ ဒီကောင်မလေးကို ဆွဲပြေးတာ... လူကြားထဲဆိုတော့ ညှပ်ကျန်ခဲ့လို့ပေါ့... စိတ်မှ နှံ့ရဲ့လား မသိပါဘူး..."

"အမယ်... ဘာစိတ်မနှံ့ရမှာလဲ၊ ကျွန်မအစ်ကိုက ဆရာတော်ဘုရားဆီမှာ လိပ်ပြာချုပ်လုပ်ထားတာ..."

"ကဲ... တော်ပါတော့... အိုလေးရာ... လာ... လာ... နင့်အစ်ကို ညာရှိကို လိုက်ရှာရဦးမယ် လာ..."

ကျွန်တော်လည်း အိုလေးလက်ကို ယောင်ပြီး ဆွဲထွက်လာခဲ့တာ ဆူးလေဘုရားကို ကွေ့လိုက်တော့မှပဲ သတိရမိတော့တယ်။ နောက်မှာတော့ လူတွေ ဘယ်လိုထင်ကျန်ခဲ့တယ် မသိဘူး။ ကျွန်တော့်တစ်ကိုယ်လုံးတော့ ချွေးတွေရွှဲနေပြီ။ 'လူတစ်ယောက်ပြေးသွားတာ မြင်လား' ဆိုပြီး မေးလိုက်တော့ နောက်ဆုံးလူပြောတော့ ဘုရားပေါ်ပြေးတက်သွားတာ တွေ့တယ် ဆိုတာနဲ့ ဘုရားပေါ်တက်ခဲ့ရတယ်။

ဘုရားပေါ်ရောက်တော့ ဟိုလူ ဒီလူလျှောက်မေးတော့ ခုနက လူတစ်ယောက်ပြေးတက်လာတာတော့ တွေ့တယ်တဲ့...။ သူ့နောက်ကလည်း သုံးလေးယောက် ပြေးလိုက်လာတာ တွေ့တယ်ဆိုတော့... ဘာတွေများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်ပြီလဲ ဆိုပြီး အဲဒီလူပြတဲ့ဘက်ကို လိုက်တော့ ဆူးလေဂေါပ
ရုံးခန်းရှေ့မှာ လူတွေ စုရုံးစုရုံးနဲ့တွေ့ရတော့ သေချာပြီလို့ ဟင်းချရတယ်
ပြဿနာကတော့ ရှင်းရတော့မှာပေါ့လေ...။

အဲဒီအချိန်မှာ ခုနကတုန်းက သတိရလို့ လွှတ်ချထားတဲ့ အိုလေး
လက်က ကျွန်တော့်လက်ကို ဘယ်တုန်းက ကိုင်ထားလိုက်မှန်း မသိ
ခင်ဗျ။ ကျွန်တော်က ကိုင်ထားတာ မဟုတ်တော့ ဘယ်လိုလုပ် လွှတ်ချ
ရမလဲ။ အဲဒီလက်ကိစ္စကိုလည်း စဉ်းစားမနေနိုင်ပါဘူး။ ဂေါပကရုံးခန်
ထဲမှာ ကိုသကို တွေ့ရပြီ မဟုတ်လား...။

ကိုသဖြစ်သွားပုံကို အကျိုးသင့် အကြောင်းသင့် ရှင်းပြရတယ်
နောက်ကနေ လိုက်တဲ့သူရှိတော့ ကိုသလည်း ပိုကြောက်ပြီး စွတ်ပြေးတ
ပေါ့။ တော်ပါသေးရဲ့ ဘုရားပေါ်တက်ပြေးမိတာ မောင်မင်းကြီးသားကို
ကျေးဇူးတင်ရမလို ဖြစ်နေတာ...။

"နေစမ်းပါဦး... စည်ပင်က လမ်းဘေးဈေးသည်ကို ဖမ်းတာနဲ့ ကိုသ
ဘာဖြစ်လို့ ထွက်ပြေးရတာလဲ..."

"ပြေးမှာပေါ့ကွ... အစိမ်းရောင်... အစိမ်းရောင်လို့အော်တာ မ
ဘူးလား၊ ကားကြီးထိုးရပ်တဲ့ ကိစ္စကို... တူကြီးကလည်း..."

"အစိမ်းရောင်က သာကေတကို သူ့ဘာသာခေါ်တာ ကိုသနဲ့ ဘ
ဆိုင်လို့လဲ..."

"ဆိုင်တာပေါ့ကွ... ရန်ကုန်မြို့ထဲမှာ မသွားသင့်တဲ့နေရာက
သွားရင် ဖမ်းတယ်၊ ပြီးတော့ အစိမ်းရောင်တို့ အနီရောင်တို့အော်ပြီး ကာ
ထိုးရပ်ရင် ပြေး... မပြေးရင် ကားနဲ့ တင်ဖမ်းတယ်လို့ အေးသောင်
ကျော်စိုးတို့က ငါ့ကို မှာထားတာပဲ၊ ငါက မင်းတို့တောင် အဖမ်းခံနေကြ
ပြီ ထင်နေတာ..."



"အစ်ကို ဟုတ်လို့လားဟင်..."

ကိုသရဲ့စကားဆုံးတော့ ကျွန်တော့်လက်ကို ဆွဲခါပြီး မေးတဲ့ အိုလေး
ကြောင့် ကျွန်တော် အသိဝင်လာတယ်။ အိုလေးလက်ထဲက ကျွန်တော့်
လက်ကို ပြန်ချွတ်ရတယ်။ ဒီတော့မှ အိုလေးလည်း တော်တော်ရှက်သွားပုံ
တယ်။ ကိုင်ထားတုန်းကတော့ သူလည်း ဘာလုပ်လို့ လုပ်မိတာလို့
အင်မှာမဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်။ ဒီတော့ နှစ်ယောက်နား
လည်မှုလို့ သဘောထားပြီး ဘာမှ ပြောမနေတော့ဘူး။ အေးသောင်နဲ့
ကျော်စိုးတို့ ကြပ်လိုက်တာကို ကျွန်တော်သဘောပေါက်ပြီး ဒီကောင်တွေကို
တော်တော်လေးကို ဒေါကန်သွားတယ်။ မလုပ်သင့်တာကို လုပ်လိုက်တာ
လို့လည်း ယူဆတယ်။ ဒီကောင်တွေကို သတိပေးဖို့နဲ့ စာရင်းရှင်းဖို့လည်း
ဆုံးဖြတ်ထားလိုက်တယ်။

လောလောဆယ်တော့ ရှင်းပြသင့်တာကို ရှင်းပြ၊ တောင်းပန်သင့်
တာကို တောင်းပန်ရတယ်။ ကိုသရဲ့ပုံစံကိုကြည့်ပြီး အားလုံးလည်း သဘော
ပေါက်သွားကြပါတယ်။

"ဘုရားပေါ် တက်ပြေးတာရယ်... ကျွန်တော်တို့နဲ့ တွေ့တာရယ်...
တော်သေးတယ်၊ နောက်ကလိုက်တဲ့ လူအုပ် ဒီထက်များလာရင် တစ်
ယောက်တစ်လှည့် ဆွမ်းကြီးလောင်းနဲ့ မိသွားလို့ကတော့ သွားပြီ..."

"ဟုတ်ပါတယ် အစ်ကိုရာ... ကျေးဇူးတင်ပါတယ်..."

"အေး... ငါတို့ကလည်း ဘုရားပေါ်မှာတော့ ရုတ်ရုတ်နဲ့ ထိုးလား
ကြိတ်လား အဖြစ်မခံဘူးလေ... မင်းကောင် ကံကောင်းတာပေါ့၊ ငါတို့
အချိန်မီထိန်းနိုင်လို့..."

"ဟုတ်ပါတယ် ဘကြီးရယ်... ကျေးဇူးပါပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး… အေး… ဘုရားဝေယျာဝစ္စအတွက် အလှူငွေကလေးတော့ ထည့်သွားကြကွာ…"

"ဟုတ်ကဲ့ပါ ဘကြီး…"

ဂေါပကရုံးခန်းက ထွက်တော့ ကျွန်တော် အရမ်းပင်ပန်းနေပြီး တစ်နေရာမှာ အေးအေးဆေးဆေးလည်း နားချင်နေတယ်။

"ဟုတ်ကဲ့… မြတ်စွာဘုရားရဲ့ တရားဂုဏ်တော်မြတ်များကို ရည်မှန်းလို့ ကိုရဲဝင်းနဲ့ မအိုလေးမိသားစုက အလှူတော်ငွေ နှစ်ရာကျပ်ပါတဲ့၊ နှစ်ရာကျပ်တိတိကို ပုပ္ပ မုံ့စ္စ ပရ စေတနာသုံးတန်ပြဋ္ဌာန်းလို့ လှူတန်းသွားပါတယ်၊ ကျန်းမာထိပေါက် နိဗ္ဗာန်ရောက်နိုင်ကြပါစေခင်ဗျာ…"

"ဟယ်… ဘကြီး ဂေါပကတို့ကလည်း ဘာတွေအော်မှန်းလည်း မသိဘူး… ဒုက္ခပါပဲ…"

ကျွန်တော် ဘာမှပြောချင်စိတ် မရှိတော့… ကျွန်တော်က လှူတော့ ဟိုက နာမည်မေးလိုက်ပုံ ရပါတယ်။ ဘယ်သူဖြေတယ် ဆိုတာ သတိတောင် မထားမိတော့ဘူးဗျာ။ အဲဒီအချိန်မှာ ကိုသနောက်ကို လိုက်တဲ့ သုံးယောက်ကလည်း လက်ဖက်ရည်ဖိုး တောင်းနေတာနဲ့…။

အိုလေးက ကျွန်တော့်ကို ရှက်ရှက်နဲ့ ကြည့်ရင်းနဲ့ ခွင့်တောင်းပါတယ်။

"အစ်ကို… ဘုရား ခဏဖူးရအောင်နော်… ရောက်နေမှပဲ…"

ကျွန်တော့်ရှေ့မှာ တွေ့တဲ့ တန်ဆောင်းထဲ ဝင်ပြီး အားရပါးရ ထိုင်ချပစ်လိုက်တယ်။ ဒီနေ့ကို ကျွန်တော် မပိုင်တော့ဘူးဆိုတာ နားလည်လိုက်တယ် ကိုယ့်ဆရာရယ်…။

❑





## နှစ်နာရီကျော်မှာ ကျတဲ့ မျက်ရည်…

အဲဒီနေ့က ကျွန်တော်တို့အိမ်မှာ ဘုန်းကြီးငါးပါး ပင့်ပြီး အာရုံဆွမ်းကပ်ဖို့ အုန်းနို့ခေါက်ဆွဲ ချက်ကြ ပြုတ်ကြပါတယ်။ ကပ်တာကတော့ မားသားကြီး သူ့ဘာသာ အကွက်ဆင်တာလား… ထွင်တာလား… တစ်ခုခုပါပဲ။ ကျွန်တော်တို့တွေကလည်း ပိုက်ဆံကလေးနည်းနည်းရှိရင် အလှူသုပ်ချင်တာက အရင်ပါ။ ဒါနကိစ္စထက် အကြောင်းကြောင့် မဆုံဖြစ်တဲ့ သူတွေဆုံကြဖို့က အဓိကကိစ္စ ထင်ပါရဲ့။ အခုလည်း အလှူဆိုတော့ ကျွန်တော်တို့အမျိုးထဲက ရောက်သင့်တဲ့သူတွေ ရောက်ကြတယ်ပေါ့လေ…။

ဘွားမယ်တို့ ပြန်သွားကာစက အိုလေးကို တမှိုင်မှိုင်တတွေတွေနဲ့ တွေ့တတ်တယ်။ အမေကတော့ အနားကပ်ပြီး မိန်းမဘာဝ ဘာတွေပြောလဲ ချော့လဲတော့ မသိဘူး။ တပူးတွဲတွဲနဲ့ကတော့ အရင်ကထက်ဖြစ်လာတာ ကျိန်းသေတယ်။ မနက်မိုးလင်း ဈေးသွားအတူတူ၊ ချက်ပြုတ်ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



မားသားကြီးက တုံးလုံးလုံ၊ သူက ဂုတ်ကြော်ဆွဲ၊ ညနေ ထမင်းထော ဘာတွေချက်… ထမင်းစားပြီးရင် TV ရှေ့မှာ နှစ်ယောက်တွဲ လက်ဖက် ကလေးတစ်ပွဲနဲ့ ပဲကြမ်းသုပ်ကလေးတစ်ပွဲနဲ့… မအိပ်ခင် ဆေးပေါ်မ်… အိပ်… နောက်တစ်နေ့ ဒီပုံစံချည်းပဲ…။ မားသားကြီး ဘယ်လိုဘယ်ဝုံ ဆေးကုလိုက်သလဲ မသိဘူး။ ၁၀ ရက်လောက်နေတော့ အိုလေး ရယ်ရယ် မောမော ပြန်ဖြစ်လာတယ်။ 'နွေဦးယံ xx အဖူး xx အခက် xx သီ' တွေ ဘာတွေဖြစ်လာတယ်။

ကျွန်တော်ကတော့ လကုန်ရင် ကျောင်းပြန်ဖွင့်တော့မှာမို့ Course ပြတ်တော့မယ့် TOFEL သင်တန်းအတွက် ဂရုစိုက်နေရတယ်။ သင်တန်း ပြီးသွားရင် ရင်းနှီးပြီးသားစာတွေ ကိုယ်နဲ့ ဝေးမသွားဖို့အတွက်ကလည်း သူငယ်ချင်းတွေနဲ့ တွေ့တွေ့နေဖို့က စီစဉ်ရသေးတယ်။ TOFEL သင်တန်း ကို ကျွန်တော်နဲ့တွဲနေတဲ့ တက္ကသိုလ်က ကျောင်းသားသူငယ်ချင်းတွေ တစ်ယောက်မှ မတက်ကြတော့ TOFEL က သူငယ်ချင်းအသစ်တွေ ဆို ပါတော့…။ အဲဒီသူငယ်ချင်းတွေကိုပဲ ဖိတ်လိုက်တော့တယ်။

မနက်မိုးလင်းတာနဲ့ သူ့ခါးကျော်ကျော်ရှည်တဲ့ ဆံပင်တွေကို အုန်း ဆီတွေ ရွှဲနေအောင်ထည့်… ကျစ်ဆံမြီးကြီးတစ်ချောင်း ခိုင်ခိုင်ကြီးကျစ်ပြီး တော့ ကြိမ်ခြင်းတောင်းကြီးကိုဆွဲပြီး အမေနဲ့ ဈေးအတူတူသွား၊ ပြန်လာ ကတည်းက ကြက်သားကိုင်၊ ငါးကိုင်၊ ဘဲဥပြုတ်၊ ရေတပ်သီးထောင်း ကြက်သွန်နွှာ… စတဲ့ အုန်းနို့ခေါက်ဆွဲ ချက်ဖို့အတွက်ရယ်… အိမ်ကို ဝိုင်းလုပ်ဝိုင်းစားဖို့ရောက်လာကြတဲ့ ဆွေမျိုးတွေ စားဖို့ရယ်… အားလုံးကို ချက်လိုက် ပြုတ်လိုက်… ဆေးလိုက် ကြောလိုက်တာ အိုလေးတို့ ပြော မနေနဲ့တော့…။





"ဟယ်… အိုလေးပြောတာ တကယ်ဟေ… ဒီမှာ လာကြည့်ကြ စမ်း… ကြက်သားကို အရိုးတခြား အသားတခြားလုပ်ထားတာ လာကြည့် ကြစမ်း…"

မားသားကြီးရဲ့ တအံ့တသြအော်သံဆုံးတော့ ဘာအလုပ်မှ ဟုတ်တိ ပတ်တိမလုပ်ဘဲ ဟိုဟာလိုလို ဒီဟာလိုလိုလုပ်ပြီး အိမ်ရှေ့မှာ မဂ္ဂဇင်းလှန်ပြီး မင်းသား မင်းသမီးအတင်းပြောနေကြတဲ့ ကျွန်တော့်တူမတစ်အုပ် အလုပ် တစ်ခုကို လုပ်သလို အလုအယက် ပြေးဝင်သွားကြတယ်။ မားသားကြီးက ဒိုးထဲက ကြက်သားဖတ်တွေကို စိန်ပွင့်တစ်ပွင့်ကို ကိုင်ပြသလို ဂုဏ်ယူ ဝင့်ကြွားပြီး ကိုင်ပြလို့…။ ကျွန်တော့်တူမတွေကလည်း တစ်ယောက်ကို တစ်တုံးစီလောက် ကောက်ကိုင်ပြီးတော့…

"ဟယ်… ဟုတ်ပါရဲ့… အသား တွေချည်းပဲနော်…"

"ကြည့်ပါဦး… အရိုးမှာ အသားဆိုလို့ ကပ်နေတာ တစ်စက်မှကို မရှိတာ…"

"အမလေးဟယ်… ဘယ်လိုလုပ်လိုက်တာလဲဟင် ညီမလေး…"

"သမီးတို့ကို ရှေ့မှာ တစ်ကောင်လောက် ကိုင်ပြပါလားဟင်…"

တို့ ဝိုင်းပြီး အသည်းအသန်လုပ်ကြတော့တာပေါ့…။

အဲဒါကို ဘာမှမသိတဲ့ အိုလေးခမျာတော့ ဝိုင်းချီးကျူးတာကို ရှက် လည်းရှက် ဂုဏ်ယူရမှာလည်း အခက်နဲ့ သူဖြစ်နေတဲ့မျက်နှာကို ကြည့်ပြီး ကျွန်တော့်တူမတွေကို ကျွန်တော် ဒေါကန်လာတယ်။ အလကားပါဗျာ… ကျွန်တော့်တူမတွေက တစ်ယောက်မှ လက်ကြောတင်းတာ မပါဘူး…။ ဒီအရွယ်အထိ အဓိပ္ပာယ်ရှိတာဆိုလို့လည်း တစ်ခုမှ လုပ်ဖူးကြတာတွေ မဟုတ်ဘူး…။ အခုပဲ ကြည့်ပါလား… အိုလေးကို လျှာဖျားလေးနဲ့ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ရင်း အချင်းချင်း မျက်စိက မှိတ်ပြလိုက်သေးတယ်။ ဟိုကတော့ မသိရှာပါဘူး။ ငတုံးမကြီး... ဘယ်သိမလဲ... သောက်သုံးမှ မကျတာ... သူ့ကြက်သားကိုပဲ အရိုးရအောင် ဖယ်ပြနေတယ်။

ကျွန်တော်ဆက်ကြည့်နေရင် တူမတွေကို ပိတ်ကန်မိမှာ စိုးတာနဲ့ အိမ်ကထွက်ဖို့ အိမ်ရှေ့ကိုရောက်လာတော့ မားသားကြီးက ကျွန်တော့် အဒေါ်နဲ့ စကားပြောနေတယ်။ မားသားကြီးရဲ့လက်က လေထဲကို ရောက် သွားလိုက်၊ ပြန်စုလိုက် တစ်ချောင်းတည်း ဆတ်တောက်ဆတ်တောက် ဖြစ်သွားလိုက်... လေထဲမှာ သုံးလေးစက္ကန့်လောက် ရပ်ထားလိုက်... ပြန် လှုပ်ရှားလိုက်နဲ့ မသိရင် ဝူရှူးကစားတာကျနေတာပဲ...။

"မီးဖိုချောင်ကတော့ လုံပြီပေါ့အေ... ဘွားမယ်တို့က လက်ထပ် ပြီးတော့ အပ်ကျမတ်ကျကို သင်ထားတာ၊ အမလေး... ညည်း... ငါ နိုင်းကြည့်ပြီးပြီ၊ ကဲ... ငါ့သည်းညည်းရယ်... နင့်တူသည်းညည်းရယ်... ခံနိုင်တယ်ဆိုရင်ပဲ နည်းသလား..."

"ဒီခေတ် ဒါမျိုးရှားသွားပြီ အစ်မ... ရန်ကုန်မှာတော့ အိမ်ထ ကောင်မတွေလို ထမင်းဆိုတာ ရေနဲ့ ပြုတ်ရတယ် ဆိုတာလောက်ပဲ သိ ကြတော့တာ၊ ကျွန်ကုလား မယားတောသူလေ အစ်မရဲ့..."

"ငါ နောက်ပိုင်း လက်လွှတ်လို့ ရပြီအေ... ငါလိုချင်တာလည် အဲဒါပဲ၊ အမလေး... အဲဒါကို နင့်တူက တစ်ချက်မှ မျက်နှာသာပေးထ မဟုတ်ဘူး၊ ငါကလည်း အခုကတည်းက ဒါမျိုးရှိထားတာ ကောင်းတယ ဆိုပြီး မသိချင်ယောင်ဆောင်နေတန် ဆောင်ပါတယ်..."

"သူ့ကိုလည်း နည်းနည်းပါးပါး နားသွင်းထားဦးလေ... ပြော ထားပြီးပြီလား..."





"တရားဝင်တော့ မပြောရသေးဘူးပေါ့အေ... ညည်းတူက သိတော့ သိမှာပေါ့၊ ဒီခေတ်လူငယ်ပဲဟာ ဘွားမယ်ကတော့ ဝမ်းသာရတာပေါ့အေ ဒီခေါ်လာတဲ့ ရည်ရွယ်ချက်မှာ အဲဒါလည်း ပါတာကိုး..."

အပြန်အလှန်စကားတွေကို ကြားပြီး ကျွန်တော် သက်ပြင်းချမိတယ်။ သူတို့ပြောတာကြား သူတို့လုပ်နေတာတွေ မြင်ပြီးမှ ကျွန်တော် အိုလေးကို ရေအောစိတ်ကလေး ဝင်လာတယ်။ ရိုးရိုးကြီးပြုံးတတ်တဲ့ သူ့အပြုံးကိုလည်း ရွတ်ခနဲ ပြန်မြင်တယ်။ ကျွန်တော် အိုလေးကို မချစ်ပါဘူး...။ ဒါပေမဲ့ ကျွန်တော် သူ့ဘက်က ရှိတယ်ဗျာ...။ မိန်းကလေးတစ်ယောက်ကို ဒါမျိုး ထပ်နေတာဟာ မတရားအနိုင်ကျင့်တာပဲ။ သက်သက်အမြတ်ထုတ်တာပဲ လို့ ကျွန်တော်ခံစားရတယ်။ ကျွန်တော် အိုလေးကို ပထမဦးဆုံးအကြိမ် သနားသွားတယ်။

လက်ဖက်ရည်ဆိုင်ကို ရောက်တော့ ကျွန်တော်ထိုင်နေကျ သူငယ် ချင်းတွေ မရှိပါဘူး။ လက်ဖက်ရည်ဆိုင်ရှေ့ကနေ ကိုသ ရေစည်လှည်းကို ဒုန်းဒုန်းနဲ့ တွန်းသွားရင်း ကျွန်တော့်ကိုတွေ့တော့ ဆိုင်ထဲဝင်လာတယ်။ ကျွန်တော်ငှဲ့ထားတဲ့ ရေနွေးကြမ်းခွက်ကို ကောက်သောက်ရင်း 'တူကြီး ငြိမယ် မဟုတ်လား...' ဒီတစ်စည်ပြီးရင် ပြီးပြီ...' တဲ့...။

ကိုသ ရေလှည်းတွန်းရင်း ထွက်သွားတော့ ကျွန်တော် သူတို့မောင်နှမ ယောက်နဲ့ ပတ်သက်ပြီးတော့ လေးလေးနက်နက်ကို စဉ်းစားမိတယ်။ ဘက်ဘက်ကပေါ့လေ...။ သူတို့ရောက်လာကာစက တောက ဆွေမျိုး လို့ ကျွန်တော်သိရတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ဝမ်းကွဲတွေပေါ့ ...။ နောက်တော့ ရပ်ဆွေရပ်မျိုးတဲ့...။ ဆွေရင်းမျိုးရင်း မဟုတ်ဘူး တော့...။ တကယ်လို့ မားသားကြီးက အိုလေးနဲ့ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



သဘောတူတယ်ဆိုရင် ကျွန်တော့်ကို တရားဝင် ဖွင့်ပြောထားသင့်တယ် အခုတော့ မားသားကြီးလုပ်ပုံက အားရအောင် အမြည်းစားပြီးမှ ငါးက သားပေး ဆိုတာလိုကြီး ဖြစ်နေတယ်။ ကဲ... အခုဆိုရင် ကျွန်တော့်ဘက် အိုလေးကို အတူနေမို့ သံယောဇဉ်တော့ ရှိပါတယ်။ ဒါပေမဲ့ ချစ်ဖို့ အိ ထောင်ပြုဖို့ကျတော့ လုံးဝမဖြစ်နိုင်ဘူး။ ကျွန်တော် မိုးကလွဲလို့ ဘယ်သ ကိုမှ မချစ်နိုင်ဘူး။ ဒီလိုဆိုတော့ အိုလေးဘက်က သွားရောပေါ့...။

တစ်နေ့ တစ်နေ့ လုပ်နေရတဲ့အလုပ်တွေ အားလုံးက စေတနာ လုပ်တာဆိုရင် ထားလိုက်တော့... ကျွန်တော်နဲ့ အိမ်ထောင်ကျရဖို့အတွ လှုတွေ့ပြနေရတာ ဆိုတာမျိုးဆိုရင်... ကျွန်တော် တော်တော်လေး စိတ်ညစ်သွားတယ် ကိုယ့်ဆရာရေ... မားသားကြီးက ကျွန်တော့်ကို တရား ဝင်ပြောထားတာ မဟုတ်လေတော့ ကိုယ်ကစပြီး မေးဖို့ကလည်း ခက် တယ်။ နောက်ပြီး မေးမှာက မကျေနပ်တဲ့ဘက်က မေးမှာဆိုတော့ ပြဿနာ နဲ့ တိုးနိုင်တယ်။ မားသားကြီးဖွင့်ပြောမှ ဆိုရင်လည်း ဟိုဘက်မှာက ဆပ်ထားရတာ တော်တော်အရင်းအနှီးများနေပြီ ဆိုတော့... ကျွန်တော ငြင်းလို့ မလွယ်တော့ဘူး။ အဟား... တော်တော်လေး အနေရကြပ်တဲ့ကိ ပါလား...။ ဒီကိစ္စကို စိတ်ထဲမှာ တရားဝင်ထည့်ထားပြီးတော့ ဖြေရှင်း အဓိကထား စဉ်းစားရလိမ့်မယ်။ ဒါ ပေါ့လို့ မရဘူး...။

ကျွန်တော် လက်ဖက်ရည်ဆိုင်က ပြန်သွားတော့ တစ်အုပ်လုံး စာ ထားကြတဲ့ပန်းကန်တွေကို အိုလေးက ဒိုင်ခံဆေးနေပြီ။ တူမတွေက အနား မှာ ဆက်ရက်ခုန်ခုန်ပြီး ကျီးကန်းအာ အာနေကြတယ်။ တစ်ချပ်မှတော့ မဆေးဘူး။ ကျွန်တော့်ရင်ထဲက တော်တော့်ကို အားနာတာပါ။ နဖူး ချွေးတွေကို အိုလေးက လက်ဖျံနဲ့ ပင့်သုတ်နေတယ်။ ပြီးတော့ ကျွန်တော့် လှည့်ကြည့်ရင်း မေးတယ်။



"အစ်ကို ထမင်းစားတော့မှာလား၊ ခူးထားလိုက်မယ်လေ..."

"နေပါစေတော့ အိုလေးရယ်... နင်လည်း ပင်ပန်းနေပြီ နားပါဦး"

"ဟာ... အစ်ကိုကလည်း ရပါတယ်၊ စားတော့မှာလား..."

"မဆာသေးပါဘူးဟာ... နင် နားဦး... နားဦး..."

ဒီတစ်ခါတော့ အိုလေးကို ရင်ထဲကအသံနဲ့ နှလုံးသားထဲက လာတဲ့ စကားကို လှိုက်လှိုက်လှဲလှဲကို ပြောမိတာပါ။ ကျွန်တော် အခန်းထဲဝင်ပြီး ခုတင်ပေါ်လှဲနေလိုက်တယ်။ ကျောင်းရယ်... မြန်မြန်ဖွင့်ပါတော့လို့လည်း တ,မိတယ်။ ကျွန်တော်နဲ့ မိုး ချစ်သူတွေဖြစ်ပြီးကြရင် မိုးကို အိမ်ကိုခေါ် လာပြီး မားသားကြီးနဲ့ မိတ်ဆက်ပေးလိုက်မယ်ဗျာ...။ ဒါဆို မားသားကြီး လည်း သဘောပေါက်ရောပေါ့...။ အင်း... ဒါဆို အိုလေးကရော... ဘယ်လိုခံစားရမလဲ...။

ကျွန်တော်ဟာ ဘာကိုမဆို သိပ်လွတ်လွတ်လပ်လပ်ကြီး လုပ်လို့ မရတော့ဘူး ဆိုတာကိုတော့ သဘောပေါက်ထားလိုက်ရတယ်။

"အစ်ကို... အစ်ကို့သူငယ်ချင်းတွေ လာနေတယ်..."

"သြော်... အေး... အေး... အစ်ကိုလာပြီ..."

ဒေးဗစ်ရယ်... ဝဏ္ဏရယ်... သယ်မာရယ် ရောက်လာကြတယ်။ TOFEL ကျောင်းကပါ... ကျွန်တော်ဖိတ်ထားတာ... အိုလေးက ရေနွေး အိုး လာချပေးတော့ သယ်မာက...

"မင်းရဲ့ဇာတ်လမ်းထဲက မင်းသမီးက သူလား..." လို့ ကျွန်တော့်ကို အင်္ဂလိပ်လို လှမ်းမေးတယ်။

"မင်း အင်္ဂလန်ရောက်ရင် စကော့တလန်ယာဒ်ကို တန်းသွား... ဆားဗီးလင့်ဒေးဗစ်ရဲ့ ဆရာ လာတယ်လို့ ပြောလိုက်" လို့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အလွန်ပီသတဲ့ အင်္ဂလိပ်စကားနဲ့ပြောတော့ သဲယ်မာက ရယ်ပါတယ်။ အဲဒီအချိန်မှာ မားသားကြီးက ဝိုင်းပြောင်းလာတာနဲ့ သဲယ်မာတို့ကို အမေနဲ့ မိတ်ဆက်ပေးရတယ်။

"ကဲ... အဲဒါဆိုရင်တော့ ကြွားရဦးမယ်ဟေ့... အိုလေးရေ... ဟေ့... အိုလေး..."

မားသားကြီးက 'ကြွားရဦးမယ်...' ဆိုတဲ့ စကားအခံနဲ့ အိုလေးကို လှမ်းခေါ်နေတော့ ကျွန်တော် တော်တော်လေးကို လန့်သွားတယ်။

"အမေ ဘာဖြစ်လို့ သူ့ကို ခေါ်နေရတာလဲ..."

"သကြြန်လက်ဖက်သုပ် သုပ်ခိုင်းမလို့ဟေ့... ဟို... တူမလေးတစ်ယောက်က ရွာကလာတာလေ၊ ပြီးခဲ့တဲ့အပတ်တုန်းက လူရယ်... နေမကောင်းလည်း မဖြစ်ဘဲနဲ့ ခံတွင်းတွေပျက်တာ... ဟိုဟာ စားမကောင်း... ဒီဟာ စားမကောင်းနဲ့... အဲဒါနဲ့ ပြောပြတော့ တူမလေးက သူတို့ရွာမှာ သုပ်စားတဲ့ သကြြန်လက်ဖက်သုပ်တဲ့... စားမလား... ဆိုတာနဲ့ ဖြစ်ချင်ရာဖြစ် စားမယ် သုပ်ဟယ်... ဆိုတော့ သုပ်ပေးတာ၊ စားလို့ကောင်းလိုက်တာမှ လူ့ကို ချွေးတွေဘာတွေထွက်ပြီး ပွင့်ထွက်သွားတာပဲ၊ အဲဒါ သမီးတို့ကို ကျွေးမလို့..."

"ဟာ... အန်တီပြောတာနဲ့တင် စားချင်လာပြီ..."

"ဟော့ကောင်... ငါ့အမေက အူမြူးနေတယ်၊ သူ အူမြူးနေရင် ပြောတာဆိုတာ နည်းနည်းပိုတတ်တယ် သတိထားနော်..."

ကျွန်တော် ဘိုလိုပဲ နည်းနည်းပြောပြီး သဲယ်မာ့ကို သတိပေးရတယ်။ ကျောင်းမှာက စကားပြောဖို့ အတွဲရှာရင် သဲယ်မာနဲ့ ကျွန်တော်နဲ့ တစ်ယောက်နဲ့ တစ်ယောက် ရွေးနေကျလေ...။



"ကိစ္စမရှိဘူး... ငါကလည်း အဲဒီလိုလူမျိုးတွေနဲ့ဆို သိပ်တဲ့ပဲ..."

ကျွန်တော်နဲ့ သဲယ်မာ ပြိုင်တူရယ်လိုက်ကြတယ်။ အိုလေးက ဝင်ထိုင်တော့ အမေက မိတ်ဆက်ပေးတယ်။

"သူလေ... တူမလေး အိုလေးတဲ့... ကဲ... အိုလေး... ဟိုတစ်နေ့က လို သကြြန်သုပ်ကလေး သုပ်စမ်းပါဦး၊ ဒီက မမတို့ကို ကြွားမလို့ ဟုတ်ပြီလား..."

"သူက အမှန်အတိုင်းပြောသွားပဲ..."

"အဲဒါကိုက ကြွားတာလေ..."

သဲယ်မာနဲ့ ကျွန်တော် အပြန်အလှန်ပြောလိုက်ကြပြီး ရယ်လိုက်ကြတယ်။ ဒါကို အိုလေးက တစ်ချက်ကြည့်ပြီး ထသွားတယ်။ သဲယ်မာက အိုလေးအကြောင်းကို သိပြီးသားလေ... ဖြိုးတို့ ဝေဝေတို့ကို ပြောပြသလိုပဲ ပြောပြထားတာ။ အိုလေးအကြောင်းက ကျွန်တော်နဲ့ ရင်းနှီးတဲ့သူတွေ တော်တော်များများသိတယ် ဆိုပါတော့...။ ကျွန်တော်က စိတ်ညစ်တယ်လို့ အိုက်တင်ခံပြီးတော့ အရသာရှိရှိ ကြွားထားတာကိုး...။

အဲဒီအချက်ဟာ အိုလေးကို သနားတယ်ဆိုပြီးတော့... အိုလေးအပေါ်မှာ ကျွန်တော်ကိုယ်တိုင် မစောင့်ထိန်းခဲ့တဲ့ အပြစ်ပဲ။ မရိုးသားမှုတစ်ခုပဲ ဆိုတာ အခုတော့ ကျွန်တော် ဝန်ခံလိုက်ပါတယ်။

ခဏနေတော့ ကျွန်တော် တစ်ခါမှ မမြင်ဖူးတဲ့ လက်ဖက်သုပ်တစ်ပွဲ ရောက်လာတယ်။ လက်ဖက်ပန်းကန်ထဲမှာ ထည့်ထားတဲ့ အပိုပစ္စည်းတွေက နည်းတာမဟုတ်ဘူး။ ထူးခြားတာက ပဲစောင်းငါးသီးကလေးတွေကို ရေဆေးဖျော်ပြီး ပါးပါးလှီးထည့်ထားတာပဲ။ သဲယ်မာက တစ်ဇွန်းစားကြည့် တော့ လက်ဖက်သုပ်ကို ဝါးနေတဲ့ သဲယ်မာ့မျက်နှာဟာ ဖျတ်ခနဲ ခဏရပ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တအံ့တသြနဲ့ 'ဟယ်… ကောင်းလှချည်လား… ဟော့ကောင်… စားကြည့်စမ်း… စားကြည့်စမ်း…' လို့ အထိတ်တလန့်နဲ့ အော်တာကို… မားသားကြီးကတော့ ဝမ်းသာကျေနပ်သွားတဲ့ပုံစံနဲ့ မျက်နှာပေါ်မှာလည်း ဂုဏ်ယူတဲ့ပုံစံနဲ့ ပြောတယ်။

"အန်တီလည်း သူသုပ်ပြီး ယူလာတော့ ပထမ သွားပါပြီ၊ … လက်ဖက်တော့ ပျက်ပါပြီဆိုနေတာ… စားကြည့်တော့မှ…"

"ဟုတ်တယ် အန်တီ… တော်တော်ကောင်းတယ် သူ ဘယ်လို… သုပ်လည်း မသိဘူး…"

"သဲယ်မာရယ်… အပိုတွေ…"

"မဟုတ်ဘူး ရဲဝင်းရဲ့…' တော်တော့်ကို စားလို့ကောင်းတာ၊ နင်… စားကြည့်ပါလား…"

ကျွန်တော် ဒေးဗစ်လက်ထဲက ဇွန်းနဲ့ တစ်ဇွန်းစားကြည့်တယ်… ဟုတ်သားပဲ… စားနေကျပုံစံမျိုး မဟုတ်ဘဲနဲ့ လက်ဖက်အရသာက တစ်မျိုး… ခံစားရတယ်။ အဲဒီအချိန်မှာ မားသားကြီးက အိုလေးကို ခေါ်နေပြီ။

"သမီးရေ… အိုလေး… သမီးရေ… လာပါဦး… ဒီမှာ မမတို့က… သမီးကို မေးစရာရှိလို့တဲ့၊ အိုလေး… ရေ…"

မားသားကြီးက အားရဝမ်းသာခေါ်တယ်။ ခုနက မားသားကြီးနဲ့… စကားပြောနေတဲ့ ကျွန်တော့်အပေါ်က ပွဲကြည့်ပရိသတ်လုပ်ပြီး ကျွန်တော့်… ကို လှေလာနေတယ်။ အမေ ပွဲထုတ်နေတာပဲလို့ တွေးလိုက်တော့ ကျွန်တော်… မျက်နှာပူသွားတယ်။

"ညီမလေးတို့ဆီမှာက အဲဒီလို သုပ်စားကြတာလားဟင်…"

"မဟုတ်ဘူး မမ… ညီမလေးတို့ရွာမှာ သကြိန်ဆိုရင် အိမ်တွေကို…







…ိုအသစ်ရယ် မိုးကြတယ်၊ ပိုက်ဆံမပေ ရဘဲ ရွာထဲက ကာလသားတွေက …ဘမိုးပေးကြတာ၊ အဲဒါ ညီမလေးတို့က သုပ်ကျွေးကြတာ…"

"သြော်… ရိုးရာသုပ်ပေါ့… အိမ်တွေမှာရော ဘယ်လိုစားလဲ…"

"အိမ်မှာကတော့ ဒီမှာလိုပဲ စားပါတယ်၊ ဒီလိုသုပ်စားချင်လည်း စားတာပါပဲ၊ သကြိန်တွင်း ဆိုရင်တော့ အခုလိုပဲ သုပ်စာကြတာ များ ဘယ်…"

"ဟုတ်တယ်ကွ… လိုက်မယ်… ရေစိုပြီး ချမ်းနေတဲ့သူတွေ ပူပူ …ပ်စပ်နဲ့ အားရပါးရစားရမှာ၊ ဒေးဗစ်… သကြိန်ကျရင် နင်တို့မဘ္ဘာပ်မှာ …ါလာရောင်းမယ် ဝယ်စားမလား…"

"ဟာ… နင်ရောင်းမှတော့ ကောင်းမှာမှ မဟုတ်တာ စားပါဘူး…"

သဲယ်မာက ဒေးဗစ်ကို ရိုက်တယ်။ ဝဏ္ဏကတော့ စကားမပြော …တော့ဘူး။ တစ်ဇွန်းပြီး တစ်ဇွန်းပဲ။ သဲယ်မာက လက်ဖက်သုပ်နည်း အိုလေးကို မေးနေတယ်။ မားသားကြီးမျက်နှာက ပြုံးလို့ ကျေနပ်လို့ ဖြစ် …နေတာနဲ့ ကျွန်တော်လည်း အသံတိတ်ပဲ ဝိုင်က ထလာခဲ့တယ်။

ညနေရောက်တော့ လုပ်စရာ ကိုင်စရာတွေက တော်တော်များ များ …ပြီးသွားပါပြီ။ ကြက်သားကိုချက်ပြီး ဆီသတ်ထားပြီးပြီ။ ကြက်သွန်တွေ လည်း နွာထားပြီးပြီ။ အကြွပ်ကြော်တွေလည်း ကြော်ပြီးပြီ။ ဒါတောင် အိုလေးက အလုပ်မရှိ အလုပ်ရှာပြီး မနက်ဖြန်ကျွေးမယ့် ပန်းကန်တွေကို …ဆိုဟောင်းတစ်ထည်နဲ့ သုတ်နေတယ်။ အဲဒီအချိန်မှာ ကိုဝင်းက အောက် …က်လာပို့တယ်။ ကိုဝင်းဆိုတာ ကျွန်တော်တို့လမ်းထဲက အိမ်ကပါ။ တူမ… တွေက ဟေးခနဲအော်ကြတယ်။ အိုလေးမျက်နှာလည်း ဝမ်းသာသွားတဲ့ …ပဲ…။ ပန်းကန်သုတ်ရင်း အောက်စက်ကို လှမ်းလှမ်းကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲနော် ကိုဝင်းရေ... မနက် တစ်အိမ်လုံး လာခဲ့ကြနော်"

"ဟုတ်ကဲ့ အန်တီ... ရဲဝင်းရေ ငါထားခဲ့ပြီဟေ့... မင်း ညှိုင်းတာ အဆင်ပြေတယ်နော်..."

"အေး... ရတယ် ငါသိပါတယ်ကွ..."

ကျွန်တော် အပေါ်စက်နဲ့ ညှိုင်းနေတုန်း တူမတွေက ဟိုအခွေ ဒီကားတွေ လုပ်လာတယ်။ အင်း... ဒီအောက်စက်ကိုလည်း သူတို့ပဲ အပိုင် စီးဦးမယ့်သဘောမှာ ရှိတယ်လို့ ကျွန်တော် တွေးမိတယ်။ အိုလေးကတော့ ပန်းကန်တွေ စွတ်သုတ်နေတာပဲ။

ကျွန်တော် အခွေငှားဖို့ထွက်တော့ တူမတွေ ဝိုင်းမှာလိုက်ကြတာ စုံနေတာပဲ။ ကျွန်တော် နောက်ဆုံးကျတော့ အော်ထုတ်ပစ်လိုက်တယ်။ အိမ်နောက်ဖေး ခဏဝင်ပြီး ပြန်ထွက်လာတော့ မီးဖိုချောင်မှာ ရပ်နေတဲ့ အိုလေးက ကျွန်တော့်ကို မရဲတရဲကြည့်တယ်။

"အိုလေး ဘာပြောမလို့လဲ..."

"အစ်ကို အခွေငှားရင် ငိုရတဲ့ကား ငှားခဲ့ပါ... အစ်ကိုရယ်... နော်..."

"ဘယ်လို..."

"ငိုရတဲ့ကားလေ... ကြည့်ပြီးရင် ငိုရတဲ့ကား..."

ကျွန်တော့်ကို မရဲတရဲကြည့်နေတဲ့ အိုလေးကို ကျွန်တော် ခဏ သတိထားမိတယ်။ အိုလေးလည်း ချောတာပဲလို့...။ ကျွန်တော် အိုလေး ခေါင်းကလေးကို တစ်ချက်ပုတ်ပြီး ပြုံးရင်း ပြောလိုက်မိတယ်။

"အေးပါ... အိုလေးရယ်... ငါငှားခဲ့ပါမယ် ဟုတ်လား..."

အိုလေးက ဗွီဒီယိုကြည့်နေတဲ့အချိန်မှာ ကျွန်တော် လက်ဖက်ရည်





ဆိုင်ထွက်ထိုင်တယ်။ ကိုသကို အခွေသွင်းတာ ထုတ်တာ ထည့်တာတွေ သင်ပေးခဲ့တော့ ကိုသကြီးလည်း ပျော်လို့... သူ ဆရာကြီး ဖြစ်သွားတာကိုး။ အောက်စက်နားကကို မခွာတော့ဘူး။ အင်း... အတူနေကြပြီဆိုရင် ဘာပဲ ဖြစ်ဖြစ် တစ်ယောက်နဲ့ တစ်ယောက် ထိခိုက်မှုကလေးတွေကတော့ ရင် ထဲမှာ ရှိကြစမြဲပဲ မဟုတ်လား။

ကျွန်တော်ပြန်လာတော့ ဆယ့်တစ်နာရီကျော်နေပြီ။ ဗွီဒီယိုမှာ ဇွဲ ကောင်းတဲ့လူတွေလည်း တော်တော်လျော့သွားပြီ။ အိုလေးတို့ကတော့ ကြည့်တုန်းပေါ့...။ ဒါနဲ့ ကျွန်တော်လည်း ဝင်ကြည့်မိတယ်။ အမှန်တော့ ကျွန်တော်က မြန်မာကား မကြိုက်ပါဘူး။ ဘာရယ်မဟုတ်ဘူး ဝင်ကြည့်မိ တော့ သူတို့ကြည့်နေတဲ့ကားက ကျော်ဟိန်းပါတဲ့ကားခင်ဗျ...။ ကျော်ဟိန်း က အဲဒီကားထဲမှာ သုဘရာဇာလုပ်တယ်။ သေပြီလို့ထင်ပြီး ပစ်ထားတဲ့ သားညီကလေးကို မွေးစားထားရင်း လောကကြီးအကြောင်းကို ဒဿနလို့ ဆင်ရတဲ့စကားတွေ ပြောတာပေါ့ဗျာ...။ သားညီကလေးကို သုဘရာဇာ သားမှန်းသိသွားတော့ ပတ်ဝန်းကျင်က နှိမ်ကြတာပေါ့။ သားညီက မြို့က ...ပ်ရှော့မှာ အလုပ်လုပ်ပြီးရတဲ့ လခကလေးနဲ့ အဖေသုဘရာဇာကြီးကို အင်္ကျီဝယ်ပြီး လာကန်တော့တော့ ကျော်ဟိန်းကြီးက ဝမ်းလည်းသာ... ကြည့်လည်း ကြည်နူး... ကျေနပ်ဂုဏ်ယူပေါ့ဗျာ... မျက်ရည်တွေကျပေါ့ ...ာ...။

အဲဒီအချိန်မှာ ဘာကြောင့်လဲမသိဘူး။ ကျွန်တော် အိုလေးကို လှမ်း ကြည့်လိုက်တော့ ငိုနေတယ်ခင်ဗျ...။ TV ကို စိုက်ကြည့်ရင်း မျက်ရည် ...ွစီးကျလို့... တကယ့်ကို ငိုနေတာ...။ ကျွန်တော်ကသာ ဘာမှမဖြစ် ...ာ အိုလေးက တကယ်ငိုနေတာကို တွေ့ရတော့ ဩော်... အနုပညာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခံအားအနိမ့်အမြင့် ဆိုတာ ရှိတယ်လို့ ကျွန်တော် ရေးတေားတော သဘောပေါက်လိုက်တယ်။ ပြီးတော့... အိုလေးငိုနေတာကို ကြည့်ရင်း ဆက်မနေချင်တော့တာနဲ့ အိပ်ရာထဲ ဝင်ခဲ့တယ်။ အိပ်ရာထဲမှာ ဟိုတွေး ဒီတွေးနဲ့ တော်တော်နဲ့ အိပ်မပျော်ပါဘူး။ မိုးရော အိပ်ရာဝင်ခါနီးမှာ ကျွန်တော်ဖြစ်သလိုမျိုး ဖြစ်တတ်လား...။ ကျွန်တော့်ကို ကျွန်တော့်လို သတိရပါ့မလား...။

ဒီလိုတွေးမိပြီးတော့ ပိုးတုံးလုံးကောင်လေးတွေ လိပ်ပြာမဖြစ်ခင် လက်ခံအိမ်ထဲမှာ ဘယ်လိုစိတ်ကူးကလေးတွေနဲ့ အိပ်နေမလဲ... အဲဒီလို ပိုးတုံးလုံးကလေးတွေ အိပ်နေတာဟာ အဖြေမရသေးတဲ့ ချစ်သူနဲ့ မတူ ဘူးလားလို့ တွေးမိတာနဲ့ ကျွန်တော် ကဗျာတစ်ပုဒ်ရေးဖို့ ကြိုးစားတယ်။ ကျွန်တော့်ရင်ထဲက ခုနက ခံစားလိုက်ရတဲ့ ခံစားမှုကို စကားလုံးတွေက မရောက်နိုင်ဘူးဖြစ်နေတယ်။ ကျွန်တော်ကြိုးစားပြီး ရှာပါတယ်။ မရဘူး... ဟိုတစ်စ ဒီတစ်စနဲ့ ကဗျာဟာ စကားလုံးတွေဖွာလန်ကြဲပြီး မြင်မကောင်း ရှုမကောင်းဖြစ်သွားတယ်။ ကျွန်တော် သေသေချာချာ ကြိုးစားရမယ့်ကဗျာ တစ်ပုဒ်ပါပဲ...။

စကားလုံးတွေနောက်ကို လိုက်နေတဲ့ အာရုံကို ပစ္စုပ္ပန်ပေါ် ပြန်တင်ပေးလိုက်တော့ အားလုံးဟာ တိတ်ဆိတ်နေတယ်။ အိမ်ရှေ့ကို အာရုံ ပြုကြည့်လိုက်တော့ ဘာသံမှ မကြားရတော့ဘူး။ TV သံလည်း တိတ်နေပြီ။ TV ဘယ်လို ပိတ်ကြပါလိမ့်... ဆိုပြီး အိမ်ရှေ့ထွက်ကြည့်တော့ ပုဂ္ဂိုလ်မတွေက ပလပ်ကို ဆွဲဖြုတ်သွားကြတာကိုး...။ တော်ပါပေတယ် ကျွန်တော် ပလပ်ပြန်ထိုး အောက်စက်ထဲက အခွေထုတ်ပြီး အောက်စက်ကို သေသေချာချာပိတ်ရတယ်။ ခဏငှားထားတဲ့ ပစ္စည်းဆိုတော့ တစ်ခုခု ဖြစ်စေချင်ဘူးလေ...။ ပြီးတော့မှ ကျွန်တော် ထထွက်တော့ ပြတင်းပေါက်နားမှာ ဆံပင်ဖားလျားချပြီး မတ်တတ်ရပ်နေတဲ့ အရိပ်တစ်ခုကို တွေ့လိုက်တော့ ကျွန်တော့်ရင်ဟာ 'ဖြန်း' ခနဲ လှိုက်ဆင်းသွားပြီး တော်တော်လန့်သွားတယ်။ မီးတွေကလည်း မှိတ်ထားတာကိုး။

"အို... အိုလေး..."

"ဟင့်... ဟင့်... ဟုတ်တယ်... ဟင့်... အစ်ကို..."

"ဟာ... နင် ဒီမှာ ဘာလုပ်နေတာလဲ၊ မအိပ်သေးဘူးလား..."

ကျွန်တော့်စကားသံကြားရတော့မှ အိုလေးငိုသံဟာ ပိုပြီးကျယ်လာတယ်။ ကျွန်တော့်ကို သိစေချင်တဲ့ သဘောပါပဲ။

"ဟင်... နင်... နင် ငိုနေတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ... ဒါ့တူမတွေက နင့်ကို ဘာပြောလို့လဲ..."

ကျွန်တော် အိုလေးနားရောက်သွားပြီး ဒေါသတကြီးမေးမိတယ်။ ကျွန်တော့်တူမတွေက ပြောလို့ရတာတွေ မဟုတ်ဘူး။ တော်ကြာ အိုလေးကို အိမ်ဖော်တွေ ဘာတွေ ထင်ချင် ထင်နေမှာ...။ ကျွန်တော် အိုလေးကို အားနာပြီး ထုပူနေတာကိုတော့ သိတယ်။

"ပြောလေ... နင် ဘာဖြစ်လို့ ငိုတာလဲလို့..."

အိုလေးက ခေါင်းကိုငုံ့ပြီး သူ့ဆံပင်တွေးကြီးတွေ တစ်အုံလုံးခါ အောင်ကို ငြင်းနေတယ်။ ဘာကြောင့်ဆိုတာ မပြောဘူးပေါ့လေ...။

"အိုလေး... ပြောစမ်းလို့ ငါမေးတာကို ပြောစမ်း..."

သိချင်တဲ့ဇောနဲ့ ဒေါသစိတ်ပေါင်းပြီး ကျွန်တော့်အသံက တော်တော်ကျယ်သွားတယ်။ အိုလေးက လန့်သွားတဲ့ပုံစံနဲ့ မော့ကြည့်တယ်။ ငိုတာကတော့ တော်တော်လေးကို ငိုထားတာ။ မျက်နှာတစ်ပြင်လုံး မျက်ရည်တွေရွှဲလို့...။





www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်မလေးတွေက နင့်ကို…"

"မဟုတ်ပါဘူး အစ်ကိုရယ်…"

"ဒါဆို ဘာဖြစ်လို့…"

"မင်းသားလေးကို သနားလို့…"

"ဘာ…"

"သားညီကို သနားလို့… လူတွေက ဂုဏ်မရှိ ငွေမရှိရင် သိပ်နှိမ့်ချင်ကြတာပဲ၊ သားညီလေး သနားပါတယ်"

သေဟဲ့ နှစ်ကိုယ… လို့ ကျွန်တော့်စိတ်ထဲက အော်မိတယ်။ ခုနက ကြည့်တဲ့ ကျော်ဟိန်းကားထဲက သားညီကို သနားလို့ ငိုတာတဲ့…။ ကျွန်တော် အခုမှ ၃ ချက် ၄ ချက်လောက် ကိုင်ဆောင့်ပစ်လိုက်ချင်စိတ် ပေါ်သွားတယ်။ အိုလေးက ငိုသံတော့ တိတ်သွားတယ်။ ရှိုက်သံနကလေးတွေကိုတော့ ခါချနေတုန်းပဲ…။

"နွားပဲဟာ… ငါက ဘာများဖြစ်တာလဲလို့… ရုပ်ရှင်ပဲဟာ… ဒီလိုပဲပေါ့… ဇာတ်ညွှန်းဆရာရေးတာ လိုက်လုပ်ကြတာပေါ့… ဒါ ငိုစရာလား…"

"လူ့သဘာဝကလည်း ဒီလိုပါပဲ အစ်ကိုရယ်…"

"သွား… သွား… ဘာမှမဟုတ်တာလေးကို ငိုမနေနဲ့… အိပ်တော့ ငိုမနေနဲ့…"

အဲဒီစကားပြောပြီး စိတ်ထဲ တစ်မျိုးဖြစ်လို့ နောက်ကိုလှည့်ကြည့်တော့ သွားပြီပေါ့ဗျာ… ကျွန်တော်တို့ကို ရပ်ကြည့်နေတဲ့ မားသားကြီးကို တွေ့လိုက်ရတာပါပဲ။ ရုတ်တရက်ဆိုတော့ 'သွားပြီ…' လို့ သိလိုက်တာက လွဲပြီး ဘာမှ မလုပ်နိုင်ခဲ့ဘူး။





"အိုလေး… အိပ်တော့လေ… မနက်အာရုဏ်အမီ ထရဦးမှာ… သားလည်း အိပ်တော့လေ သား…"

"အမေ… အိုလေးက ဗွီဒီယိုကြည့်ပြီး ငိုနေတာတဲ့၊ အဲဒါ ကျွန်တော်က…"

"အေးပါ… သားရယ်… အမေ နားလည်ပါတယ်၊ သမီး မျက်ရည်တွေသုတ်… သွားအိပ်တော့…"

မားသားကြီးက အိုလေးပခုံးကို ကိုင်ပြီး ခေါ်သွားတယ်။ ကျွန်တော် အမေ အသည်းအသန်ရှင်းပြမလို့ လုပ်သေးတယ်။ ဒါပေမဲ့ အဲဒီလိုရှင်းပြတဲ့ အကျိုးမရှိဘူး ဆိုတာ ကျွန်တော်သိတယ်။ အေးအေးဆေးဆေးကျမှ အိုလေးတစ်ဆင့်ပဲ မားသားကြီးကို ရှင်းပြတာက ပိုနည်းလမ်းကျတယ် မဟုတ်လား…။

လူတွေအားလုံး အိပ်လို့… မီးတွေမှိတ်ထားတဲ့ ညည့်ခန်းတစ်ခုထဲက ညနှစ်နာရီလောက်မှာ မိန်းကလေးတစ်ယောက်ကျတဲ့ မျက်ရည်က ကျွန်တော်နဲ့ ဘာမှမပတ်သက်ပဲ 'သားညီ' ကြောင့် ကျရကြောင်းပေါ့လေ…။

ကာယကံရှင်ကိုယ်တိုင် ရှင်းပြလိုက်ရင်တော့ မားသားကြီး ယုံကြည်လောက်ပါတယ်လို့ ကျွန်တော် လုံးဝ ယူဆထားလိုက်ပါတယ်။

အင်း… ညနှစ်နာရီကျော်မှာ ကျတဲ့ မျက်ရည်ဟာ ဘာတွေဖြစ်ဦးမလဲတော့ မသိဘူးပေါ့လေ…။



www.burmeseclassic.com

www.burmeseclassic.com



# နွေရာသီတွင်... ပေါက်ရောက်သည်...

လူတစ်ယောက်ရဲ့နှလုံးသားမှာ မျက်နှာစာနှစ်ဖက် ရှိတယ်ဆိုရင် အဲဒီမျက်နှာစာနှစ်ဖက်စလုံးမှာ ပေါက်ရောက်နေခဲ့တဲ့ ဝမ်းနည်းခြင်းသစ်ပင် ဟာ ဒီနှစ် နွေရာသီမှာ ပေါက်ရောက်ခဲ့တယ်။

အဲဒီသစ်ပင်အတွက် ကျွန်တော် ဘယ်သူ့ကိုမှ အပြစ်မတင်ဘူး။ မာနဆိုတာ နူးညံ့တဲ့စောင့်ထိန်းမှုလို့ ကျွန်တော်လက်ခံတယ်ဆိုရင် ရိုးသား တဲ့မာနမှာ ရက်စက်တဲ့ဓားရှိတာကို အပြစ်တင်စရာ မလိုဘူးဆိုရင် ကျွန်တော် ကျေနပ်ရမှာပါ...။

အရေးကြီးတဲ့အစိတ်အပိုင်းတွေကို ကျွန်တော် ဖြည်းဖြည်းချင်း ပြောပြပါ့မယ်။ ကျောင်းတွေဖွင့်ခါနီး အိမ်ကိုလာလည်ကြတဲ့ ဝေဝေနဲ့ မိချို တို့ကို မားသားကြီးက အိုလေးရဲ့ သင်္ကြန်လက်ဖက်သုပ်နဲ့ ဧည့်ခံတယ်။ ဧည့်သည်မိန်းကလေးတွေလာရင် သင်္ကြန်လက်ဖက်သုပ်ကျွေးပြီး အိုလေး





...ကို ဂုဏ်ယူတတ်တာ မားသားကြီး ရဲ့အလေ့အထလို့ ဖြစ်သွားပြီ။ စားရတဲ့ ...န်းကလေးတိုင်းကလည်း အိုလေးဆီက သုပ်နည်းကို မေးကြတယ်။ အဲဒီ အချိန်မှာ အိုလေးမျက်နှာလေးဟာ ဂုဏ်ယူတဲ့ပုံစံကို မလုံ့တလုံ ဖုံးထားရ ဘာနဲ့ အလုပ်ရှုပ်နေတတ်တယ်။

အဲဒီမှာပဲ လက်ဖက်အကြောင်းကနေ ၁၀ တန်းအောင်တာ၊ ဆရာ ဖြစ်သင်တန်း တက်ချင်တာတွေဘက် ရောက်သွားတယ်။ မိန်းကလေးတွေ ...ကားဝိုင်းဆိုတာ ဒီလိုပဲ ရောက်ချင်ရာ ရောက်နေကျ မဟုတ်ဘူးလား။ ...ဝေကလည်း အိုလေးရဲ့ပုံပြင်တွေကို နားထောင်နေကျဆိုတော့ စိတ်ထဲက ...ရင်းနှီးနေပြီ ထင်ပါရဲ့...။ အိုလေးကို ခင်ခင်မင်မင် ဆက်ဆံပါတယ်။

"ဟယ်... ရဲဝင်းစုတ်... အကျင့်ယုတ်တယ်၊ ညီမလေးကို ဘာမှ သုပ်မပေးဘူးလား..."

"ဟ... ဆရာဖြစ်သင်တန်း ဆိုတာ ငါမှ မသိတာ၊ ခေါ်တဲ့စာ သတင်းစာတွေ ဘာတွေထဲမှာပါတယ် မဟုတ်လား..."

"ပါတာ ဘယ်လောက်ကြာပြီလဲ၊ ငါ့အစ်မက အဲဒီက ဆရာမလေး၊ ...ပါဦးတော့မလားတောင် မသိဘူး၊ နယ်ကဖြေရင် အအောင်ပိုမြန်တယ် ညီမလေးရဲ့... ကဲ... ဒီလိုလုပ်... ရဲဝင်း မနက်ဖြန် နင် သူ့ကို စာရွက် စာတမ်းအပြည့်အစုံနဲ့ ငါ့ဆီသာ ခေါ်လာခဲ့တော့... ဘာမှန်းလဲမသိဘူး..."

အဲဒါနဲ့ နောက်နေ့ကျတော့ ကျွန်တော် အိုလေးကို ဝေဝေ့ဆီသွားပို့ ...ရတယ်။ ဝေဝေက သူ့အစ်မနဲ့ပေါင်းပြီး လိုအပ်တဲ့ စာရွက်စာတမ်းတွေနဲ့ ...ဖောင်တင် စာရွက်ဖြည့်တွေ လုပ်ကြတယ်။ အားလုံး ပျော်ပျော်ပါးပါးပါပဲ။ အိုလေးကလည်း ပျော်လို့... ကျွန်တော်ပြောပြတဲ့ ကိစ္စတစ်ချို့ကို ဝေဝေက ...မေးတယ်။ အိုလေးက ဟုတ်ကြောင်း ဝန်ခံတော့ ဝေဝေတို့ ...ပြောပြီး ...ရယ်ကြပေါ့လေ...။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မိန်းကလေးချင်း တွတ်ထိုးကြတဲ့ စကားဝိုင်းပေါ့...။ ကျွန်တော်ကတော့ ဖြိုးနဲ့ Chess ထိုးနေလိုက်တယ်။ ဩော်... မေ့လို့... ပြောရဦးမယ်။ ဝေဝေနဲ့ ဖြိုးက ချစ်သူတွေခင်ဗျ...။ အိမ်ကလည်း ရိပ်မိနေပြီး အေးဆေးပဲဆိုတော့ ပျော်စရာကောင်းပါတယ်။ ညနေပြန်လာတော့ အိုလေးပုံစံကြည့်ရတာ တစ်မျိုးပဲလို့ ကျွန်တော့်စိတ်က ထင်နေတာနဲ့ မေးမိတယ်။

"အိုလေး နင် ဘာဖြစ်နေတာလဲ..."

ကျွန်တော့်အမေးကို အိုလေးက မဖြေဘူး။ ခေါင်းကိုငုံ့ပြီး လမ်းပဲ ဖိလျှောက်နေတယ်။ ဒါဆိုရင် တစ်ခုခုရှိပြီ ဆိုတာ သေချာသွားပြီ မဟုတ်လား။

"အိုလေး ငါမေးနေတယ်လေ..."

"အစ်ကို မဆူနဲ့နော်..."

"နင့်ဟာက... စ,ကတည်းက အစ်ကို မဆူနဲ့က စ,တာကိုး... ပြောစမ်း ဟိုငတိမ ဝေဝေ ဘာတွေချွန်လွှတ်လိုက်ပြီလဲ..."

"ချွန်တာ မဟုတ်ပါဘူး အစ်ကို... အစ်မကလေ... အိုလေးကို ဆံပင်ညှပ်ပေးမယ်တဲ့..."

အိုလေးက ပြောပြီးတော့ ရှက်နေတယ်။ ကျွန်တော်ကတော့ စိတ်တော်တော်ညစ်သွားတယ်။ အေးလေ... ဝေဝေတို့နဲ့တွေ့ရင် ဒါမျိုးလောက်ကတော့ ဖြစ်မှာပဲလို့လည်း တွေးမိတယ်။ အိုလေးဆံပင်တွေကို ကြည့်လိုက်တော့ အုံက ကောင်းကောင်း... ဆံပင်လုံးတွေက ကြီးကြီး... အုန်းဆီနဲ့တင်းပိပြီး ဆီရောင်ဝနေတဲ့ ဆံပင်ရိုင်းတွေ...။ ဆံပင်ရိုင်းလို့ ပြောရတာက ဘာပုံစံမှ ညှပ်ထားတာ မဟုတ်လို့ပါ...။





"နင် ဆံပင် ဒီအတိုင်း အရှည်ထားတာလား..."

"ဟုတ်တယ် အစ်ကို... တစ်ခါမှ မညှပ်ဖူးဘူး၊ ဘွားမယ်သိရင် ဆူမလားပဲ..."

"နင့်ဆံပင်က တော်တော်ရှည်နေတာပဲ၊ ညှပ်ပစ်ရင် နှမြောစရာကြီး..."

"အင်... အစ်ကိုမကြိုက်လို့လား... အစ်ကိုမကြိုက်ရင် မညှပ်တော့ဘူးလေ..."

"ဟာ... မဟုတ်ပါဘူး... ငါနဲ့ ဘာဆိုင်လို့လဲ၊ ညှပ်ချင်ရင် ညှပ်ပေါ့ ဘာဖြစ်လဲ..."

"အစ်မဝေကို အစ်ကို့ကို မေးဦးမယ်လို့ ပြောထားလို့..."

"မဆိုင်ပါဘူး... ညှပ်ချင်ရင် ညှပ်ပေါ့..."

"ဒါဆို ညှပ်လိုက်မယ်နော် အစ်ကို..."

ခက်တယ်ဗျာ...။ မိန်းကလေးတစ်ယောက် ဆံပင်ညှပ်တယ် ဆိုတာ သူတို့ဘဝရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ကောင်း ဖြစ်လိမ့်မယ်။ အဲဒါကို ကျွန်တော်နဲ့ လာတိုင်ပင်တယ်ဆိုတာ အရေးကြီးတဲ့ကိစ္စမှန်း ကျွန်တော် နားလည်ပါတယ်။

ဆံပင်တွေညှပ်ပြီးတော့ အိုလေးမျက်နှာက ပိုပေါ်လာတယ်။ အရှည်ကို ကျောလယ်လောက်ထားပြီး အရှေ့ကို သပ်သပ်ရပ်ရပ် ပုံဖော်လိုက်တော့ ထင်းနေတဲ့မျက်ခုံးရယ်၊ လေးထောင့်ကျကျ အင်အားအပြည့်ပါတဲ့ မေးရိုး နှစ်ဖက်ရယ်၊ ဖြူဖွေးတဲ့ မျက်ဝန်းတွေရယ် ပေါ်လာတယ်။ မြင်နေကျ[illegible] မတူဘဲ ပြောင်းလဲသွားလို့ ပိုကြည့်လို့ကောင်းသွားတယ် ထင်တာပဲ[illegible] ဘာသာညှပ်ပြီး သူ့ဘာသာရှက်လို့ အခန်းထဲကနေ တစ်နေ့လုံး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ။ နောက်ဆုံး မားသားကြီးက ဗီတိုအားကာနဲ့ ကျွန်တော်တို့ ရှေ့ကို ခေါ်ထုတ်တော့မှ ကုတ်ချောင်းချောင်းနဲ့ ထွက်လာတာ။ အိုလေးရဲ့ ဆရာဖြစ်သင့်တန်းကတော့ မသိဘူး။ ဝေဝေတို့နဲ့ ရင်းနှီးသွားပြီးတော့ အိုလေး အလုပ်ပြင်တတ်လာတာပဲ အဖတ်တင်တယ်။

အဲဒီမှာပဲ ကျွန်တော်စောင့်နေတဲ့ ကျောင်းဖွင့်ရက်ကလည်း နွေရာသီ အလွန်မှာ လွမ်းနေတဲ့ စာသင်ခန်းရနံ့တွေနဲ့ အတူ ပြန်ရောက်လာတယ်။ ကျောင်းပြန်တက်ရတဲ့နေ့ စာသင်ခန်းထဲကိုဝင်လိုက်ရင် ရနံ့တစ်ခု ရလေ့ ရှိပါတယ်။ အဲဒီရနံ့က စာနဲ့ရေးပြုလို့ မရဘူး... လူတိုင်းကြုံဖူး ခံစားဖူး မှာပါ။ အဲဒီရနံ့လေးကိုလည်း ကျွန်တော် ကဗျာရေးချင်တယ်။ ဒါပေမဲ့ ရေးလို့ မရသေးဘူး။

ကျွန်တော်တို့အုပ်စု အခန်းတွေ လျှောက်ရှာကြပြီးတော့ ကိုယ် တက်ရမယ့်အခန်းကို ကိုယ် နေရာရွေးကြတယ်။ အဲဒီလို နေရာရွေးရင် အုပ်စုထဲမှာ ကျွန်တော်ရွေးပေးတဲ့နေရာကို နေကြတာ များတယ်။ ကျွန်တော်က စိတ်ကူးကောင်းလို့တဲ့...။ ဒီနှစ်တော့ ကျွန်တော်က မိုးကို ပြတင်းပေါက်နဲ့ ကွယ်တဲ့ နေရာကလေးကို ရွေးပေးထားတာကို မိုးက မကျေနပ်ဘူး။

"ပြတင်းပေါက်နားမှာပဲ နေချင်တယ်ဟာ... ဘယ်ပြတင်းပေါက်မှာ နေရမလဲပဲ ရွေးပေး..."

"အဲဒီနေရာမှာပဲ နေပါဟာ... ငဲ့ကြည့်ရင် မြင်ရပါတယ်"

"လူများတွေက မမြင်ရတော့ဘူးပေါ့..."

"အင်းလေ... တမင်တကာ မမြင်ရတဲ့နေရာကို ရွေးပေးတဲ့ဥစ္စာ... ငါ သဝန်မတိုချင်လို့..."





မိုးက ကျွန်တော့်ကို မျက်စောင်းထိုးပါတယ်။ အဲဒီမျက်စောင်းကို အမှတ်စဉ်၊ နေ့စွဲ၊ နေရာ၊ အချိန်၊ အကြောင်းအရာတွေနဲ့ ကျွန်တော့်ရင်ထဲမှာ စာရင်းသွင်းထားလိုက်တယ်။ ဒီနှစ် စာသင်နှစ်ရဲ့ ပထမဦးဆုံး မျက်စောင်း ဆိုပါတော့...။

အခန်းရွေးပြီးလို့ ကင်တင်းထိုင်ကြတုန်း မဦး ရောက်လာတယ်။ စကားဝိုင်းက ပိုစိုပြည်ပြီး ရယ်သံမောသံတွေနဲ့ ဖြစ်လာတယ်။ ကျွန်တော်ကတော့ ဒီနေ့ စကားနည်းနည်းနဲ့ အကြည့်များများပေါ့လေ...။ မိုးကို ကြည့်ရတာ ပိုင်ဆိုင်ရတော့မယ့်ချစ်သူ... ဆိုတဲ့ စိတ်ကူးမှာ မြူးနေတာပဲ။ ခဲ့ရယ်တာ... စကားပြောတာ... ဆံစကလေးတွေ သပ်တင်တာ... သူများစကားကို မျက်လုံးကလေးစိုက်ကြည့်ပြီး စောင့်နားထောင်နေတာ... ရယ်ရတာ မောလို့ သက်ပြင်းကလေးချတာ... အစစအရာရာဟာ သူ့လိုက်ဖက် အထောင့်တွေနဲ့သူ အချိုးကျနေတဲ့ ပန်းချီကားတစ်ကားလိုပဲ...။ ဘုရားသခင်က လူကို ဖန်ဆင်းတာဆိုရင် မိုးဟာ ဘုရားသခင်နဲ့ တော်တော်လေးရင်းနှီးပုံ ရပါတယ်။ ဘုရားသခင်က တော်ရုံလူတွေ မေ့လျော့နေမယ့် အချက်ကလေးတွေကို စနစ်တကျထည့်ပေးထားလို့ပါ...။

"အဲဒါဆို မိုး ပြန်တော့မယ်..."

မိုး ရုတ်တရက်ပြောချလိုက်တဲ့ စကားကြောင့် ကျွန်တော် အံ့သြသွားတယ်။ ကျောင်းစ,တက်တဲ့နေ့ကို ကျွန်တော်တို့သူငယ်ချင်းတွေ တစ်နေ့လုံး နေတတ်ကြတာ... ဟိုးတုန်းနှစ်တွေကတည်းက အမှတ်တရပဲ မဟုတ်လား...။ ကျောင်းစဖွင့်တဲ့နေ့ရယ်... ကျောင်းပိတ်တဲ့ နောက်ဆုံးနေ့ရယ်... လေ...။ မိုး အခုလို စ,ပြောလိုက်တော့ ကျွန်တော် ကြောင်သွားတယ်။ ကျွန်တော့်ကို အပြေပေးဖို့ဆိုတာက ထားပါတော့၊ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်တဲ့နေ့ကြီး အငမ်းမရ တောင်းရလောက်အောင် ကျွန်တော် မမိုက်ပါဘူး။ ဒါပေမဲ့ မိုးနဲ့တော့ တစ်နေကုန် နေချင်တာပေါ့...။

"ဒီနေ့ ကျောင်းစဖွင့်တဲ့နေ့လေ မိုးရဲ့... ကိုယ်တို့ တစ်နေ့လုံးနေကြတာပဲ မဟုတ်လား..."

"အင်း... မဦးနဲ့ သွားစရာရှိတာ ချိန်းထားလို့..."

မိုးစကားကြောင့် ကျွန်တော် မဦးကို လှမ်းကြည့်တော့ မဦးက ပြုံးပြတယ်။ ကျွန်တော် ဘယ်လိုမှ ခံစားလို့မရတဲ့ အပြုံးပါ။ မဦးဟာ မိုးကို ဘာဖြစ်လို့ ကျွန်တော်တို့ဝိုင်းထဲက ဆွဲထုတ်နေရတာလဲ။ ကျွန်တော့် သူငယ်ချင်းတွေက ဘာပြောဦးမလဲလို့ ကျွန်တော်လိုက်ကြည့်တော့ ဘာမှ ပြောချင်တဲ့ပုံစံ မတွေ့ရဘူး။

"ဒီနေ့ကလေးတော့ နေလိုက်ပါ မိုးရာ... လေးနာရီလောက်ဆို ပြန်ကြတော့မှာပဲဟာ..."

"အခုတောင် နောက်ကျနေပြီ ရဲဝင်းရဲ့... Taxi နဲ့ လစ်မှ ရတော့မှာ..."

"နင့်ကိစ္စက အရေးကြီးလို့လား..."

"အင်း... **Model Show** ပွဲတစ်ပွဲ သွားကြည့်မလို့..."

ဘောင်းဘီဖင်ကြပ်နဲ့ မဦးကို တစ်ချက်လှမ်းကြည့်မိတယ်။ ကျွန်တော် ဘာမှမပြောရသေးခင် မိုးက မတ်တတ်ထရပ်နေပြီ။ မိုးက ဝေဝေတို့ကို နှုတ်ဆက်နေပြီ။ ပြီးတော့ အားလုံးကိုနှုတ်ဆက်ပြီး မဦးနဲ့ ထွက်သွားတယ်။ ကျွန်တော့်ရင်ထဲမှာ ဟာပြီး ကျန်ခဲ့မိတယ်။ ကျွန်တော့်အသိစိတ်ထဲမှာ ပေါ်နေတဲ့ မဦးရဲ့ပုံရိပ်ကို အားနဲ့ဆုတ်ဖြဲ မီးရှို့နေမိတယ်။

"နင်ကလည်းဟယ်... နောက်နေ့တွေ ရှိပါသေးတယ်၊ ကျောင်း





ဖွင့်တဲ့နေ့ကြီးကိုတော့ စိတ်လျှော့မှပေါ့... မိုးက ထွက်ပြေးမယ့်သူမှ မဟုတ်တာ..."

"အေး... ထွက်တော့ မပြေးဘူးပေါ့ဟာ၊ ထွက်တော့ သွားတယ် မဟုတ်လား... ငါ အဲဒီ မဦးကို ကြည့်လို့ကို မရဘူးဟာ .. မဦးနဲ့ တွဲတာများရင် မိုး ဒုက္ခတွေ့လိမ့်မယ်လို့ကို ငါထင်တယ်..."

"စိတ်လျှော့စမ်းပါကွာ မိုးက ကလေးမှ မဟုတ်တာ..."

ငဖြိုးကို ကျွန်တော် ဘာမှ ပြန်မပြောလိုက်ပါဘူး။ ကျောင်းစဖွင့်တဲ့ရက်ဟာ ကျွန်တော့်ရဲ့ပျော်ရွှင်မှုကြီးတွေကို အစွမ်းကုန် မလွှင့်တင်လိုက်ရဘူး... လို့ ကျွန်တော့်စိတ်ထဲမှာ မကျေမနပ် ဖြစ်နေမိတယ်။

ဝေဝေပြောတဲ့ နောက်ရက်တွေကျတော့ မိုးက သူငယ်ချင်းတွေနဲ့ပဲ ကပ်နေတယ်။ ကျောင်းစဖွင့်တဲ့ရက်ကြီးမှာ အတန်းတွေ စွတ်တက်နေတယ်။ ကျွန်တော်ရွေးပေးတဲ့ နေရာမှာတော့ နေပါတယ်။ ဒီတော့ ခေါ်တော့ ပိုခက်တာပေါ့။ မိုးဟာ ကျွန်တော်နဲ့ နှစ်ယောက်တည်း တွေ့ရဖို့ကို အမင်တကကြင်ဆန်နေတယ်... ဆိုတာ သိရတော့ ကျွန်တော် စိတ်ပူစပြုလာတယ်။ အဲဒီကိစ္စကို ဝေဝေနဲ့ တိုင်ပင်ကြည့်တော့ ဝေဝေက သိပ်မထူးဆန်းသလို လုပ်နေတယ်။ အရင်တုန်းက ကျွန်တော်နဲ့ မိုးကိစ္စကို ဝေဝေက သိပ်တက်ကြွတာ။ သိပ်စိတ်ဝင်စားတာ ခုတော့ တစ်မျိုးဖြစ်နေတယ်...။

"ပေါ်တင်ပဲပြောပြီး ခေါ်ပေါ့ဟ... ငါတို့ကို ရှောင်ပေးစေချင်လည်း မျက်ရှေ့မှာ ပေါ်တင်ပဲ ပြောလိုက်ပေါ့..."

"ကျောင်းဖွင့်ဖွင့်ချင်းတော့ ထားလိုက်ပါတော့ဟာ... အခုချိန်ကဆိုတော့ ငါ့ကို သူ စကားပြောသင့်ပါပြီ၊ သူ ရှက်နေတာလား..."

"ဟုတ်ချင် ဟုတ်မှာပေါ့ဟ... သြော်... ဒါနဲ့ နင့်အိုလေးကို နက်ဖြန် ကျောင်းထဲ ခေါ်လာခဲ့ပါလား..."



www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင် ဝေဝေ့စကားကြောင့် ကျွန်တော် ကြောင်သွားတယ်။ ဘာကိစ္စနဲ့ အိုလေးကို ကျောင်းထဲ ခေါ်လာရမှာလဲ...။

"အိုလေးကို..."

"အေးလေ... မနက်ဖြန် သူ့ကျောင်းကိစ္စ ငါ့အစ်မရုံးကို ခေါ်သွားရမှာဟ... ကျောင်းကို နင်ခေါ်လာတော့ ဒီကနေသွားလိုက်ရင် တစ်ခါတည်း ပြီးရောပေါ့..."

"သူ့ကိစ္စက ဘာတွေလုပ်ရမှာမို့လဲ..."

"ဖောင်ဖြည့်တာရယ်... စာမေးပွဲကဒ်ပြားထုတ်တာရယ်... ပြီးတော့ ဘာတွေလဲ မသိပါဘူး၊ ငါတော့ သိပ်မသိဘူး၊ ငါ့အစ်မက အိုလေးကို ခင်သွားတယ်ဟဲ့ သိလား... လူကြီးတစ်ယောက်နဲ့ တွေ့ပေးမယ် ဆိုလားပဲ ခေါ်လာခဲ့နော်..."

"နင်တို့ကိစ္စတွေက ရှုပ်တယ်ဟာ..."

"အောင်မာ... ဘာ နင်တို့ကိစ္စလဲ... အဲဒါ နင့်ကိစ္စ မဟုတ်ဘူးလား၊ ဒီက လိုက်လည်း ကူညီရသေးတယ် ဟုတ်တယ်..."

ဝေဝေက မကျေမနပ်ဖြစ်နေတယ်။ ကျွန်တော် အိုလေးကို ကျောင်းကို ခေါ်မလာချင်ဘူးဗျာ... ဘာဖြစ်လို့လဲတော့ မသိဘူး...။ အခု အခြေအနေအရ ခေါ်မလာလို့လည်း မရဘူး ဖြစ်နေတာကိုး...။

အိမ်ရောက်လို့ ကျွန်တော်ပြောလိုက်တော့ အိုလေးပုံစံက အရမ်းဝမ်းသာသွားတဲ့ပုံစံပဲ။ သူ ရန်ကုန်တက္ကသိုလ်ထဲကို အရမ်းလိုက်ချင်နေတယ် ဆိုတာ ကျွန်တော်သိသားပဲ။ ကျောင်းစဖွင့်ကတည်းက ကျွန်တော့်ကို အမြဲ မေးမေးနေတာ။

"အစ်ကို... အိုလေး အဲဒီနေ့ကျရင် ဓာတ်ပုံရိုက်မယ်နော်..."

အရုပ်တစ်ဝက် အပြုံးတစ်ဝက်နဲ့ပြောတဲ့ အိုလေးကို ကြည့်ပြီး ကျွန်တော် စိတ်ညစ်တာတော့ အမှန်ပဲ။ ကျွန်တော် ဘယ်လိုတားရက်မှာလဲ။ တားစရာကိစ္စလည်း မဟုတ်ဘူးလေ...။

"ရိုက်ချင် ရိုက်ပေါ့ဟာ... အလှပြင်တာတို့ ဘာတို့ သိပ်မကြာစေနဲ့နော်... ခုနစ်နာရီမှာ အားလုံးပြီးပစေ..."

"ဟုတ်ကဲ့ အစ်ကို..."

အိုလေးက ကျွန်တော့်ကို ရွှန်းရွှန်းစားစား တစ်ချက်ကြည့်ပြီး ထွက်ပြေးသွားတယ်။ မနက်ဖြန် အိုလေးနဲ့ ဝေဝေ ရုံးကို သွားကြရင် မိုးကို ပေါ်တင် ခွင့်တောင်းပြီးတော့ပဲ ခေါ်တော့မယ်။ မိုး အသာလေး ကပ်နေစရာ ဝေဝေလည်း မရှိတော့ဘူး မဟုတ်လား။

မနက်ခင်းရောက်တော့ ငါးနာရီလောက်ကတည်းက ထ,နေတဲ့ အိုလေးဟာ ၇ နာရီမထိုးခင်ကတည်းက အဆင်သင့်ဖြစ်နေပြီ။ လှည်းတန်းကိုရောက်လို့ ကားမီးပွိုင့်မိကတည်းက ကားပေါ်ကနေ လူတွေကွယ်နေတဲ့ ရန်ကုန်တက္ကသိုလ်ကြီးကို ငုံ့ငုံ့ကြည့်ရတာ လူတွေကို တိုးတိုးပြီး ကြည့်ရတာ အမောပဲ။ သူက ငုံ့ငုံ့ပြီးအကြည့် ကားက ထွက်လို့ သူ့ရှေ့က (ဆရာသင်ပါရဲ့) လူတစ်ယောက်ရဲ့ကော်လံကတုံး အကျႌဖြူမှာ နှုတ်ခမ်းနီရာကြီး ဆင်သွားသေးတယ်။ အဲဒီဆရာကို နံဘေးက ဆရာမတွေက ဝိုင်းစ,နေကြတယ်။

ကျောင်းထဲကို မာလာထိပ် ဂျပ်စပ်လမ်းကနေ ဝင်တော့ ကျောင်းထဲလည်းရောက်ရော ကျွန်တော့်ညာဘက်လက်မောင်းကို အိုလေးက တင်းတင်းကျကျကို လာကိုင်တယ်။ ကျွန်တော် အံ့သြလည်း အံ့သြ လန့်လည်းလန့်ပေါ့လေ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့... အိုလေး ဘယ်လိုလုပ်တာလဲ..."

"ဟို... အစ်ကို... အိုလေး ကြောက်လို့ပါ..."

"ဟာ... ဘာမှကြောက်စရာ မလိုဘူး၊ ဒါ ဒီလိုပဲ သွားကြတာ... နင့်ကို ဘယ်သူမှ ဘာမှ မပြောဘူး၊ လက်မောင်းကို ကိုင်မထားနဲ့လေ... ရှုပ်ကုန်မှာပေါ့..."

"အစ်ကိုရယ်... အိုလေး ကြောက်လို့ပါ..."

ဟုတ်ပါလိမ့်မယ်။ အိုလေးအသံတွေက တုန်နေရှာတယ်။ ဒါပေမဲ့ လက်မောင်းကို ကိုင်ထားလို့တော့ ဘယ်ဖြစ်မလဲ...။

"ငါတစ်ယောက်လုံး ပါတာပဲ... ဘာကြောက်စရာ ရှိလဲ၊ လက်မောင်းကို လွှတ်လိုက်... ငါပြောတာ နားထောင် ဟုတ်ပြီလား..."

ဒီတော့လည်း အိုလေး ကြောက်ကြောက်နဲ့ လွှတ်ရှာပါတယ်။ ခဏလေးပေမယ့် ချွေးတွေ ဘာတွေ ပျံသွားတယ် ကိုယ့်ဆရာရေ...။ ကွန်တင်းကို ရောက်တော့ ဝေဝေတို့နဲ့တွေ့လို့ အိုလေး နေသာထိုင်သာ ရှိသွားပုံရတယ်။ ရယ်ရယ်မောမော ဖြစ်လာတယ်။ သိပ်မကြာဘူး မိုးရောက်လာတော့ စိုစိုပြည်ပြည် ဖြစ်သွားတာပေါ့...။

"နင် သူ့ကို ဘယ်တွေပို့ပေးပြီးပြီလဲ ရဲဝင်း..."

"ဟင့်အင်း... ဒီကို တန်းခေါ်လာတာ၊ အမလေး... သူက ဓာတ်ပုံရိုက်ဦးမှာတဲ့... အဲဒီတော့ ရောက်မှာပဲဟာ..."

အိုလေး ဓာတ်ပုံရိုက်တော့ ဝေဝေနဲ့ မိုးက ဆရာမကြီးတွေပေါ့လေ...။ ဘယ်နေရာကလေးတွေမှာ ရိုက်ရင် လှတယ်ဆိုတာ သူတို့က သိတယ်လေ။ ဓာတ်ပုံရိုက်နေကျကိုး... ကျွန်တော်တို့က တစ်နှစ်မှ တစ်ပုံတောင် ရိုက်ချင်မှ ရိုက်တာ...။





အိုလေး စိတ်ကြိုက်ပုံတွေရိုက်ပြီးတော့... အိုလေးက အားလုံးနဲ့ အမှတ်တရ ရိုက်ချင်တယ် ဆိုပြီးတော့ တောင်းပန်တာနဲ့ တစ်ပုံ ဝင်ရိုက်လိုက်ရသေးတယ်။ ဓာတ်ပုံရိုက်ပြီး အိုလေးတို့သွားမယ် စီစဉ်နေတော့ ကျွန်တော်က မိုးကို ဘာမှ မပြောဘဲ အနားကပ်နေလိုက်တယ်။ အိုလေးက ကျွန်တော့်အနားကပ်တာကို ခွာပြီး ကျွန်တော်က မိုးအနားကို ကပ်တာပါ။

"ကဲ... နင်တို့သွားရင် သွားကြတော့လေ... ဟိုမှာက ချိန်းထားတာ မဟုတ်လား..."

"ဟင်... နင်က တစ်ယောက်တည်း နေခဲ့မလို့လား..."

ဝေဝေက အလန့်တကြားမေးတော့ ကျွန်တော်လည်း ကြောင်သွားတယ်။

"ငါက ဘာလိုက်လုပ်ရမှာလဲ... ငါက... ဒီမှာ..."

"မိုးကလည်း ငါတို့နဲ့ လိုက်ခဲ့မှာ... တဲ့..."

ကျွန်တော် တော်တော်လေးအံ့သြသွားတယ်။ ဒါဟာ မိုးက ကျွန်တော်နဲ့ နှစ်ယောက်တည်းကျန်ခဲ့ရမယ့် အခြေအနေကို လုံးဝဆန့်ကျင်တာပဲ ဆိုတာ သေချာနေပြီ။ မိုး ဘာဖြစ်လို့ ကျွန်တော်နဲ့ နှစ်ယောက်တည်းနေဖို့ကို ဆန့်ကျင်နေရတာလဲ။ ရအောင် ရှောင်နေရတာလဲ။ ကျွန်တော် စိတ်တော်တော်ပူသွားတယ်။ ကျွန်တော့်ကို မုန်းလို့တော့ မဖြစ်နိုင်ပါဘူး။ ကျွန်တော့်ကို ရှက်နေတာပဲ ဖြစ်ရမယ်။

"မိုးကလည်းကွာ နေခဲ့ပါ... ကိုယ် မိုးနဲ့..."

"အို... မိုးက လိုက်ပါမယ်လို့ ပြောပြီးပြီဥစ္စာ... လာ... ညီမလေး..."

မိုးက အိုလေးရဲ့လက်ကို ဆွဲပြီး အနားကိုကပ်တယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်တော့ ကျသွားတယ်။ ဒါပေမဲ့ အိုလေးကို ခင်ခင်မင်မင်ရှိနေတဲ့ မိုးကို အတင်းကြီးပြောနေလို့လည်း မကောင်းဘူး မဟုတ်လား…။

"နင်က လိုက်မှာလား ရဲဝင်း…"

"ငါနေတော့ရော တစ်ယောက်တည်း ဘာလုပ်ရမှာလဲ… လိုက်ခဲ့ရတော့မှာပေါ့…"

အဲဒီနေ့က သွားရတာ သူတို့အဆင်ပြေပေမယ့် ကျွန်တော်ကတော့ ငေါင်ကြောင်ကြောင်နဲ့ပေါ့ဗျာ…။ ကျွန်တော် မိုးအနားကိုကပ်ဖို့ အမြဲ ချောင်းနေသလို မိုးကလည်း အဲဒီအခွင့်အရေးကို ကျွန်တော် မရအောင် အမြဲသတိထားနေတော့ အဆင်မပြေဘူးပေါ့…။

လမ်းခွဲပြီး အိမ်ပြန်ကြတော့ အိုလေးက တိတ်နေတယ်။ အကြာကြီး တိတ်နေပြီးတော့မှ ကျွန်တော့်ကို စကားတစ်ခွန်းပြောတယ်။

"မမက ချောတယ်နော်…"

"မိဝေကို ပြောတာလား…"

"မဟုတ်ဘူး မမမိုး…"

ကျွန်တော် ဘာမှ ပြန်မပြောလိုက်ဘူး…။ 'အဲဒီလိုချောလို့ ငါ ဒုက္ခ ရောက်နေတာပေါ့ဟ…' လို့ စိတ်ထဲကပဲ အော်လိုက်တယ်။

"မမမိုးမှာ ရည်းစားတွေဘာတွေရှိလားဟင် အစ်ကို…"

အိုလေး မေးတဲ့မေးခွန်းကြောင့် ကျွန်တော် တော်တော်လေးကြောင်သွားတယ်။ ထင်မထားတဲ့ မေးခွန်းမျိုးမို့ ချက်ချင်းပြန်ဖြေဖို့အဖြေ ချက်ချင်းမရှိတာဖြစ်ဖို့ များသည်။ 'ရှိတယ်လေ … ငါပေါ့' ဆိုတဲ့ အဖြေမျိုး ဖြေလိုက်ဖို့ ချက်ချင်း စဉ်းစားမိတယ်။ ဒါဆိုရင် … အိမ်မှာ နေရင်းထိုင်ရင်း အသက်ရှူကြပ်နေရတဲ့ ကိစ္စကို တရားဝင် ဖြေရှင်းပြီးသားဖြစ်သွားပြီ ဆို





ဘာကိုလည်း ချက်ချင်း သတိထားမိပြီး ဝမ်းသာသွားတယ်။

ဘယ်လောက်ကောင်းတဲ့ အခွင့်အရေးလဲ … ကိုယ်က စ,ပြောတာ လဲ မဟုတ်ဖူး။ ကိုယ့်ဘာသာနေတာကို သူကိုယ်တိုင်က လာမေးတာ … အမေ့ကို ဖွင့်ပြောပြီး ရှင်းနေရတာထက်စာရင် … သူကိုယ်တိုင်က သိပြီး ရှောင်ထွက်သွားတာက ပိုပြီး မကောင်းဘူးလား!။

အခုနေ … နင့် မမမိုးနဲ့ ငါနဲ့က ချစ်သူတွေဖြစ်နေတာ သူက မပြောဘူးလား ဆိုရင် … ပြီးသွားပြီ။ ကျွန်တော် ဖွင့်ပြောလိုက်တာနဲ့ အိုလေးဟာ သူ့ကိစ္စကြီးကို ဘယ်သူ့ကိုမှ တရားသလား! မတရားဘူးလား! ဆိုတာကို ချမေးစရာမလိုတော့ဘဲ ပြန်ကောက်သိမ်းသွားရတော့မှာ … မဟုတ်လား!။

အဲဒီအတွေးတွေနဲ့ ကျွန်တော် အိုလေးကို တစ်ချက်ကြည့်တော့ အိုလေးကလည်း ကျွန်တော့်ကို မဝင့်မရဲနဲ့ ကြည့်နေတယ်။ အိုလေးရဲ့ မျက်နှာမှာ တစ်ခုခုကို မျှော်လင့်နေသလိုပဲလို့ ကျွန်တော် ထင်တယ်။ ကျွန်တော် ပြောချလိုက်တော့မယ်လို့ ဆုံးဖြတ်ပြီးမှ အိုလေး မျက်နှာကို မြင်တော့ ပြောရမှာ ရွံ့နေတယ်။ ပြီးတော့ … ရင်ထဲမှာ အာ နာနေတယ်။ သူ လျှော်ခဲ့ဖွတ်ခဲ့တဲ့ အင်္ကျီတွေ၊ ဆေးခဲ့ကြောခဲ့တဲ့ ပုဂံတွေ၊ တိုက်ခဲ့ရတဲ့ ကြမ်းတွေ၊ ချက်ခဲ့ရတဲ့ ထမင်းအိုးတွေ … အားလုံးကို ပြန်စဉ်းစားပြီး … နှုတ်ကနေ စကားထွက်လို့မရ ဖြစ်နေတယ်။

ဒီလို လုပ်တာတွေဟာ အလကား ပဲ ဘာမှမထိရောက်ဖူးလို့ တစ်လျှောက်လုံး ယုံကြည်ထားခဲ့ပေမယ့် … တစ်ကယ်တမ်း ဆုံးဖြတ်တဲ့အခါ ကျတော့ ထည့်တွေးသင့်သလောက်တော့ … တွေးမိတာပါပဲ။ ဒီကိစ္စတွေ ကို ကျွန်တော် ဆန့်ကျင်တယ် … ဒါကြောင့်မို့ … အိုလေးကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မိုး ချစ်သူတွေပါလို့ ဖွင့်ပြောချလိုက်တော့မယ်။

ကျွန်တော် ဒုတိယအကြိမ် အားမွေးတာလည်း မထိရောက်ပါဘူး။ အိုလေး မျက်ဝန်းတွေကို ရင်ဆိုင်မိပြီး ပြောမထွက်တော့ဘူး။ ပြီးတော့ *အိုလေးနဲ့ မိုးနဲ့က သိနေကြပြီဆိုတော့ မတော်လို့များ အိုလေးက မိုးကို* သွားမေးမိရင် ... ဆိုတဲ့အတွေးကြောင့်လဲ ပါတယ်ဆိုပါတော့။

"အစ်ကို ... ဘာဖြစ်လို့လဲဟင် ! အိုလေးမေးတာကို အစ်ကိုက မကြိုက်လို့လား အစ်ကို ...!"

သူ့ကိုကြည့်လိုက်၊ ချီတုံချတုံဖြစ်လိုက်နဲ့ ကျွန်တော့်ကို ကြည့်ပြီး အိုလေးက မေးတာပါ။ ကျွန်တော် နည်းနည်းတော့ ရှက်သွားတာ အမှန်ပဲ။

"ဟာ ... မဟုတ်ပါဘူး ... အင်း ... နင်ဘာသာပဲ စဉ်းစားကြည့်လေ၊ မိုးက ဒီလောက်ချောတာ ... သူ့မှာ ရည်းစားတွေဘာတွေတော့ ရှိတာပေါ့ဟ ...၊ နင် ... မေးကြည့်ပါလား"

"ဟင် ... အိုလေးက ဘယ်မေးလို့ကောင်းမှာလဲ အစ်ကိုရဲ့ ... အစ်ကိုက မမမိုး ရည်းစားကို မသိဘူးလား"

"သူ့ရည်းစားကို နင်ဘယ်သူလို့ ထင်သလဲ"

ကျွန်တော်က အဲဒီစကားကို ပြောပြီးတော့ အိုလေးကို စိုက်ကြည့်ထားလိုက်တယ်။ ဝန်ခံရတာတော့ ဒီစကားတွေရော၊ ဒီအပြုအမူတွေရောဟာ ကျွန်တော် လူလည်ကျတာပါ။ ဝိနည်းလွတ် မရိုးသားမှုကို လုပ်လိုက်တာပါဆိုတာကို ကျွန်တော် ဝန်ခံပါတယ်။ ကျွန်တော့် စကားနဲ့ အမူအယာက အိုလေး အသိစိတ်ထဲမှာ ဘာအဓိပ္ပာယ်ကို ရောက်သွားမလဲဆိုတာကို ကျွန်တော်ရော ... ကျွန်တဲ့လူတွေရော သိပါလိမ့်မယ်။





ကျွန်တော် စပ်ဖြဲဖြဲနဲ့ စိုက်ကြည့်တာကိုတွေ့တော့ အိုလေးက မျက်နှာပျက်သွားတယ်၊ ကျွန်တော့်ကိုလည်း မျက်လုံးချင်းမဆုံတော့ပဲ မျက်နှာလွှဲသွားတယ်။ ပြီးတော့ ... ကျွန်တော်တို့နှစ်ယောက် ပြောစရာစကား မရှိတော့သလို ရပ်နေလိုက်ကြတယ်။

"မမမိုးရဲ့ ... ချစ်သူက ... တော့ ... အင်း ကံကောင်းမှာပဲနော်"

"ဘာဖြစ်လို့လဲ !"

"မမမိုးက ချောတာကိုး ... သဘောလဲ ကောင်းတယ်၊ ပြီးတော့ မမမိုးကိုလဲ အရမ်းချစ်မှာပဲနော်..."

စကားဆုံးတာနဲ့ အိုလေးက ကျွန်တော့်ကို မော့ကြည့်တယ်။ ကျွန်တော် အဲဒီတုံးက ခပ်ပြုံးပြုံးကြီးပဲ နေပြလိုက်တာကို မှတ်မိပါသေးတယ်။

"ပိုစိတ်ညစ်တာပေါ့ဟ၊ ကိုယ့်ရည်းစားက ချောတော့ ... ဟိုလူကကြည့်၊ ဒီလူကကြည့်ဆိုတော့ ... ဘယ်နဲ့ ကံကောင်းရမှာလဲ !"

ကျွန်တော့်ဆီကစကားကို ကြားရတော့ အိုလေးဟာ မျက်နှာ သိသိသာသာ ငြိုးသွားတာတွေ့ရတယ်။ ပြောပြီးတော့ ရင်ထဲမှာ မကောင်းဘူး၊ အိုလေးကိုကြည့်ပြီး အားနာနေမိတယ်။ ရင်လဲ ရင်မဆိုင်ရဲတော့သလို ဖြစ်လာတယ်။

"ကဲ ... ကဲ ... နင်လည်း သူများသမီးရည်းစားကိစ္စ ပြောပြီး ပျော်မနေနဲ့၊ အခု ဆရာဖြစ်သင်တန်းတက်ဖို့က ဘယ်လိုတဲ့လဲ !"

"မမဝေ ကူညီလို့ တော်တော်အဆင်ပြေတယ်အစ်ကို ...၊ နယ်သွားရမယ်ဆိုရင် ပိုအဆင်ပြေတယ်"

"ဟာ ... ဒါဆို အိုကေတာပေါ့ဟ၊ နင်တို့နားက နယ်ကို တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါလား! ဦးစားပေးထည့်ပေါ့ ... ခေါင်တော့ နင်ရဖို့သေချာတာပေါ့၊ နှင်းထည့်လျှောက်တယ် မဟုတ်လား !"

ကျွန်တော် ဝမ်းသာအားရ ပြောတဲ့စကားက အိုလေးရဲ့ အကြည့်ကြောင့် ရပ်သွားတယ်။ ဟုတ်တယ်ဗျာ ... ကျွန်တော်ကလည်း ရှေ့မှာ ဝမ်းသာရင် နောက်ကို မေ့တတ်တဲ့ကောင်မျိုး မဟုတ်လား။ သူ့နယ်ကို ခေါင်တာတွေ ဘာတွေ သွားပြောတော့ ဘယ်ကောင်းပါ့မလဲ။

"မလျှောက်ဘူး၊ အိုလေးက ... အို ... မလျှောက်ချင်လို့ပါ။ နောက်တစ်ရက် နှစ်ရက်လောက်နေရင် မဝေက အစ်ကိုနဲ့ မှာလိုက်မယ်တဲ့ အစ်ကို..."

"ဟာ ... နင့်ကိစ္စတွေက မပြီးသေးဘူးလား !"

"ပြီးတော့မှာပါ ... တစ်ခါနှစ်ခါပေါ့ အစ်ကိုရယ် ..."

အဲဒီနေ့ အိုလေး နေပုံထိုင်ပုံက သိပ်မရှုင်ဘူးဖြစ်နေလို့ အမေက တောင်မှ ဖျားမယ်တို့၊ ဖျားတင်တို့ကို လွမ်းနေတယ်ထင်ပြီး စ,နေသေးတယ်။

ညနေ ကိုသ ဝပ်ရှေ့(ခ)က ပြန်လာတော့ အိမ်ရှေ့ခံတန်းလျားမှာ မောင်နှမတွေ ခပ်တိုးတိုး စကားကောင်းနေကြတာ တွေ့ပေမယ့် ဝင်စပ်စုရမယ့်ကိစ္စ မဟုတ်လို့ ... ဒီအတိုင်းပဲ ထားလိုက်တယ်။ ကျွန်တော် ပြောခဲ့တဲ့ ကိစ္စဟာ အိုလေးအတွက်တော့ စဉ်းစားစရာ ဖြစ်သွားမှာ သေချာပါတယ်။

ဒီရက် အတောအတွင်းမှာ မိုးဆီက အဖြေရဖို့ကို တိတိကျကျ ပွင့်ပွင့်လင်းလင်း ကြိုးစားဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ မိုးဟာ ရက်နေတာဆိုရင် တော်သင့်ပြီ။ ပြီးတော့ မိုးရဲ့ဘေးနားက မဦးကို





ကျွန်တော် လုံးဝ ... စိတ်မချတော့ဘူး။ မဦးနဲ့ ကျွန်တော်နဲ့ဟာ မေးထူး ခေါ်ပြောထက် ပိုပြီး ရင်းနှီးမလာခဲ့တာ၊ ကျွန်တော်က မဦးကို ခင်ခင် မင်မင် မရှိသလို ... မဦးဘက်ကလည်း အဲဒီလိုပဲဆိုတာက သိပ်သိသာ သာကြတယ်။

မိုးက အခုနေ ကျွန်တော့်အကြောင်းကို မဦးနဲ့ တိုင်ပင်မယ်ဆို ရင် ... မဦးက လုံးဝသဘောမတူပဲ ... ကန့်ကွက်မှာ သေချာတယ်ဆို တာကို မယုံရင် တစ်သန်းကြေး လောင်းလိုက်ချင်တယ် ... ကိုယ့်ဆရာ ခရဲ့ ...။

ဒီတော့ တနင်္လာနေ့ ကျောင်းဖွင့်ရင် မိုးကို လာဖို့ ဆုံးဖြတ် လိုက်တယ်။ ဒီဆုံးဖြတ်ချက်ဟာ အရေးကြီးနေပြီမို့ ... သူငယ်ချင်းတွေနဲ့ ပါ အသေအချာ တိုင်ပင်ပြီးမှ လုပ်မှ ကောင်းမယ်ဆိုတာ အဓိကထား အားလည်ထားရတယ်။

ဘာဖြစ်လို့လဲဆိုတော့ ... ကျွန်တော် မိုးကို အဖြေတောင်းတော့ မိုးက နောက်ဆုံးနှစ် ကျောင်းဖွင့်တဲ့အခါကျရင် ကျွန်တော့်ကို တိကျတဲ့ အဖြေ ပေးမယ် ... အဲဒီရက်မတိုင်ခင် နေ့တွေမှာတော့ ကျွန်တော်က သူငယ်ချင်းလိုပဲ နေမယ်ဆိုတဲ့ စည်းကမ်းကို သူငယ်ချင်းတွေ အားလုံး ရှေ့မှာ ပြောခဲ့တာကိုး ...။ ဒီတော့ ... အခု ကျွန်တော် မိုးဆီက အဖြေ တောင်းနေပုံက ကိုယ့်ဘာသာတစ်ယောက်တည်း ကြိတ်လုပ်သလို ဖြစ် ခဲ့တယ်။

သူငယ်ချင်းတွေကို ဖယ်ပြီး ရင်ခုန်သံကို ကျွန်တော်က တစ်ယောက် တည်း လောဘတကြီး ခံစားဖို့လုပ်သလို ဖြစ်နေတော့ မိုးက ရှောင်လို့ နေတတ်နေတာပေါ့။ ဒီတော့ မိုးကို သူငယ်ချင်းတွေရှေ့မှာ ပေးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကတိမို့ သူငယ်ချင်းတွေရှေ့မှာပဲ မေးရတော့မယ်။ ဒီသူငယ်ချင်းတွေရဲ့ အားကို ကျွန်တော် မေ့ထားသလို ဖြစ်နေတယ်။ အသုံးချသင့်တဲ့ အားကို အလကား ပစ်ထားသလို ဖြစ်နေတယ်။

သူငယ်ချင်းတွေ ရှေ့မှာပဲ အဖြေကောင်းလို့ မိုးက သူငယ်ချင်းတွေ ဖယ်ပေးမှဆိုရင် တစ်မျိုးပေါ့။ ဒါဆို မိုး ငြင်းလို့မရတော့မှာ ကယ်ပဲမို့ ကျွန်တော် တွေးရင်း ပျော်သွားတယ်။

ညနေ ထမင်းစားကြတော့ ... အိုလေး ချက်တဲ့ ငံပြာရည်ချက်ကို ကောင်းတယ်လို့ တော်တော်လေးကို ချီးကျူးလိုက်တယ်။

“အိုလေး ... နင့်ရဲ့ ငပိချက်က ထမင်းထဲမြုတ်ပြီး စားလိုက်တာ နဲ့ ဘုန်းကြီးကျောင်းမှာလုပ်တဲ့ အလှူနဲ့ကို တစ်ခါတည်း တန်းရတော့ တာပဲ ... သခွားသီး တို့စရာလေးနဲ့ဆိုတော့ အလွန်ကောင်းပေါ့ဟာ - နင် ဒီတစ်ခါတော့ အမေ့ထက်သာသွားတာ အမှန်ပဲ ...”

ကျွန်တော်က ထမင်းအားရပါးရစားနေရင်းက ချီးမွမ်းတာဆိုတော့ အိုလေး ... မနေတတ်မထိုင်တတ်ကြီး ဖြစ်နေတယ်။ အိုလေးဟာ ကျွန်တော့် နဲ့ပတ်သက်ရင် ချီးမွမ်းတာတို့ ဘာတို့မှာ အခုထိ ရှက်နေတာ ... မျက်နှာ မထားတတ်တာတို့ ဖြစ်နေတုန်းပဲ။ အိုလေးက ရှက်ပြီး သခွားသီးတွေ ထစိတ်နေတော့ အမေက ရယ်တယ်။

“ဟဲ့ ... သခွားသီးတွေက များနေပြီလေ အိုလေးရဲ့၊ အင်း - သာတာတော့ အများကြီးပါ သားရယ် ... ငါးဟင်းသာ အညာမှာနေတော့ ချက်နေမကျလို့ အမေက ဝင်ကူရတာ၊ ကျန်တဲ့ဟင်းတွေကတော့ ... အမေ ဘယ်မှာ ပြန်ငဲ့ရ ... ပြန်လှည့်ရလို့လဲ ...။ အိုလေး ရှိတာ အမေ မီးဖိုချောင် သိပ်သက်သာတာ ... သားရဲ့”







အမေ့စကားကြောင့် ကျွန်တော် အိုလေးကို လှမ်းကြည့်ပြီး ပခုံး တွန့်ပြလိုက်တယ်။ မိုးနဲ့ ကိစ္စကို အိုလေး မေးလို့ ပြောပြီးကတည်းက အမေ အဲဒီလိုစကားမျိုးတွေ ပြောလာရင် အရင်တုန်းကလို အသက်ရှူကြပ် နေတော့ဘူး။ အိုလေးကတော့ ကျွန်တော့်စကားကို ဘာမှ မတုန့်ပြန် ဘူး။ မျက်နှာကလေး ငယ်နေတယ်လို့တော့ ထင်တာပဲ။

နောက်တစ်နေ့ မနက်မှာတော့ ကျွန်တော် ... ငဖြိုးကို ဝင်ခေါ်ပြီး ဝေဝေနဲ့ သိမ့်တို့ရှိတဲ့ နေရာကို သွားကြတယ်။ ငဖြိုးကိုတော့ ဝေဝေတို့ ဆီ မရောက်ခင် ရှင်းပြပါသေးတယ်။ ဒါပေမယ့် ဒီကောင်က ဒီလိုကိစ္စ တွေမှာ တော်တော် ဒုန်းဝေးတဲ့ကောင်ပါ။ ကျွန်တော် တွက်ပြတာထက် ဘာမှ ပြန်ပြီး တွက်ပြတတ်တဲ့ကောင်မျိုးမှ မဟုတ်တာ။

ငဖြိုးလို ငတိမျိုးက အခြေအနေ အရပ်ရပ်ကို တွက်တတ် ချက် တတ် ... ပါးနပ်တတ်တဲ့ ဝေဝေနဲ့ ချစ်သူဖြစ်တာ တော်တော်လေးကို အံ့ဩဖို့ကောင်းနေတယ်။ လောကကြီးကလည်း တစ်ခါတစ်လေ အဲဒီလို ကိစ္စလေးတွေနဲ့ လူ့ဘဝရဲ့ အရသာကို ပေးတတ်သေးတယ် မဟုတ်လား !။

ဝေဝေနဲ့ သိမ့်နဲ့ တွေ့ပြီး အတူထိုင်ကြတော့ ပထမ ထွေရာလေးပါး စကားကလေးတွေ ပြောကြရင်း အိုလေးအကြောင်းဆီ ရောက်သွားကြ တယ်။

“ရဲဝင်း ... ငါ ... ဒီကောင်မလေးကို ဆက်ဆံကြည့်တော့ စိတ်ရင်း ကလေးကောင်းတယ် ... ပြီးတော့ နင့်အပေါ်လဲ ရိုသေပြီး တော်တော် သံယောဇဉ်ရှိပုံရတယ် ...”

“ဒါကတော့ အညာကလာတဲ့လူပဲ ဝေဝေရာ၊ ဒီလို ရိုးသားမှုမျိုး တော့ ရှိတာပေါ့။ သူက ရန်ကုန်ကိုလာတဲ့ကိစ္စက စာသင်ရေးထက် ...”



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးက ပထမဟာ၊ သူ ယောကျ်ားရွေးပုံကလည်း ကြည့်ဦး လေဟာ ... ရန်ကုန်သားရရင် တော်ပြီတဲ့ ဟဲ ... ဟဲ ... ဟဲ ...”

ကျွန်တော်က နောက်ဆုံးစကားကို လေသံ ခပ်တင်းတင်းနဲ့ ပြော ပြီး စိတ်ပါလက်ပါနဲ့ ရယ်ပါတယ်။ ဒီလို ကျွန်တော်က ရယ်ပေမယ့် ဝေဝေနဲ့ သိမ့်က လိုက်မရယ်ပါဘူး။ ကျွန်တော့်ကို စိတ်ပျက်တဲ့ပုံစံနဲ့ ကြည့်နေကြတယ်။ ကျွန်တော် ဒီလိုပြောတာဟာ အိုလေးကို ထိခိုက် ချင်တဲ့စိတ်နဲ့ပြောတာ မဟုတ်ဖူးဆိုတာတော့ သေချာတယ်ဗျာ...။ ဒါပေ မယ့် ပြောရတဲ့ အကြောင်းအရာကိုယ်တိုင်က အိုလေးကို ထိခိုက်နေတာ ကတော့ ကျွန်တော်နဲ့ မဆိုင်ဘူးလို့ ကျွန်တော် ထင်တယ်။

ဒီအကြောင်းကလည်း ကျွန်တော်က တမင်လီဆယ်ပြီး ပြောတာ မဟုတ်ကဟုတ်က လုပ်ကြံပြီးပြောတာ မဟုတ်ပါဘူး။ ဒီစကားကို ကျွန်တော့်ရှေ့မှာ ကိုသ ကိုယ်တိုင်က အဖွားမယ်ကိုပြောတာ ကြားခဲ့တာ ပါ။ ဒီကိစ္စကိုတော့ ဝေဝေတို့ကို ရှင်းပြမနေတော့ပါဘူး။

“ရဲဝင်း ... နင့်အတွက်နဲ့ သူ နင်တို့အိမ်မှာ ဝိုင်း လုပ်ကိုင်ပေး နေရတာကို နင် သူ့အပေါ် ဘယ်လိုသဘောထားလဲ!”

“ဟ ... ငါက ဘာသဘောထားရမှာလဲ၊ ငါ့အမေနဲ့ သူ့ဘွားမယ် လက်ဝါးချင်းရိုက်ထားကြတာကို ငါသိတယ်လေ။ သူတို့အတွက် ကြား ထဲက ငါဘယ်လောက် ဒုက္ခရောက်ခဲ့ရလဲဆိုတာ နင်တို့လဲ သိနေတာပဲ၊ ငါပြောပြပြီးသားပဲ”

“အေးပါ၊ နင်ငါတို့ကို ပြောပြတာတွေ အမှန်ဆိုတာ ငါ သူ့ကို မေးကြည့်လို့ သိပြီးပါပြီ ... အိုလေးကို နင် မသနားဘူးလား ! ငါက မေးတော့ သူကတော့ ပျော်ပါတယ် ... တဲ့”





ကျွန်တော် နည်းနည်း စိတ်ညစ်သွားတယ်ဆိုတာကို ဝန်ခံပါတယ်။ ဘယ်နဲ့ သူတို့ဘာသာ ဖြစ်ကြတဲ့ကိစ္စက ကျွန်တော့်ကို လာပြီး အမှုပတ် နေရတာလဲ။ သူတို့ အိုလေးကို သနားကြတယ် ဆိုတာကို ကျွန်တော် လက်ခံပါတယ်။ အိုလေးဟာ ... ကျွန်တော့်ကို ကြောက်တယ်၊ သံယောဇဉ် ရှိတယ်၊ ပြီးတော့ မျှော်လင့်နေတယ် ဆိုတာတွေကို ကျွန်တော် သိပါ ဘယ်။ ဝေဝေတို့က အဲဒီလိုထင်ကြတဲ့ အထင်ခံရတာကိုလည်း ကျွန်တော် သာယာမိတာ အမှန်ပါပဲ။ ဒါပေမယ့် အိုလေးနဲ့တွေ့ရင် ... အဲဒီကိစ္စ အတွက်နဲ့ ကျွန်တော် အသားမယူခဲ့ဖူး၊ အရသာမခံခဲ့ဖူးဆိုတာလည်း အမှန်ပဲ။

ကျွန်တော် သူတို့ဆီက လိုချင်တာက ကျွန်တော်ဟာ မိုးကို ဘယ် လောက်ချစ်တယ်ဆိုတာ အိုလေးအကြောင်းကို သူတို့ သိပြီးသွားရင် ကျွန်တော့်အပေါ် နားလည်နိုင်အောင်ပဲ။

ကျွန်တော် မိုးကို အရမ်းချစ်တယ် ဆိုတာကို အားလုံးသိအောင် ‘အိုလေး’ ကို အသုံးချခဲ့တယ် ...လို့ တစ်ယောက်ယောက်က ကျွန်တော့် ကို စွပ်စွဲလာရင် ကျွန်တော် မငြင်းဘူးဆိုတာကိုတော့ ကတိပေးနိုင်ပါ တယ်။ ဒီလောက်ပဲ ကျွန်တော်လိုချင်တာမို့ အိုလေးအကြောင်းကို စကား ဖြတ်ပစ်လိုက်တယ်။

“ကဲ ... ဒေါ်ရွှေမိဝေ ... ကျွန်တော် ဒီလိုလာတာ မိုးအကြောင်း ကို တိုင်ပင်စရာရှိလို့ လာတာပါခင်ဗျား ...”

ကျွန်တော် ရဲ့ပြောတဲ့အသံကို ကြားရတော့ ဝေဝေနဲ့ သိမ့်က နှာခေါင်းတွေ ရှုံ့ကြတယ်။ သိမ့်က ကျွန်တော့်ကို မေးခွန်းတစ်ခု မေး တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲဝင်း … နင် အဲဒီကောင်မလေးက နင့်ကိစ္စတွေကို ဝင်လုပ်ပေး နေတာကို နင်က အားမနာဘူးလား!"

သိမ့်မေးတဲ့ မေးခွန်းက ရိုးရိုးပေမယ့် သိမ့်မေးတဲ့ လေသံက နည်းနည်းမာတာကို ကျွန်တော် သတိထားမိတယ်။ ကျွန်တော်တို့ အုပ်စု ထဲမှာ သိမ့်က စကားနည်းတယ်၊ သူတပါးကိစ္စထဲလည်း ဝင်ပါခဲ့တယ် စကားအများ မခံတတ်ဖူးဆိုပါတော့ …။ ကျွန်တော့်အတွက်ကတော့ သိမ့် မေးတဲ့ မေးခွန်းဟာ မဆန်းပါဘူး။ ဒါပေမယ့် ကိုယ်ရေးကိုယ်တာတွေ ပါနေလို့ မမေးသင့်ဖူးတော့ ထင်တာပဲ။ ကျွန်တော်က သိမ့်ကို ပခုံးနှစ်ဖက် တွန့်ပြီး မျက်နှာကိုမဲ့ပြရင်း ဖြေလိုက်တယ်။

"အင်း … တစ်ခါတစ်လေကျတော့လဲ အားနာတယ်ဟ၊ ရောက် ကာစတုန်းက ဆိုပါတော့၊ အခုကျတော့လည်း ရိုးသွားတာပါပဲ။ သူတို့ ကလည်း အဲဒီကိစ္စတွေကို အရေးတကြီး မထားတတ်ပါဘူး။ သူတို့ လုပ် ပေးရမယ့်တာဝန်လို့ကို သဘောထားနေပုံရတယ်။ ဒီကောင်မလေးက ၁၀ – တန်းဖြေတုန်းကလည်း ဒီလိုပဲ သူများအိမ်မှာ နေဖူးတာပါပဲ။ အဲဒီ တုန်းကလည်း လုပ်ပေးတာပါပဲ။ သူ့အတွက်ကတော့ မဆန်းတော့ဘူး ပေါ့ဟာ …"

သိမ့်က ကျွန်တော့်စကားကို ခေါင်းခါပါတယ်။ သူမေးတဲ့ မေးခွန်း ကို ကျွန်တော်က ဝေ့လည်ကြောင်ပတ် ဖြေသွားတာကို သိမ့် သဘော ကျပုံတော့ မရဘူး။ ကျွန်တော်က … နောက်ထပ်မေးခွန်းတွေ မလာအောင် မိုးအတွက် စကားကို စ,ရတယ်။ စကားစမယ်ဆိုရင် သူတို့ စိတ်ဝင်စား လာအောင် ဘာစကားမျိုးနဲ့ စ,ရမယ်ဆိုတာကို ကျွန်တော် သိပါတယ် 'မဦး' ကိစ္စလေ …။ သိမ့်နဲ့ ဝေဝေလည်း မဦးကို သိပ်မကြည်ကြဘူးဆို





တာ တခါမှ မပြောဘူးပေမယ့် ကျွန်တော်က သိနေတယ်။

"နင်တို့ မဦးကို ဘယ်လိုသဘောရလဲ ဝေဝေ …"

"မဦး … မဦးက ဘာဖြစ်လို့လဲ!"

"မဦးက ငါတို့အုပ်စုထဲကို မိုးနဲ့ ပတ်သက်ပြီးတော့ ဝင်လာတာ မဟုတ်လား ! တစ်ခါတစ်ခါ မဦး ငါတို့ကို ဆက်ဆံတာ နည်းနည်းများ ရင့်သလားလို့ !"

ဝေဝေနဲ့ သိမ် တစ်ယောက်နဲ့ တစ်ယောက် ကြည့်လိုက်ကြတယ်။ မိန်းကလေးတွေကို အဲဒီတစ်ချက်တော့ အရမ်းချီးကျူးတယ်ဗျာ … သူတို့ ချင်း အထာသိတဲ့နေရာမှာ ပုရွက်ဆိတ်တွေလိုပဲဗျ၊ ခြေတစ်ချက် လက် ဘစ်ချက် လှုပ်တာနဲ့တင်သိတာ … ငြိုးလို ဝေါ်မျိုးနဲ့တော့ တစ်ခြား စီပဲ …။

"သူ့ပုံစံက အဲဒီလိုပဲမို့ နေမှာပါ။ ငါတို့နဲ့ကတော့ ဘာပြဿနာ မှ မရှိပါဘူး။ မေးထူးခေါ်ပြော ပုံမှန်ပဲ နေတာလေ … မိုးနဲ့ပဲ အတွဲများ တာကိုး"

"အေး … ငါက အဲ့ဒါကို ပြောမလို့ပေါ့ဟ … မိုးက ငါ့ကိစ္စကို နင်တို့နဲ့ တိုင်ပင်သေးလား !"

"ဟင့်အင်း … မတိုင်ပင်ဘူး။ မတိုင်ပင်ဆို ကျောင်းပြန်ဖွင့်မှ ငါတို့ မိုးနဲ့ အေးအေးဆေးဆေးကို မတွေ့ရသေးတာ၊ သူလဲ ဘာတွေ အလုပ်များနေလဲ မသိဘူး"

ဝေဝေက စကာကိုမကျွံအောင် ထိမ်းပြောသွားတယ်။ သိမ့်က တော့ ထုံးစံအတိုင်း … နားထောင်သမားပေါ့လေ …။

"မနှစ်က ကျောင်းနောက်ဆုံးနေ့မှာ ဒီနှစ်ကျောင်းဖွင့်ရင် မိုးက



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို အဖြေပေးမယ်လို့ နှင်တို့ရှေ့မှာပဲ ကတိပေးခဲ့တာနော် ... ဒါပေမယ့် အခုကျတော့ မိုးက ငါ့ကို နည်းနည်းရှောင်ချင်နေသလားလို့၊ ငါ ချောင်းသာမှာကတည်းက သတိထားမိတာ ... အဲဒါကို ငါက မဦး ကြောင့်လို့ ထင်တာပဲ ... နောက်ဆုံးနေ့မှာ ငါနဲ့ မိုး ပြဿနာတက်သေးတယ်ဟ"

"အင်း ... မိုးက ပြောပြပါတယ် ..."

"ဟာ ... သူက ပြောပြလား ! ဟုတ်လား ! ဘာတဲ့လဲ ! သူက ..."

ဝေဝေ့ စကားကြောင့် ... ကျွန်တော် ပျော်သွားတယ်။ ကျွန်တော်က အဲဒီလိုမျိုး အမြဲတမ်း ဖြစ်တတ်တယ်။ မိုးက ကျွန်တော့်ကွယ်ရာမှာ ကျွန်တော့်အကြောင်း ပြောတယ်ဆိုရင် အရမ်း ဝမ်းသာတယ်။ အချို့ကိစ္စတွေဆို သာမန် ကိစ္စတွေပါ။ ဒါပေမယ့် အခုလို တစ်ယောက်ယောက်က ပြောပြရင် အရမ်းဝမ်းသာတာပဲ။ အဲဒါကို ထိမ်းထားလို့ကို မရဘူး။ အခုလည်း ကျွန်တော် ဝမ်းသာသွားတာကြီးက သိသာလွန်းပါတယ်။

"နှင်က ... မဦးရှေ့မှာ အတင်း အဖြေတောင်းဖို့လုပ်တယ်တဲ့။ မဦး က အဲဒီတုန်းက နှင်နဲ့ သူ့အကြောင်းကို မသိသေးဘူးတဲ့။ နှင်က အရိပ်အကဲ နားမလည်ပဲ ဇွတ်လုပ်တော့ မဦး က မေးတယ်တဲ့။ အဲဒီတော့မှ ပြောပြလိုက်ရတာတဲ့ ... အဲဒါပါ"

"ဟင် ! မဦး က အဲဒီတော့မှ သိတာလား ! ငါက မိုး ပြောပြထားတယ်ထင်ထားတာ ..."

သိမ့်က သက်ပြင်းကိုချရင်း ကျွန်တော့်ကို တော်တော်တုံးတဲ့ကောင်းဆိုတဲ့ ပုံစံမျိုးနဲ့ ကြည့်ပြီး ...

"နှင်နဲ့ မဦး က ချောင်းသာကျမှ တွေ့ဖူးတာ ... မိုးက ဘာဖြစ်လို့ ကြိုပြောထားရမှာလဲ"





"အေး ... ငါ နှင်တို့မိန်းကလေးတွေကို မကြိုက်တာလဲ အဲဒါပဲ။ နှင်တို့က တစ်ယောက်နဲ့တစ်ယောက် သိကာစမှာ ဘယ်တော့မှ မပွင့်လင်းဘူး ...။ ကိုယ့်မှာချစ်သူရှိတယ်၊ ဘာတယ် ဘယ်တော့မှ ... မပြောကြဘူး၊ အဲဒါ မရိုးသားတာ မဟုတ်ဖူးလား !"

"ဘာဆိုင်လို့လဲ ! နှင်နဲ့ မိုးနဲ့က ချစ်သူတွေမှ မဟုတ်သေးတာ၊ ဘာဖြစ်လို့ ပြောထားရမှာလဲ!"

"နှင်ကလည်း မိုးနဲ့ငါနဲ့က ဘာလွဲစရာရှိလို့လဲ... မိုးက ငါ့ကို တရားဝင်မပြောရုံတမယ်ပဲ ရှိတော့တဲ့ဟာ... နှင်တို့နဲ့ ငါ ကျောင်းပိတ်ထားတုန်းက ရွှေတိဂုံဘုရားပေါ်မှာ တွေ့ကြတာ မှတ်မိလား..."

"အင်း... ဘာဖြစ်လဲ ပြော..."

"အေး... အဲဒီနေ့က မိုးက ငါ့ကို အဖြေပေးတော့မလို့ဟ၊ ပြောခါနီးလေးမှာ အဲဒီ ဒေါ်ရွှေအိုလေး ဝင်ရှုပ်တာနဲ့ မပြောဖြစ်တာ..."

ဒီတစ်ခါလည်း ဝေဝေနဲ့ သိမ့် တစ်ယောက်နဲ့ တစ်ယောက်ကြည့်ကြပြန်ပါတယ်။ ကျွန်တော်ကတော့ ဘာအဓိပ္ပာယ်ဆိုတာကို လိုက်စဉ်းစားမနေတော့ပါဘူး။ ကျွန်တော်လိုချင်တဲ့ပုံစံမျိုး သူတို့ဆီက မရလို့ စိတ်တိုချင်နေတယ်။

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ... မိုးနဲ့ နှင်က တရားဝင်ချစ်သူ မဟုတ်ကြသေးတာတော့ အမှန်ပဲ၊ အေး... အဲဒီလိုချစ်သူ တရားဝင်မဖြစ်သေးရင် ငါတို့မိန်းကလေးတွေက လိုအပ်မှ ပြောတယ် ဒါပဲ..."

"ထားပါ... ငါကလည်း အဲဒီကိစ္စကို မပြောချင်ပါဘူး... ငါ ပြောချင်တာက မိုး ငါ့ကို အဖြေပေးဖို့ကိစ္စမှာ အဲဒီ မဦးဆိုတဲ့ မိန်းမ ဝင်ရှုပ်နေတယ် ထင်တာပဲ၊ မိုးက ငါ့ကို သူငယ်ချင်းတွေရှေ့မှာ ကတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တာဆိုတော့ တနင်္လာနေ့ကျရင် ငါက မိုးကို သူငယ်ချင်းတွေ မှာပဲ တရားဝင် ဖွင့်မေးမယ်၊ နှင်တို့ကလည်း မိုး အဖြေပေးဖို့ သင့် ဆိုတာကို ထောက်ခံပေးရင် မိုး ရှောင်လို့ မရတော့ဘူးပေါ့၊ အဲဒါ နှင်တို့ ငါ့ကို ကူညီပေးဖို့ပါ…"

ဒီတစ်ခါတော့ သူတို့ချင်း မကြည့်ကြတော့ဘူး။ ဝေဝေက တစ်ခုခု ကို စဉ်းစားနေသလို လုပ်ပြီးမှ အလန့်တကြား ထ,အော်တယ်။

"ဟဲ့… တနင်္လာနေ့ကို ငါကမှ မအားတာ၊ နှင့်အိုလေ ကိစ္စအတွက် လိုက်လုပ်ပေးရမှာလေ…"

"အိုလေး ကိစ္စ…"

"အေးလေ သူ သင်တန်းတက်ဖို့အတွက် သင်တန်းစရိတ် ဘဏ်မှာ သွင်းဖို့ရယ်… သူ့ကို စာအုပ်တွေ ဘာတွေ ဝယ်ပေးဖို့ရယ်… ငါ့အစ်မက နှင့်အိုလေးကို မှာစရာရှိတာ မှာဖို့ရယ်… လိုက်လုပ်ပေးရမှာ၊ အိုလေးကို မနက်ဖြန် ကျောင်းကို နှင်ပဲ ခေါ်လာခဲ့ပေါ့…"

ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွန်တော် အိုလေးကို တော်တော် စိတ်တိုသွားတာ အမှန်ပဲ။ သူ့ကြောင့် ကျွန်တော့် အရေးတကြီးကိစ္စ ပျက် ရတော့ ဘယ်ကျေနပ်ချင်ပါ့မလဲ။ ဝေဝေမရှိဘဲနဲ့ ဒီကိစ္စကို စ,လို့ မရဘူး ဆိုတာလည်း ကျွန်တော်က သိနေတယ်ဆိုတော့ စိတ်ခတ်ကျတယ်ဗျာ… စိတ်ထဲမှာ ဘာကိုမှန်း မသိတော့ဘူး စွန်းထင်းထစ်ငေါ့ကုန်တယ်။

"နေ့ပြောင်းလို့ မရဘူးလားဟာ… နောက်နေ့မှ…"

"ဟဲ့… ရဲဝင်းရဲ့၊ အဲဒါ နှင်လုပ်ရမယ့်ကိစ္စတွေကို ငါက နှင့်အိုလေး ကို သနားလို့ လိုက်လုပ်ပေးတာလေ… ပြောင်းချင်းပြောင်းရင် နှင့်ကိစ္စ ကို ပြောင်းပေါ့… နှင်က ဘယ်နေ့မေးမေး ရတာပဲဟာ…"





ဝေဝေ့ကို ကျွန်တော် ဘာမှ မပြောတော့ဘူး။ သူ အိုလေးအတွက် ဘနာပါပါနဲ့ လိုက်လုပ်ပေးနေတာကို ကျွန်တော်မှ မငြင်းနိုင်ပဲ…။

"မနက်ဖြန် ဘယ်အချိန်သွားမှာမို့လို့လဲ…"

"နှင် သူ့ကို ကျောင်းကိုသာ ခေါ်လာခဲ့၊ ငါက ကျူတိုရီရယ် ခဲ့ရဦးမယ်၊ သူကလည်း ဓာတ်ပုံတွေ ဘာတွေ ရွေးရဦးမယ်၊ ပြီးတော့မှ သွားကြတာပေါ့ နှင် လိုက်ခဲ့ပါလား ရဲဝင်း…"

"ဟာ… မလိုက်ချင်ပါဘူး၊ နှင်တို့ဘာသာ သွားကြပါဟာ… သွားကြပါ…"

"ဟင်း… တော်တော်လုပ်ပေးချင်စရာ ကောင်းတယ်၊ အိုလေးမို့ သိလား… ငါသာဆို အင်္ကျီမပြောနဲ့ လက်ကိုင်ပဝါတောင် လျှော်မပေးဘူး ခင်လိုလူမျိုး…"

"ကျေးဇူးတင်ပါတယ် ငါကလည်း… ဒါဆို အင်္ဂါနေ့ကို ရွှေလိုက် ကြရအောင်ဟာ OK လား…"

"အင်္ဂါဆို ငါအားတယ် ရတယ်လေ…"

ကျွန်တော် ဝေဝေတို့အိမ်က ပြန်လာတော့ စိတ်ထဲမှာ သိပ်မရှင် သန်းတာတော့ အမှန်ပဲ…။ တနင်္လာနဲ့ အင်္ဂါ တစ်ရက်ပဲ ပြောင်းသွားတာ ဆိုပေမယ့် ကျွန်တော် အဲဒီအပြောင်းအလဲကို မကျေနပ်ဘူး ဖြစ်နေတယ်။ အိုလေးကိုရှာပြီး ပြောမယ်လုပ်တော့ ရှာလို့မတွေ့ဘူး …။ အမေ့ကို မေး တော့ လမ်းထိပ်ထွက်သွားတယ်တဲ့။ အိုလေးပြန်အလာမှာ ပြဿနာ ပါလာလိမ့်မယ်လို့ ကျွန်တော် ထင်မထားခဲ့တာ အမှန်ပါပဲ။ ဒါမှမဟုတ် ကျွန်တော် လမ်းထိပ်ကို ဘာကိစ္စမှမရှိပဲ သက်သက်မဲ့ထွက်ခဲ့တာ မှားတယ် လို့ ပြောရမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လမ်းထိပ်ကိုရောက်တော့ ရည်ရွယ်ချက်မရှိပဲ ရောက်လာသူတွေရဲ့ထုံးစံအတိုင်း ကျွန်တော် ဟိုရပ်ဒီရပ်နဲ့ ညနေခင်းမှာ အသွားအပြန်လုပ်နေကြတဲ့ လူတွေကို လျှောက်ငေးနေမိတယ်။ အခု ကျွန်တော်ငေးနေတဲ့ လူတွေဟာ ဟောဒီစနေနေ့မှာ သူတို့လုပ်ချင်တာ ဘယ်လောက်ကိုများ ပြည့်စုံခဲ့ကြသလဲ ဆိုတာကို ကျွန်တော် သွားတွေးမိတယ်။

အကြောင်းအမျိုးမျိုးကြောင့် ဒီစနေနေ့မှာ ပျော်ရွှင်ခဲ့ရသူတွေ ရှိလိမ့်မယ်။ အကြောင်းအမျိုးမျိုးကြောင့် ဒီစနေနေ့မှာ ဝမ်းနည်းခဲ့ရသူတွေ ရှိမယ်၊ မကျေနပ်ခဲ့ရသူတွေ၊ အလိုပြည့်လာသူတွေ၊ အဆင်ပြေခဲ့သူတွေ မပြေခဲ့သူတွေ၊ ကုသိုလ်ရခဲ့သူတွေ၊ အကုသိုလ်ရခဲ့သူတွေ ရှိနေလိမ့်မယ်လို့ ကျွန်တော် သွားတွေးမိတယ်။

လောကဟာ သူ့ရဲ့ ရှောင်လို့မလွတ်နိုင်တဲ့ ဆန့်ကျင်ဘက်သဘောတရားတွေနဲ့ လူတွေကို စနေနေ့ထဲမှာ ထည့်ပြီး အားရှိပါးရှိ ကိုင်လှုပ်ပစ်တာကို လူတွေ ခံလာခဲ့ကြတယ်။ အကောင်းနဲ့ အဆိုး… ကုသိုလ်နဲ့ အကုသိုလ်တွေဟာ သူစိတ်ကျေနပ်စေနိုင်လောက်တဲ့ အခြေအနေကို ရောက်တော့မှ၊ သူဆက်လက်တည်မြဲနိုင်တဲ့ စိတ်ကြိုက်ရာခိုင်နှုန်းကို ရတော့ စနေနေ့ဟာ တိရစ္ဆာန်ရိုင်းကြီးတစ်ကောင် ကျေနပ်နှစ်သက်သလို နှစ်သက်သွားတယ်… လို့ ကျွန်တော် သွားတွေးမိပါတယ်။

ဒီတော့ ကျွန်တော် ဒိုင်ယာရီ ရေးချင်လာတယ်။ ကျွန်တော် ဒိုင်ယာရီမရေးဖြစ်တာ ကြာပြီဆိုတာကိုလည်း သတိရတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် မိုးကို ဖွင့်ပြောဖို့ ကြိုးစားတဲ့ အကြောင်းကလေးကိုတော့ မှတ်တမ်းအနေနဲ့ ရေးထားဖို့ကို အခုမှ သတိရတယ်။ ချစ်သူတွေဖြစ်ကြပြီးတော့ လတွေကြာတော့မှ မိုးကို ပေးဖတ်ရင်း အခု အတွေးကလေးတွေ



ဘာမဟုတ်တဲ့ အခက်အခဲလေးတွေကို မိုး ပြန်သတိရပြီး သဘောကျမှာပဲလို့လည်း တွေးမိတယ်။

အဲဒီစိတ်ကလေးနဲ့ ကြည်နူးသွားတဲ့ ကျွန်တော်ဟာ အိမ်ပြန်ပြီး ဒိုင်ယာရီရေးဖို့ စဉ်းစားနေတုန်းမှာပဲ…

“မဟုတ်ဘူး အစ်ကို… အိုလေးကို သူ… သူ လိုက်နှောင့်ယှက်တာ အစ်ကို… အိုလေး ဘာမှ မသိဘူး အစ်ကို…”

ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း ကြောင်ပြီး လှည့်ကြည့်တော့ ကျွန်တော့်နားမှာ ကြောက်ကြောက်နဲ့ရပ်နေတဲ့ အိုလေးပါ။ သူပြောတာကို ကျွန်တော် သဘောမပေါက်တာ တကယ်ပါပဲ။

“ဘာတွေလာပြောနေတာလဲ အိုလေး ငါနားမလည်ဘူး…”

ကျွန်တော့်စကားဆုံးတော့မှ အိုလေးက မျက်စိမျက်နှာပျက်နဲ့ကို ငြင်းတော့တာပါ။ အမှန်တော့ ကျွန်တော်က တွေးချင်ရာတွေးနေတာ အိုလေးကို မမြင်ဘူး။

“အိုလေး အစကတည်းက ပြောမလို့ပါ အစ်ကိုရယ်… အစ်ကိုတို့ချင်း ပြဿနာတက်မှာစိုးလို့ မပြောခဲ့တာပါ၊ သူနှောင့်ယှက်တာ ကြာပါပြီ… အစ်ကိုနဲ့ တိုင်မယ်ဆိုတော့လည်း တိုင်ရဲရင် တိုင် ဆိုလို့…”

“နင်… ဘာတွေ ပြော…”

ကျွန်တော် စကားဆုံးအောင် မပြောလိုက်ရဘူး… ကျွန်တော်နဲ့ အိုလေးကို စပ်ဖြဲဖြဲနဲ့ကြည့်နေတဲ့ အေးမောင်ကို တွေ့လိုက်ရတော့ အိုလေ ပြောနေတဲ့စကားတွေနဲ့ ဆက်စပ်မိသွားတယ်။

“ဘာလဲ အိုလေး… နင့်ကို အေးမောင်က လိုက်လို့လား… ဟုတ်လား အိုလေး…”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို... အိုလေးအပြစ်မဟုတ်..."

"အေး... အေး... ပြီးရော... သွားသွား... ပြန်တော့ သွား..."

အခြေအနေကို သဘောပေါက်သွားတော့ ကျွန်တော်က အိုလေးကို ပြန်လွှတ်ပါတယ်။ အေးမောင်ဆိုတာက တစ်လမ်းတည်းသား သူငယ်ချင်း မဟုတ်လား။ သူ အိုလေးကိုလိုက်တော့လည်း ဘာပြောလို့ ရမှာလဲ။ စိတ်ထဲမှာ သိပ်မကျေနပ်ချင်ပေမယ့် ဒေါသဖြစ်လောက်အောင်တော့ မဟုတ်ပါဘူး။ အိုလေးကိုပြောရင်း အေးမောင်ကို လှမ်းကြည့်တော့ အေးမောင်က...

"ကြောင်အိမ်ထဲက ကိတ်မုန့်ကို မင်းသိမ်းထားတော့ ငါက ယူစားမလို့ပါကွာ... ကြားမှာ မိုတက်တော့ မခံနိုင်ဘူးလေ... ဟားဟား..."

အေးမောင်စကားက သူငယ်ချင်းအချင်းချင်း အမျက်ပြေပြောတဲ့ စကား မဟုတ်ဘူးဆိုတာတော့ ကျွန်တော်သိလိုက်တယ်။ ဒါပေမဲ့လည်း ကျွန်တော့်စိတ်ထဲမှာ ဘာမှ မဖြစ်သလိုပဲ။

"ကိစ္စမရှိပါဘူး အိုလေး... သွား သွား နင်ပြန်တော့..."

"မင်း ငါ့ကို ပြဿနာလာရှာလို့လည်း မရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပွဲမှာက မင်းတို့ဘက်က အရင်ဝင်လာတာကိုး... ငါက စိတ်ပါလို့ မဟုတ်ပါဘူး... အဲဒါတော့ အမှန်ပဲ..."

"အေးမောင် မင်း ဘာတွေလျှောက်ပြောနေတာလဲ... ငါ ဘာမှ မဖြစ်ဘူးဆို ပြီးရောပေါ့... ကွာ..."

"ဘယ်ဖြစ်မှာလဲကွ... မင်းက တရားခံရှာချင်နေတာပဲ... မင်းက ငါနဲ့ ဖြစ်တောင် ဖြစ်စေချင်ဦးမှာ..."

အေးမောင်စကားကို ကျွန်တော်စဉ်းစားကြည့်တော့ ကျွန်တော့်ကိုရော အိုလေးကိုရော စော်ကားတယ်ဆိုတာက အထင်းသားပေါ်နေတော့





ကျွန်တော်လည်း တော်တော်ဒေါသဖြစ်သွားတယ်။

"အေးမောင် မင်း သွားတော့ကွာ... မင်းနဲ့ ငါက သူငယ်ချင်းမို့ ဒီကိစ္စကို ပြဿနာမဟုတ်ဘူးလို့ သဘောထားတာ၊ မင်းပြောတဲ့ စကားတွေက တော်တော်လေး ရင့်သီးနေပြီ... မင်းသွားတော့..."

"မင်းလမ်း မင်းသွားလေ... မင်း ငါ့ကို ဘာမှ လာမောင်းထုတ်နေစရာမလိုဘူး... မင်းက မကျေနပ်လို့လား..."

အေးမောင်က ခပ်လှမ်းလှမ်းက ရပ်နေရာကနေ ကျွန်တော့်နားကို ဆတ်ခနဲလာကပ်ပြီး ရင်ဘတ်ချင်းအပ်တယ်။ အေးမောင်ရဲ့ ရက်တရက် အပြုအမူကြောင့် ကျွန်တော်လန့်ပြီး ယိုင်သွားတယ်ဗျာ။ ထင်လည်း ထင်မထားတာလည်း ပါတာပေါ့။

"အို... အစ်ကို..."

အိုလေးရဲ့အော်သံနဲ့အတူ ကျွန်တော့်ရှေ့က အေးမောင်ဟာ လွင့်သွက်သွားတယ်။ ပြီးတော့ ကျွန်တော်တို့လမ်းထိပ်က အနက်ခြောက်ပေလောက်တူးထားတဲ့ မြောင်းထဲကို ခြေကားယားလက်ကားယားနဲ့ အေးမောင် ဟပ်ထိုးကြီးကျသွားတယ်။

အေးမောင်ကို ရက်တရက်ဝင်ပြီး တွန်းပစ်လိုက်တာကတော့ အိုလေးပါ။ အိုလေးက အေးမောင်ကို ပစ်တွန်းလိုက်တာ ဘယ်လောက် ရက်တရက်ဆန်သလဲဆို ညနေခင်းမှာ သူ့အရှိန်နဲ့သူ သွားလာနေကြတဲ့ လူတွေတောင် သိပ်မသိလိုက်ကြဘူး။ တစ်ယောက်စ နှစ်ယောက်စ ထအော်ကြတော့မှသာ လူတွေသိကုန်ပြီး ဝိုင်းလာကြတာပါ။

"နစ်နေတာဟ... နစ်နေတာ... နစ်နေတာ..."

"ဒုက္ခပါပဲ... ဆင်းဆယ်လိုက်ကြပါလား... ဆယ်လိုက်ကြပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်လို့ ကျသွား တာလဲ... ဒုက္ခပါပဲ..."

"ဟော... ရပြီ... ရသွားပြီ... ရပြီ... ဆွဲတင်လိုက်ကြပါဟ... ဆွဲတင်လိုက်လေ..."

*လမ်းဘေးက သွားလာနေတဲ့လူတွေက ရုတ်တရက် ဝိုင်းကြည့်တာ* ဆိုတော့ ဘယ်သူကမှ မြောင်းထဲက ရွှံ့တွေဗွက်တွေ ပေမှာစိုးလို့ ဆင်း မကူညီကြဘူး။ ဒီတော့ အေးမောင်ဟာ မြောင်းထဲက ရွှံ့တွေနဲ့ တစ်မိနစ် ကျော်ကျော်လောက် နပမ်းလုံးလိုက်ရတယ်။ လူတွေဝိုင်းအုံပြီး အော်နေတဲ့ အချိန်မှာ ကျွန်တော်နဲ့ အိုလေးက အပေါ်ကနေ အေးမောင်အဖြစ်ကို ရင် တထိတ်ထိတ်နဲ့ ကြည့်နေမိကြတယ်။ အိုလေးက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်လို့... အေးမောင်လည်း အပေါ်ရောက်လာရော ကြောင်ငေးနေတဲ့ ကျွန်တော့်ကို အိုလေးက လက်မောင်းကိုင်လှုပ်ရင်း...

"အစ်ကို သွားရအောင် အစ်ကို... သွားရအောင်..."

အိုလေးရဲ့ တုန်လှုပ်နေတဲ့အသံကို ကြားတော့မှ ကျွန်တော်လည်း သတိဝင်လာပြီး နေရာကနေ လစ်ရတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း တုန်လှုပ်သွားမိတာ တကယ်ပဲ။

"ဘာမှတော့မဖြစ်ပါဘူးနော် အစ်ကို... နော်... ဘာမှတော့ မဖြစ်ပါဘူးနော်..."

"မသိဘူးလေ... မှန်းတော့သွားမယ်ထင်တယ်..."

"ဘာမှတော့ မဖြစ်ပါဘူးနော်... အစ်ကို..."

"ငါလည်း မသိဘူးလေ... နင်က ဘာဖြစ်လို့ သောက်ရမ်းသွား တွန်းတာလဲ... နင်ကလေ..."

"သူ... သူက အစ်ကို့ကိုလုပ်တော့မယ်ထင်ပြီး အိုလေး တွန်း





လိုက်မိတာပါ အစ်ကိုရဲ့..."

အိုလေးအသံက ချက်ချင်း ငိုသံပါလာတယ်။ အဲဒီ အိုလေးရဲ့ငိုသံ ကို ကြားရတော့မှ ကျွန်တော်လည်း ဘာကြောင့်မှန်း မသိဘူး။ ဒေါသထွက် ပြီး အိုလေးကို ပြောတော့တာပဲ။

"နင် အခု အပြင်ကို ဘာကိစ္စနဲ့ ထွက်တာလဲ ပြောစမ်း..."

"ဗီဒီယိုအခွေသွားအပ်တာ အစ်ကို..."

"ဘာ... ဗီဒီယိုသွားအပ်တာလဲ၊ နင် တမင်သက်သက် လမ်းထွက် ရအောင်လုပ်ပြီး ဒီကောင်နဲ့တွေ့နေတာ မဟုတ်လား၊ ဒီကောင်ပြောပုံက နင်နဲ့ သူ တွေ့နေကြတာ ကြာပြီဆိုတဲ့ သဘောပဲ၊ နင် တမင် လမ်းထွက် ပြီး ဟန်ရေးပြနေတာ မဟုတ်လား၊ ဟင်... ပြောစမ်း... အခုလည်း ငါကတွေ့တော့မှ၊ လူမိတော့မှ နင် အပြစ်မရှိအောင် ငါ့ကို အရင်လာတိုင် တာ မဟုတ်လား... ဟင်... ပြောစမ်း..."

"မဟုတ်ဘူး အစ်ကို... မဟုတ်ပါဘူး... ဗီဒီယိုအခွေကလည်း အန်တီငှားခိုင်းတဲ့အခွေပါ အစ်ကိုရဲ့... အိုလေးက သူ့ကို လိုက်အောင် လုပ်တာ မဟုတ်ပါဘူး၊ သူ့ဘာသာသူ လိုက်တာပါ အစ်ကိုရဲ့..."

"တော်ပြီ... နင့်ပါးစပ်ကို ပိတ်တော့... နင် တမင်တကာ စတန့် ထွင်နေတာ၊ ကဲ... ပြောစမ်း... ဒီအခွေကို အမေက အခု အပ်ခိုင်း သလား..."

"အန်တီက မအပ်ခိုင်းပါဘူး အစ်ကို... အိုလေးဘာသာ သွားအပ် တာပါ၊ အန်တီ့ကို အိုလေး ပြောခဲ့ပါတယ်"

အိုလေးအသံက ရှိုက်သံကနေ ငိုသံဘက်ကို ရောက်ချင်နေပြီ။ အဲဒီတော့မှ ကျွန်တော်ကလည်း ဘာကို အရသာတွေ့သွားလဲ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အိုလေးကို စွတ်ဟောက်တော့တာပဲ။

"အေးပေါ့... နင်ပြောတော့ ပြောခဲ့မှာပေါ့၊ အမေက ဘယ်တုန်း နင့်နောက်ကို လိုက်ကြည့်ဖူးလို့လဲ... နင် တမင် ဒီကောင်နဲ့တွေ့ဖို့ ထွက် တာ မဟုတ်လား... ညနေတိုင်း ညနေတိုင်း နင် ဒီကောင်နဲ့ တွေ့နေ မို့လား... အိုလေး... ဟင်... နင် ငါ့ကို ပြောစမ်း... မှန်မှန်ပြောစမ်း..."

"*မဟုတ်ပါဘူး အစ်ကိုရဲ့... အိုလေးဘာသာ သွားတာပါ အစ်ကို ရဲ့...*"

"ငါ့ကို အခုမှ ငိုသံနဲ့ လာလုပ်မနေနဲ့၊ နင် ဒီကောင်နဲ့ ကြိုက်နေ တာ မဟုတ်လား ပြောစမ်း... ပုံစံကြည့်တော့ ဘာမှ မလုပ်တတ်တဲ့ တော်သူမလိုလို ဘာလိုလိုနဲ့ ဟင်... နင် တစ်အိမ်လုံးကို ညာနေတာ... နင်ကိုယ်တိုင်ကိုက ရှုပ်နေတာ၊ နင် အဲဒီအေးမောင်နဲ့ ဖြစ်နေတာ မဟုတ် လား..."

"မဟုတ်ပါဘူး အစ်ကိုရဲ့... အိုလေး သူ့ကို မကြိုက်ပါဘူး အစ်ကိုရဲ့... ပြဿနာတက်ကုန်မှာစိုးလို့ သူလိုက်တာကို မပြောပြတာပါ။ အိုလေး သူ့ကို မကြိုက်ပါဘူး အစ်ကိုရဲ့..."

ကျွန်တော် အိမ်ကိုရောက်တဲ့အထိ အိုလေးကို အေးမောင်နဲ့ ပေးစား တယ် ဖြစ်နေကြတယ်လို့ အကြိမ်ကြိမ်စွပ်စွဲနေမိတယ်။ ပြောရင်း ပြောရင်း လည်း ကျွန်တော် ဒေါသတွေ အရမ်းဖြစ်လာတယ်။ ကျွန်တော် ဒေါသဖြစ် နေတယ်လို့ ကျွန်တော်ကိုယ်တိုင် သတိမရတော့အောင်ကို ကျွန်တော် ဒေါသဖြစ်နေခဲ့တယ်။ နောက်ဆုံး အမေက...

"အိုလေးကို အမေယုံတယ် သား... သားပြောသလို အိုလေးက ဘယ်တော့မှ မလုပ်ပါဘူး၊ သား စိတ်လျှော့ပါ သားရယ်... သား အိုလေး





အပေါ်မှာ အစိုးရိမ်လွန်နေတာပါ၊ ဒီလောက်လည်း သဘောထားမသေး ပါနဲ့ သားရယ်... အိုလေးက သားကို ကြောက်ရှာပါတယ်... ဒီလောက် မပြောပါနဲ့..."

"မဟုတ်ပါဘူး အမေရယ်... ဒီလောက် မျက်စိအောက်မှာ ထားရက် သားနဲ့ ဒီလိုကိစ္စမျိုး ဖြစ်ရတယ်လို့ပါ... အဲဒါကို ကျွန်တော်က ဒေါ..."

"ကဲ... မိအိုလေး တွေ့ပြီမဟုတ်လား... ညည်းအစ်ကိုက ညည်း အပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ..."

အမေက ကျွန်တော့်စကားမဆုံးခင် ဝင်ဖြတ်ချပြီး ပြောပါတယ်။ အမေ့စကားဆုံးတော့ အိုလေးက ကြုံကြုံပါအောင် ငိုပါရော။ ဒါပေမဲ့ အိုလေးငိုပုံက ကျေနပ်နေသလိုပဲ။ ကျွန်တော်ဒေါသထွက်လေ... သူက ကျေကျေနပ်နပ်ကြီးငိုနေသလို ဖြစ်နေတယ်။

"အိုလေးကိုသာ သတ်လိုက်ပါတော့ အစ်ကိုရဲ့... အိုလေးကိုက ကံနိမ့်နေတာပါ အစ်ကိုရဲ့... သူ လိုက်စကားပြောပေမယ့် အိုလေး သူ့ ကို နည်းနည်းကလေးမှကို စိတ်မဝင်စားပါဘူး၊ ကြည့်လို့လည်း မရပါဘူး အစ်ကိုရဲ့... သည်းခံနေရတာပါ... အီး... ဟင့်... သူ့ကို ကိုင်ကိုင်ပြီး အဟင့်... ဟီးဟီး... ဆောင့်ချလိုက်ချင်ပေမယ့်... ဟီး... ဟီး... ပြဿနာတက်ရင်... အဟီး... ဟင်း... အစ်ကို သိပြီး..."

"ဘာပြဿနာတက်ရင်လဲ... ဘာပြဿနာတက်ရင်လဲ... အစ ကတည်းက ခပ်ရှင်းရှင်း ခပ်ကင်းကင်းနေခဲ့ရင် ဘာတက်စရာရှိလဲ... နင်ကိုက ငါ မပြောလိုက်ချင်ဘူး..."

"ဟဲ့... ဟိုက သူ့ဘာသာ လိုက်တာတော့ ဘယ်တတ်နိုင်မှာလဲဟဲ့... မိန်းကလေးဆိုတာ ဒီလိုပဲ ခံကြရတာပဲ အိုလေးက ဘာအပြစ်ရှိလို့လဲ..."



www.burmeseclassic.com

www.burmeseclassic.com



"သူကိုက အလိုက်ခံရအောင် ရွေကြိုလုပ်ပြီး လမ်းထွက်နေတာ မဟုတ်ဖူးလား… တစ်နေ့ တစ်နေ့ လိမ်းလိုက်ရတဲ့ သနပ်ခါး၊ ပန်လိုက်ရတဲ့ ပန်း၊ လဲလိုက်ရတဲ့ အဝတ်… ဆိုးလိုက်ရတဲ့ နှုတ်ခမ်းနီ… ရောက်ကာစနဲ့ တူသေးလို့လား… ရုပ်ကိုက လင်မျှော်နေတဲ့ရုပ်…"

"ဟဲ့… မိန်းကလေးဆိုတာတော့ အပျိုဘဝမှာ ပြင်စရာရှိရင် ပြင်တယ်ဟေ့… ထွက်စရာရှိရင် ထွက်တယ်… ဒီလို အလေနတောလိုက်နေတဲ့ လူအတွက် ကိုယ်က ဘာကို ကြောက်နေရဦးမှာလဲ…"

"အမေ ဟိုဘက်ကို သွားမပြောနဲ့… ကိုယ့်ဟာကိုယ်ပြော…"

"အေး… ကိုယ့်လူကိုယ် ပြောစရာမလိုဘူး၊ ဒီလို အလေနတောက လိုက်တာ ကြောက်ပြီးတော့ ဟိုမသွားရဲ… ဒီမသွားရဲ… အိမ်ထဲ ကုပ်နေရမှာလား… အမလေးတော်… ခက်… ခက်ရချည်ရဲ့… သူ့ပဲ ကြောက်နေရဦးမှာလား… ဒီတစ်ခါ ထပ်လိုက်ရင် ပါးသာ ဆွဲရိုက်ထည့်လိုက်ဟေ့ သိလား…"

"တော်တော့ အမေရာ… အမေ့စိတ်ထဲ ထင်ရာတွေ လျှောက်အော်မနေနဲ့၊ ကျွန်တော်ပြောတာ အဲဒါမဟုတ်ဘူး၊ သူ အဲဒီလို လုပ်ပြနေတော့ ဟိုက ကြိုက်မှာပေါ့…"

"အေး… ကြိုက်ပစေ… ချစ်ပစေ… လူလိုကြိုက် လူလိုချစ်ရင် ချစ်ကြ ကြိုက်ကြ… စော်ကားမယ်တော့ မကြံနဲ့… မြကြည်တဲ့ဟေ့… အခုဖြစ်တာ ပဏာမလို့ သဘောထားလိုက်… မြကြည်တဲ့ တကြည်ထဲ ရှိတယ်…"

"တော်ပြီ အမေရာ… အော်မနေနဲ့…"

"တော်ပါတော့ အန့်တီရဲ့… အိုလေးက အမိုက်မပါ… အိုလေးကို





သာ သတ်လိုက်ပါတော့ အန့်တီရဲ့… အစ်ကိုရယ် ရှိကြီးခိုးပါရဲ့… အိုလေး မိုက်တာပါ အစ်ကိုရဲ့… အိုလေးကိုပဲ ရိုက်ချင်ရိုက်လိုက်ပါ အစ်ကိုရဲ့…"

"ကဲ… မင်းတို့ တော်ကြတော့ကွာ… လမ်းထိပ်မှာ ဖြစ်လာတာက တစ်ခု… အိမ်မှာ ပြန်ဖြစ်နေတာက တစ်ခု… လူစွမ်းကောင်း သိပ်လုပ်မနေကြနဲ့ ပြဿနာဆိုတာ အကုန်မှားလို့ ဖြစ်တာ… တိတ်ကြတော့…"

အဖေ့စကားဆုံးတော့မှ ကျွန်တော်တို့ အပြန်အလှန်ပြောတာတွေကို ရပ်လိုက်ကြတယ်။ မိန်းကလေးတွေနဲ့ စကားပြောရတာ ခက်သလို ရန်ဖြစ်ရတာ ပိုခက်တယ်ဗျာ။ ဘယ်မိန်းကလေးဖြစ်ဖြစ် ရန်ဖြစ်ရင် သူတို့စကားထဲက သူတို့ထုတ်တဲ့ ဥပဒေသနဲ့ပဲ… ဥပမာ ဥပမေယျနဲ့ပဲ… သူတို့က ရန်ဖြစ်ကြတာ၊ ဖြစ်သင့်တာတို့၊ တကယ်ဆိုရင်… တို့၊ အမှန်တရား…တို့ ဆိုတာတွေက သူတို့ရန်ဖြစ်တဲ့အခါမှာ ဘာ့အဓိပ္ပာယ်မှ မရှိတော့တဲ့ စကားလုံးတွေ အဓိပ္ပာယ်တွေ ဖြစ်ကုန်တာပဲ…။

အဲဒါကို သိရက်သားနဲ့ ကျွန်တော်လည်း ရောယောင်ပြီး သူတို့နဲ့ သွားစကားများဖြစ်အောင် များလိုက်ရသေးတယ်၊ ဒီတော့ ခံပေါ့။ ကျွန်တော်တို့က ရန်ဖြစ်တာတောင်မှ တရားမျှမျှတတ ရန်ဖြစ်ချင်ကြတာ မဟုတ်လား။ ရန်ဖြစ်ကြတဲ့အခါမှာ ယောကျာ်းလေးတွေက မဟာဗျူဟာနည်းပညာတွေ… လောကအမှန်တရားတွေ… ရန်ဖြစ်တဲ့ ပကတိအခြေအနေရဲ့ ဖြစ်သင့်တာတွေနဲ့ ဖြစ်ချင်တတ်ကြပြီး မိန်းကလေးတွေကတော့ ရှားစကားလုံးနဲ့ ကြုံသလို ကိုယ်နိုင်အောင် ဖြစ်တတ်ကြတာ ဆိုတော့ ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး သူတို့ရဲ့ပြောက်ကျားစနစ် ရန်စွာနည်းကို နိုင်အောင် တီးနိုင်မှာမို့လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျွန်တော် အခန်းထဲကို ဝင်နေလိုက်တယ်။ သူတို့ဆီက တိုက်ပွဲပြီးလို့ နယ်မြေသိမ်း သေနတ်သံလို စကားတစ်ခွန်းထဲကို လေးငါး ခြောက်ခါ ထပ်ပြောနေတဲ့ စကားသံကိုပဲ ကြားရတော့တယ်။

အဲဒီစကားဟာ ရန်ပွဲမှာ သူတို့ အနိုင်ရလိုက်တဲ့ စကားပါပဲ။ သူတို့ရဲ့အောင်လံပါပဲ။ သူတို့ရဲ့ရန်ပွဲအတွက် အမှန်တရားပါပဲ...။

"ဟုတ်တယ်လေ... ကိုယ်ကတော့ မိန်းကလေးပဲ... ပြင်ရမှာပဲ ထွက်စရာရှိတာ ထွက်ရမှာပဲ... ဘာဖြစ်လဲ..."

အမေက အဲဒီစကားကို ၃-၄ ခါလောက်ရွတ်လိုက်၊ မေ့သွားရင် ပြန်ရွတ်လိုက်၊ အိုလေးက ငိုလိုက်နဲ့ ရန်ပွဲဟာ တဖြည်းဖြည်း တိတ်သွားတယ်၊ ရန်ပွဲဆိုလို့သာ ပြောရတာပါ... ကျွန်တော်နဲ့ အမေက ဘယ်သူနဲ့ ဖြစ်တာမှန်းလည်း မသိပါဘူး။ တွေးကြည့်တော့ ရယ်စရာကြီး။

ကျွန်တော့်အမေကတော့ စစ်သူကြီးတစ်ယောက် သူတိုက်ခဲ့တဲ့ စစ်ပွဲတစ်ပွဲကို ပြန်ပြောပြနေသလို ရန်ပွဲပြီးလို့ လာရောက်လေ့လာတဲ့ လူတွေကို ဖြစ်စဉ်အကျဉ်း ရှင်းပြပြီး သူမှန်တယ်ဆိုတဲ့ အမှန်တရားကို ထပ်ခါတလဲလဲ ရှင်းပြနေတယ်။ လာကြတဲ့လူတွေကလည်း စကားထောက် ကလေးတွေနဲ့ သိချင်တာကို မေးကြ ထောက်ခံကြတယ်။ မိန်းကလေး တွေဟာ ဘယ်အရွယ်မှာဖြစ်ဖြစ် ရန်ဖြစ်တာကို အရသာခံတာချင်းတော့ အတူတူပါပဲ။

ညဘက် ကျွန်တော် ညစာစားနောက်ကျပါတယ်။ ကိုးနာရီကျော် လောက်ကျမှ စားဖြစ်တယ်။ အိုလေးက ညစာလာချပေးရင်းနဲ့ ကျွန်တော့်ကို မျက်လုံးပေကလပ် ပေကလပ်နဲ့ ကြည့်တယ်။ ကျွန်တော့်အနားကို မရဲတရဲ နဲ့ကပ်သလို ကပ်နေနေတယ်။ ပြီးတော့ ခရမ်းကြွပ်သီးကို ယူပြီး အကွင်း

ကြောင်နှစ်ကောင်စာအုပ်တိုက်



လိုက်တွေလှီးနေတော့ ကျွန်တော် ရယ်လည်း ရယ်ချင်၊ ဒေါသလည်း ထွက်ချင် ဖြစ်သွားတယ်။ သခွားသီးကို ဘေးချပြီးမှ ခရမ်းကြွပ်သီးကို အကွင်းလိုက်လှီးနေတာပါ။

"အိုလေး နင် ဘာဖြစ်နေတာလဲ..."

"ရှင် အစ်ကို..."

အိုလေးက ကျွန်တော့်ကို မျက်လုံးအဝိုင်းသားကလေးနဲ့ မော့ကြည့် ရှာတယ်။ ကျွန်တော်ပြောတာကို သူနားမလည်ဘူး။

"နင် ဘာဖြစ်လို့ ခရမ်းကြွပ်သီးကို အကွင်းလိုက်တွေလှီးနေရတာလဲ"

"ရှင်..."

အိုလေး တော်တော်ရှက်သွားပုံရတယ်။ တို့စရာ ထပ်ပြင်ပေးပြီး တော့ ကျွန်တော့်နားကို မကပ်တော့ဘူး လစ်တော့တာပဲ။ ကျွန်တော်လည်း ထမင်းစားရင်းနဲ့ ဒီကောင်မလေး အေးမောင်ကို အားနဲ့ အတင်းပစ်တွန်း လိုက်တာကို ပြန်မြင်ပြီး ရယ်ချင်နေမိတယ်။

နောက်တစ်နေ့ ကျောင်းကို သွားမယ်ဆိုတော့ အိုလေးအခန်းထဲ ကနေ အမေ့ရဲ့စကားသံကို ကျွန်တော် တစ်ချက် ခပ်ကျယ်ကျယ်ကြား လိုက်ရတယ်။

"အို... ဘာဆိုင်လို့လဲ... ပြင်စမ်းပါ... ပြင်... အရင်နေ့တွေထက် လှအောင် ပြင်ပစ်လိုက်စမ်း... ညည်း လှအောင်သာပြင်စမ်း... ပြောတဲ့လူ ငါနဲ့ တွေ့မယ်..."

ကျွန်တော် ကိုယ့်အခန်းထဲမှာ ကိုယ့်ဘာသာ ပခုံးတွန့်ပြီး ကြောင် နေလိုက်တယ်။ ပြီးတော့ အိုလေး ရန်ကုန်ကို စရောက်ကာစ, ပြင်ဆင်တဲ့ သနပ်ခါးအဖွေးသားနဲ့ ကျစ်ဆံမြီးကို ပြေးသတိရတယ်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျွန်တော် ရေချိုးပြီး ပြန်အဝင်မှာ အိုလေးက ရေချိုးဖို့အထွက် တွေ့တော့ ကျွန်တော့်ပါးစပ်က လွှတ်ခနဲပြောမိတယ်။

"အိုလေး… နင် ရွာကရောက်ကာစတုန်းကပုံစံ မှတ်မိလား… သနပ်ခါးဘဲကျားနဲ့ ကျစ်ဆံမြီးလေ… အေး… အဲဒီလိုပဲ ပြင်စမ်း…"

အိုလေးက မျက်နှာသုတ်ပဝါကလေးခြုံပြီး ကျွန်တော့်စကားကို ခဏရပ်နားထောင်ပါတယ်။ ပြီးတော့ ခေါင်းကလေးငုံ့၊ ခါးကလေးကုန်းပြီး ကျွန်တော့်အနားကနေ ထွက်သွားတယ်။ အိုလေး ခေါင်းညိတ်လား မညိတ်ဘူးလား ကျွန်တော်လည်း မသဲကွဲဘူး။

ကျောင်းကိုသွားဖို့ထွက်တော့ အိုလေးကို ကျွန်တော်ပြောတဲ့ပုံစံအတိုင်း တွေ့ရတော့ ကျေနပ်သွားမိတယ်။ ဒါပေမဲ့ အမေကတော့ မကျေနပ်ပါဘူး။

"ငါက ပြင်ချင်သလို ပြင်ဆိုမှ နင်က ဒီလိုပြင်တယ်ပေါ့… ဟုတ်လား… အိုလေး…"

"မ… မဟုတ်ဘူး… အန်တီ အစ်ကိုက ဒီလိုပဲပြင်ဆိုလို့…"

"သြော…"

အမေရဲ့ 'သြော' သံကြီးကို ကျွန်တော် တော်တော်လန့်သွားတယ်။ အဲဒီ 'သြော' ဆိုတာက အသံထွက်ပြမှ သူ့အဓိပ္ပာယ်က နားလည်လို့ရတာမျိုးဆိုတော့ ကိုယ့်ဆရာကို တော်တော်ရှင်းပြရ ခက်နေတယ်ဗျာ။ ဒါနဲ့ ကျွန်တော်လည်း ခပ်မြန်မြန်ပဲ အိမ်က ထွက်ခဲ့တယ်။

မှတ်တိုင်ကို လျှောက်လာတော့ ရပ်ကွက်ထဲက လူတွေက ကျွန်တော်နဲ့ အိုလေးကို တော်တော်ကြီးကို ဝိုင်းကြည့်ကြတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ မနေ့က ဖြစ်ခဲ့ကြတဲ့ ပြဿနာအရှိန်လို့ ထင်တယ်။ ဒါပေမဲ့





ကျောင်းထဲရောက်တော့ လူတော်တော်များများကလည်း အိုလေးကို ဝိုင်းကြည့်ကြတော့ ကျွန်တော် တစ်မျိုးဖြစ်လာတယ်။ ဘာကြောင့်လဲဆိုတာကို ကျွန်တော်ရှာတော့လည်း မတွေ့ပါဘူး။

အိုလေးဝတ်ထားတာက အပြာရင့်မှာ အနက်ရောင်ဆန္ဒင်းမကင်းပုံ ဒီဇိုင်းလေးတွေ ဖောက်ထားတဲ့ ချည်သား.စစ်စစ် ရင်ဖုံးအင်္ကျီလေးပါ။ လည်ပင်းလက်နှစ်လုံးလောက် လည်ပြည့်ကော်လံကလေးက အဖြူရောင်။ သန့်သန့်စွမ်းစွမ်းဆံပင်တွေက ကျစ်ထားတဲ့ ကျစ်ဆံမြီးထဲက ထွက်ပြေးတော့မလိုကို ရုန်းထနေတာ… အိုလေးရဲ့အသားအရည်က ရောက်လာကာစကလောက် မညိုတော့ဘဲ အသားလတ်လာလို့ လိမ်းထားတဲ့ သနပ်ခါးက ညင်ညင်ညက်ညက်ကလေးနဲ့ပါ။ ထဘီကို ဒေါက်ထည့်ထားတော့ ကျစ်လျစ်တဲ့ အိုလေးရဲ့ကောက်ကြောင်းက လိုတဲ့နေရာ ဖောင်း၊ မလိုတဲ့နေရာ ချိုင့်နဲ့ ကြည့်လို့ ကောင်းပါတယ်။ အင်း… ဒါကြောင့်မို့လည်း ဟိုငတိ လိုက်တာပဲလို့ ကျွန်တော် တွေးမိသေးတယ်။

ကျွန်တော် အိုလေးရဲ့ခန္ဓာကိုယ်ကို အရင်က တစ်ခါမှ ဒီလို သေသေချာချာကြီး မကြည့်ဖူးပါဘူး…။ သူ့ကို မြင်လိုက်တယ်ဆိုရင် ပြီးတာပဲ။ အဲဒီလိုပဲ နေလာခဲ့တာ။ အခု ကြည့်မိတော့မှ အေးမောင်ကို တော်တော် ဒေါကန်လာတယ်။ ပြဿနာတက်တဲ့ အချိန်တုန်းကတောင် ကျွန်တော် အဲဒီလောက်စိတ်ဆိုးခဲ့တာ မဟုတ်ဘူး။ အခုမှ တွေးရင်းတွေးရင်း ဒီကောင့်ကို မုန်းတီးလာတာ… ဒီကောင်ဟာ 'နှာဘူး' ပဲလို့ တွေးမိသည်။ ပြီးတော့ အိုလေးကို ပြန်ကြည့်သည်။ ပြီးတော့ အေးမောင်ကို ဒေါသဖြစ်ပြန်သည်။ အိလေးကို ပြန်ကြည့်သည်။

"အစ်ကို… ဟိုမှာ မမဝေတို့…"



www.burmeseclassic.com

www.burmeseclassic.com



အိုလေးပြတော့မှ ကျွန်တော် ကန်တင်းထဲက ဝေဝေတို့အားလုံးကို သွားတွေ့သည်။ သူတို့ကလည်း ကျွန်တော်နှင့် အိုလေးကို လှမ်းကြည့်နေကြသည်။ ကျွန်တော် တစ်ချက်ရက်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"ဟယ်... အိုလေးရယ် လုလိုက်တာ... အိုလေးပြင်ထားတာနဲ့ ဝတ်ထားတာက သိပ်လိုက်တာပဲ၊ အိုလေးက ဘာစိတ်ကူးနဲ့ ဒီလို... ဟယ်... ဟယ်တော့ ဘယ်လိုဖြစ်တာလဲ..."

မိုးက အိုလေးကိုကြည့်ရင်း အလန့်တကြားအော်သည်။ ကျွန်တော် ပင် ကြောင်သွားသည်။ မိုးက ကျွန်တော့်ကို ဒေါသအကြည့်ဖြင့် ကြည့်၏။

"ရဲဝင်း... နင်သိရက်သားနဲ့ တမင်မပြောတာ မဟုတ်လား..."

"ဘာလဲ... ဘာကိုလဲ မိုးရဲ့..."

"ဒီမှာလေ... အင်္ကျီကြယ်သီးပေါက်လွဲနေတာ မတွေ့ဘူးလား..."

"ဩော်..."

ကျွန်တော်ကြည့်လိုက်တော့ ဟုတ်ပါရဲ့... ကြယ်သီးပေါက်လွဲနေတယ်။

"နင် သိရဲ့သားနဲ့ တမင်တကာ မပြောတာ မဟုတ်လား..."

မိုးစကားဆုံးတော့ ကျွန်တော်လည်း ဒေါတော်တော်ကန်သွားတယ်။ ကျွန်တော် ဒီလိုဖြစ်နေတာကို မသိတာ အမှန်ပဲ။

"ဟ... ငါလည်း သိမှ မသိတာဟ၊ ငါက သူ့ကို မြင်ပဲ မြင်တာ သေသေချာချာမှ မကြည့်မိတာ၊ နောက်ပြီး သူ့ရင်ဘတ်ကို ငါက သေသေချာချာမကြည့်တော့ သူ့ရင်ဘတ်မှာ..."

"ဟယ်... တော်တော့... တော်တော့... ရဲဝင်း... ငါတို့ မှားပါတယ် သွား... သွား... သွားတော့... လာ... လာ... ညီမလေး... အစ်မတို့ TOILET ကို သွားရအောင်နော်..."





အိုလေးမျက်နှာလည်း ရက်လွန်းလို့ နီရဲနေတာပဲ။ ဘာမှလည်း မပြောနိုင်ရှာဘူး။ ကျွန်တော် ဒေါသထွက်နေတာကို တွေ့တော့ ငိုတော့မယ့်ပုံစံ ဖြစ်နေတယ်။

"အေး... ငါက လမ်းမှာတွေ့ရင်လည်း ဘယ်လိုလုပ် ပြန်တပ်လို့ ရမှာလဲ... အဲဒါကြီးနဲ့ ဒုက္ခဖြစ်မှာပဲ၊ ငါက တွေ့ကို မတွေ့လို့ မပြောတာ နင်တို့ပြောပုံက မဟုတ်သေးဘူး..."

"မဟုတ်ပါဘူး အစ်ကိုရယ်... အိုလေးက အစ်ကိုစောင့်နေရတာ ကြာရင် စိတ်တိုမှာစိုးလို့ ကမန်းကတန်းဝတ်ရင်းနဲ့ ဖြစ်တာပါ၊ အိုလေး အပြစ်ပါ အစ်ကိုရဲ့..."

"အေး... နင်ကပြောလိုက်ရင် နင့်အပြစ်... တခြားလူတွေက ငါ့အပြစ်ချည်းပဲ မြင်နေကြတာ၊ နင် ဘာဖြစ်ဖြစ် ပြောလိုက်ရင် ငါ့ခေါင်းချည်းပဲ... ငါ့ခေါင်း... ငါ့ခေါင်း..."

ကျွန်တော် ကိုယ့်ခေါင်းကို ကိုယ်လက်သီးနဲ့ တဒုတ်ဒုတ်ထိုးပြရင်း အိုလေးတို့ဝိုင်းဘက်ကို လှည့်လိုက်တော့ အိုလေးတို့က မရှိကြတော့ ထွက်သွားပြီ။ အိုလေးတို့စားပွဲမှာ ဝင်ထိုင်ဖို့ လုပ်နေကြတဲ့ စုံတွဲတစ်တွဲက ကျွန်တော့်ကို မျက်လုံးပြူးပြီး ကြည့်နေသည်။

ကျွန်တော် စိတ်ဓာတ်ကျသွားသည်။

"sorry ဗျာ..."

ကျွန်တော် လှည့်ထွက်ခဲ့ပြီး မိန်းကလေးအိမ်သာနှင့် ခပ်ဝေးဝေးမှာ ပေါ်ရင်း ဆေးရုံတုန်းက မိန်းကလေးအိမ်သာရှေ့ စောင့်ခဲ့ရတာကို ပြန်သတိရတော့ စိတ်ထဲမှာ ပိုကသိကအောင့်ဖြစ်သွားတယ်။ ကိုယ့်ဆရာတို့ စဉ်းစားကြည့်လေ အဲဒီတုန်းက အဖြစ်အပျက်ကတော့ တော်တော့်ကို ကြောင်လွန်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အိမ်သာထဲက ထွက်လာတော့ အိုလေးက သူ့ကိုယ်သူ ခေါင်းငုံ့ပြီး အတင်းပြုပြင်နေတယ်။ အမှန်တော့ အိုလေးက ကျွန်တော့်ထို ရင်မဆိုင်ရဲတာပါ။ သူ့အပြစ်ကြောင့် ကျွန်တော်အထင်လွဲခံရတာကို မျက်နှာ ပူနေဟန် တူပါရဲ့။

ဝေ၊ သိမ့်နဲ့ မိုးတို့က ကျွန်တော်နဲ့ ဆန့်ကျင်ဘက်ကို လျှောက် သွားရင်း ကျွန်တော့်ကို တစ်ချက်ငဲ့ကြည့်တော့ နေရာက မရွေ့ ရပ်နေတဲ့ ကျွန်တော့်ကိုတွေ့သွားပြီး တအံ့တဩနဲ့ လှမ်းခေါ်တယ်။

"ဟဲ့… ရဲဝင်း… လာလေ နင် မလိုက်ဘူးလား…"

ကျွန်တော့်ကိုခေါ်တာက မိုးကိုယ်တိုင်ဆိုတော့ အိုလေးကိစ္စကို မိုးပါ လိုက်တော့မယ်ဆိုတာကို မေးနေစရာတောင် မလိုတော့ဘူးပေါ့။ အဲဒီကတည်းက ကျွန်တော်စိတ်မာတက်ကျသွားတာ။ ပြီးတော့ ခုနက အိုလေး အကျိုကြယ်သီးကိစ္စနဲ့ ကျွန်တော်တို့ ပြဿနာတက်ထားကြသေးတယ် မဟုတ်လား။

မိုး လိုက်သွားမယ်ဆိုတာကို ကျွန်တော် အထွေအထူး စိတ်မဆိုး နေတော့ဘူး။ ပြီးတော့ ကျွန်တော် စိတ်ကောက်ဖို့ ဆုံးဖြတ်လိုက်တယ်လေ။

"သွားကြတော့ဟာ ငါမလိုက်တော့ဘူး…"

…ားသံတွေ အိုက်တင်တွေကို စောင့်မနေ …ည်းပဲ လှည့်ထွက်လိုက်တယ်။ အခု ကျွန် …နက်ဖြန်မှာ မိုးအတွက် အားနာစရာတစ်ခု …ူးလိုက်တယ်။

…လိုက်… လိုက်ခဲ့ပါလား အစ်ကိုရယ်… …ျန်ရစ်ခဲ့မှာ…"



နောက်က ထင်မထားတဲ့ အိုလေးအသံကို ကြားရတော့ ကျွန်တော် အရမ်းဒေါသဖြစ်သွားတယ်။ ဘာဖြစ်လို့လဲတော့ မသိဘူး။ သူ့အသံကို ကြားလိုက်ရတော့မှ ဒေါသအရမ်းဖြစ်သွားတာ။ အဲဒီဒေါသစိတ်ကို ကျွန် တော်လိုက်ဖမ်းပေမယ့် မမီတော့ဘူး။

"သွားတော်မူ… သွားတော်မူ… ကိုယ့်ဘာသာ သွားတော်မူ… ငါ့ကို လာခေါ်မနေနဲ့…"

ကျွန်တော် ဒေါသတကြီးလှည့်အော်ပြီး ထွက်ခဲ့တယ်။

ကျွန်တော်ဟာ အိုလေးကို ဒေါသအရမ်းဖြစ်နေတယ်။ အိုလေးက ကျွန်တော့်ကို ဒုက္ခပေးတဲ့သူ… ပြဿနာရှာတဲ့လူတစ်ယောက်လို့ ထင်လာ တယ်။ ဝေဝေတို့ မိုးတို့က သူ့ကို ဘာကြောင့် ဂရုစိုက်နေတာလဲ… ဆိုတာကိုလည်း ကျွန်တော် မကျေမနပ်ဖြစ်နေတယ်။

ကျွန်တော်တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်။ ဒေါသကလည်း ထွက်နေပြီး တစ်ယောက်တည်းဆိုတော့ တော်တော်ကြောင် ပါတယ်။ ဒါနဲ့ ၁၀ မိနစ်လောက် ကျောင်းထဲမှာ လျှောက်သွားနေပြီးမှ ငဖြိုးဆီ သွားမယ်လို့ ဆုံးဖြတ်ပြီး **E-mayer** ရှိတဲ့ တောင်ငူဆောင်ဘက်ကို ထွက်လာခဲ့တယ်။

❒

နောက်နေ့ကျတော့ သူငယ်ချင်းတွေစကားဝိုင်းမှာ မိုးနဲ့ တွေ့ဖို့ အခွင့်အရေးကို ကျွန်တော် ဖြောင်ပဲဖွင့်ပြောပြီး တောင်းဆိုလိုက်တယ်။ သူငယ်ချင်းတွေကလည်း ဘာမှ မပြောပါဘူး။ မိုးလည်း ငြင်းလို့ မရ တော့ဘူးလေ…။ ကျောင်းဖွင့်ရင် အဖြေပေးမယ်ဆိုတာ အားလုံးရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မိုးက တရားဝင်ပြောထားတာကိုး…။ ဒါတောင်မှ မိုးက မနက်ဖြန်မှလို့ နေ့ကို ရွှေးချင်သေးတယ်။ ကျွန်တော်က ဘယ်ခွင့်ပြုတော့မလဲ။ ကိုယ့်ဆရာလည်း သိတယ်မဟုတ်လား…။ ဒါမျိုးက မြန်လေ ကောင်းလေ ဆိုတာကို…။

ကျွန်တော်နဲ့ မိုး Compocation ဘေးက ပန်းခြံကလေးထဲကို လျှောက်လာခဲ့တယ်။ ကျွန်တော့်ရင်ဟာ ငြိမ့်ငြိမ့်ကလေးခုန်နေတယ်။ လမ်းလျှောက်ရတာလည်း တစ်မျိုးကြီး ဖြစ်နေတယ်။ မြေကြီးနဲ့ မထိဘဲ ပေါ့ရှပ်နေသလိုပဲ…။ မိုးကို လှမ်းကြည့်တော့ တည်တည်ငြိမ်ငြိမ်ပါပဲ…။ ကျွန်တော့်နံဘေးမှာ ငြိမ်ငြိမ်ကလေးချထားတဲ့ မိုးရဲ့လက်ကလေးကို ခိုးငေးနေမိတယ်။ ပန်းခြံထဲက ပြန်ထွက်လာရင် အဲဒီလက်ကလေးမှာ ပိုင်ရှင်ရှိနေပြီပေါ့…။

နေရာရှာပြီး ထိုင်ပြီးကြသည်အထိ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောဖြစ်ကြဘဲ ငြိမ်နေကြပါတယ်။ သိတယ်မဟုတ်လား… ဒီစက္ကန့်ဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ…။ ကျွန်တော်ကပဲ ထုထည်ကောင်းနေတဲ့ တိတ်ဆိတ်မှုကို စတင် မောင်းထုတ်ရပါတယ်။

"မိုး…"

"မိုး ကိုယ့်ကို တရားဝင်အဖြေပေးတော့လေ… ဒီထက်လည်း ပိုပြီး မနှိပ်စက်ချင်ပါနဲ့ မိုးရဲ့၊ မိုးက အနိုင်ရတဲ့သူမို့သာ မသိတာပါ၊ ခံရတဲ့လူက မခံနိုင်တော့ဘူး မိုးရဲ့…"

"ဟင်း… ခက်ပါတယ် ရဲဝင်းရယ်… နင် သူ့ကိုပဲ ချစ်လိုက်ပါဟာ…"

မိုးရဲ့ ရုတ်တရက်စကားကို ကျွန်တော် နားမလည်ခဲ့ဘူး။ ဘာ





ပြောလိုက်တယ်ဆိုတာတောင် တော်တော် ပြန်စဉ်းစားယူရတယ်။

"မိုး ဘာပြောလိုက်တာလဲဟင်…"

"နင် သူ့ကိုပဲ ချစ်လိုက်လို့ ပြောတာ၊ အိုလေးလေ…"

"မိုး… မင်း ဘာစကားတွေပြောနေတာလဲ၊ ဒါ အိုလေးနဲ့ ဘာဆိုင်လို့လဲ…"

"ဆိုင်တယ် ရဲဝင်း… ငါပြောပြတာကို နင် သေသေချာချာ နားထောင်… အဲဒီကောင်မလေး စ,ရောက်လာတာကနေပြီး ဒီနေ့အထိ ဖြစ်တဲ့ကိစ္စတွေကို နင်က ပျော်စရာ ရယ်စရာသဘောနဲ့ ပြောခဲ့တယ်၊ အားလုံး ရယ်ကြပေမယ့် ငါ အဲဒီကတည်းက စိတ်ဝင်စားခဲ့တာက အဲဒီကောင်မလေးရဲ့ရိုးသားမှုကိုပဲ… သည်းခံနိုင်မှုကိုပဲ…"

ကျွန်တော့်မျက်နှာကို မျက်နှာချင်းဆိုင်ပြီးတော့ကို မိုးက တည်တည်ငြိမ်ငြိမ်နဲ့ ပြောနေတာပါ။ မိုးက အဖြေတောင်းတဲ့အချိန်မှာ အိုလေးအကြောင်းတွေက ဘာဆိုင်လို့လဲ…။

"မိုး… ကိုယ်နဲ့ အဲဒီကိစ္စတွေ ဘာဆိုင်လို့လဲကွာ…"

"စိတ်ရှည်ရှည်ကလေး နားထောင်ပေးပါ ရဲဝင်းရယ်… နင် ပြောပြတာကို နားထောင်ရင်း အဲဒီကောင်မလေးဟာ နင့်ကို ချစ်နေတယ်၊ နင်နဲ့ ပတ်သက်ရင် သူ့ဆီမှာ ရိုးသားတဲ့မျှော်လင့်ချက်တွေ အများကြီးရှိတယ် ဆိုတာ ငါသိရတယ်၊ မိန်းမချင်း ကိုယ်ချင်းစာလို့ရတယ်…"

"မိုး… တော်တော့နော်… သူနဲ့ ငါ ဘာမှမပတ်သက်ဘူးဆိုတာ မိုးတို့ကို အစ,ကတည်းက ပြောထားပြီးသား… နော်… အဲဒီကိစ္စတွေကို ဘာမှ ပြောနေစရာမလိုဘူး… မိုး မယုံဘူးလား…"

"မဟုတ်သေးဘူး ရဲဝင်း… ငါ နင့်ကို အဲဒီကောင်မလေးနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူတယ်၊ ငါက နင့်ကို ပထမ အဖြေပေးမယ်... ဘာညာဆိုတာ စိတ်လှုပ်ရှားမှုသက်သက်ပါဟာ... အချိန် ခဏခြားလိုက်တော့ ငါ နင့်ကို ခင်နေရတာကလွဲပြီး ချစ်လို့မရဘူးဆိုတာ သိလာတယ်၊ ငါ နင့်ကိုတော့ အရမ်းခင်ပါတယ် ရဲဝင်း၊ အဲဒါကိုတော့ နင်ယုံပါ။ နင်တို့အမေကလည်း အိုလေးနဲ့ နင့်ကို..."

"မိုး တော်တော့... မိုး ကိုယ့်ကို ချစ်တယ်မဟုတ်လား၊ ဒါပဲပြော... ဒါပဲပြောတော့..."

"မဟုတ်ဖူး ရဲဝင်း... ငါ နင့်ကို အိုလေးအကြောင်းပဲ ပြောရလိမ့်မယ်၊ နင် သူ့ကို အော်ပြီးထားခဲ့တဲ့နေ့က သူတစ်လမ်းလုံး မျက်နှာမကောင်းဘူး၊ နင် သူ့ကြောင့် စိတ်ဆင်းရဲနေတာတဲ့၊ သူ့ကိုလိုက်တဲ့ နင့်သူငယ်ချင်းအကြောင်းရော နင် သူ့ကို စိတ်မဆိုးအောင် နင်စားချင်တာ နင်ကြိုက်တာတွေကို သူလုပ်ပေးတဲ့ အကြောင်းတွေရော... ပြောပြတာ ငါနားထောင်ပြီး အရမ်းအံ့သြတယ်... သူ့ကိုလည်း ငါ အရမ်းခင်သွားတယ်၊ သူက နင့်ကို သိပ်ချစ်တယ် ရဲဝင်း... သူ... သူလုပ်ပေးသလို ငါ နင့်ကို လုပ်မပေးနိုင်ဘူး၊ သူချစ်သလို ငါ နင့်ကို မချစ်နိုင်ဘူး၊ သူဟာ နင့်အတွက် ဖူးစာရှင်အစစ်... အိမ်ထောင်ဖက်အစစ် ရဲဝင်း..."

"မဟုတ်ဘူး... မိုး... သူ ကိုယ့်ကို လုပ်ပေးတယ်ဆိုတာ သူ့နဲ့ကိုယ့်ကို ပေးစားမယ်ဆိုတဲ့ စကားကြောင့် သူလိုက်လုပ်နေတာ၊ သူလုပ်ပေးတာတွေကို ကိုယ် စိတ်လည်း မဝင်စားဘူး၊ ရင်လည်း မခုန်ဘူး... မိုး အဲဒါတွေ မပြောနဲ့ကွာ... ကိုယ်မှ သူ့ကို မချစ်တာ၊ မိုးကိုပဲ ကိုယ်ချစ်တာ... မိုးဆီက အဖြေကိုပဲ လိုချင်တာ၊ မိုး တစ်ခါ ကိုယ့်ကိုပေးဖို့ အဖြေနားကို ရောက်နေပြီလေ... အဲဒီစကားကိုပဲ ကိုယ့်ကို တရားဝင်ပေး



ဆော့ မိုး..."

ကျွန်တော်ဟာ မောနေတယ်။ မိုးမျက်နှာကို ကြီးစွာသောတုန်လှုပ်ခြင်းနဲ့ ကြည့်ရင်း ငေးရင်းနဲ့ မာန သိက္ခာ ဘာတစ်ခုကိုမှ မစောင့်နိုင်တော့ဘဲ ကလေးတစ်ယောက် မုန့်တောင်းတဲ့အဆင့်လောက်နဲ့ကို ကျွန်တော် မိုးဆီက အချစ်ကို တောင်းနေခဲ့တာ။

"မဟုတ်ဘူး ရဲဝင်း... တစ်ခုပဲ စဉ်းစားကြည့်ဟာ... နင် ငါတို့ကို ပြောပြတဲ့ သူ့ရဲ့ရယ်စရာတွေ အဲဒီနေရာမှာ ငါ့ကို နင် သူ့အစားထိုးပြီး တွေးလို့ ရသလား"

မိုးပြောတဲ့စကားကြောင့် ပထမတော့ ကျွန်တော် ကြောင်သွားတယ်။ ဘာကိုတွေးရမှန်း မသိဘူး။ နောက်တော့မှ မိုးပြောသလို ကျွန်တော်တို့ ဖြစ်ခဲ့ကြတဲ့ ကိစ္စတွေမှာ သူ့နေရာမှာ မိုးကို ထည့်ကြည့်တယ်။

ဟင့်အင်း... မဖြစ်နိုင်ဘူး။ သူ့နေရာမှာ မိုးကိုထည့်ပြီး စိတ်ကူးကြည့်လို့ကို မရပါဘူး။ အဲဒါ ကျိန်းသေတယ်။

"ဘာမှမဆိုင်ဘူး... သူ့နေရာမှာ ဘာဖြစ်လို့ မိုးကို ထည့်ရမှာလဲ၊ ထည့်လို့လည်း မရဘူး..."

"အဲဒါပဲပေါ့ ရဲဝင်းရဲ့ နင့်ကို သူချစ်သလို ငါမချစ်နိုင်ဘူး၊ နင့်အပေါ်မှာထားတဲ့ သူ့အချစ် သူ့စေတနာက ငါ့ထက် အများကြီးသာတယ်၊ သူဟာ နင့်ရဲ့ဖူးစာရှင်အစစ်ပဲ ရဲဝင်း..."

"မဟုတ်ဘူး... ငါ သူ့ကိုမှ မချစ်တာ... မဖြစ်နိုင်ဘူး... မိုး... ကိုယ့်ကို အဲဒီလိုမလုပ်ပါနဲ့... သူနဲ့ ငါက အိမ်က သဘောတူထားတာပါ၊ ဘာမှမဆိုင်ဘူး..."

"ရဲဝင်း... အိမ်က သဘောတူတာက သပ်သပ် ရဲဝင်း... သူက



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ချစ်နေပြီ၊ မိန်းကလေး ချင်း ငါတို့အားလုံး အိုလေးကို နားလည်တယ်... နင် ငါ့ဆီကအဖြေကို သိပ်လိုချင်ရင် ငါပေးမယ်၊ ငါ နင့်ကို လုံးဝ မချစ်နိုင်ဘူး..."

အဲဒီစကားသံလည်း ကြားရရော ကျွန်တော်ဟာ အာခံတွင်းကို လုံးနဲ့ နင်းပြီး အထိုးခံလိုက်ရတဲ့ ဆင်ကြီးတစ်ကောင်လို ဂူးဂူးဝါးဝါးနဲ့ တွေ့သွားရမ်းတော့တာပဲ။

ကျွန်တော်ဟာ ကိုယ်အမြတ်တနိုး တန်ဖိုးထားပြီး ရင်တစ်ခုလုံးနဲ့ ချီထားခဲ့ရတဲ့ နှုးညံ့မှုလေးတစ်ခုကို ရေမှာဘင် မညှာမတာ ဖျက်ဆီးခံလိုက်ရတာကို မြင်လိုက်ရသလိုပဲ။

နာလိုက်တာမှ ဆတ်ဆတ်ကိုခါရော... ကျွန်တော် တစ်ကိုယ်လုံးမှာ ရှိတဲ့ ခံစားလို့ရတဲ့ နေရာတိုင်း နေရာတိုင်းဟာ ပြင်းထန်တဲ့ဝေဒနာဒဏ်ကို ခံစားနေရတယ်။

"ဒီကောင်မ သက်သက် ကြားကနေ ဝင်ခလောက်ဆန်သွားတာ ရှင်းမယ်၊ အဲဒီကိစ္စကို ငါ ရအောင်ရှင်းမယ်၊ သူနဲ့ ငါ ဘာမှမဆိုင်ဘူး၊ ဒီကောင်မ သက်သက်မဲ့ ငါ့အရှက်ကို တမင်ခွဲတာ အခုရှင်းမယ်... မိုး... ကိုယ် အခု ဒီကောင်မကို ရှေ့ခေါ်လာခဲ့မယ်..."

"ရှင်းစရာမလိုဘူး ရဲဝင်း... သူက နင်နဲ့ပတ်သက်လို့ မဟုတ်တာ ဘာမှ မပြောခဲ့ဘူး၊ ဖြစ်တဲ့ကိစ္စတွေမှာ သူခံစားရတာကိုပဲ သူပြောပြတာ၊ နင့်အကြောင်း ပြောရင် ကောင်းလွန်း လို့သာ ခက်နေတာ၊ သူက နင့်ကို ဘာမှမပြောဘူး... ငါတို့က သူပြောတာ နားထောင်ပြီးတော့ သူ နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာကို သိတာ၊ သူက တစ်ခွန်းမှ မပြောဘူး"

"မဟုတ်ဘူး မိုး... ကိုယ့်ကို မမုန်းပါနဲ့၊ ကိုယ် သူ့ကိုသွားခေါ်ပြီး





ရှင်းမယ်... ခု ခေါ်လာခဲ့မယ်..."

ကျွန်တော့်နှလုံးသွေးတွေဟာ တမဟုတ်ချင်း ပြင်းထန်တဲ့အရှိန်နဲ့ ဆူပွက်သွားတယ်။ ကျွန်တော် ဘာတွေလုပ်ခဲ့တယ်ဆိုတာကို ကိုယ်တိုင် ပြန်စဉ်းစားတော့ ခပ်ရေးရေးပဲမှတ်မိတယ်...။ ကျွန်တော်ဟာ အိမ်ကို ဒေါသတကြီးပေါက်ကွဲပြီး ပြန်လာတယ်။ အိုလေးကို ရစရာမရှိအောင် အော်ဟစ်ကြိမ်းမောင်းပြီး ကျောင်းထဲကို ရအောင် ကားငှားပြီး ခေါ်သွားတယ်။ အဲဒီတုန်းက ကျွန်တော့်ပုံစံကို ကိုယ့်ဆရာမြင်ရရင် အရူးတစ်ယောက်လို့ မှတ်ချက်ပေးမှာ ကျိန်းသေပဲ...။

"နင် ဝေဝေတို့ကို ဘာတွေပြောထားလဲ၊ နင်ရဲ့ ဖြူစင်တယ်ဆိုတဲ့ ကိစ္စတွေကို အကောင်းတွေချည်း ပြောတယ်မဟုတ်လား... ဟင်... အရှက်မရှိတဲ့မိန်းမ... ဟိုမှာ မိုးနဲ့ ငါ ပြဿနာတွေ ဖက်ကုန်ပြီ၊ နင်က ငါ့ကို ကြိုက်နေတယ်လို့ ပြောလို့ မိုးက အခု ငါ့ကို မုန်းလိုက်ပြီ... အဲဒါတွေကို မျက်နှာချင်းဆိုင်ပြီး ရှင်းစမ်း..."

ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ အမိုက်မဲဆုံး အမိုက်ရိုင်းဆုံး ကိစ္စတစ်ခုကို လုပ်ခဲ့မိတာပဲ။ ကားပေါ်မှာ အိုလေးဟာ ကြောက်ရွံ့နာကျင်စွာ ငိုနေခဲ့တယ်။ ကျွန်တော် ဒေါသတကြီး အော်သမျှ ဟစ်သမျှ ကြိမ်းသမျှ မောင်းသမျှတွေကို တစ်ခွန်းမှ ပြန်မပြောဘဲ မျက်နှာကို လက်ဝါးနဲ့ အုပ်ပြီး ငိုနေတယ်။

ကျောင်းကိုရောက်တော့ ကျွန်တော်ဟာ ဒေါသတကြီးနဲ့ အိုလေး လက်ကိုဆွဲပြီး မိုးတို့ရှိတဲ့ ကန်တင်းကို ရောက်သွားတော့ ကန်တင်းမှာ လူစုံရောက်နေပြီ။ ကျွန်တော်နဲ့ အိုလေးကိုမြင်တော့ ငဖြိုးနဲ့ ဝေဝေက ပြေးထွက်လာပြီး တားတယ်။

www.burmeseclassic.com



"ရဲဝင်း ... ရဲဝင်း မင်းစိတ်ကို ထိန်းစမ်းကွာ ... ရဲဝင်း..."

"ရဲဝင်း ... နင်ဘာဖြစ်လို့ အိုလေးကို ခေါ်လာရတာလဲ ... ရဲဝင်း ဟဲ့ ... ရဲဝင်း ..."

ကျွန်တော်ဟာ သူတို့ကို ဘာမှလှည့်ပြောမနေတော့ပဲ ကျွန်တော့်ကို အတင်းဆွဲနေတဲ့ ဖြေးလက်ထဲကလည်း လွတ်အောင်ရုန်းခဲ့တယ် ပြီးတော့ ကျွန်တော့်ကို တအံ့တသြ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ငေးနေတဲ့ မိုးရဲ့ရှေ့ရောက်အောင် ကျွန်တော့်လက်ထဲမှာ ဆွဲထားတဲ့ အိုလေးကို ဆောင့်တွန်းရင်း ...

"ရှင်းစမ်း ... ရှင်းပြစမ်း ..." နင့်ကို ငါက ဘယ်နှခါ ကိုယ်ကျင့် တရားပျက်ခဲ့ဖူးသလဲဆိုတာ ပြောစမ်း ... နင့်ကိုယ်နင် သနားစရာကောင်း အောင် လူကောင်းကလေး၊ အနိုမ်ခံရသူလေးဖြစ်အောင် ပြောထားတာ တွေကို ရှင်းစမ်း ... ရှင်းလေ ... နင် ... ငါနဲ့ မိုးကြားမှာဝင်ပြီး ငါ့သိက္ခာ တွေကို ချထားတာကို ရှင်းစမ်း ... တောက ရောက်လာလို့ သနားလို့ ခေါ်ထားတာကို စကားရှုတ်တဲ့ မိန်းမ၊ တောသားရဲ့ ဆွဲထုတ်ဆိုတာ နင်လို ကောင်မမျိုး သိလား ... အဲဒါ ... ရှင်းစမ်း ..."

ရှိုင်ကြီးတငင်ငိုနေတဲ့ အိုလေးကို လူစည်တဲ့ ကန်တင်းကြီးထဲ ခေါ်လာပြီး သူငယ်ချင်းတွေရှေ့မှာ အော်ဟစ်ပြီး ရှင်းခိုင်းနေတဲ့ ကျွန်တော့် ကို သူငယ်ချင်းတွေက တစ်ခါမှ မတွေ့ဖူးတဲ့ လူတစ်ယောက်ကို ကြည့် သလို ငေးမောကြည့်နေကြတယ်။ ကျွန်တော်ဟာ အဲဒီအချိန်မှာ ကဗျာဆရာ တစ်ယောက် မဟုတ်တော့ဘူး...။ တက္ကသိုလ်ကျောင်းသားတစ်ယောက် မဟုတ်တော့ဘူး...။ စာတွေ ပေတွေဖတ်ထားတဲ့ လူတစ်ယောက် မဟုတ် တော့ဘူး။ ကျွန်တော်ဟာ အဲဒီအချိန်မှာ အလွန်တရာရိုင်းစိုင်းတဲ့ လူ့ 'အနွ' တစ်ကောင်ပါပဲ...။ ကျွန်တော့်ဘဝမှာ အဲဒီအချိန်မှာရှိတဲ့ စက္ကန့်တွေ ဟာ အညစ်ပတ်ဆုံး အရိုင်းဆိုင်းဆုံးစက္ကန့်တွေပါပဲ။ ဘယ်လို ကုသိုလ်မျိုး ကမှ အဲဒီအချိန်မှာ ကျွန်တော် လူမဆန်ခဲ့ပုံကို ကယ်တင်လို့ မရနိုင်ဘူး ဆိုတာ ကျွန်တော် ကိုယ့်ဆရာကို သိစေချင်တာပဲ...။





ကျွန်တော် တွန်းလိုက်တဲ့အရှိန်နဲ့ မိုးတို့ရှေ့ကို ရောက်သွားတဲ့ အိုလေးဟာ မငိုတော့ဘူး ... ဘာအသံမှလည်း မထွက်တော့ဘူး။ အားငယ် စိတ် ... ကြောက်ရွံ့စိတ်တွေက ကြောက်စရာကောင်းလောက်အောင် ဖိစီး နှိပ်စက်ထားလို့ ကြေကွဲနာကျင်နေတဲ့ မျက်နှာငယ်ကလေးနဲ့ ကျွန်တော် တို့အားလုံးကို လျှောက်ကြည့်နေတယ်။

အိုလေးရဲ့မျက်နှာဟာ ... ဘယ်လောက် ကြေကွဲဖို့ကောင်းသလဲ ဆိုရင် ဝေတို့ မိုးတို့အားလုံး မှင်တက်ပြီး ငေးယူစရာကောင်းလောက် အောင်ကို ဖြစ်နေတယ်။ ပြီးတော့မှ အိုလေးဟာ... အားကို အနိုင်နိုင် ယူရင်းနဲ့ ရင်ဘတ်မှာ ... လက်အုပ်ကလေးချီရင်းနဲ့ ...

"ဟုတ်ပါတယ် အစ်မရဲ့... ကျွန်မက အညာကရောက်လာတဲ့ တောသူပါ အစ်မရဲ့၊ အစ်ကိုနဲ့ ကျွန်မ ဘာမှ မဆိုင်ပါဘူး၊ အစ်ကိုတို့လို လူမျိုးကိုလည်း ကျွန်မက မချစ်ဝံ့ မကြိုက်ဝံ့ပါဘူး အစ်မရဲ့၊ မတန်မှန်း ကျွန်မသိပါတယ် အစ်မရဲ့... ကျွန်မ ရှိကြီးခိုးပါရဲ့ အစ်မရဲ့... ကြောက် လို့ ကျွန်မကို ပြန်ပို့ပေးပါတော့ အစ်မရဲ့..."

စကားဆုံးတာနဲ့ အိုလေးဟာ ... တစ်ချက် ယိုင်သွားတယ်။ ချက် ချင်း သတိဝင်လာတဲ့ မိုးက ထိုင်ရာကနေ ဝုန်းခနဲ ပြေးထွက်လာပြီး အိုလေးကို ဝင်ပွေ့တယ်။ ဒီတော့မှ ဝေနဲ့ သိမ့်တို့လည်း အိုလေးအနားကို ပြေးသွားကြတယ်။ အိုလေးဟာ မိုးရဲ့ မျက်နှာပေါ်ကို ငေးငေးခနဲ ...



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သွားတယ်။

မိုးက ... မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို ကြည့်ရင်း ...

"ရဲဝင်း... နင်... နင်ဟာ တော်တော် လူမဆန်တဲ့ကောင် သိရဲ့လား။ နင် တော်တော်မိုက်ရိုင်းတဲ့ကောင်..."

အဲဒီစကားကို မိုးကိုယ်တိုင်က ပြောတာပါ။ ပြီးတော့ မိုးတို့ရော ဝေဝေတို့ရောဟာ တစ်ကိုယ်လုံးတုန်ယင်နေရှာတဲ့ အိုလေးကို ဖက်ပြီး ခေါ်သွားကြတယ်။ ကျွန်တော့်ကို ကဲန်တင်းထဲက လူတွေက နားမလည်နိုင်စွာနဲ့ ဝိုင်းကြည့်နေကြတယ်။

ကျွန်တော်ကတော့ ဘာတွေဖြစ်သွားမှန်း မသိတော့ဘူး...။ ခန္ဓာကိုယ်ရော... အသိတရားတွေရော အားလုံးထုံကျဉ်ပြီး ဘာဆို ဘာကိုမှ မသဲကွဲတာပဲ သိတော့တယ်...။

ကျွန်တော် အဲဒီနေရာက ထွက်လာခဲ့တယ်...။

ဘယ်ကိုသွားမှန်းလည်း မသိဘူး...

ဘာတွေလုပ်မိမှန်းလဲ မသိဘူး...

နောက်ဆုံး ကျွန်တော် အရက်တွေ တအားမူးပြီး အိမ်ကို ဒေးဗစ်နဲ့ ဝဏ္ဏ လိုက်ပို့ပေးကြရတယ်တဲ့...။





BURMESE CLASSIC .com

## စာတစ်စောင်...

**ကျေးဇူးရှင် အစ်ကိုကြီးရှင့်...**

အိုလေး ရှိသေစွာနဲ့ စာရေးလိုက်ပါတယ်။

အစ်ကိုနဲ့ အန်တီရော ဦးဦးတို့ပါ နေကောင်းပါစေလို့ ဆုတောင်းလိုက်ပါတယ်။ အမျှဝေတိုင်း အားလုံးကို မေတ္တာပို့ပါသည်။

(သာဓုခေါ်ကြပါ)။

အိုလေးရဲ့ဓာတ်ပုံတွေ အစ်ကိုကြီး ပို့လိုက်တာ ရပါသည်။ ဘွားမယ်လည်း နေကောင်းပါတယ်။ အန်တီ့ကို သတိရတယ်လို့ ပြောလိုက်သည်။

အစ်ကိုရော ကျန်းမာရေး ကောင်းရဲ့လား... ဂရုစိုက်ပါ။

ကိုသက ရန်ကုန်ကို တစ်ခေါက်လာချင်နေပါတယ်။ အိုလေး ကတော့ ပွဲရုံက တစ်ဖက်ရှိ၍ မအားပါ။ အစ်ကို့ကို သတိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မမဝေတို့နဲ့ရော တွေ့သေးရဲ့လား။ သတိရကြောင်း ပြောပေးပါ။

ဖြစ်ခဲ့တဲ့ ကိစ္စတွေအတွက် အစ်ကို ခွင့်လွှတ်နိုင်ပါစေ။

ညီမအိုလေး အစ်ကို့အတွက် သီးသန့် မေတ္တာပို့ပါသည်။

အခု ညီမလေးရဲ့ဗိုက်ထဲမှာလည်း အစ်ကို့ရဲ့......... တူလေးလား တူမလေးလားမသိ လွယ်ထားရပါသည်။ ညီမခင်ပွန်းလည်း နေကောင်းသည်။

အစ်ကိုတို့မိသားစု ရွာကို လာလည်ဖို့ အမြဲ ဆုတောင်းနေပါသည်။

စာလည်း ရှည်နေပါတယ်။

အစ်ကိုက စာပြန်ပါ။

ကျန်းမာရေး ဂရုစိုက်ပါ။

ရိုသေစွာဖြင့်

အိုလေး...

နိုကိုရဲ



BURMESE CLASSIC .com
www.burmeseclassic.com